

www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


ထုတ်ဝေခြင်း - ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ
ပထမအကြိမ်
မျက်နှာဖုံးပန်းချီ - ၄ လင်း
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၅၀ ကျပ်
ထုတ်ဝေသူ - ဒေါ်သင်းသင်းမာ
ပုညခင်စာပေ၊ (မြ - ၀၄၅၅၈)
တိုက် (၆၁)၊ အခန်း (၁၁)
ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်။
အတွင်းပုံနှိပ် - ဒေါ်နီနီခိုင် (၀၇၁၃၅)
သီရိမေရောင်စုံပုံနှိပ်တိုက်
အမှတ်(၁၉)၊ လမ်း(၉၀)၊
ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
မျက်နှာဖုံးပုံနှိပ် - ဦးမြသိန်း
(သိန်းမြင့်ဝင်း ပုံနှိပ်တိုက်)
အမှတ် (၉၆)၊ (၁၁) လမ်း၊ ရန်ကုန်။
ဖြန့်ချိရေး - ပုညခင် စာအုပ်တိုက်

၈၉၅ . ၈၃
ပုညခင်
အချစ်မီလျှံနှာ/ပုညခင်၊ - ရန်ကုန်။
ပုညခင်စာအုပ်တိုက်၊ ၂၀၁၃။
၁၀၄ - စာ၊ ၁၈ x ၁၂ စင်တီ။
(၁) အချစ်မီလျှံနှာ

ပုညခင်စာအုပ်တိုက်

# ပုညခင်

# အချစ်မီလျှံနှာ



(လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

ဒီဝတ္ထုထဲက ဇာတ်ကောင်တွေကို နာမည်လှလှ ပေးမထားဘူး …။

ဒီဝတ္ထုထဲက ဇာတ်ကောင်တွေဟာ မချမ်းသာကြဘူး …။

ဒီဝတ္ထုထဲက မင်းသားနဲ့ မင်းသမီးက မြင်သူတကာ ငေးလောက်အောင် လှပ ချောမော မနေဘူး …။

သူတို့ ကိုယ်ပိုင်ကားလည်း မစီးဘူး …။

ပါတီတွေ … နိုက်ကလပ်တွေဆိုတာ ဘယ်နားရှိမှန်းတောင် မသိဘူး …။

အိမ်ထောင်ဖက် ရွေးတဲ့နေရာမှာ ဘယ်အချက်တွေကို တွက်ချက်စဉ်းစားရမယ်ဆိုတာ နားမလည်ဘူး …။

ဒါပေမယ့် …

သူတို့စိတ်လေးတွေက ချစ်ဖို့ကောင်းတယ်။

သူတို့လုပ်ရပ်တွေက ရယ်ရတယ် …

တစ်ခါတလေတော့လည်း …

ဒါမျိုး ဝတ္ထုရိုးရိုးလေးတွေကို ဖတ်ကြည့်ရင်း ရယ်မောလိုက်ကြပါဦးနော် …။

www.burmeseclassic.com

www.burmeseclassic.com

အပိုင်း(၁)

www.burmeseclassic.com

www.burmeseclassic.com

# ခြေထောက်သန့်ဖို့ အရေးကြီးတယ်

(၁)

❖ ❖ ❖

ရွှေတိုးသည် ပိုက်ဆံရှာတတ်သူ မဟုတ်ချေ။ ထို့ပြင် ဉာဏ်လည်းထုံထိုင်းကာ အလည်းအသေး၏။ အလိုက်ကန်းဆိုး မသိ၊ အရိပ်သုံးပါးနားမလည်၊ အူကြောင်ကြောင်နိုင်သူလည်း ဖြစ်သေး၏။

ထိုသို့သော ရွှေတိုးဟာ လူပျိုကတည်းက အလုပ်ကို လက်ကြောတင်းတင်း လုပ်တတ်သူမဟုတ်။ ငွေတိုးချေးစားသော သူ့အဒေါ်ခိုင်းသည့် ကြွေးတောင်းသော အလုပ်ကို လုပ်ရသော်လည်း စိတ်ကတော့ ပါလှတယ်ရယ် မဟုတ်ရှာပေ …။

ရွှေတိုးက သန့်သန့်ကလေးတော့ နေတတ်၏။ သူ့ အဝတ်အစားတွေက တန်ဖိုးကြီးလှတယ်ရယ် မဟုတ်ပေမယ့် သန့်သန့်ရှင်းရှင်း လျှော်ဖွပ် မီးပူတိုက်ပြီးမှ ဝတ်တတ်၏။ ရှပ်အင်္ကျီဆို အကွက် အစင်း ပြူးတူးပြဲတဲ အရောင်တောက်တောက်တွေ မဝတ်တတ်။ အစိမ်းနုရောင်၊ အပြာဖျော့၊ အဖြူ … စသည် ရှပ်အင်္ကျီ လက်တိုပြောင်လေးတွေနှင့် ပုဆိုးကွက်စိပ်လေးကို ခပ်တိုတို ဝတ်



www.burmeseclassic.com

www.burmeseclassic.com



တတ်၏။ သူ့ခန္ဓာကိုယ်တစ်ခုလုံးမှာ သူ အသဆုံးကတော့ ခြေထောက်များပင် ဖြစ်သည်။ သူ ရေချိုးပြီဆို တခြားနေရာကို ချေးခတွန်းရင်သာ နေမယ်၊ ခြေထောက်ကိုတော့ ချေးအထပ်ထပ်တွန်းတတ်၏။ သပွတ်အူလို ခပ်ကြမ်းကြမ်း ပစ္စည်းမျိုးနှင့် ခြေထောက်ကို အတိုက်လွန်သောနေ့မှာ အရေပြားများတောင် ပွန်းပဲ့နုပ်ခြတ်ဖူးလေသည်။

မနက်မိုးလင်းပြီဆို ကိုရွှေတိုး အဒေါ်က ဆော်သြလိုက်၏။

"ရွှေတိုးရေ... ဒီနေ့တော့ ဟိုဘက်ရပ်ကွက်ထိပ်က ကုန်စုံဆိုင်ကိုသွား၊ အဲ့ဒီဆိုင်က မတင်ညွန့်ကို ပြောလိုက်၊ သူချိန်းတာ ဒီနေ့နဲ့ဆို ဆယ့်တစ်ကြိမ် ရှိပြီလို့၊ ဒီနေ့မှမရရင် အဒေါ်ကိုယ်တိုင် ပွဲလာကြမ်းတော့မှာလို့၊ ဟဲ့...ကြားလား"

"ဟုတ်ကဲ့..."

"နင့် ဟုတ်ကဲ့က ပျော့တယ်"

"ဟုတ်ကဲ့ပါ ဒေါ်လေးရဲ့..."

"နင့် အဲ့ဒီလို လေပျော့ပျော့နဲ့တော့ မတင်ညွန့်က ပေးပါ့လိမ့်မယ် အားကြီးကြီး၊ ဟိုရောက်ရင် နင့်လေသံကို အဲ့ဒီလောက် မပျော့စေနဲ့၊ လူရှိန်အောင် ဟိတ်နဲ့ ဟန်နဲ့ ခပ်မာမာ ပြောဟဲ့... ကြားလား..."

"ကြားပါတယ် ဒေါ်လေးရဲ့..."

"နင့်လည်း ခိုင်းစရာလူမရှိလို့သာ ခိုင်းနေရတာ၊ အားတော့ မရလှပါဘူး ရွှေတိုးရယ်၊ နင့်လေသံကြားရတာ အားမရှိ





လိုက်တာ...၊ ဟိုရောက်ရင် ဟိုက ငိုချင်းချပြသမျှကို စုတ်တသပ်သပ် နားထောင်ပြီး ပြန်လာရမှာ ငါမြင်ယောင်ပါသေးတယ်၊ ကဲ ကဲ... သွားဖို့ပြင်တော့ဟဲ့... ကြားလား"

"ဟုတ်ကဲ့..."

ရွှေတိုးအဒေါ် ဒေါ်စိန်လုံးက ရွှေတိုး၏ အေးဆေးလွန်းသော အမူအရာကို အားမရတာမို့ စကားပြောတိုင်း စကားအဆုံးမှာ 'ဟဲ့... ကြားလား' ဟု ပြောတတ်သည်မှာ အကျင့်တောင် ပါခဲ့ပြီ...။

ရွှေတိုးသည်ကား အပြင်ထွက်ရန်အတွက် အေးအေးဆေးဆေးပင် ပြင်ဆင်လေ့ရှိသူတည်း။

ရေကို စိမ်ပြေနပြေ ချိုး၊ ခြေထောက်ကို သပွတ်အူဖြင့် ခပ်နာနာတိုက်။ ရေချိုးပြီးချိန်မှာ ခေါင်းဖြီးတာကပင် ၁၀ မိနစ်လောက် ကြာပြန်၏။ သူ့သားခွဲဆံပင် ထူထူအုပ်အုပ်လေးကို အလယ်ခွဲလေး ပြောင်းဖြီး၊ ဒါမှမဟုတ် နောက်လှန်ဖြီး၊ ဘယ်ပြန်ဖြီး၊ ညာပြန်ဖြီး၊ ပြီးကျတော့လည်း ဒုံရင်းအတိုင်းပဲ ညာဘက်ပြန်ခွဲကာ ခေါင်းဖြီးခြင်းကိစ္စ ပြီးဆုံးရ၏။ ပြီးမှ ရှပ်အင်္ကျီနှင့် ပုဆိုးလေးကို အေးအေးဆေးဆေး လဲလှယ်ဝတ်ဆင်ပြီး ဖိနပ်ချွတ်သို့ လျှောက်လာခဲ့၏။

ဒေါ်စိန်လုံးက စိတ်မရှည်...။

"ရွှေတိုးရေ... နင် ခုထိ အိမ်က ထွက်တော်မမူသေးဘူးလားဟဲ့..."

"ဖိနပ်ချွတ် ရောက်နေပါပြီ ဒေါ်လေးရဲ့..."



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိုးသည် ဖိနပ်ချွတ်ကနေလည်း တော်တော်နှင့် ခွာတ်မလာနိုင်သေးချေ ...။ သူ အမြဲစီးနေကျ ပျော့ဖတ်ဖတ် ကတ္တီပါ ဖိနပ်သည်းကြိုးကို ဘရပ်ရှ်ဖြင့် အားသွန်ခွန်စိုက် ဖိတိုက် သော်လည်း အားမရသေး။ သူ အမြဲတိုက်လွန်းလို့လားတော့ မသိ၊ ဖိနပ် ကသာ ဟောင်းနေသော်လည်း သည်းကြိုးကလေးကတော့ ပြောင် ရောင်သေး၏။

"ဟဲ့ ... ရွှေတိုး"

ရွှေတိုးအဒေါ်က ဖိနပ်ချွတ်မှာလာရပ်လိုက်ပြီး ငုတ် တုတ်လေးထိုင်၍ သည်းကြိုးတိုက်နေသော ရွှေတိုးကို ငုံ့ကြည့် ရင်း ...

"နင့် ဖိနပ်သည်းကြိုးက တိုက်လို့မပြီးနိုင်တော့ဘူးလား"

"ဖုန်ကပ်နေပြီး အရောင်မှိန်လာလို့ သေချာတိုက်နေရတာ ပါ ဒေါ်လေးရဲ့ ..."

ရွှေတိုးက အဒေါ်ဖြစ်သူကို မော့တောင်မကြည့်အား၊ သူ့ဖိနပ်ကလေးကိုပဲ သဲကြီးမဲကြီး တိုက်နေရင်း ပြော၏။

"အေး ... ကြပ်ကြပ်တိုက်၊ ကြိုးကဖြင့် အခွံကွာ အရေလန် ဖြစ်နေပြီ၊ ကတ္တီပါစတွေတောင် ကွာကျတော့မယ်ဟာ ..."

"မကွာသေးပါဘူး အဒေါ်ရဲ့၊ ခူစားသလိုလေးပဲ ဖြစ်နေတာ ပါ"

"ဘာလဲ ... ခူစားတာ"

"ဒီမှာလေ ... ကတ္တီပါမွေးလေး နည်းနည်းစီ ကွက်ကျွတ်နေ နေတာ ... အဲ့ဒါ ခူစားတာပေါ့၊ မယုံရင် သေချာကြည့် ..."





"ဟဲ့ ... ဩော် ..."

ရွှေတိုးက သူ့အဒေါ် ဒေါ်စိန်လုံး မျက်စိပြာလို့ မမြင်ဘူးထင်ကာ ဖိနပ်ကို မြှောက်ပြလိုက်တာမို့ ငုံ့ကြည့်နေသော ဒေါ်စိန်လုံး မျက်နှာနှင့် သူ့ဖိနပ်က နီးကပ်သွားရသည်။ ဒေါ်စိန် လုံးက နောက်ဆုတ်ပြီး အော်လိုက်တော့မှ ဖိနပ်ကို ပြန်ချလိုက် သည်။

"နေစမ်းပါဦး ရွှေတိုးရဲ့ ... ငါမသိလို့ မေးပါဦးမယ်၊ နင့် ကိုလေ ငါကြည့်ကြည့်နေတယ်၊ နောက်ဖေးက စည်ပိုင်း ပြတ်နားမှာ နင် ရေချိုးပြီဆို ခြေထောက်ကို ချေးတွန်းတာ က မပြီးနိုင်မစီးနိုင်၊ အပြင်တစ်ခါထွက်တော့မယ်ဆိုလည်း ဖိနပ်တိုက်ရတာက အလုပ်တစ်ခု ...၊ ဒီခြေထောက်ကို ဒီလောက် 'သ'နေတာ ဘာသဘောလဲဟဲ့ ..."

"ယောကျ်ားတစ်ယောက်ရဲ့ ဘဝမှာ ခြေထောက်သန့်ဖို့က အရေးကြီးတာကိုး ဒေါ်လေးရဲ့ ..."

"ဟေ ... ဟုတ်လား၊ ဘဝနဲ့ချီပြီးတော့တောင် စကားကြီး စကားကျယ်တွေ ပြောလို့ပါလား၊ ဆိုစမ်းပါဦး ... ဘယ်လို အရေးကြီးတယ်ဆိုတာ ..."

"မိန်းမတွေက ယောကျ်ားဆို ခြေထောက်သန့်မှ ကြိုက် တာကိုး အဒေါ်ရဲ့ ..."

"နင့် ဘယ်သူပြောတုန်း ..."

"ဗီဒီယိုကားထဲက လူတွေ ပြောတာပေါ့ ..."

"ဟမ် ... ဘယ်လို ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ငယ်ငယ်က ကြည့်ဖူးတဲ့ ဗီဒီယိုကားထဲမှာ မင်းသမီးက မင်းသားကို ခြေထောက်လေး သန့်နေတာကို သဘောကျပြီး ချစ်သွားတာဗျ ...၊ အဲ့ဒီကတည်းက ကျွန်တော့်ခြေထောက်ကို သန့်အောင်'သ'ဖို့ ဆုံးဖြတ်လိုက်တာ"

ဒေါ်စိန်လုံးက ရယ်ချင်သွားသော်လည်း ရွှေတိုးက ဖြင့် ခပ်တည်တည် ...။

"ခြေထောက်သန့်တာ တစ်ခုတည်းနဲ့တော့ ကြိုက်မလား ရွှေတိုးရဲ့၊ မိန်းမဆိုတဲ့အမျိုးက ယောကျာ်းတွေကို သူတို့ ထက်သာတာ တစ်ခုခုရှိမှ အထင်ကြီးကြတာ၊ ပိုက်ဆံရှာနိုင်တာ၊ ပညာတတ်တာ၊ ဒါတွေကိုလည်း ကြည့်သေးတာ၊ နင် မိန်းမလိုချင်ရင် ဖိနပ်ချည်းဖိတိုက်ပြီး ခြေထောက်ချည်း ချေးဖိတွန်းမနေနဲ့၊ ပိုက်ဆံ ရှာနိုင်အောင်သာ ကြိုးစားဟဲ့ ကြားလား"

ဒေါ်စိန်လုံး စကားအဆုံးမှာ ရွှေတိုးရဲ့ ဖိနပ်တိုက်ခြင်းအမှုကိစ္စပြီးပြီမို့ ရွှေတိုးက မတ်တတ်ထရပ်လိုက်တော့ ဒေါ်စိန်လုံးနှင့် မျက်နှာချင်းဆိုင် ဖြစ်သွားသည်။

ရွှေတိုးက သူ့ဘယ်ဘက် ရင်ဘတ်ကို လက်ဖဝါးဖြင့် ဘတ်ခနဲ ရိုက်၍ဖိချထားလိုက်ရင်း ...

"နှလုံးသား ဆိုတာကတော့ ပိုက်ဆံမရှိလည်း ခုန်တတ်တယ်ဗျ ..."

ဟု ပြောပြီး အိမ်ဝမှာ ထောင်ထားသည့် ထီးကောက်ကြီးကို လှမ်းဆွဲယူကာ အိမ်ပေါ်မှ ဆင်းလိုက်သည်။





ဒေါ်စိန်လုံးက ရွှေတိုးအပြောကို ရယ်ချင်လို့သာနေဆဲ ရွှေတိုးက ဒေါ်စိန်လုံးကို တစ်ချက်လှည့်ကြည့်လိုက်ရင်း ...

"ဒါနဲ့ ... ဒေါ်လေး မသိသေးဘူး ထင်တယ်"

"ဘာလဲ ..."

"ရပ်ကွက်ထဲက လူတွေတော်တော်များများက ကျွန်တော့်ကို နေတိုးနဲ့တူတယ်လို့ တညီတညွတ်တည်း သတ်မှတ်ထားကြတာလေ၊ နာမည်ချင်းကလည်း ခပ်ဆင်ဆင်မဟုတ်လား ..."

ရွှေတိုးက ခပ်မြောက်မြောက်လေသံဖြင့် ပြောပြီး လှည့်ထွက်သွားတာမို့ ဒေါ်စိန်လုံးက ခိခနဲ ကျိတ်ရယ်ရင်း ကျန်ခဲ့ရသည်။

ရွှေတိုးဆိုတာ ထုံရုံသာ ထုံတာမဟုတ်၊ အဲသလိုလည်း အူကြောင်ကြောင် နိုင်သေး၏။

တကယ်တော့ ဒေါ်စိန်လုံးဟာ ရွှေတိုးအဒေါ်သာ ဆိုရပေမယ့် သွေးရင်းသည့် အဒေါ်တော့ မဟုတ်၊ ဦးလေးနှင့် ညားခဲ့သော ဒေါ်လေး တော်စပ်လာရခြင်း ဖြစ်၏။

ရွှေတိုး၏ မိဘများကား ရွှေတိုး ငယ်စဉ်ကပင် ဆုံးပါးခဲ့ကြတာမို့ ရွှေတိုးကို ဦးလေးဖြစ်သူက စောင့်ရှောက်ထားရ၏။ ဦးလေးက စောင့်ရှောက်သည်ဟု အမည်ခံသော်လည်း တကယ်တမ်း အိမ်မှာ ဝင်ငွေရှိသူက အဒေါ်ဖြစ်သူ ဒေါ်စိန်လုံး အစ်ယောက်သာ ရှိတာမို့ အမှန်တကယ် ရွှေတိုး မှီခိုသူက



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိန်လုံးသာ ဖြစ်ပါသည်။ ဒေါ်စိန်လုံး ခိုင်းသမျှကိုသာ လုပ်ရသည်ပင် ...။

ဒေါ်စိန်လုံးဟာ အပြောကြမ်းကြမ်း ... ဟောဟော ဒိုင်းဒိုင်း ပြောဆိုနေထိုင်တတ်သူ ဖြစ်သော်လည်း ရွှေတိုးအပေါ် စေတနာတော့ မဆိုးလှသူပင် ...။

"မမစိန်ရေ ..."

"ဩော် ... မစမ်း၊ ဘာကိစ္စ ပေါ်လာပြန်ပြီလဲ"

"အဟင်း ... ထုံးစံအတိုင်းပေါ့ မမစိန်ရယ်၊ အဟင်း ... ဟင်း ဟင်း ..."

ဟိုဘက် သုံးအိမ်ကျော်မှ မစမ်းရီက မျက်နှာချိုလေး သွေးကာ ဒေါ်စိန်လုံး အိမ်ပေါ်သို့ တက်လာ၏။ သူမလက်ထဲမှာ ငါးဆင့်စတီးလ်ချိုင့် တစ်ချိုင့် ဆွဲလျက်သား။

ဒေါ်စိန်လုံးက ထမင်းချိုင့်ကိုကြည့်ကာ မဲ့ရွဲ့လိုက်ရင်း ...

"ညည်းတို့အိမ်မှာ မုန့်ဟင်းခါးချက်လို့ ငါစားဖို့ လာပို့တာတော့ မဟုတ်ပါဘူးနော် ..."

"ဟင်း ... ဟင်း ... အဲ့ဒီလိုသာ ပို့ခွင့်ရရင် ဘယ်လောက်ကောင်းမလဲ မမရယ် ...၊ ဒီတစ်ပတ်ကတော့ ကျွန်မရော ကျွန်မ ယောကျ်ားရော ... ကျွန်မ ယောက္ခမပါ အိပ်မက်မက်ထားတာ မမစိန်ရဲ့၊ ဒီတစ်ခါတော့ တကယ် သေချာပါတယ်၊ ဒီတစ်ခါပေါက်ရင် မုန့်ဟင်းခါးချက်ပြီး ထည့်လာပို့မယ် ... စိတ်သာချ ..."





"လောလောဆယ်တော့ ထုံးစံအတိုင်း ထမင်းချိုင့် ပေါင်မယ်ပေါ့ ... ဟုတ်စ"

"ဟုတ်ပါ့ မမစိန်ရယ် ...၊ ထိုးမယ့် ပိုက်ဆံလေးက နည်းနေလို့ ရသလောက်ကလေး ဖြည့်လိုက်ချင်လို့ပါ၊ မမ ပေးသလောက် ယူရမှာပါ ..."

မစမ်းရီက ဒေါ်စိန်လုံးကို မမစိန် ... မမစိန် ... ဟု တဖွဖွပြောကာ အချိုသာဆုံးလေး ပြောရှာ၏။ ဒီရပ်ကွက်ထဲက မပြေလည်သူတွေ၊ 'နှစ်လုံးရောဂါ'သမားတွေအတွက်တော့ ဒေါ်စိန်လုံးက အားကိုးရာမို့ပင် ...။ ဒေါ်စိန်လုံးက ပိုက်ဆံထုတ်ပေးရင်း

"ကဲ ... ကဲ ... ရော့၊ ညည်းတို့တွေ ငါ့ဆီလာပြီး ဟိုဟာပေါင်၊ ဒီဟာပေါင် လုပ်နေတော့ ငါ့မှာ အတိုးတော့ရပါရဲ့၊ ညည်းတို့အတွက် စိတ်ဆင်းရဲရတာတော့ အမှန်ပဲအေ၊ ဒီနှစ်လုံးရောဂါကြီးထဲက ရုန်းထွက်ကြစမ်းပါ"

"ဩော် ... မမစိန်ကတော့ ရွှေအတောင့် ငွေအတောင့်ရှိတဲ့သူဆိုတော့ ပြောအားရှိတာပေါ့ ...၊ ကျွန်မတို့မှာက တစ်ပတ်တစ်ပတ် ဒါလေးပဲ မျှော်လင့်ပြီး စိတ်ကူးယဉ်နေရတာ ..."

"အဲ့ဒီလို စိတ်ကူးယဉ်ရင်း မွဲသွားတဲ့သူတွေလည်း အများသား မဟုတ်လား၊ ငါဖြင့် အိမ်က ကိုမြအေး တစ်ယောက် ဒိုင်ကိုင်မယ် ပြောတာတောင် အကုသိုလ်များတဲ့အလုပ်မို့ မလုပ်ရဘူး တားထားတာ၊ ဆင်ခြင်ကြစမ်းပါအေ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ မမစိန်ရဲ့ ..."

"ပြောလိုက်ရင်တော့ ဟုတ်ကဲ့ပဲ ... ပြီးရင်တော့လည်း ဒုံရင်းပဲ ..."

"အဟင်း ... ဒါနဲ့ ရွှေတိုး တစ်ယောက်ကော မမစိန်"

"ကြွေးတောင်း ထွက်သွားပြီလေ ...၊ သူ့တောင်းခိုင်းရတာလည်း အားမရပါဘူး၊ ထုံထုံအအနဲ့ သူများပြောသမျှ ခေါင်းညိတ်ပြီး လက်ဗလာနဲ့ ပြန်လာတာများပါတယ် ..."

"ရွှေတိုးက သဘောကောင်းတာကိုး မမစိန်ရဲ့၊ သူ့ကိုသာ သနားအောင်ပြောရင် ကြွေးမတောင်းတော့တဲ့အပြင် အလုပ်ပါ ဝိုင်းကူလုပ်ပြီး ပြန်လာတဲ့သူမျိုး"

"ငါ့မလည်း ခိုင်းစရာလူမရှိလို့သာ ခိုင်းနေရတာ၊ ဒင်းလုပ်ပုံနဲ့ မကြာဘူး ငါမွဲမှာ၊ ဒါနဲ့ ... ညည်းတို့ ရွှေတိုး သတင်းဘာကြားမိလဲ ..."

"ရှင် ... ဘာသတင်းလဲ မမစိန်"

"ဩော် ... ဒီကောင်လေး ပိုးပန်းနေတဲ့ မိန်းကလေးများရှိသလားလို့ပါ၊ ခုတလော မိန်းမအကြောင်း ... အချစ်အကြောင်း ပြောပြောနေတတ်လို့ ..."

"ကျွန်မတို့ ရပ်ကွက်ထဲတော့ ဘာမှမကြားမိပါဘူး မမရယ်၊ ဟိုဘက်ရပ်ကွက်တွေမှာတော့ မပြောတတ်ဘူးလေ ..."

"ဒီကောင်လေး ကြည့်ရတာ မိန်းမတွေ ဘာတွေ ယူချင်နေသလားမသိပါဘူး မစမ်းရယ်၊ အရွယ်ကလေးက ရောက်ပြီကိုး၊ ဒါပေမယ့် သူ့မှာက မိန်းကလေးတစ်ယောက် ကြိုက်





လောက်စရာရယ်လို့ ဘာအရည်အချင်းမှ မည်မည်ရရ မရှိဘူး မဟုတ်လား၊ ပညာအရည်အချင်းကလည်း ၅ တန်းပဲ တတ်တာ၊ လူကလည်း ထုံထုံအအ၊ စကားပြောကလည်း မတတ်၊ အလိုက်ကန်းဆိုးကလည်း မသိနဲ့တော့ အိမ်ထောင်ကျရင်လည်း ဒုက္ခရောက်မှာ မစမ်းရဲ့"

"မထင်ပါနဲ့ မမစိန်ရယ်၊ ဒါမျိုးဆိုတာ ကံတရားလည်း ပါသေးတာ မဟုတ်လား၊ လောကမှာ ဘယ်လောက်ညံ့တဲ့သူဖြစ်ဖြစ် တူရာတန်ရာ အတွဲအဖက်လေးတော့ ရတတ်တာပါပဲ၊ ပြီးတော့ ရွှေတိုးက သန့်သန့်ပြန့်ပြန့်လေး နေတတ်တာ မဟုတ်လား၊ ရိုးဂုဏ်ကလေးလည်း ရှိသေးတယ်လေ၊ ဒီကောင်းကွက်လေးတွေကို မြင်တဲ့သူလည်း ရှိမှာပဲ"

"သူက သန့်တယ်ဆိုပေမယ့် တစ်ခါတစ်ခါ ခြေထောက်ချည်း ကွက်သန့်နေတာအေ့၊ လည်ပင်းသာ ချေးတွန်းဖို့မေ့မယ်၊ ခြေထောက်ကျ ချေးတွန်းဖို့ မမေ့ဘူးလေ၊ ဘာတဲ့ စကားကြီး စကားကျယ်ကလည်း ပြောလိုက်သေးတာ၊ ယောကျ်ားတစ်ယောက်ရဲ့ ဘဝမှာ ခြေထောက်သန့်ဖို့က အရေးကြီးတယ်တဲ့အေ့ ..."

"အဟင်း ... ဟင်း ... ရွှေတိုးက ဗီဒီယိုကားတွေ အရမ်းကြည့်တယ်မဟုတ်လား မမစိန်ရဲ့၊ ဇာတ်ကားထဲက စကားတွေ အတုခိုးထားမှာပေါ့၊ ဒါနဲ့ ဦးမြအေးတစ်ယောက်ကော ..."

"အိပ်ရာက ထတော်မမူသေးဘူးလေ၊ ဒီအချိန်ဆို ညည်းစိမ်



www.burmeseclassic.com

www.burmeseclassic.com



ယစ်တုန်း၊ ညညှ ရွှေတိုးနဲ့တူတူ ဗီဒီယိုကားတွေ ထိုင်ကြည့်ပြီး မနက်ဆို ထတော်မမူတော့ဘူး၊ ငါ့နှယ် ... ယောကျ်ားလည်း အားမကိုးရ၊ ရွှေတိုးလည်း အားမကိုးရ၊ စိတ်နှယ်ညစ်ပါ့အေ"

"အဟမ်း ... အဟမ်း ... လုံး ရေ ..."

"ဟော ... ဦးလေးမြအေး နိုးပြီ၊ သွားလိုက်ဦး မမ၊ ကျွန်မလည်း သွားတော့မယ်"

မစမ်းက ဦးမြအေး အသံကြားသည်နှင့် ကမန်းကတန်း နှုတ်ဆက်ကာ ပြန်သွား၏။

ဒေါ်စိန်လုံးက အိမ်ထဲသို့ ဝင်လာကာ ...

"ဘာတုန်း ... ကာ့လနဂါး၊ နေဖင်ထိုးမှ နိုးပြီး လူကိုကယောင်ကတမ်းနဲ့ အော်ခေါ်မနေနဲ့၊ စိန်လုံးတို့က မိုးမလင်းခင်ကတည်းက အလုပ်လုပ်နေရတာ ..."

"ကဲ ... ကဲ ... ဒီနားလာထိုင်ပါဦး လုံးရယ်၊ ပြောစရာလေးရှိလို့ပါ"

ဒေါ်စိန်လုံးက ဦးမြအေးဘေးက ဖျာပေါ်မှာ ဖျတ်ခနဲထိုင်ချလိုက်ရင်း ...

"ကဲ ... ပြော ... ဘာပြောမလဲ၊ မြန်မြန်ပြော ..."

"ဒီလိုပါ ... လုံးရယ်၊ ခုန လုံးနဲ့ မစမ်းနဲ့ ပြောနေကြတာကို ကိုမြ ကြားလိုက်လို့ပါ၊ ကိုမြ အတင်းကို လုံး ပြောတယ်နော်၊ ကိုမြ လုံးဝစိတ်မဆိုးဘူး၊ လုံးကို သူများအထင်သေးမှာပဲ စိုးတယ်၊ ကိုယ့်ယောကျ်ား ဘယ်လောက်ညံ့ညံ့





သူများအမြင်မှာ အထင်မသေးအောင် ကိုယ့်ယောကျ်ားကိုအမွှန်းတင်ပြောမှ သူများကလည်း လုံးကို အထင်မသေးမှာပေါ့၊ လုံးနဲ့ ကိုမြနဲ့က လင်မယား မဟုတ်လား၊ အဲဒီတော့ ကိုမြ မကောင်းကြောင်း လုံး ပြောရင် လုံးလည်းမကောင်းဘူး၊ ကိုမြ ကောင်းကြောင်းပြောရင် လုံးအတွက်လည်း ကောင်းတယ်၊ လင်မယားဆိုတာ တစ်လှေတည်းစီးတစ်ခရီးတည်းသွား၊ တစ်စီးပွားတည်း မဟုတ်လား လုံးလေးရဲ့၊ တစ်နည်းအားဖြင့်ပြောရရင် အိမ်ထောင်ပြုတယ်ဆိုတာ အကျိုးတူပူးပေါင်းမှုတစ်ခုလည်း ဖြစ်တယ်လေ ...

"လုံး ... ကိုမြကိုငြိုငြင်တယ်ဆိုရင်၊ လုံးပိုက်ဆံနဲ့ ဝယ်ထားတဲ့ ဒီအိမ်ပေါ်မှာ ကိုမြအတွက် ကျောချစရာနေရာလေးတစ်နေရာ ပေးဖို့ စေတနာမရှိဘူးဆိုရင်၊ ထမင်းတစ်နေ့ နှစ်နပ် ကျွေးဖို့ မသဒ္ဓါဘူးဆိုရင် ကိုမြ ဒီအိမ်က နေ အေးအေးဆေးဆေး ဆင်းသွားလို့ရတယ်၊ ဒါပေမယ့်လုံးကို တစ်ခုလပ်ဆိုပြီး ဟိုလူ ဒီလူက မျက်စပစ်မှာ၊ အထင်သေးမှာ၊ လုံးဘဝ အကာအကွယ်မဲ့မှာပဲ စိုးတယ် ...

"လုံးက အသက်သာ ၅၀ နားနီးရော အရွယ်ကလေးကလည်း တင်တော့၊ သားထောက်သမီးခံကလည်း မရှိတော့ အနားမှာ ယောကျ်ားသား အကာအကွယ်မရှိလို့မကောင်းဘူးလေ မဟုတ်လား လုံးရယ်၊ ယောကျ်ားဆိုတာဒက္ခိတဖြစ်ပြီး အိမ်ဦးခန်းမှာ ထိုင်နေရင်တောင် မယားအတွက် အဟန့်တစ်ခုတော့ ဖြစ်သေးတာ မဟုတ်လား၊



www.burmeseclassic.com

www.burmeseclassic.com

[illegible] အဟန့်အတားလေးဖြစ်အောင် နေ့ပေးတဲ့ ကိုမြ
ကို လုံး မကြည်ဖြူရင်လည်း ..."

"အို ... အဲ့ဒီလိုတော့ မပြောပါနဲ့ ကိုမြရယ်၊ ကိုမြကို လုံး ကြည်ဖြူပါတယ်ရှင့် ... အဟင့် ... အင့် ..."

ဒေါ်စိန်လုံးက အဆက်မပြတ် ပြောနေသည့် ကိုမြအေး၏ ပါးစပ်ကို လက်ဖဝါးကလေးဖြင့် လှမ်းပိတ်လိုက်ရင်း အိခနဲ ငိုချလိုက်ပါသည်။ ဘယ်လောက် နှုတ်ကြမ်းကြမ်း အတွင်းစိတ်ပျော့လှကာ အမြှောက်ကြိုက် အချော့ကြိုက်လှတဲ့ မယားအထာကို နောကြေအောင်သိသော ကိုမြအေးက တစ်ဖက်သို့လှည့်ကာ ပြုံးလိုက်ပါသည်။ ထို့နောက် မယားရဲ့ ပခုံးကလေးတစ်ဖက်ကို ဖွဖွပုတ်လိုက်ရင်း ...

"ကဲ ... ကဲ ... တိတ်ပါကွယ် လုံးရယ်၊ ကိုမြ ဗိုက်ဆာလှပြီ၊ လုံးလက်ရာ ပဲပြုတ်ထမင်းကြော်လေး စားပါရစေကွယ် ..."

"ဟုတ် ... ခဏစောင့်နော် ကိုမြ"

ဖင်ပေါ့ပေါ့ဖြင့် ဆတ်ခနဲ ထကာ လှစ်ခနဲ မီးဖိုချောင်ဘက်သို့ ဝင်သွားသော မယားအလိမ္မာကိုကြည့်ရင်း ကိုမြအေးက ခေါင်းတဆတ်ဆတ် ညိတ်လျက် ရေရွတ်လိုက်ပါသည်။

"ယောကျ်ားတစ်ယောက်ရဲ့ ဘဝမှာ အရေးကြီးဆုံးကတော့ အပြောကောင်းဖို့ပါပဲလေ ..."

■ ■ ■





(၂)

❖ ❖ ❖

ရွှေတိုးသည် သူ့စတိုင်လ်အတိုင်း တံတောင်ဆစ်ကြားတွင် ထီးကောက်ကြီးကို ချိတ်လျက် ဒေါ်တင်ညွှန့် ကုန်စုံဆိုင်သို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လာပါသည်။ ရွှေတိုးဟာ ရေးကြီးသုတ်ပျာ သွားလာပြုမူ ပြောဆိုတတ်သူမဟုတ် ...။ ဘယ်လောက် အလျင်စလိုနိုင်သည့် ကိစ္စမျိုးပဲရှိရှိ ပုံမှန်ခြေလှမ်းကို အချိန်မှန်မြဲပြီး လုံးဝမလျှောက်ဟု သန္နိဋ္ဌာန်ချထားကာ လုံးဝ ဣန္ဒြေပျက်တတ်သူလည်း ဖြစ်ချေ၏။

"ဒေါ်လေးမတင်ညွှန့် ... ဒေါ်လေးမတင်ညွှန့် ..."

"ဟော ... ငါ့တူကြီး ရွှေတိုးပါလား၊ လာ ... လာ ... အတော်ပဲ၊ ဒီနေ့ အိမ်မှာ သာကူကျိုစားတယ်လေ၊ ကန်စွန်းဥနိုင်းချင်းကလေးနဲ့၊ လာ ... အရင်သောက်လိုက်ဦး၊ ပြီးမှ ပြောစရာရှိတာ ပြော ..."

အားနာတတ်သော ရွှေတိုးအထာကို သိသူ ဒေါ်တင်



www.burmeseclassic.com

www.burmeseclassic.com



ညွှန့်အာ သာကူပန်းကန်လေး ဆီးကြိုကမ်းပေးရင်း လေချိုသွေး လိုက်၏။

ရွှေတိုးက အငွေ့လေးတွေ ဝေ့နေသော သာကူ ပန်းကန်ကို ငုံ့ကြည့်လိုက်ရင်း ...

"ဟား ... သာကူဆိုရင်တော့ ကျွန်တော့်အကြိုက်ပဲဗျ ..."

ရွှေတိုးက သာကူပန်းကန်ဆီ လက်လှမ်းလိုက်ချိန် မှာ ဒေါ်စိန်လုံးရဲ့ "ဟဲ့ ... ကြားလား၊ ဟဲ့ ... ကြားလား၊ ဟဲ့ ... ကြားလား ..." ဟူသော အသံတွေက နားဝမှာ ပွဲတင်ရိုက်ခတ်လာ ပါသည်။

ရွှေတိုးက လှမ်းလက်စ လက်ကို ဖတ်ခနဲ ပြန်ရုတ် လိုက်ရင်း ...

"မဖြစ်ဘူး ..."

"ဘာမဖြစ်တာတုန်းဟဲ့ ..."

"ဒါ ... အဒေါ် ကျွန်တော့်ကို လာဘ်ထိုးတာမဟုတ်လား"

"ငါက ဘာအတွက် လာဘ်ထိုးရမှာတုန်း"

"အဒေါ် သာကူကို ကျွန်တော် သောက်လိုက်ရင် ကျွန်တော် အဒေါ့်ကို ကြွေးတောင်းဖို့ အားနာပြီး ပြန်သွားရမှာပေါ့"

အံမယ် 'လူအ'က ဒါတော့ သိလား။ ဒေါ်တင်ညွှန့် က ရယ်ချင်သော်လည်း မျက်နှာကို မှင်သေသေထားကာ ...

"လာဘ်ထိုးတာ မဟုတ်ပါဘူး ရွှေတိုးရယ်၊ နင်လာမယ် မှန်း မသိဘဲနဲ့ ကျိုထားတဲ့ သာကူပါဟယ်၊ ငါ နင့်အပေါ်





စေတနာရှိလို့ တိုက်တာပါ၊ စိတ်သန့်သန့်နဲ့သာ သောက် စမ်းပါ"

"အင်းလေ ... ဒါဆိုလည်း ပြီးတာပဲ၊ ဒါ ... ကြွေးကိစ္စနဲ့ မဆိုင်ဘူးနော်"

"အေးပါ ... မဆိုင်ဘူး ... မဆိုင်ဘူး၊ စိတ်အေးအေးထား ပြီး သောက်"

"ပြီးရော ..."

ရွှေတိုးက လက်မှာချိတ်လာသည့် ထီးကောက်ကို ကုန်စုံဆိုင် ထုပ်တန်းမှာ လှမ်းချိတ်လိုက်ပြီးမှ ဆိုင်ပေါ်မှာ ကျကျ နန တင်ပျဉ်ခွေထိုင်လျက် သာကူ သောက်နေလိုက်ပါသည်။ ထိုအချိန်မှာပဲ ဒေါ်တင်ညွှန့်ရဲ့ ထိုးစစ်က စတင်လာခဲ့ပါသည်။

"မစိန်လုံးမှာလည်း သားသမီး မထွန်းကားပေမယ့် မင့်လို တူလိမ္မာလေးတစ်ယောက် ရှိနေလို့သာ အဆင်ပြေတာ ရွှေတိုးရေ ...၊ ငါ့မှာတော့ မုဆိုးမကလည်း ဖြစ်၊ သား ယောက် သမီးခံကလည်း မရှိ၊ ဆွေမျိုးသားချင်း တူ တူမ ကလေးတောင် မရှိလေတော့ အလုပ်လုပ်ရတာ ပင်ပန်းပါ တယ်ဟယ် ..."

"ဒါဆိုလည်း မလုပ်နဲ့ပေါ့ အဒေါ်ရဲ့"

"မလုပ်တော့ ဘာသွားစားမလဲဟဲ့ ..."

"ရိပ်သာမှာ သွားစားပေါ့ ..."

"ဟမ် ...၊ ငါက ဘာလို့ ရိပ်သာမှာ စားရမှာလဲ"

"အဒေါ်ပဲ ပြောတယ်လေ၊ မုဆိုးမကလည်း ဖြစ်၊ သား



www.burmeseclassic.com

www.burmeseclassic.com



ထောက် သမီးခံကလည်း မရှိ၊ ခွေမျိုးတောင် မရှိဘူးဆို၊ အဲ့ဒါဆို ဘာဖြစ်လို့ စီးပွားရှာနေမလဲ၊ ကိုယ်ရှာလည်း စားမယ့်သူမှ မရှိတာ၊ အေးအေးဆေးဆေး ရိပ်သာမှာပဲ တရားသွားအားထုတ်နေပါတော့လား ...”

“တရားအားထုတ်တယ်ဆိုတာ အသက်ကြီးမှ ကောင်းတာ ဟဲ့ ...”

“အဒေါ်အသက်က မကြီးလို့လား”

သနားအောင် ညည်းညူပြောဆိုဖို့ စကားပျိုးမိသော ဒေါ်တင်ညွန့်မှာ ရွှေတိုးရဲ့ ကန့်လန့်တိုက်နေသော စကားကြောင့် အကွက်ပျက်သလို ဖြစ်သွားပါသည်။

ရွှေတိုးကတော့ သာကူကိုသာ မြိန်ရေရှက်ရေသောက်နေသည်။

ဒေါ်တင်ညွန့်က ခဏနားပြီး စကားပြန်စရပါသည်။

“ခုခေတ်ကြီးမှာ စီးပွားရှာရတာလည်း မလွယ်ပါဘူး ရွှေတိုးရယ်”

“ဘယ်ခေတ်တုန်းက လွယ်ခဲ့လို့တုန်း အဒေါ်ရဲ့”

ဟင် ... ငါနှယ် ... စကားစလို့ကို မရပါလား။

ရွှေတိုးက ဒေါ်တင်ညွန့် စကားစလိုက်တိုင်း ချက်ခနဲ ချက်ခနဲ ပြန်ပြောနေတာမို့ ဒေါ်တင်ညွန့်က အခက်တွေ့နေရပါသည်။

“အဒေါ် သာကူက သောက်လို့ကောင်းလိုက်တာ၊ နည်းနည်း ထပ်ထည့်ပေးဦး”





“သြော် ... အေး ... အေး”

ဒေါ်တင်ညွန့်က ရွှေတိုး ပန်းကန်ထဲသို့ သာကူထပ်ဖြည့်ပေးလိုက်ပြီး ရွှေတိုး သောက်ကောင်းနေတုန်း စကားကို ဖိပြောလိုက်ပါသည်။

“ကိုယ့်မှာ ကူဖော်လောင်ဖက်လေးလည်း ရှိ၊ အရင်းအနှီးလေးလည်း ရှိရင်တော့ စီးပွားရှာရတာ အဆင်ပြေတာပေါ့ ရွှေတိုးရယ်၊ ခုလို အရင်းအနှီးမရှိလို့ မစိန်လုံးဆီက အတိုးနဲ့ ချေးပြီးရင်းရတော့ အတိုးနှုတ်လိုက်ရင် ကိုယ့်အမြတ်က သိပ်မကျန်တော့ဘူးပေါ့ ...၊ ကူဖော်လောင်ဖက် မရှိတော့ အလုပ်သမား ငှားရတဲ့ စရိတ်ကလည်း ရှိသေး၊ ဒီနေ့လည်း ဆိုင်မှာ တင်ထားတဲ့ ကြက်သွန်နီ ကုန်နေတာတောင် အိမ်နောက်ဘက် ဂိုထောင်ထဲက ကြက်သွန်အိတ်ကို ဆိုင်ထဲ သယ်လာပေးဖို့ လူမရှိလို့ ခုထိမသယ်ရသေးဘူး၊ စိတ်စေတနာကောင်းပြီး ကူညီတတ်တဲ့သူမျိုးလေး တစ်ယောက်လောက် ပေါ်လာရင်တော့လည်း အကူအညီ တောင်းရကောင်းရဲ့ဆိုပြီး စောင့်နေရတာ ...”

“ကဲပါဗျာ ... ကျွန်တော်ပဲ သယ်ပေးပါ့မယ်၊ ဘယ်မလဲ ကြက်သွန်အိတ် ...”

“နောက်ဘက် ဂိုထောင်ထဲမှာ၊ မင်း သာကူကုန်အောင် သောက်ဦးလေ၊ ထပ်ယူဦးမလား ...”

“ကုန်ပြီ၊ မယူတော့ဘူး၊ ဝပြီ ...”

ရွှေတိုးက ပြောင်နေအောင် သောက်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



သာကူပန်းကန်ကို ပြန်ချထားလိုက်ပြီး ပုဆိုးတင်းတင်း ပြင်ဝတ်ကာ နောက်ဘက် ဂိုထောင်ဆီ လျှောက်သွားလိုက်သည်။ ဒေါ်တင်ညွှန့်ကတော့ ပြုံးစိစိဖြင့် ကျန်ရစ်သည်။ ဒီကောင်လေးဟာ မြှောက်ခိုင်း ညာခိုင်းရင်တော့လည်း အလွယ်တကူ လုပ်သားပင် ...။

ခဏကြာတော့ ရွှေတိုးက ကြက်သွန်အိတ်ကို ထမ်းထွက်လာပြီး ဆိုင်ပေါ်မှာ ချလိုက်ရင်း ...

"ကဲ ... ကူညီသင့်တာလည်း ကူညီပြီးပြီ၊ ဒီလအတွက် အတိုးငွေလေးတော့ မ,စဦး၊ အဒေါ့်ဆီက ပိုက်ဆံမရရင် ဒေါ်လေးစိန်က ကျွန်တော့်ကို ဆူမှာဗျ။ အဒေါ် ပိုက်ဆံပေးမယ်ဆိုပြီး ချိန်းနေတာ ဒီနေ့နဲ့ဆို ဆယ့်တစ်ကြိမ် ရှိပြီတဲ့၊ ဒီနေ့မှမရရင် ဒေါ်လေးစိန်ကိုယ်တိုင် ပွဲလာကြမ်းမှာတဲ့ဗျ"

"အေးပါဟယ်၊ နားနားပြီးပြောပါ ရွှေတိုးရယ်၊ မောနေပါ့မယ်ဟယ်၊ လာပါဟဲ့ ... အေးအေးဆေးဆေး ထိုင်စမ်းပါဦး၊ စကားစမြည်လေး ဘာလေး ပြောရအောင်ပါ၊ ဒီနေ့လည်း ဈေးရောင်းပါးတော့ ငါ့မှာ ပျင်းနေလို့ပါဟယ်၊ ဒါနဲ့ ... ငါ့သာကူလေးရော သောက်ကောင်းရဲ့လား"

"အဒေါ်နော် ဝေ့လည်ကြောင်ပတ် လုပ်မနေနဲ့၊ အဒေါ့်သာကူသောက်တာ ငွေကြေးကိစ္စနဲ့ မဆိုင်ဘူးလို့ ပြောထားပြီးသား"

"အေးပါ ... အေးပါ၊ ငါ အခုပြောမှာက ငွေကြေးကိစ္စ မဟုတ်ပါဘူးဟယ်၊ ကောင်မလေး ကိစ္စပါ ..."

"ကောင်မလေး ကိစ္စ ! ..."





ရွှေတိုးက နည်းနည်းတော့ စိတ်ဝင်စားသွားသည်။ ကိုယ်တိုင်က ယောကျ်ားသားမို့ မိန်းမသားတွေအကြောင်းတော့ သိချင် ကြားချင်သားပင် ...။

"ဟိုဘက် တစ်အိမ်ကျော်က စာအုပ်ဆိုင်ဖွင့်ထားတဲ့ ကောင်မလေးကလေ နင့်ကို စိတ်ဝင်စားနေသလား မသိဘူးဟဲ့ သိလား ..."

"ဟုတ်လား ..."

ရွှေတိုး မျက်လုံးတွေက အရောင်တောက်လာသည်။ တစ်ခါမှ ရည်းစားမထားဖူးသေးသူ၊ ထားလည်း ထားချင်နေသူမို့ လူက အူမြူးချင်ချင် ဖြစ်လာသည်။

"နင်က ငါ့ဆိုင် ခဏခဏလာနေတော့ နင်နဲ့ ငါ ရင်းနှီးမှာပဲလို့ထင်ပြီး ကောင်မလေးက ဈေးလာဝယ်တိုင်း နင့်အကြောင်း မေးမေးနေတာဟဲ့ ... သိလား"

"ဟုတ်လား ... ဟီး ဟီး၊ ဘာတွေမေးလို့လဲဗျ"

ရွှေတိုးသည် ပြုံးဖြီးဖြီးဖြစ်လာကာ ဒေါ်တင်ညွှန့်ဘက်သို့ ခေါင်းငုံ့ကာ နားဆက်စွင့်ထားလိုက်သည်။ အကွက်ဝင်လာပြီမို့ ဒေါ်တင်ညွှန့်ကလည်း ဖိပြောလိုက်သည်။

"အဒေါ့်ဆီ လာလာနေတဲ့ ထီးကောက်ကို တံတောင်ကွေးမှာ ချိတ်ချိတ်လာတဲ့ ရုပ်သန့်သန့်နဲ့ သူက ဘယ်သူတုန်းတဲ့ ...၊ နင်က စန်းတော့ပွင့်သားပဲ သိလား ရွှေတိုး ...၊ နင့်ကိုဆို သူမှမဟုတ်ဘူး၊ တို့ရပ်ကွက်ထဲက တခြားမိန်းကလေးတွေကလည်း စိတ်ဝင်စားကြတာပဲ၊ လမ်းထိပ် မုန့်

www.burmeseclassic.com

www.burmeseclassic.com



ဟင်းခါးဆိုင်က မဝင်းရဲ့ သမီးလေးတို့၊ အထည်ချုပ်စက်ရုံမှာ လုပ်တဲ့ ကောင်မလေးတွေရဲ့ ပါးစပ်ဖျားမှာလည်း နင်က ရေပန်းစားသားဟဲ့ ...”

“ကဲ ... ကဲ ... အဲ့ဒီလူတွေက ခဏထားလိုက်ပါဦး အခေါ်ရယ်၊ အဲ့ဒီလောက် တစ်ပြုံတည်း များများဆိုရင် ကျုပ်စိတ်ရှုပ်တယ်ဗျ၊ လောလောဆယ် ခုန အခေါ် ပြောတဲ့ စာအုပ်ဆိုင်က ကောင်မလေးအကြောင်းပဲ အရင်ပြောဦး”

ပီတိဖြာသော မျက်နှာမော့မော့ဖြင့် အပေါ်စီးဆန်ဆန် မြောက်ကြွကြွလေး ပြန်ပြောလိုက်သော ရွှေတိုးကို ကြည့်ရင်း ဒေါ်တင်ညွန့်က ကွယ်ရာတစ်ထောင့်ကို ပြေးကာ ဗိုက်နှိပ်ရယ်ချင်စိတ် ပေါက်လာသည်။

“အဟမ်း ... အဟမ်း ... ပြောပါ့မယ်ဟဲ့၊ အဲ့ဒီကောင်မလေးက ရည်းစားလည်း တစ်ခါမှမထားဖူးဘူး၊ တကယ့်ကို ရိုးရိုးသားသားလေ ...၊ ရုပ်လေးကလည်း မဆိုးရှာပါဘူး၊ အသက်ကလည်း နင်နဲ့မတိမ်းမယိမ်းလေးပဲ၊ ခန္ဓာကိုယ်လေးကလည်း ပြည့်ပြည့်တင်းတင်းလေး ...”

“နာမည်က ဘယ်သူတုန်းဗျ ...”

“လဲ့ယဉ် ... တဲ့”

“လဲ့ယဉ် ...၊ အင်း ... နာမည်လေးကတော့ မဆိုးပါဘူး”

“နင် သဘောကျလား”

“ဘာကိုလဲ ...”

“လဲ့ယဉ်ကိုပေါ့ဟဲ့ ...”





“လူမှ မမြင်ဖူးသေးတာဗျ”

“ဟော ... ဟော ... ပြောရင်းဆိုရင်း ဟိုမှာ လာနေပါပြီတော် ...”

ဒေါ်တင်ညွန့် မေးဆတ်ပြရာဘက်ဆီသို့ ရွှေတိုးက ချာခနဲ လှည့်ကြည့်လိုက်လေသည်။ သို့သော လဲ့ယဉ်ကိုအတွေ့မှာ ရွှေတိုးမျက်နှာကား ပြုံးမလာ။ ပြုံးမလာရခြင်း အကြောင်းရင်းမှာ ဘာကိုမှ မခံစားရ၍တည်း ...။ ဘယ်နေ့ စခုန်မလဲဟု စောင့်နေသော နှလုံးသားသည် တုတ်တုတ်မျှလှုပ်မလာဘဲ ငြိမ်ချက်သားကောင်းကာနေ၏။

ရွှေတိုး မြင်ရသော ကောင်မလေး၏ ပုံစံမှာကား မလှုပ်တခြောက်တည်း။ ရုပ်ရည်လေးကား မဆိုးလှ။ သို့သော် လမ်းလျှောက်ပုံစံအစ သွက်လက်မှု မရှိ။ မျက်နှာလေးပေါ်မှာ အကြည်ဓာတ်မရှိ။ ခုပဲ အိပ်ရာက ထလာခဲ့သလို ထိုင်းမှိုင်းလေးကန်လှ၏။

လဲ့ယဉ်သည် ဆိုင်ရှေ့ မလှမ်းမကမ်း လမ်းအတိုင်းလေးတွဲ့တွဲ့ လျှောက်ကာသွား၏။ ခြေလှမ်းတွေက နှေးကွေးရုံမက ဖိနပ်ပါ တရွတ်တိုက်ဆွဲ၍ လျှောက်သွား၏။ ရွှေတိုးကမှ ခပ်နှေးနှေးလျှောက်ပေမယ့် ဖိနပ်ကို တရွတ်ဆွဲ မလျှောက်တတ်။ သူမကတော့ ဖိနပ်သံ ဖလပ်ဖလပ်နှင့် တရွတ်ဆွဲ၍ လျှောက်သွားပုံမှာ စိတ်ကုန်စရာကြီးတည်း။

“ငါ လှမ်းခေါ်လိုက်ရမလား ရွှေတိုး”

“နေ ... နေ ... အခေါ်၊ မခေါ်နဲ့ ...”



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့တုန်း ..."

"ဒါ မလာဘူးဗျ"

ရွှေတိုးက သူ့ဘယ်ဘက် ရင်ဘတ်ကို တဘတ်ဘတ်ပုတ်ပြရင်း ပြောလိုက်၏။ ဒေါ်တင်ညွှန့်က ချက်ချင်း နားမလည်။

"ဘာမလာတာလဲဟဲ့ ..."

"ရင်မခုန်တာ ... ရင်မခုန်တာ ...၊ ကျွန်တော်က အဲ့ဒါ အခုန်စောင့်နေတာ၊ အဲ့ဒါမှ မခုန်ရင် ဆောဒီးပဲ"

"ကြီးကြီးကျယ်ကျယ်တော်၊ သူ့ရုပ်က မဆိုးရှာပါဘူးဟဲ့၊ နင့်အနေနဲ့ ဒီလောက်ပဲ ရမှာပေါ့၊ ဝတ်မှုန်ရွှေရည်လောက် ချောတာများ လိုချင်သေးလို့လား ..."

"ရုပ်ရည်က အရေးမကြီးပါဘူး အဒေါ်ရယ်၊ စတိုင်လ်က အရေးကြီးတာဗျ၊ ဒါ ကျွန်တော် ကြိုက်တဲ့ စတိုင်လ်မျိုး မဟုတ်ဘူး"

"သူက ဘာစတိုင်လ် ဖြစ်နေလို့လဲ ..."

"ထုံထိုင်းတဲ့ စတိုင်လ် ဖြစ်နေတာဗျ၊ ခပ်ထုံထုံအအ မိန်းမတွေဆို ကျွန်တော်က မကြိုက်တတ်ဘူး"

"အံမယ် ... နင်က ..."

ဒေါ်တင်ညွှန့်က မအောင့်နိုင်ဘဲ ရယ်ချလိုက်ချင်သော်လည်း နှုတ်ခမ်းကို နာနာကိုက်ကာ ထိန်းထားလိုက်ရသည်။ သူလို ထုံအတဲ့သူကများ ထုံအတဲ့သူမို့ မကြိုက်နိုင်ဘူးဆိုတော့ မရယ်ရဘူးလား ...။





"ကဲ ... ကဲ ... အဒေါ် ကျွန်တော်လည်း ပြန်တော့မယ်၊ ပိုက်ဆံပေးတော့ ..."

ရွှေတိုးက ချိတ်ထားသည့် ထီးကို လှမ်းယူ၍ အံတောင်ကွေးမှာ ချိတ်လိုက်ရင်း ပြတ်ပြတ်သားသား တောင်းဆိုလိုက်သည်။

အကြံမအောင်ရှာသော ဒေါ်တင်ညွှန့်မှာ မျက်နှာကို ငယ်ငယ်ထားကာ ...

"ဒီနေ့တော့ မပေးနိုင်သေးဘူး ရွှေတိုးရယ်၊ နင်လည်း အဆူမခံရ၊ ငါလည်း ပွဲလာအကြမ်းမခံရအောင် ဆိုင်မှာ ငါ့ကို မတွေ့ခဲ့ဘူးလို့ ပြန်ပြောပေးပါလားဟယ်နော်၊ ဈေးရောင်းမကောင်းတာနဲ့ ဆိုင်စောစောပိတ်ပြီး ဘုရားသွားတယ်လို့ ပြောပေးပါဟယ်၊ ဒီလကုန်ရင် ဆက်ဆက်ပေးပါ့မယ်ဟယ် ..."

"အဒေါ်ကလည်း လုပ်ပြီဗျာ၊ အဒေါ့်လည်ပင်းမှာဖြင့် ရွှေဆွဲကြိုးကြီးက မျှော့လောက်ရှိတဲ့ဟာ၊ အဲ့ဒါ ရောင်းပြီးဆပ်လိုက်ရင် အဒေါ်လည်း အတိုးမတက်တော့ဘူးပေါ့ ..."

"ဒါက အတုပါဟယ်၊ ငါ့ဘဝမှာ ရွှေဆိုလို့ တစ်မူးတစ်ပဲတောင် မပိုင်ဖူးပါဘူးဟယ်၊ ပိုက်ဆံမရှိ၊ ရွှေမရှိ၊ သားသမီးမရှိ၊ အဖော်သဟဲမရှိတဲ့ ဘဝဆိုတာ ဘယ်လောက်တွယ်ရာမဲ့တယ်ဆိုတာ နင်လည်း သိမှာပါ ရွှေတိုးရယ် ..."

ရွှေတိုးသည် ဆီးရွက်လောက်သာရှိတော့သည့် ဒေါ်တင်ညွှန့်ရဲ့ မျက်နှာကလေးကို ကြည့်ကာ သနား၍သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိုးသည် သက်ပြင်းတစ်ချက်ချလိုက်ရင်း ...

"အေးပါဗျာ ... ကျုပ် ကြည့်ကျက် ပြောလိုက်ပါမယ် ဒေါ်လေးစိန်က ပါးစပ်သာဆိုးတာ၊ စိတ်ရင်းက ကောင် ရှာပါတယ်၊ ဒါနဲ့ ဘာလုပ်စရာ ကျန်သေးလဲ ..."

"ဪ ... အေး ... ဆီပုံးကလေးတော့ သယ်ချင်သား

ဒေါ်တင်ညွန့် စကားဆုံးတော့ ရွှေတိုးက နော ဘက် ဂိုထောင်ဆီ လျှောက်သွားကာ ဆီတစ်ပုံး ဆွဲသယ်လာ သည်။

ဒေါ်တင်ညွန့်ထံက အကြွေးမရတဲ့အပြင် လုပ်စ ရှိတဲ့ အလုပ်ကလေးတွေ ကူလုပ်ပေးခဲ့ရပြီး သာကူ နှစ်ပန်းကန် ကျေနပ်ရကာ အောင်မြင်စွာ ဆုတ်ခွာလာရလေသည်။

ရွှေတိုးသည် လမ်းလျှောက်လာခဲ့ရင်း မျက်မှော လေး တွန့်ကာ လေးလေးနက်နက် စဉ်းစားလာလေသည်။

လူ့ဘဝကြီးမှာ အဖော်မဲ့စွာ နေထိုင်ရတာ ဘယ လောက်ဆိုးသနည်း ...။

လူရယ်လို့ ဖြစ်လာရင် အနားမှာ အဖော်လေးတ ရှိရမည် မဟုတ်ပါလော ...။

ယောကျ်ားတစ်ယောက်ရဲ့ဘဝမှာ အဖော်ရဖို့အတွ အလုပ်သင့်ဆုံးအလုပ်မှာ မိန်းမယူဖို့ပင်တည်း ...။

သို့သော် ... သူ ဘယ်မိန်းမကို ယူရမည်နည်း။

မိန်းမဖြစ် ပြီးရော သဘောထားပြီးတော့လည်း ယ နိုင်ချေ ...။





သူကား ရင်ခုန်မှုကို ရှူးသွပ်စွာ အလိုရှိသူတည်း ...။

ဒေါ်တင်ညွန့်က ... ရင်အခုန် စောင့်နေသည်ဟူသော သူ့ရဲ့ မှန်သောသစ္စာစကားကို ပျက်ရယ်ပြု၏။ ကြီးကျယ်သည်ဟု ဆို၏။

တကယ်တော့ ရင်ခုန်မှုနှင့် အစပြုတတ်သော အချစ် ဆိုသည်မှာ တကယ်ပင် ကြီးကျယ်ခမ်းနားလှသည် မဟုတ်ပေ လော ...။

သူ ကြည့်ဖူးသော ရုပ်ရှင်ကားများထဲက ဇာတ်လိုက် အပေါင်းတို့သည် အချစ်အတွက် အသက်ပင် စွန့်ကြ၏။ အချစ် ကြောင့် လူသတ်မှုတွေလည်း ဖြစ်ရ၏။ ယာဉ်တိုက်မှုတွေလည်း ဖြစ်ရ၏။ အနည်းဆုံးတော့ ယောကျ်ားချင်း လက်သီးဖြင့်ထိုးကာ မိန်းမချင်း ပါးရိုက်ကြ၏။ မိန်းမက ယောကျ်ားကို ပါးရိုက်သည့် အခါ ရိုက်၊ တစ်ခါတလေ ယောကျ်ားက မိန်းမကို ရိုက်။ ရည်းစား ထားသော သမီးကို အဖေက ရိုက်၊ အမေက ရိုက်၊ အစ်ကိုက ရိုက်၊ ချစ်ကြသူများကလည်း အရိုက်ခံကာ ဆက်ချစ်ကြ၏။ ဪ ... အင်မတန် ကြီးကျယ်ခမ်းနား တန်ခိုးထွားသည့် အချစ်ပေတကား။

ဤအချစ်ကို သူ ခံစားဖူးချင်လှပေ၏။

သူ့ကို လူတကာက ထုံအသည်ဟု သတ်မှတ်သော် ငြားလည်း သူ့နှလုံးသားကတော့ မထုံအ ဟု သူက ရဲရဲပင် ယုံ ကြည်ထားလေသည်။

အဲ့ဒီနေ့ညက အချစ်အကြောင်း တွေးကာ လမ်း လျှောက်လာခဲ့သော ရွှေတိုး၏ နှလုံးသားသည် ထူးခြားစွာ လင်းပ



www.burmeseclassic.com

www.burmeseclassic.com



လျက်ရှိ၏။ သို့သော် ... ပတ်ဝန်းကျင်ကား မှောင်ရီပျိုးပြီမို့ လမ်းဘေးချိုင့်ခွက်ထဲက အုတ်ခဲတစ်လုံးကို ခလုတ်တိုက်၍ လဲကာ ဒူးပြဲရှာလေသည်။

ဤကား အချစ်နှင့်ပတ်သက်၍ သူ့ဘဝမှာ ပထမဆုံး ရရှိခဲ့သည့် ဒဏ်ရာနက်နက်တည်း။

■ ■ ■



## စိန် ရွှေ မြ စံအိမ်မှာ နေတယ်

(၃)

❖ ❖ ❖

ခြေလည်းတို ... နေလည်းညိုပြီ ...။

အဝေးဆီက ထမင်းကြော်နံ့နှင့် ဟင်းနံ့မွှေးမွှေးလေးသည် လမ်းလျှောက်ရတာ များပြီမို့ မောပန်း ဆာလောင်လျက်ရှိသော ရွှေတိုးကို ညို့ခေါ်လျက်ရှိလေသည်။

ညနေထမင်းကြော်ဆိုင်ကလေးကို အဝေးကပင် မြင်ရ၏။ သပ်ရပ်စွာ ခင်းကျင်းထားသော ဆိုင်ကလေး၏ ပတ်ချာလည်တွင် ပလတ်စတစ် စားပွဲခုံပုလေးနှင့် ထိုင်ခုံပုပုသေးသေးလေးများ ခင်းကျင်းထား၏။ ဟင်းအမည်များစွာ စီရီတင်ထားသော ခုံဘေးရှိ မီးသွေးမီးဖိုပေါ်တွင် ဒယ်အိုးကြီးတစ်လုံး တင်ထား၏။ ပြည့်ပြည့်ဖြိုးဖြိုး ရုပ်ရည်သန့်သန့် အသားဖြူဖြူ အမျိုးသမီးကြီးတစ်ယောက်သည် သံယောက်မအပြားဖြင့် ထမင်းကြော်များကို ထိုးမွှေကာ ကြော်လျက်ရှိ၏။ ထမင်းကြော်အိုးပေါ်မှာ အငွေ့တထောင်းထောင်း။ ပူနွေးလာသော ထမင်းကြော်သည် မွှေးပျံ့သောအနံ့ကို အဝေးသို့ စေလွှတ်လိုက်သဖြင့် ရွှေတိုးက ထိုအနံ့ကို



www.burmeseclassic.com

www.burmeseclassic.com



[illegible] ရွှေရန်းသို့ခေါ် ရာသို့ ခြေဦးလှည့်ကာ လျှောက်လာ[illegible] နောက်မှ ပြန်စဉ်းစားကြည့်မိသော အဲဒီညနေတုန်းက [illegible]ကို ညို့ခေါ်ခဲ့တာဟာ ထမင်းကြော်ရနံ့ချည်းသက်သက် [illegible] ထမင်းကြော်ရနံ့ နောက်ကွယ်က အချစ်ရနံ့လည်း ပါတာကို ရွှေတိုး သတိမပြုခဲ့မိ ခြင်းသာ ဖြစ်သည်။

ဒီ ... ညထမင်းကြော်ဆိုင်လေးနားကို ရွှေတိုး တစ်ခါမှ ရောက်မလာဖူးချေ။ ဆိုင်ကလေးမှာ ဖွင့်တာကြာသေးပုံမရ ...။ ခုံကလေးများမှာ သစ်လျက်ပင် ရှိသေး၏။ ဒီရပ်ကွက်နားကို ရွှေတိုး အရောက်အပေါက်နည်း၏။ ဒီရပ်ကွက်နှင့် ရွှေတိုးတို့ရပ်ကွက်ကြားမှာ ရပ်ကွက်တစ်ခု ခြားသေး၏။ ရပ်ကွက်ချင်း နည်းနည်းဝေးတာလည်း တစ်ကြောင်း၊ ဒီရပ်ကွက်မှာ ဒေါ်လေးစိန်ကို သိသူရှားတာက တစ်ကြောင်းမို့ ဒီရပ်ကွက်ထဲက လူတွေဟာ ဒေါ်လေးစိန်ထံမှာ ချေးငှားပေါင်နှံလေ့မရှိ ...။ တလောကမှ ရွှေတိုး တို့ရပ်ကွက်ထဲက အဒေါ်ကြီးတစ်ယောက် ဒီရပ်ကွက်ထဲကို ပြောင်းလာတာမို့ ဒီအထိ ကြွေးတောင်းဖို့ ရောက်လာရတာ ဖြစ်သည်။

ဒီနေ့လည်း ရွှေတိုးရဲ့ ပုံမှန်နေ့တွေတုန်းကလိုပဲ မနက်အစောကတည်းက အိမ်မှထွက်ခဲ့ရ၏။ ဒေါ်လေးစိန်ကလည်း ပုံမှန်နေ့တွေအတိုင်း 'ဟဲ့ ... ကြားလား၊ ဟဲ့ ... ကြားလား' ဟု အထပ်ထပ်မှာလိုက်၏။ 'ကြွေးမရရင် အိမ်ပြန်မလာခဲ့နဲ့ ဟဲ့ ... ကြားလား'ဟုပင် ထပ်လောင်း၍ မှာလိုက်သေး၏။ သူကလည်း ပုံမှန်နေ့တွေတုန်းကလိုပဲ ခြေထောက်ကို သပွတ်အူနာနာတိုက်





၍ ရေအကြာကြီး ချိုး၊ ကတ္တီပါ ဖိနပ်သည်းကြိုးကို နာနာတိုက်၍ [illegible]းကောက်ကို လက်မှာချိတ်ကာ အိမ်မှထွက်ခဲ့တာဖြစ်သည်။

ခုလက်ရှိအချိန်ကလေးထိ သူ့ဘဝဟာ ပုံမှန်အတိုင်း [illegible]ည်ပတ်နေခဲ့တာဖြစ်သည်။ သူ့ဘဝဟာ ဘာထူးခြားမှုမှ မရှိ။ [illegible]းပြီး ပျော်စရာမရှိသလို ထူးပြီး ဝမ်းနည်းကြေကွဲစရာလည်း [illegible]ချေ။

ရွှေတိုးသည် ထမင်းကြော်ဆိုင်ကလေးရှေ့မှာ ရပ်[illegible]က် စားပွဲခုံပေါ်မှာ စီရရီချထားသည့် ဟင်းတွေကို ငုံ့ကြည့်[illegible]ိက်လေသည်။

ဟင်းအမည်ကား စုံလှ၏။ ကြက်ကြော်၊ ငါးကျည်း[illegible]ကြော်၊ ဝက်အချိုနှပ်၊ အမဲနှပ်၊ ပုစွန်ကြော်၊ ကြက်အသည်းအမြစ်၊ [illegible]က်ဆီပြန်၊ ဆိတ်သားချက်၊ ဆိတ်ကလီစာ၊ ဆိတ်သားနဲ့ ကုလား[illegible]၊ ဆိတ်သားခြောက်ကြော်၊ ဘဲဥဟင်း၊ ဆတ်သားခြောက်နှင့် [illegible]မ်းချဉ်သီးဆီပြန်၊ ချဉ်ပေါင်ကြော် ... စသည့် ဟင်းလျာများမှာ [illegible]လှသဖြင့် ဘာကိုရွေးရမည်မှန်း မသိ ...။ အကုန်လုံးကို [illegible]းနည်းစီ စားချင်မိသော်လည်း ပိုက်ဆံမတတ်နိုင်ချေ ...။

"လူလေး ... ဘာနဲ့စားမလဲ၊ ဒီဟင်းတွေအပြင် နောက်ထပ်မှာစားလို့ရတဲ့ ဟင်းတွေလည်း ရှိသေးတယ်၊ ကြက်ဥကြော်တို့၊ ကန်စွန်းရွက်ကြော်တို့ ပူပူနွေးနွေး စားချင်ရင်လည်း ကြော်ပေးမယ် ..."

"ခဏလေးနော် အဒေါ်၊ ကျွန်တော့်ကို စဉ်းစားချိန် ပေးပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိုးက အဒေါ်ကြီးဘက်ကို လက်ကလေးကာပြ၍ ပြောလိုက်သော်လည်း မျက်စိကတော့ ဟင်းတွေဆီမှ မခွာ ...။ ဘာစားရရင် ကောင်းမလဲ။ ဟိုဟာလည်း စားချင်၊ ဒီဟာလည်း စားချင်၊ ဟိုဟာစားရကောင်းနိုး၊ ဒီဟာစားရကောင်းနိုး ... ဝေခွဲမရ ဖြစ်နေ၏။ အဲဒေါ်ကြီးက ရွှေတိုးကို အံ့သြရယ်ချင်ပုံဖြင့် တစ်ချက် စိုက်ကြည့်လိုက်ပြီး ...

"ဩော် ... အေးကွယ်၊ စဉ်းစားပါ ... စဉ်းစားပါ၊ အေးအေး ဆေးဆေးသာ စဉ်းစား ..."

ဟု ပြောပြီး ထမင်းကြော်အိုးကို ဆက်မွှေနေလိုက်၏။

ထိုအချိန်မှာပဲ ရွှေ-ိုးရဲ့နောက်နားဆီမှ ခုံဖိနပ်သံ တချပ်ချပ်လေးကို ကြားလိုက်ရကာ ...

"အမေရေ ... မီးသွေးကုန်လုပြီလား၊ ဒီမှာ မီးသွေး ပါလာပြီ ..."

ဟူသော အသံကလေးနှင့်အတူ ကြွပ်ကြွပ်အိတ်အမည်းကြီးဖြင့် ထည့်လာသော မီးသွေးအိတ်ကြီးက ယမ်းခါကာ ရွှေတိုးကို တိုက်မိသွားလေသည်။

"ဟဲ့ ... ဒီကောင်မလေးဟာလေ ဖြည်းဖြည်းလုပ်ပါဟဲ့၊ ဒီလောက် ပြေးလွှားလာစရာ မလိုပါဘူး၊ နင် အရမ်းလုပ်တာနဲ့ ဟိုမှာ ဈေးဝယ်သူကို တိုက်မိသွားပြီ ..."

ကောင်မလေးက သူ့အမေပြောမှ ရွှေတိုးကို တိုက်မိသွားမှန်းသိကာ နောက်သို့ ချာခနဲ လှည့်ကြည့်လိုက်လေသည်။





ထို့နောက် မီးသွေးအိတ်ကို ဆတ်ခနဲ ချလိုက်ပြီး ဖတ်ခနဲ လက်အုပ်လေးချီ၍ ခေါင်းလေးညွတ်ကာ ...

"မတော်လို့နော်၊ ကန်တော့နော် ..."

ဟု သွက်သွက်လေး တောင်းပန်လိုက်လေသည်။

ချာခနဲ လှည့်အလာမှာ ဆတ်ခနဲ ခါသွားတဲ့ ဖွတ်မြီးကျစ်ကလေးရဲ့ အဖျားမှာ ချိတ်ပါသွားရတဲ့ ရွှေတိုးရဲ့ နှလုံးသားဟာ လက်အုပ်ချီထားတဲ့ ကောင်မလေးရဲ့ လက်ခလယ် အဖူးကလေး ထိပ်ဖျားမှာ ချာချာလည်၍ ကခုန်နေလေသည်။

သူ့ဘဝမှာ တစ်စုံတစ်ယောက်သောသူရဲ့ တောင်းပန်မှုကို တစ်ခါမှမရခဲ့ဖူးချေ ...။ 'ကန်တော့နော်'ဟူသော စကားလေးတစ်ခွန်းမျှ မကြားခဲ့ဖူးချေ။ လက်အုပ်ကလေးချီပြီး အပြောခံရဖို့ကား ဝေးစွ ခြောက်ပါးပင်တည်း။

ကောင်မလေးရဲ့ ကြည်လင်တောက်ပသော မျက်လုံးကလေး၊ စကားအဆုံးမှာ ပြုံးလိုက်တဲ့ အပြုံးကလေးနှင့်အတူ ပေါ်ထွက်လာသော သွားဖြူဖြူအတန်းကလေးက မီးသွေးတွေ ပေလူးနေသော သူမလက်များရဲ့ ညစ်ပတ်မှု၊ ညိုစိမ့်သော မျက်နှာကလေးပေါ်က နဖူးအစပ်မှာ ပေနေတဲ့ မီးသွေးမှုန်ကလေးတွေနှင့် ခုံဖိနပ်စုပ်ကလေး စီးထားတဲ့ မီးသွေးပေ ခြေထောက်ကလေးရဲ့ ညစ်ပတ်မှုကို မေ့လျော့သွားစေ၏။

သူမပုံစံက ညိုကျော့၏။ အသားညိုကာ ခန္ဓာကိုယ်က ပိန်သွယ် ညိုကြော့ ပေါ့ပါးကြော့ရှင်းကလေး။ လှုပ်ရှားပြုမှုက ဖျတ်လတ်တက်ကြွ လန်းဆန်း၏။ သူ့အကြိုက်နှင့် ကိုက်ညီ



www.burmeseclassic.com

www.burmeseclassic.com



လုပေတာမို့ သူ့အသည်းနှလုံးသည် လန်းဆန်းနိုးကြွ ခုန်လှုပ်လာရလေ သည်။

ထမင်းဆိုင်ရှင် အဒေါ်ကြီးသည် ပါးစပ်အဟောင်းသား မျက်စိအကြောင်သားဖြစ်နေသော ရွှေတိုးကိုကြည့်ကာ ချောင်းဟန့်လိုက်၏။

"အဟမ်း ... ဟမ်း ...၊ ဟဲ့ ... ညိုစိမ့် မီးသွေးအိတ်ထားပြီး မြန်မြန်ပြန်တော့၊ အိမ်မှာ လုပ်စရာရှိတာတွေ ကျန်သေးတယ်မဟုတ်လား၊ ပိုက်ဆံသိမ်း စားပွဲထိုးမယ့် ကောင်လေးကို မြန်မြန်လာလို့ ဝင်ပြောလိုက်ဦး၊ ကဲ ... ကဲ ... မောင်ရင် စဉ်းစားလို့ ပြီးပြီလား၊ ဘာနဲ့စားမလဲ ..."

"ဟို ... ဟို ... အသည်း ... အသည်းနှလုံး"

"ဘာ ..."

"ဟိုဟာပါ ... ကြက်အသည်းအမြစ်နဲ့ စားမယ်ပြောတာပါ"

ရွှေတိုးက ကယောင်ချောက်ချား ပြောပြီး ထိုင်ခုံအပုလေးပေါ်သို့ ထိုင်ချလေရာ ကုလားထိုင်လေးရဲ့ ကျောမှီကို တိုက်မိပြီး ထိုင်ခုံက ဘေးသို့ရွှေ့လျက် လူက မြေပြင်ပေါ် ပစ်ထိုင်ကျသွားလေသည်။

ကောင်မလေးက ရွှေတိုးဖြစ်အင်ကိုကြည့်ကာ ပါးစပ်ကို လက်ဖဝါးဖြင့်အုပ်၍ ကိခနဲ ရယ်လိုက်၏။ ပါးစပ်ကလေးကို မမြင်ရသော်လည်း မျက်လုံးလေးတွေ ရယ်မြူးသွားတာကိုတော့ သေချာမြင်ရလေသည်။





ရွှေတိုးသည် ရှက်ရှက်နှင့်ပဲ ထိုးဖြင့် မြေပြင်ပေါ်ဆောက်ကာ ထလိုက်ပြီး ခုံမှာပြန်ထိုင်ကာ မျက်နှာတည်တည်ဖြင့် ငြိမ် နေ၏။ ကောင်မလေးကိုလည်း မကြည့်၊ စိတ်ထဲကမူ ကောင်မလေး မပြန်ပါစေနဲ့ဦးဟု ဆုတောင်းနေ၏။

ရွှေတိုး ဆုတောင်းကို သူမ သိလေရော့သလားမသိ၊ ဆိုင်နောက်ကနေ ချက်ချင်း ပြန်ထွက်မလာဘဲ ပလတ်စတစ်ပုံးကြီးထဲမှာ ပုံထပ်နေသည့် ပန်းကန်တွေကို လှမ်းဆွဲဆေးလိုက်၏။

အဒေါ်ကြီးက ထမင်းကြော်ပွဲ ပြင်နေရင်းက ...

"ဟဲ့ ... ညိုစိမ့် နင် ခု မပြန်သေးဘူးလား"

"ပန်းကန်တွေ ဆေးပေးခဲ့မလို့ပါ အမေရဲ့၊ ဆေးပြီးသားပန်းကန်မှ မရှိတော့တာ အမေ ဘာနဲ့ထည့်ရောင်းမလဲ"

"မိချို လာတော့ ဆေးလိမ့်မပေါ့"

"သူမလာခင် ဝယ်သူလာတော့ အမေ ဘယ်လိုလုပ်မလဲ၊ ဝယ်သူတစ်ဖွက်၊ ပန်းကန်းဆေးတစ်ဖက် ဖြစ်နေမှာစိုးလို့ပေါ့"

"ဒါဖြင့် ဆယ်ချပ်လောက်ပဲ ဆေးပြီး ပြန်တော့ ..."

"ဟုတ်ကဲ့ ..."

ကောင်မလေး ပန်းကန်ဆေးနေချိန်မှာ ရွှေတိုးက ထမင်းကြော်နှင့် တွဲဖက်စားနေသော ကြက်အသည်းအမြစ်ရဲ့ အရသာကို မသိတော့ဘဲ ထမင်းကြော်ထဲမှာ 'ညိုစိမ့်' ဟူသော ဟင်းအမည်ကလေးကို မြုပ်ကာ မြုပ်ကာ စားနေရင်း ပန်းကန်ဆေးသည့် နေရာကလေးဆီမှ ထွက်ပေါ်နေသော ပန်းကန်ချင်းပွတ်



www.burmeseclassic.com

www.burmeseclassic.com



အိုးသံသံလေးတွေကို ညနေဦး ဂီတအဖြစ် နှလုံးနစ်ကာ ခံစား နားဆင်နေ၏။

စားသုံးသူ တစ်ယောက် နှစ်ယောက် ဆက်ရောက်လာ၏။ အဒေါ်ကြီးက ထမင်းကြော်ပွဲ ပြင်သည့်အလုပ်ထဲ စိတ်ရောက်သွား၏။ ကောင်မလေးက ပန်းကန်ဆေးနေရင်းက တစ်ချက်တစ်ချက်မှာ ရွှေတိုးဘက်သို့ ခိုးခိုးကြည့်၏။ ရွှေတိုးကလည်း ကောင်မလေးကို ခိုးခိုးကြည့်၏။ တစ်ယောက်ကို တစ်ယောက် ငါးခါလောက်ကြည့်လျှင် တစ်ခါတော့ အကြည့်ချင်း ဆုံသွားတတ်၏။

ရွှေတိုးသည် မလှုပ်တချောက် အိုက်တင်ခံတတ်သော မိန်းကလေးမျိုးထက် ခုလို သွက်လက်ပွင့်လင်း လန်းဆန်းပုံကလေးကို သဘောကျသူမို့ အမေကြီးရှိတဲ့ကြားက ညိုစိမ့် ဒီလိုလေး ခိုးခိုးကြည့်ရဲတာကို သဘောကျလို့ မဆုံးပေ ...။

ညိုစိမ့် ခြေထောက်လေး ညစ်ပတ်နေတာကိုတော့ ရွှေတိုးက စိတ်မကောင်းဖြစ်လှ၏။

ယောကျာ်းတစ်ယောက်ရဲ့ ဘဝမှာ ခြေထောက်သန့်ဖို့ အရေးကြီးသလိုမျိုး မိန်းမတစ်ယောက်ရဲ့ဘဝမှာရော ခြေထောက်သန့်ဖို့ အရေးမကြီးဘူးလား ညိုစိမ့်ရယ်။ ဘာဖြစ်လို့များ ခုံဖိနပ်စီးထားရတာလဲ ...။ ဘာဖြစ်လို့များ မီးသွေးပေတဲ့ ခြေထောက်ကို မဆေးခဲ့ရတာလဲ ...။

ရွှေတိုးက ညိုစိမ့် ခြေထောက်လေးအကြောင်း တွေးကာ စိတ်မကောင်းဖြစ်နေဆဲ ...





"အံမေ့ ... သမီး သွားတော့မယ်"

"အေး ... အေး ..."

"ကြက်သားကြော်ပြီးရင် လာပို့ပေးမယ်"

"နင် လာမပို့နဲ့၊ ငါ ဒီကလူလွှတ်ယူခိုင်းလိုက်မယ်"

"အမေ့ဆိုင်မှာ လူကျနေရင် ဘယ်သူမှ မအားဘူး၊ သမီးပဲ လာပို့မယ်၊ နောက် တစ်နာရီဆို ရတော့မှာ"

ကောင်မလေး စကားကြောင့် ရွှေတိုးက ဝမ်းသာသွား၏။

ကောင်မလေးရဲ့ ညစ်ပေသော ခြေထောက်ကလေးက ရွှေတိုးရှေ့မှ ဖြတ်သွား၏။

မော့ကြည့်လိုက်ချင်သော်လည်း အဒေါ်ကြီးကို ကြောက်၍ မော့မကြည့်ရဲဘဲ ခြေထောက်ကလေးကိုပဲ ငေးကျန်ခဲ့ရသည်။

ကောင်မလေးက ဆိုင်ရှေ့မှာရပ်ထားသည့် စက်ဘီးကလေးကို နင်းကာ ထွက်သွား၏။

ထမင်းကြော် စားပြီး ပိုက်ဆံရှင်းကာ ထလာသော ရွှေတိုးရဲ့ စိတ်သည်ကား အသစ်ဖြစ်ခဲ့ပြီတည်း။

ရွှေတိုးသည် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိနေ၏။ သတ္တိတွေလည်း ရှိလာ၏။

အိမ်ကိုတော့ မပြန်ချင်သေး။ ကြက်ကြော်လာပို့မည့် ကောင်မလေးကို စောင့်ကြည့်ချင်သေး၏။



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိုးသည် ထမင်းကြော်ဆိုင်ကနေလည်း လှမ်းမမြင်နိုင်၊ ဆိုင်နဲ့လည်းမဝေးသည့် ကောင်မလေး လာမည့် လမ်းကျဉ်းလေးရဲ့ ကွေ့နားမှာ စောင့်နေလိုက်သည်။

ခုချိန်မှာ တစ်နာရီဆိုတာ ရွှေတိုးအတွက် သိပ်အကြာကြီး မဟုတ်တော့ ...။ ခြင်ကိုက်လည်း ယားရကောင်းမှန်းမသိ၊ ညောင်းလို့ ညောင်းမှန်းမသိ၊ ဝေဒနာလို့ ဝေဒနာမှန်းမသိတော့ဘဲ မှောင်ရိပ်က အုတ်ခုံလေးပေါ်မှာ ထိုင်ရင်း ကောင်မလေး လာမည့် လမ်းကလေးဆီ မမှိတ်မသုန် ငေးနေပြီး တစ်နာရီထိုးဖို့ ၁၅ မိနစ်အလိုမှာမှ အကြံတစ်ခုရကာ ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်လေသည်။

ထို့နောက်မှာတော့ ရွှေတိုးသည် အနီးအနားက အုတ်ခဲ အကျိုးအပဲ့တွေ၊ ခဲလုံးကြီးကြီးတွေကို ဒေါင်းတောက်အောင်ဖွေရှာလျက် ကောင်မလေးလာမည့် လမ်းကျဉ်းကလေးပေါ်မှာ စီတန်း၍ ချထားလိုက်ပါသည်။

ကောင်မလေး လာရင် စက်ဘီးစီးလို့မရတော့တာမို့ ဒီနားမှာရပ်သွားမည်။ ထိုအခါ သူက မှောင်ရိပ်ထဲမှ ထွက်၍ ခဲလုံးတွေကို ကောက်ဖယ်ရှင်းလင်းပေးမည်။ ထို့ကြောင့် သူတို့မိတ်ဆွေဖြစ်ကြရမည်။ ရွှေတိုးသည် ဒီလို အကြံကောင်း ဥာဏ်ကောင်း ထွက်လာသည့် ကိုယ့်ဦးနှောက်ကို ရွှေချထားလိုက်ချင်သည်။ ရွှေတိုးကို 'အ'တယ်လို့ အဘယ်သူ ပြောရဲသနည်း။

သို့နှင့် ...

ခဏကြာသော် ...





"ဘယ်ကောင် လက်ကမြင်းသွားတာလဲကွ၊ တောက် ... သက်သက်အလုပ်ရှုပ်အောင် ..."

ဆိုက်ကားဆရာသည် ဒေါသတကြီး ရေရွတ်ဆဲဆိုရင်း လမ်းပေါ်က ခဲလုံးတွေကို ကောက်ယူလွှင့်ပစ်လိုက်သည်။ ဆိုက်ကားဆရာ ပစ်လိုက်သော ခဲတစ်လုံးသည် လမ်းဘေးမှောင်ရိပ်မှာ ငုတ်တုတ်ထိုင်နေသော ရွှေတိုးခေါင်းပေါ်မှာ ဝဲကာသွား၏။

ဆိုက်ကားဆရာ ထွက်သွားတော့ ရွှေတိုးက လွှင့်ပစ်ခံလိုက်ရသော ခဲလုံးတွေကို ကပျာကယာ လိုက်ရှာကောက်ကာ လမ်းပေါ်မှာ တန်းစီချထားလိုက်ပြန်သည်။

မှောင်ရိပ်မှာ စောင့်ရပြန်သည်။

နောက် စက်ဘီးတစ်စီး ရောက်လာပြန်သည်။

"ဘယ်ကောင်က အားယားနေလို့ လက်ဆော့သွားတာလဲကွ၊ အားယားနေရင် xxx ပါလားကွ"

အဆဲခံရပြန်သည်။

ထိုသူက ဆဲဆဲဆိုဆိုနှင့် ခဲလုံးတွေကို ဖယ်ရှားသွားပြန်တာမို့ ခဲတွေ ပြန်ရှာပြီး လမ်းပေါ်မှာ သွားထားရပြန်သည်။

ထိုသို့ ရွှေတိုး အခက်တွေ့နေပြီး ခဏအကြာမှာတော့ စက်ဘီးရှေ့ခြင်းထဲမှာ ဆွဲခြင်းကြီးတစ်ခြင်း ထည့်၍ စက်ဘီးကလေး နင်းလာသော ကောင်မလေးကို လှမ်းမြင်လိုက်ရပြီမို့ ရွှေတိုး ရင်ထဲမှာ ဒုန်းဒိုင်းဖြစ်လာ၏။

ကောင်မလေးက ခဲလုံးတွေ တွေ့သည်နှင့် စက်ဘီးပေါ်မှ ဆင်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိုးက ကောင်မလေးကို မမြင်ဟန်ပြုကာ မှောင်ရိပ်ထဲမှထွက်လာရင်း ပါးစပ်က တဗျစ်တောက်တောက် ပြောလာ၏။

"လူတွေ ... လူတွေ တော်တော် စည်းကမ်းမဲ့တဲ့ လူတွေ၊ အုတ်နီခဲ အကျိုးအပဲ့တွေကို ဒီလို စည်းမရှိကမ်းမရှိ ပစ်ထားတော့ လမ်းသွားလမ်းလာတွေ ဒုက္ခရောက်တာပေါ့"

ရွှေတိုးက ပါးစပ်က တဗျစ်တောက်တောက် ပြောရင်း ကုန်းကွ ကုန်းကွနှင့် ခဲလုံးတွေကို လိုက်ကောက်လွှင့်ပစ်နေလိုက်သည်။

ကောင်မလေးက စက်ဘီးကလေးကို တွန်း၍ သူ့အနားရောက်လာပြီး ...

"ကျေးဇူးပဲရှင့် ..."

ဟု လှမ်းပြောလိုက်သည်။ ကောင်မလေးအသံ ကြားတော့မှ သူက ခါးဆန့်လိုက်ပြီး ကောင်မလေးကို လှမ်းကြည့်လိုက်ရင်း ခုမှတွေ့ပြီး အံ့ဩသွားသလိုပုံ ဖမ်းကာ ...

"ဪ ... ဘယ်သူများလဲလို့"

"ဪ ... ရှင်ကိုး"

ဝါကြန့်ကြန့် လမ်းမီးရောင်အောက်မှာ သူတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသည်။

ကောင်မလေးက သူ့ကို ပြုံးပြသည်။

သူက ခပ်တည်တည်ပင် ခဲလုံးအစအနတွေကို လိုက်





ပြန်ကောက်နေလိုက်သည်။ ယောကျ်ားတစ်ယောက်ရဲ့ ဘဝမှာ အထာကလည်း အရေးကြီးသည်ဟု ထင်သည်။

ကောင်မလေးက စက်ဘီးကို ဒေါက်ထောက်၍ ရပ်ထားခဲ့ပြီး သူနဲ့အတူ ခဲလုံးဝိုင်းကောက်ရင်း ...

"ရှင်က ဒီနားမှာနေတာလား"

"မဟုတ်ဘူးဗျ၊ ဟိုဘက်ရပ်ကွက်ရဲ့ ဟိုဘက်ရပ်ကွက်မှာ နေတာ ..."

"ဪ ... သိပြီ၊ တစ်ရပ်ကွက်ကျော်ကို ပြောတာ မဟုတ်လား"

"ဟုတ်ကဲ့ ..."

"အဲ့ဒီရပ်ကွက်ကို ညိုစိမ့် သူငယ်ချင်းတစ်ယောက် ပြောင်းသွားလို့ ညိုစိမ့် လိုက်လည်ဖူးတယ်၊ ရှင်က ဘယ်နားမှာ နေတာလဲ ..."

ရွှေတိုးသည် ရုတ်တရက် ဘယ်လိုဖြေရမှန်းမသိဖြစ်သွားပြီးမှ ဉာဏ်တစ်ချက်ပွင့်သွားကာ ...

"စိန်ရွှေမြ စံအိမ်မှာ နေတယ်ဗျ ..."

"ဪ ..."

ကောင်မလေးက ခပ်တွေတွေလေး ဖြစ်သွားသည်။

ရွှေတိုးက ဘာဆက်ပြောရမှန်းမသိတာမို့ လက်ထဲမှာ ကောက်ကိုင်ထားသည့် ခဲလုံးတစ်လုံးကို ကယောင်ကတမ်း ပွတ်သပ်ဆုပ်နယ်နေသည်။ ကောင်မလေးရှေ့မှာ တည်ကြည်ရဲဝံ့သူကြီးလို အထာကိုင်ထားရသော်ငြား ရင်ထဲမှာတော့ အမြဲတ



www.burmeseclassic.com

www.burmeseclassic.com



ဆန်တွေ အဆက်မပြတ် ကျ၍ ပေါက်ကွဲနေသော စစ်မြေပြင်လို ဖြစ်နေသည်။ ခဲလုံးကို အဆက်မပြတ် ပွတ်သပ်နေသော လက်ဖဝါးမှာလည်း ချွေးတွေ စိမ့်ထွက်လာသည်။

နောက်တော့ သူက သူသိချင်တာကို အရဲစွန့်၍မေးလိုက်သည်။

"ညို ... ညိုစိမ့်ကရော ဘယ်မှာနေတာလဲ"

ညိုစိမ့်က နောက်ဘက်သို့ လက်ညှိုးကလေး ထိုးညွှန်ပြလိုက်ရင်း ...

"ဒီလမ်းရဲ့ ဟိုးဘက်ထိပ်ဆုံးက အိမ်က ညိုစိမ့်တို့အိမ်လေ။ အိမ်က ဆိုင်နဲ့ သိပ်မဝေးဘူး"

"ဪ ..."

ရွှေတိုးက ညိုစိမ့် ညွှန်ပြရာဘက်သို့ လည်ပင်းလေးရှည်ကာ လှမ်းမျှော်ကြည့်နေလိုက်တော့ ညိုစိမ့်က ခစ်ခနဲ ရယ်လိုက်ရင်း ...

"ကြည့်မနေနဲ့လေ၊ ဘာမှမြင်ရမှာမှ မဟုတ်တာ၊ မှောင်နေတာကို ..."

"အဟဲ ... မြင်ရမလားလို့ပါ"

ရွှေတိုးက ကျောက်ခဲကို ပွတ်ရင်း ငြိမ်သွားပြန်သည်။ ပြီးမှ အရဲစွန့်ကာ ...

"ဟို ... ကျွန်တော် ... ကျွန်တော်ရော ပြောလို့ရမလား"

"ဟင် ... ဘာကိုလဲ"

"ကျွန်တော့်နာမည်ကို ပြောပြလို့ ရမလားလို့ ..."





"ဪ ... အဟင်း ... ပြောပါရှင်၊ ညိုစိမ့်လည်း သိချင်ပါတယ်"

သိချင်တယ်တဲ့ ... ညိုစိမ့်လည်း သိချင်တယ်တဲ့။ ဘာ့ကြောင့် သိချင်ပါလိမ့် ညိုစိမ့်ရယ်။ ကျွန်တော့်ကို စိတ်ဝင်စားလို့များလားဟင် ...။

"ကျွန်တော့်နာမည် ရွှေတိုးပါ ခင်ဗျ ..."

"ဪ ... နာမည်က လှသားပဲ"

"အဟဲ ... ညိုစိမ့် ဆိုတဲ့ နာမည်က ပိုလှတာပါ ခင်ဗျ"

ညိုစိမ့်က တစ်ချက်ပြုံးလိုက်ပြီး ...

"ကဲ ... ညိုစိမ့် သွားတော့မယ်၊ ကိုရွှေတိုး ဒီဘက်ရောက်ရင်လည်း ညိုစိမ့်တို့အိမ် ဝင်လည်လေ"

"တ ... တကယ်"

"တကယ်ပေါ့ ကိုရွှေတိုးရဲ့၊ ကဲ ... သွားပြီနော်"

ညိုစိမ့်က စက်ဘီးလေးကို ဒေါက်ဖြုတ်၍ အရှိန်ယူတွန်းလိုက်လျှင် ရွှေတိုးက စက်ဘီးရှေ့သို့ ပြေးသွားရပ်လိုက်ရင်း

"ကျွန်တော်တို့ ရပ်ကွက်ဘက်ရောက်ရင်လည်း ကျွန်တော့်အိမ်ကို ဝင်လည်ပါနော်"

"ဝင်လည်မှာပေါ့၊ စိန်ရွှေမြ စံအိမ်နော်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... စိန်ရွှေမြ စံအိမ်ပါ၊ အိမ်ရှေ့မှာ ဆိုင်းဘုတ်ကြီးကြီး တပ်ထားပါတယ်၊ (x x) လမ်းထဲက (x x) စတိုးရဲ့ မျက်စောင်းထိုးက စိန်ရွှေမြ စံအိမ်ပါ"

"ဟုတ်ကဲ့ ... ညိုစိမ့် သေချာမှတ်ထားပါ့မယ်၊ သွားပြီနော်



www.burmeseclassic.com

www.burmeseclassic.com



တာ့တာ ...”

ညိုစိမ့်က စက်ဘီးကလေး နင်းထွက်သွားသည်။ တာ့တာပြသွားပုံကလေးက ရွှေတိုး မျက်စိရှေ့မှာ ဝဲလည်လှည့်၍ ကျန်ရစ်သည်။

ရွှေတိုးဘဝမှာ ဒီကနေ့ဟာဖြင့် မှတ်ကျောက်အတင် ခံထိုက်သောနေ့၊ ယောကျ်ားသားတစ်ဦးအဖြစ် ဝံ့ကြွားရသောနေ့၊ ပထမဆုံး ရင်ခုန်ရသောနေ့၊ ယောကျ်ားတစ်ယောက်ရဲ့ ဘဝမှာ အကြီးအကျယ်ဆုံးသောနေ့၊ မိန်းကလေးတစ်ယောက်ရဲ့ အဖက် လုပ် အလေးထား လေးစားခြင်းခံရသော နေ့ပေတည်း ...။

“ဟေဟေ့ ...”

ကြောင်ရပ် ငေးကြည့်ကျန်ခဲ့ရာမှ ရုတ်တရက် သတိ ဝင်လာသော ရွှေတိုးထံမှ ရယ်သံလိုလို၊ ကျေနပ်အားရသဖြင့် ဟစ်ကြွေးသံလိုလို အသံတစ်ချက် ထွက်လာပြီးနောက် ...

“ဟား ... ဟား ... ငါကွ ... ငါကွ ... ပျော်တယ်ကွ၊ ဟား ဟား ...”

ဟု အော်ရယ်လိုက်ရင်း မြောက်ခနဲ တစ်ချက်ခုန် ကာ ခဲလုံးကိုင်ထားသော လက်ကို လမ်းဘေးတစ်နေရာသို့ ဝှေ့ မြှောက်ပစ်လိုက်လေသောအခါ ...

“ဒုတ် ...”

“အား ...”

“ဘယ်ကောင်လဲ လက်ကမြင်းတာလဲကွ၊ သေဖို့သာပြင်ထား”

“အမေရေ ...”





လမ်းဘေး မှောင်ရိပ်ထဲမှ အော်သံတစ်ချက်နှင့်အတူ လူတစ်ယောက် ပြေးထွက်လာပြီမို့ ရွှေတိုးက ပုဆိုးတစ်စ အသာ ကော ဖနောင့်နှင့် တင်ပါး တသားတည်းကျအောင် ပြေးထွက်သွား လေသည်။

ဤကား ရွှေတိုး၏ ဘဝမှာ ပထမဆုံးသော အချစ် ကြောင့် ဣန္ဒြေပျက်ရခြင်းပင်တည်း။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



(၄)

❖ ❖ ❖

"စိန်"
"ရွှေ"
"မြ"
"စံအိမ်"

ရွှေတိုးသည် လက်သမား ဦးပြုံးဆီမှာ ကျကျနန အပ်၍ ပေါလစ်သုတ်ထားသည့် သစ်သားပြားပေါ်မှာ ဆိုင်းဘုတ်ရေးဆရာ ကိုသော့ လက်စွမ်းပြထားသည့် စာလုံးတွေကို တစ်လုံးချင်း ပီပီသသ အသံထွက်၍ဖတ်လိုက်၏။ ထို့နောက် ကျေကျေနပ်နပ်ကြီး ပြုံးကာ ထိုဆိုင်းဘုတ်ပြားကို အိမ်ရှေ့ သစ်သားနံရံမှာ ကပ်၍ သံနှင့်ရိုက်လိုက်လေသည်။

"ဒုန်း ... ဒုန်း"

"ဒုန်း ..."

"ဟဲ့ ... အိမ်ရှေ့က ဘာတွေထုရိုက်နေတာလဲ၊ ရွှေတိုးရေ ဘာသံလဲဟေ့ ..."





ဒေါ်စိန်လုံးသည် မီးဖိုချောင်ထဲက ကပျာကယာ ထွက်လာရင်း လှမ်းအော်မေးလိုက်၏။

"ဒုန်း ... ဒုန်း"

ထုရိုက်သံကား မရပ် ...။

ဒေါ်စိန်လုံးက ရွှေတိုးကို လှမ်းမြင်သွားကာ ...

"ဟဲ့ကောင်လေး ဒါ ဘာလုပ်တာလဲ၊ ရပ်စမ်း ... ရပ်စမ်း၊ နင် ငါ့အိမ်ကို ဖျက်ဆီးနေတာလားဟဲ့ ..."

ဒေါ်စိန်လုံးက ခနစ်သံချီ ဟစ်လိုက်ရင်း သံရိုက်နေသော ရွှေတိုးလက်ကို ဖမ်းဆွဲထားလိုက်သည်။

"ဒေါ်လေးအိမ်ကို မဖျက်ဆီးပါဘူး၊ ဆိုင်းဘုတ်တင်ပေးနေတာပါ"

"ဆိုင်းဘုတ် ! ဘာဆိုင်းဘုတ်လဲ၊ ဟင် ... စိန် ရွှေ မြ စံအိမ် ဆိုပါလား၊ ဘာအရူးထတာလဲဟဲ့ ..."

"ဆိုင်းဘုတ်လေး တပ်ထားတော့ ဒေါ်လေးအိမ်က ပိုခမ်းနားသွားတာပေါ့ ..."

"နေစမ်းပါဦး ... စိန်ရွှေမြစံအိမ်ဆိုတာက ဘာအဓိပ္ပာယ်လဲ"

"ဒေါ်လေးကလည်း 'အ'လိုက်တာဗျာ"

"အောင်မယ် ... နင်ကများ ..."

"ဒါလေးတောင် သဘောမပေါက်ဘူးလား၊ ဒီအိမ်မှာ လူဘယ်နှယောက်ရှိလဲ ... ပြော"

"သုံးယောက်၊ တယ် ... ဒါမေးစရာလား၊ နင် မသိလို့လား"

"ဒေါ်လေး နာမည်က ..."



www.burmeseclassic.com

www.burmeseclassic.com



"စိန်လုံး၊ ဟဲ့ ... နင် ဘာအရူးထနေလဲ"

"စိန်ဆိုတာက ဒေါ်လေးနာမည်ထဲက 'စိန်'ကို ထည့်ထားတာ၊ ရွှေ ဆိုတာက ကျွန်တော့်နာမည်ထဲက 'ရွှေ'၊ မြဆိုတာက ဦးလေးမြ နာမည်ထဲက တစ်လုံးယူထားတာ၊ လူသုံးယောက်ဆီက တစ်ယောက်တစ်လုံးစီ ယူထားတဲ့နာမည်"

ရွှေတိုးက ဆိုင်းဘုတ်ပေါ်က စာလုံးသုံးလုံးကို တစ်လုံးချင်း ထောက်ပြ၍ ဖြေနေဆဲ ရွှေတိုးနောက်ဘက်ဆီမှ ချောင်းဟန့်သံ နှစ်ချက် ထွက်လာ၏။

"အဟမ်း ... အဟမ်း ... ရွှေတိုး"

"ဩော် ... ဦးလေးမြ လမ်းလျှောက်က ပြန်ခဲ့ပြီလား ..."

ရွှေတိုးက နောက်ဘက်သို့ လှည့်ကြည့်ရင်း မေးလိုက်သည်။ အိမ်ပေါ်တက်သည့် လှေကားတစ်ထစ်မှာ လက်နောက်ပစ်၍ ရပ်နေသော ဦးမြအေး၏ မျက်လုံးတွေက ဆိုင်းဘုတ်ပေါ်မှာ တန့်နေသည်။ မျက်ခုံးတွေက ကွေးကုပ်နေသည်။ မကြည် မကြည် ...။ လုံးဝကို မကြည် ...။

"နေစမ်းပါဦး ရွှေတိုးရဲ့၊ ငါ့နာမည်ထဲက မြက ဘာလို့ နောက်ဆုံးမှာ ရောက်နေရတာလဲ ..."

"ခင်ဗျာ ..."

"ဒီအိမ်က လူသုံးယောက်ထဲမှာ ဘယ်သူက ခေါင်သူကြီးလဲဆိုတာ သေချာ စဉ်းစားပါလေ ..."

"ဒေါ်လေးစိန်က ခေါင်သူကြီးလေ ဦးလေးရဲ့"

"ဟမ်း ..."





ဦးမြအေးသည် လိုချင်သော အဖြေကို မရ၍ ဒေါပွစပြုလာသည်။ ရွှေတိုးက ဦးမြအေး ဘာကိုလိုချင်တယ်ဆိုတာ မသိဘဲ ရိုးရိုးသားသား အမှန်အတိုင်း ဆက်ဖြေလိုက်သည်။

"ဒေါ်လေးစိန်က စီးပွားရှာတဲ့သူမို့လို့ ရှေ့ဆုံးမှာ ထားတာ၊ ကျွန်တော်က ကြွေးတောင်းရတဲ့သူမို့လို့ အလယ်မှာ၊ ဦးလေးမြက အေးဆေးထိုင်စားတဲ့သူမို့လို့ နောက်မှာထားလိုက်တာ"

"အဟင်း ... အဟမ်း ... ဒီလိုလား၊ အိမ်း ... ဒါဆိုလည်း ပြီးရောလေ၊ ဒါနဲ့ ... ငါ ဒီည ဘောပွဲကြည့်မလို့ မင်းငှားထားတဲ့ မြန်မာကားတွေ ကြည့်ဖို့ တီဗီမအားဘူးနော်၊ ခင်း ငှားထားတဲ့အခွေဖိုး ငါ့ဆီက လာမတောင်းနဲ့ ... ကြားလား"

"ဟာ ... ဦးလေးမြကလည်း တစ်ယောက်တစ်ဝက် မေးကြေးလို့ ကတိပေးထားတယ်လေဗျာ၊ အခွေက မနက်ဖြန် ပြန်အပ်ရမှာဗျ၊ မနက်ဆို မီးကပျက်ဦးမှာ၊ ဒီည မီးလာတုန်းလေး ကြည့်ရမှာ၊ ဦးလေး ပြောတော့ အတူတူကြည့်မယ်ဆို၊ ဦးလေးကြိုက်တဲ့ မိုးဟေကို ကားလေဗျာ"

"အခု အတူကြည့်ချင်စိတ် မရှိတော့လို့ပေါ့ကွာ ... ဟုတ်ပြီလား ..."

ဦးမြအေးက ဘုတာပြီး အိမ်တံခါးဝမှာ ပိတ်ရပ်နေသည့် ရွှေတိုး ပခုံးကိုတွန်းတိုက်ကာ အိမ်ထဲသို့ဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိုးခများမှာတော့ ဦးလေးမြ ဘာကိုစိတ်ကောက်သွားတယ်ဆိုတာ နားမလည်နိုင်ဘဲ ခေါင်းတစ်ချက်ကုတ်မိ၏။

ဦးလေးမြကို ကြည့်နေရာမှ ဒေါ်စိန်လုံးဘက်သို့ ပြန်လှည့်လာသောအချိန်မှာတော့ ဒေါ်စိန်လုံး၏ မျက်နှာသည် အပြောင်းအလဲကြီး ပြောင်းလဲခဲ့ပြီတည်း။

"ငါ့တူလေးက တစ်ခါတစ်ခါ အတွေးအခေါ် သိပ်ကောင်းတာပဲတော် ..."

ပိုက်ဆံသာ ရှာနေရသော်လည်း ဘယ်တုန်းကမှ ရှေ့တန်းမှာ မနေခဲ့ရသော ဒေါ်စိန်လုံးသည် ခုလို ရွှေတိုးလေးက ကိုယ့်နာမည်ကို ရှေ့တန်းတင်ပေးထားသည့်အတွက် အကျေနပ်ကြီး ကျေနပ်နေကာ ...

"ခုလို ဆိုင်းဘုတ်လေးနဲ့ဆိုတော့လည်း တစ်မျိုး ထူးခြားခမ်းနားသွားသလိုပါပဲလေ ..."

ဟု ရေရွတ်လိုက်သည်။ ရွှေတိုးက အားတက်သွားကာ ...

"ခမ်းနားတာပေါ့ ဒေါ်လေးရဲ့၊ ကျွန်တော်ကြည့်ဖူးတဲ့ ရုပ်ရှင်တွေထဲက အိမ်ကြီးတွေရှေ့မှာဆို ဘာဂေဟာ ညာဂေဟာ၊ ဘာစံအိမ် ညာစံအိမ် ဆိုပြီး ဆိုင်းဘုတ်တွေ တပ်ထားတာ၊ ဒီလိုဆိုင်းဘုတ်တပ်တယ်ဆိုတာ သူဋ္ဌေးစတိုင်ဗျ၊ ကျွန်တော်တို့ရပ်ကွက်ထဲမှာ ဘယ်သူမှ ဒါမျိုးဆိုင်းဘုတ်တပ်ဖို့ စိတ်ကူးရဲတာ မဟုတ်ဘူး၊ ကျွန်တော်မို့လို့ စိတ်ကူးရဲတာ၊ ဒါ သူဋ္ဌေးစိတ်ကူး ..."





အမှန်တော့ ဒါဟာ သူဋ္ဌေးစိတ်ကူးလား ဘာလား ရွှေတိုး နားမလည်ပါ။ ညိုစိမ့်ကို ပြောမိပြောရာ ပြောထားမိသဖြင့် အပြောနှင့်ညီအောင် လုပ်ရခြင်းပင်။ ညိုစိမ့် ဒီရပ်ကွက်ထဲလာရင် စိန်ရွှေမြ စံအိမ်ကို ရှာမတွေ့လို့မဖြစ်။

ဒေါ်စိန်လုံးကတော့ အရောင်သုံးမျိုးဖြင့် ရေးထားသော စာလုံးသုံးလုံးကို ဘာအဓိပ္ပာယ်မှန်းမသိ၍ မျက်မှောင်ကြုတ်ကာ ကြည့်၏။ တစ်လုံးက အဖြူ၊ တစ်လုံးက အဝါ၊ တစ်လုံးက အစိမ်း။ ရွှေတိုးဟာ ဘာတွေ လုပ်မိလုပ်ရာ လုပ်လာမှန်းမသိ။

"နင့်ဆိုင်းဘုတ်စာလုံးက ဘာလို့ အရောင်သုံးမျိုး ဖြစ်နေတာတုန်း ..."

ရွှေတိုးက ပြုံးလိုက်ပြီး စာလုံးတစ်လုံးချင်းစီကို လက်ညှိုးဖြင့် ထောက်ကာ ထောက်ကာပြရင်း ...

"ဒီလို အဒေါ်ရဲ့ ...၊ စိန်ဆိုတာ အဖြူမို့လို့ အဖြူရောင်နဲ့ ရေးခိုင်းထားတာ၊ ရွှေဆိုတာက အဝါမို့လို့ အဝါရောင်၊ မြဆိုတာက အစိမ်းရောင်မို့လို့ အစိမ်းရောင်နဲ့ ရေးခိုင်းတာ၊ ဒေါ်လေး အပေါင်ခံတဲ့ ရတနာအရောင်တွေဆိုတော့ ကျွန်တော် သိတယ်လေ ..."

"ဉာဏ်ကြီးရှင်ပဲ၊ ကဲ ... ကဲ ... သံဆက်ရိုက်တော့၊ ငါလည်း ဟင်းဆက်ချက်လိုက်ဦးမယ်"

ဒေါ်စိန်လုံးက အိမ်ထဲလှည့်ဝင်သွား၏။ ရွှေတိုးက ဆိုင်းဘုတ်ကို သံဆက်ရိုက်လိုက်သည်။ ရွှေတိုးနားထဲမှာတော့



www.burmeseclassic.com

www.burmeseclassic.com



သံရိုက်သံဟာ 'ဒုန်း ... ဒုန်း' မမြည်ဘဲ 'ညိုစိမ့် ... ညိုစိမ့်' ဟု မြည်ဟည်းနေ၏။

ရွှေတိုး ဘာလုပ်လုပ် ရွှေတိုးအတွေးထဲမှာ ညိုစိမ့်က ဝဲလည်လှည့်၍နေ၏။ တွဲလောင်းချိတ်ကာ ပါနေ၏။ အပြင်ပန်းက သာ ဆိုင်းဘုတ်ချိတ်နေသော်လည်း နှလုံးသားမှာတော့ ညိုစိမ့်က အစောကတည်းက တွဲလောင်းချိတ်နှင့်ပြီးသား ဖြစ်တော့၏။

လောလောဆယ် ရွှေတိုးအသိချင်ဆုံး ကိစ္စမှာ မိန်းကလေးတစ်ယောက် သဘောကျလောက်သည့် ရည်းစားစကားမျိုးကို ဘယ်လို စပြောရမည်ဆိုသည့် နည်းလမ်းလေးသာ ဖြစ်သည်။

ဤလိုကိစ္စမျိုးကို မည်သူ့ထံမှာ ဆည်းပူးရမည်နည်း။ သူ့မှာက အပေါင်းအသင်းလည်း များများစားစား ရှိတာမဟုတ်။ ရပ်ကွက်ထဲက လူပျိုတွေကလည်း သူ့ကို အဖက်လုပ်တာမဟုတ်။ သူ့ကို အားလုံးက လူပျိုတန်းမဝင်သော ငထူငအ အဖြစ်သာ သဘောထားကြတာ ဖြစ်သည်။

ရွှေတိုးသည် ဆိုင်းဘုတ်ကို သံရိုက်နေရင်းက အိမ်ဦးခန်းက ပက်လက်ကုလားထိုင်မှာ အမြိန့်သားထိုင်၍ စာဖတ်နေသော ဦးလေးမြကို တစ်ချက်လှမ်းကြည့်မိ၏။ ဦးလေးမြကား အလွန်ပင် ဖိမ်ကျလှသူတည်း ...။ စီးပွားလည်းမရှာရ၊ ဆရာလည်း ကျကာနေ၏။ ရွှေတိုးအမြင်မှာတော့ ဦးလေးမြဟာ ဆရာ့ဆရာကြီး။ ဦးလေးမြထံမှ ဤလိုကိစ္စမျိုးကို မဆည်းပူးလျှင် ဘယ်သူ့ထံမှာ သွားဆည်းပူးရတော့မည်နည်း။





တကယ်တော့ ဒေါ်လေးစိန်ဟာ ရုပ်ရည်အဆိုးကြီးထဲက မဟုတ်၊ ပိန်ပါး၍ အသားလတ်၏။ နှုတ်ခမ်းအာကျယ်သည်မှအပ တခြားအပြစ်အနာအဆာ ရှိလှတာမဟုတ်။ စီးပွားအရှာအဖွေ ချက်ချက်ချာချာ ရှိသလို အိမ်မှုကိစ္စလည်း နိုင်နင်း၏။ ဒီလို မိန်းမမျိုးကို 'ဟိတ်'ဆို မီးသေအောင် ပေါင်းထားနိုင်တာဟာ နည်းနည်းနောနော အရည်အချင်းမဟုတ်။

ရွှေတိုးမှာကား လတ်တလော အားကျအတုယူစရာလူဆိုလို့ ဦးလေးမြ တစ်ယောက်သာ ရှိနေ၏။

ရွှေတိုးသည် ဆိုင်းဘုတ်တင်နေရင်းကပဲ ညိုစိမ့်တို့အိမ်ရှေ့မှာ ရစ်သီရစ်သီ သွားလုပ်သော်လည်း ညိုစိမ့်နှင့် လွတ်လွတ်လပ်လပ် မတွေ့ရဘဲ သူ့အမေကြီးနဲ့ တည့်တည့်တိုးနေရသည့် အဖြစ်ကိုတွေးကာ မချင့်မရဲ ဖြစ်နေမိ၏။ သုံးရက်အတောအတွင်းမှာပင် ညိုစိမ့်တို့အိမ်ရှိရာ လမ်းကျဉ်းကလေးထက်မှာ သူ့ခြေရာတွေ ထပ်ခဲ့ရ၏။ အိမ်ထဲက ညိုစိမ့်အသံကလေးကို ကြားရုံမျှဖြင့် လှည့်ပြန်ခဲ့ရ၏။ ညိုစိမ့်အမေကြီးကို ကြောက်သဖြင့် မျက်နှာကို ထီးဖြင့်ကွယ်ကာ နောက်ကြောင်းပြန်လှည့်လာခဲ့ရသည်လည်း ရှိ၏။ အကယ်၍ ညိုစိမ့်နှင့် တည့်တည့်တိုးပြန်ရင်လည်း သူ့မှာ ပြောစရာ စကားက အဆင်သင့်မရှိပေ ...။

ရွှေတိုးသည် ဆိုင်းဘုတ်ကို အပြီးသတ် သံရိုက်ပြီးလျှင် လမ်းထိပ်စတိုးဆိုင်သို့ ခပ်သွက်သွက်လေး လျှောက်ထွက်လာခဲ့၏။ စတိုးဆိုင်မှာ ဦးလေးမြအကြိုက် တီးမစ် တစ်ထုပ်နှင့် ဆီတ်သားချောင်းကြော် တစ်ထုပ် ဝယ်လိုက်၏။ ထို့နောက် ဆိုင်မှ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထွက်လာပြီး လမ်းဘေးအကြော်ဆိုင်မှာ ဦးလေးမြအကြိုက် အကြော်စုံတစ်ထုပ် ဝယ်ပြီး ပြန်လာခဲ့၏။

အိမ်ရောက်တော့ ပန်းကန်ပြားတစ်ချပ်ယူ၊ အကြော်စုံကို လှလှပပစီထည့်၊ တီးမစ် တစ်ခွက်ဖျော်၊ တီးမစ်ထုပ်နှင့် ဆိတ်သားချောင်းကြော်တစ်ထုပ်ကိုပါ ယူသွားကာ ဦးလေးမြရှေ့ စားပွဲပုလေးပေါ်သို့ တရိုတသေ လှမ်းတင်လိုက်ပါသည်။

ပက်လက်ကုလားထိုင်မှာ ခြေချိတ် ထိုင်နေသော ဦးလေးမြကား ဘာကို စိတ်ကောက်နေသည်မသိ ... မျက်နှာကို တင်းတင်းထားကာ ရွှေတိုးကိုမကြည့်ဘဲ သတင်းစာဆီမှာသာ မျက်လုံးကို စိုက်ထား၏။

"ဦးလေးမြ ..."

"ဘာတုန်း ..."

ထူးသံက တင်းမာလှ၏။ ရွှေတိုးက လေချိုသွေးကာ

"အကြော်ပူပူလေး စားပါဦးလား၊ ဦးလေးမြ ကြိုက်မှန်း သိလို့ ကျွန်တော် သွားဝယ်လာခဲ့တာ၊ ဒီမှာ ဒါလေးတွေ လည်း ဦးလေးမြ ကြိုက်မှန်းသိလို့ ကျွန်တော် ဝယ်လာခဲ့ တာ ..."

"ပြန်ယူသွား ... ပြန်ယူသွား ... ငါမစားဘူး၊ ဒီအိမ်က ခေါင်း သူကြီး မင်းအဒေါ်ကို အရင်သွားကျွေး၊ ပြီးရင် မင်းစား အားလုံးစားပြီး ကျန်မှ ငါ့လာကျွေးကွ ... ကြားလား၊ သွား သွား ...၊ ဆိုင်းဘုတ်ထဲကအတိုင်းပဲ အစဉ်အတိုင်းလုပ်ပေါ့ ကွာ ... ဟုတ်ဘူးလား၊ အဟမ်း ..."





ရွှေတိုးက ခုမှပဲ ဦးလေးမြ စိတ်ကောက်နေသော ကိစ္စကို ရိပ်မိကာ ခဏငြိမ်သွားပြီးမှ ...

"ဦးလေးမြ ... ဟိုတလောက ကြည့်တဲ့ ဗီဒီယိုကားလေး မှတ်မိသေးလား ..."

"ဘာကိုမှတ်မိရမှာလဲ၊ ကြည့်တဲ့ ကားတွေကဖြင့် အများကြီး ..."

"အဲ့ဒီကားနာမည်တော့ မမှတ်မိတော့ပါဘူး၊ ဒါပေမယ့် အဲ့ဒီကားထဲမှာ ပိုက်ဆံရှိ ပညာတတ်တဲ့ သူဌေးက ပညာ မတတ် ပိုက်ဆံမရှိတဲ့ ကောင်မလေးကို ဦးစားပေး ရှေ့ တန်းတင်တာဗျ၊ ဘာတဲ့ ... လေဒီးဖတ်ဆိုလား ဘာလား ပြောသံတော့ ကြားလိုက်တယ်၊ လူကြီး လူကောင်းတွေ ဆိုတာ ဒီလိုပဲ မိန်းကလေးကို ရှေ့တန်းတင်ပြီး သူတို့က နောက်ဆုတ်နေပေးတတ်တာတဲ့ဗျ ..."

ရွှေတိုး၏ ချက်ကျလက်ကျ စကားကြောင့် ဦးမြအေး၏ မျက်နှာကြောက နည်းနည်းလျော့လာကာ ဘယာကြော်တစ်ခု လှမ်းနှိုက်စားလိုက်ရင်း ...

"အိမ်း ... ဒါလည်း ဟုတ်ပေသားပဲ၊ ဒါပေမယ့် ဘာပဲဖြစ် ဖြစ်ပေါ့ကွာ၊ အိမ်ထောင်ဦးစီးကို ရှေ့တန်းတင်သင့်တယ် ဆိုတာတော့ ဖနီးမယား သမီးသားက အလိုလို သိနားလည် ရမှာပေါ့ ... ဟုတ်ဘူးလား"

ဦးလေးမြက လျော့သော်လည်း အပြည့်အဝ မလျော့ သေးချေ ...။



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိုးက ဦးလေးမြ မြိန်ရေယှက်ရေ အကြော်စားနေတာကို ခဏထိုင်ကြည့်နေပြီးမှ ...

"ဟိုလေ ... ဦးလေးမြ ..."

"အေး ... ပြော"

"ဟို ... မိန်းကလေးတစ်ယောက်က ကိုယ့်ကိုကြိုက်လာအောင် ဘာ ... ဘာတွေလုပ်ရမလဲ ဟင် ..."

"ဟမ် ..."

ဦးလေးမြက မျက်လွှာပင့်ကာ ရွှေတိုးကို စိုက်ကြည့်လိုက်ပြီးမှ ပြုံးဖြီးဖြီး ဖြစ်လာကာ ...

"ဩကန္တ ... မင်း ..."

"အဟဲ ..."

"မင်း ရင်ခုန်တဲ့ မိန်းကလေး တွေ့ပြီပေါ့ ... ဟုတ်လား ရွှေတိုး"

"အဟဲ ... ဟဲ ... ဟဲ ... ဦးလေးကလည်းဗျာ"

ရွှေတိုးက လက်ဖဝါးနှစ်ဖက်ကို ပွတ်ကာ ခေါင်းငုံ့ရင်းသာ တဟဲဟဲ ရယ်နေ၏။ ဦးလေးမြက ရွှေတိုးပခုံးကို လက်သီးနှင့် ဖွဖွ လှမ်းထိုးလိုက်ရင်း ...

"ဟေ့ကောင် ... ဟုတ်တယ်မဟုတ်လား၊ ပြောလေကွာ ... ပွင့်ပွင့်လင်းလင်းပေါ့ ..."

"အဟဲ ... ဟုတ်ကဲ့"

"ဟား ... ဟား ... ဒီလိုကိုး၊ အင်း ... ဒီကိစ္စမျိုးမှာ ဘယ်လို လူမျိုးဆီက ပညာယူရမယ်ဆိုတာတော့ မင်း သိသလား"





ဦးမြအေးက သူ့အတွက်တော့ နာမည်ယူဖြစ်အောင် အရင်ယူဖို့ မမေ့ ...။ ပြီးမှ သူ့ပညာခန်းက စ,တင်လာပါ၏။

"ကဲ ... မင်းကို ငါ တစ်ခုမေးမယ်ကွာ"

"ဟုတ်ကဲ့ ... မေးပါ ဦးလေး"

"ယောကျ်ားတစ်ယောက်ရဲ့ ဘဝမှာ ဘာအရေးကြီးဆုံးလဲကွာ ..."

"ခြေထောက်သန့်ဖို့ အရေးကြီးဆုံးပါ ဦးလေးမြ ..."

"မင်းအဘ ... ဘာဆိုင်လဲကွ"

"ဆိုင်တာပေါ့ ဦးလေးရ၊ မိန်းကလေးတွေက ယောကျ်ားဆို ခြေထောက်သန့်မှ ကြိုက်တာတဲ့ဗျ ..."

"မင့် ဘယ်သူပြောလဲ ..."

"ဗီဒီယိုကားထဲမှာ ပါတာဗျ ..."

"မင့်မလည်း ဒီရုပ်ရှင်တွေ ဗီဒီယိုတွေပဲ အဟုတ်မှတ် ဆရာတင်နေတော့တာပဲ၊ မင်းအခေါ်နဲ့ ငါ စတွေ့တုန်းကဆို ငါ့ခြေထောက်က မသန့်တဲ့အပြင် ခြေမ ခြေသည်းကြီး တစ်ခုလုံး မည်းပြီးတော့တောင် ပုပ်နေသေးတာကွာ၊ အဲ့ဒါ မင်း ဘာပြောမလဲ ... ပြော"

ရွှေတိုး ငြိမ်တွေသွားတော့မှ ဦးလေးမြက လက်ဖျောက်တစ်ချက်တီးလိုက်ပြီး ...

"မှတ်ထား ရွှေတိုး၊ ယောကျ်ားတစ်ယောက်ရဲ့ ဘဝမှာ အရေးကြီးဆုံးက အပြောကောင်းဖို့ပဲကွ၊ အပြောသာကောင်းပစေ ... ကျန်တာအားလုံး အေးဆေးပဲ၊ မင်းအခေါ်ကိုသာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်၊ ငါ့အပေါ် ဘယ်လောက်စိတ်ဆိုးဆိုး ငါ့အပြောလေး တစ်ချက် ဝင်လိုက်တာနဲ့ အေးဆေးဖြစ်သွားတော့တာပဲ၊ ယောကျ်ားတစ်ယောက် အပြောကောင်းပြီဆို တခြား ဘာမှ လုပ်စရာမလိုဘူး၊ အိမ်ဦးခန်းမှာ ဇိမ်နဲ့နေရုံပဲ ...”

ရွှေတိုးသည် ဦးလေးမြ လက်ချာရိုက်သမျှကို မျက်လုံးလေး အကြောင်သားဖြင့် နားထောင်နေရင်းက အားတက်လာကာ ...

“ဟို ... ဒါဆို လောလောဆယ် ကောင်မလေးဆီက အချစ် ကိုရဖို့ ကျွန်တော် ဘာတွေပြောရမှာလဲ ဦးလေး ...”

“အထင်ကြီးအောင် ပြောရမှာပေါ့ကွ ...”

“ခင်ဗျာ ...”

ရွှေတိုးက ငိုင်သွားကာ ...

“ကျွန်တော့်မှာ အထင်ကြီးစရာ ဘာရှိလို့ ဘာပြောရမှာလဲ ဦးလေးရယ် ...”

“အေး ... အထင်ကြီးစရာ မရှိတာကို ရှိအောင် ပြောရတာ ကိုက ပညာပဲကွ၊ မိန်းကလေးဆိုတာ ယောကျ်ားတစ် ယောက်ကို အထင်ကြီးမှ ဖြစ်တာ၊ ပထမဦးဆုံး အထင် ကြီးပြီးတော့မှ ရှေ့ဆက်ချစ်ကြ ကြိုက်ကြ အိမ်ထောင်ပြု ကြဖို့ စဉ်းစားလို့ ရတာမျိုး ...”

“ကျွန်တော် ညာမပြောချင်ပါဘူး ဦးလေးရာ”

“ညာစရာ မလိုပါဘူးကွာ၊ အမှန်အတိုင်းလေးကို နည်းနည်း တန်ဆာဆင်ပြီး ပြောရုံပါပဲ”





“ဘာကို ဘယ်လို တန်ဆာဆင်ရမှာလဲ ...”

“ဒီလိုကွာ ... ကောင်မလေးက မင်းအိမ်က ဘာအလုပ်လုပ် လဲ မေးပါပြီတဲ့ ... မင်း ဘယ်လိုဖြေမလဲ”

“အဒေါ်က ငွေတိုးချေးစားတယ်လို့ ပြောမှာပေါ့ ဦးလေးရ”

“တော်တော်ပိန်းတဲ့ ကောင်ပဲကွာ ...”

“ဒါဖြင့် ဘယ်လိုဖြေရမလဲ ...”

“အသေးစားဘဏ်လုပ်ငန်း လုပ်တယ်လို့ ဖြေရတယ်ကွ”

“ခင်ဗျာ ...၊ ဟား ... ဟား ... ဦးလေးကလည်း နောက်ပြီ ဗျာ”

“ဟ ... ဒါ ... နောက်တာမဟုတ်ဘူးကွ၊ တကယ် အတည် ပြောတာ ...”

“ဟုတ်မှ မဟုတ်တာဗျာ ...”

“ဘာလို့ မဟုတ်ရမှာလဲ၊ မင်း ... မှတ်ထား၊ ဘဏ်ဆိုတာ လည်း သူတို့ဆီ လာအပ်တဲ့ ပိုက်ဆံတွေကို လက်ခံပြီး တစ်ဖက်လှည့်နဲ့ ငွေပြန်ချေးတာပဲ၊ ငွေက ဒီလိုပဲ လှည့်လည် စီးဆင်းနေတာ၊ မင်းအဒေါ်ကလည်း တစ်ခါတလေ ငွေတိုး နဲ့ချေးဖို့ ပိုက်ဆံ သူ့မှာ မလောက်မငြဖြစ်နေရင် တခြား သူဆီမှာ အတိုးနည်းနည်းနဲ့ ယူပြီး အတိုးကြီးကြီးနဲ့ သူများ ကို ပြန်ချေးတာပဲ၊ အပေါင်လည်းခံတယ်၊ သဘောတရား ချင်းက မကွာပါဘူးကွာ”

ဒါလည်း ဟုတ်ပေတာပဲဟု တွေးကာ ရွှေတိုးက ငြိမ်တွေနေပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘဏ်နာမည်မေးရင် ဘယ်လိုဖြေရမှာလဲဗျ ..."

"ဒါလား ...၊ အင်း ... အက်စ် အယ်လ် (SL) ဘဏ်လို့ ဖြေလိုက်ပေါ့ကွာ"

"အက်ဆစ်အလံ ဘဏ် ... ဟုတ်လား၊ ဟာ ... ဦးလေး ဘဏ်နာမည်ကြီးကလည်းဗျာ ..."

"မင်းအဘ အက်ဆစ်အလံလားကွာ၊ အက်စ်အယ်လ် လို့ ပြောတာ၊ အက်စ် (S) ဆိုတာက မင်းအဒေါ် နာမည် စိန် (Sein) ထဲက တစ်လုံးယူထားတာ၊ အယ်လ် (L) ဆိုတာက လုံး (Lone) ရဲ့ အတိုကောက်၊ အစ်စ် အယ်လ်ဆိုတာ 'စိန်လုံး' ကို ပြောတာပေါ့ကွာ"

"ဒါဆို အက်ဆစ်အလံဘဏ်ဆိုတာ စိန်လုံးဘဏ်ပေါ့ ..."

"မင်းအဘ ... လုပ်ပြန်ပြီ၊ အက်စ် အယ်လ် ကွ၊ ပီအောင် ပြော ...၊ မင်း ငါးတန်းထိတောင် ကျောင်းနေထားတာ ဒီအင်္ဂလိပ်စာလုံးလောက်တော့ အသံထွက်တတ်ရမှာပေါ့"

"ထွက်တတ်ပါတယ် ဦးလေးရ၊ အက်ဆစ်အလံ ..."

"အက်စ် အယ်လ်ကွ၊ အက်စ် အယ်လ် ..."

"အက်ဆစ်အယ်လင် ..."

"အက်စ် အယ်လ် ကွ ..."

"လျှာလိပ်လိပ်သွားလို့ပါ ဦးလေးရ၊ အက်ဆစ် ... အက်ဆစ် အယ်လင် ...၊ အက်ဆစ်အလံ ..."

"အေး ... မင်း အားရင် အဲ့ဒီအသံထွက်ကို ပီအောင်ကျင့်





နေ၊ အက်စ် အယ်လ် ... နော်၊ သေချာမှတ်၊ လျှာမလိပ် အောင် သတိထားပြီး အသံထွက် ..."

"ဟုတ် ..."

"မင်းကို ဘာအလုပ်လုပ်လဲမေးရင်ကော မင်း ဘယ်လိုဖြေမလဲ ..."

"ကြွေးတောင်းတဲ့အလုပ် လုပ်တယ်လို့ ဖြေမှာပေါ့ ..."

"နိုး ...၊ အဲ့ဒီလို မဖြေရဘူး၊ ဘဏ်မန်နေဂျာလို့ ဖြေ ..."

"အဟီး ... ဦးလေးကလည်း ဟုတ်ဖြင့် မဟုတ်ဘဲနဲ့ဗျာ"

"ဘာလို့မဟုတ်ရမှာလဲ၊ မင်းအဒေါ်အလုပ်က အသေးစား ဘဏ်လုပ်ငန်းနဲ့ သဘောတရားတူသလိုပဲ မင်း အလုပ်က လည်း ဘဏ်မန်နေဂျာအလုပ်နဲ့ သဘောတရားချင်းတူ တယ်၊ ကိုယ့်အလုပ်ကိုယ် ပေါ့သေးသေး မအောက်မေ့နဲ့"

"ဒါဆို ဒေါ်လေးက ဘဏ်ပိုင်ရှင်၊ ကျွန်တော်က ဘဏ် မန်နေဂျာ၊ ဦးလေးက ဘာလဲ ..."

"ငါလား ... အဟမ်း ... ငါက စီအီးအို(အမှုဆောင်အရာရှိ ချုပ်) ပေါ့ကွာ ..."

"ဦးလေးကဖြင့် ဘာမှမလုပ်ဘဲနဲ့ ..."

"အောင်မာ ... ဘာလို့မလုပ်ရမှာလဲ၊ မင်းအဒေါ်ကို ဒီအလုပ် လုပ်ဖို့ ငါပဲ အကြံပေးထားတာ၊ မင်းအဒေါ်က ဘယ်သူ့ ကို ငွေချေးသင့်တယ်၊ ဘယ်ပစ္စည်းကို အပေါင်ခံသင့်မသင့် ဆိုတာကအစ ငါနဲ့တိုင်ပင်ပြီး ငါ့အဆုံးအဖြတ် ယူရတာ ငါ့ဩဇာက နည်းမှတ်လို့လား ..."



www.burmeseclassic.com

www.burmeseclassic.com



"အော် … အင်း … အင်း … ဟုတ်ပါပြီ ဦးလေးရယ်"

ရွှေတိုးက ဦးလေး အလိုကျ ခေါင်းလေးတဆတ်ဆတ် ညိတ်ပြရသည်။

"နောက်ပြီး … တစ်ခုမှတ်ထားဦး"

"ဟုတ်ကဲ့ …"

"ကိုယ်သဘောကျတဲ့ မိန်းကလေးက ကိုယ့်ကို အထင်ကြီးအောင် ပြောတတ်ရုံနဲ့ မပြီးသေးဘူး၊ သူ့ကို ကိုယ်က အထင်ကြီးတယ်ဆိုတာကိုပါ သူသိအောင် ပြောတတ်ရသေးတယ်"

"ကျွန်တော် မပြောတတ်ဘူး ဦးလေးရ …"

"လွယ်ပါတယ်ကွာ … သူ့ရဲ့အလှ သူ့အရည်အချင်း သူ့ကောင်းကွက်လေးတွေကို အမွန်းတင်ပြီး ပြောပေါ့၊ မြှောက်ပင့်ပြောတာမျိုးပေါ့ကွာ၊ ပေါ်တင်ကြီး စွတ်မြှောက်နေတာမျိုးလည်း မဖြစ်စေနဲ့ပေါ့၊ ယုတ္တိတန်အောင်တော့ ပြောတတ်ရမှာပေါ့ …"

ဦးမြအေး လက်ချာရိုက်သမျှကို ရွှေတိုးက ခေါင်းတညိတ်ညိတ်ဖြင့် နာယူမှတ်သားနေလိုက်ပါသည်။ မှတ်ရတာတွေကလည်း များလှသည်လေ …။ အက်ဆစ်အလံ၊ ဘဏ်မန်နေဂျာ စီအီးအို။

ဦးလေးမြက အားရပါးရ လက်ချာရိုက်ပြီးတော့မှ

"ဒါနဲ့ … မင်းငှားထားတာ မိုးဟောကို ကားလား …"

"ဟုတ်တယ်လေ …၊ ဦးလေး မကြည့်ဘူး မဟုတ်လား"





"ကြည့်မှာပေါ့ကွ …"

"ဦးလေးပြောတော့ ဘောပွဲကြည့်မလို့ဆို …"

"ဘောပွဲက ငါကြိုက်တဲ့ပွဲလည်း မဟုတ်ပါဘူးကွာ၊ မိုးဟောကို ကားပဲ အတူတူကြည့်ကြတာပေါ့ …၊ ခွေဖိုး ငါပေးပါ့မယ်ကွ …"

"ဦးလေးက မိုးဟောကို ကားဆို မလွတ်တမ်း ကြည့်တာပဲနော်"

"ငါကြိုက်တာကိုးကွ …"

"ဘာလို့ ကြိုက်တာလဲ …"

"မိုးဟောက တောင့်တယ်ကွ …"

"ခင်ဗျာ …"

"တောင့်တောင့်တင်းတင်း ကြွကြွခိုင်ခိုင် ရှိတယ်လေကွာ"

"အဟမ်း … အဟမ်း … ကိုမြအေးရေ … ရှင် ဒီနေ့ ထမင်းစားဖို့ ပါးစပ်မအားသေးဘူးလား …"

ဒေါ်လေးစိန်က ယောက်မတစ်ချောင်းကို ခပ်တင်းတင်း ဆုပ်ကိုင်လျက် မျက်နှာထားတင်းတင်းဖြင့် ဧည့်ခန်းဝမှ နေ၍ လှမ်းမေးလိုက်သည်။

ဦးလေးမြက ဒေါ်လေးကို ပြုံးပြလိုက်ရင်း …

"ခုပဲ မင်း ငယ်ငယ်တုန်းကအကြောင်း ရွှေတိုးကို ပြောပြနေတာ၊ မင်းငယ်ငယ်တုန်းက မိုးဟောကိုနဲ့ အရမ်းတူတာလို့၊ ဒါပေမယ့် မင်းအဒေါ်က နည်းနည်း ပိုချောတယ်လို့၊ ဒါကြောင့် ငါ မိုးဟောကိုကားတွေ ကြည့်ဖြစ်နေတာလို့၊



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ... ဟင်းကျက်ပြီလား ... လုံး ..."

"ကျက်ပြီ ... ကိုမြ၊ စားမယ်ဆို ပြင်လိုက်တော့မယ်လေ၊ ဒီနေ့ ကိုမြအကြိုက် ငါးရံ့နဲ့ ဒန့်ဒလွန်သီးဟင်း ချက်ထားတယ်"

"ဒါဆိုလည်း စားတာပေါ့ကွာ၊ နောက်နေ့ကျမှ မင်းကြိုက်တဲ့ ကြက်သားနဲ့ ငွေးတောက်ရွက်ဟင်းလေး ငါချက်ကျွေးပါ့မယ်"

"နေပါစေ ကိုမြရယ်၊ သက်သက် အပင်ပန်း ခံမနေပါနဲ့၊ ကျွန်မ အကြိုက်ဟင်းကို မမေ့သေးတာကိုပဲ ကျေးဇူးတင်လှပါပြီ၊ ကဲ ... ကျွန်မ ထမင်းပွဲပြင်လိုက်တော့မယ်နော်၊ ရွှေတိုးလည်း အတူဝင်စားလိုက် ..."

ဒေါ်လေးစိန်က ချိုချိုကလေးပြောပြီး မီးဖိုချောင်ဘက်သို့ လှည့်ထွက်သွားသည်။

ဦးလေးက ရွှေတိုးဘက်သို့ လှည့်ကာ မျက်စိတစ်ဖက် မှိတ်ပြသည်။

ထိုညက အိပ်မပျော်ခင်အထိ ရွှေတိုး ပါးစပ်က 'အက်စစ် အယ်လင်' ... 'အက်ဆစ် အလဲ' ... 'အက်စ် အယ်လီ' ဟု တတွတ်တွတ် ရွတ်နေသည်။

■ ■ ■



## ကြယ်လေးနှစ်ပွင့် လက်နေတယ်

(၅)

❖ ❖ ❖

"သူ့ ခြေထောက်လေးကလေ အရမ်းသန့်တာပဲဟဲ့ ... သိလား"

ညိုစိမ့်၏ မျက်နှာကလေးသည် ပျားရည်နှင့် နယ်၍ ထန်းလျက်ရည်လောင်းကာ သကြားဖြူးထားသလို ချိုမြအီစိမ့်နေ၏။ လက်ဖဝါးလေး နှစ်ဖက်ဖြင့် ရင်ဘတ်ကို ဖိထားကာ ကြည်လင်ရွှန်းပသော မျက်ဝန်းကလေးက အဝေးသို့ငေးရင်း လွန်ခဲ့သော နှစ်ရက်ခန့်က တွေ့ခဲ့ရသော ရွှေတိုး၏ ရုပ်သွင်ကို ပြန်လည်ရုပ်လုံးဖော်ကြည့်နေ၏။

ညိုစိမ့်အားမှာတော့ သက်သက်၊ အေးမာနှင့် မိဆွေတို့ သုံးယောက်က စိတ်ဝင်စားခြင်းကြီးစွာဖြင့် ညိုစိမ့် ပြောသမျှကို နားသောတဆင်၍ နေလေသည်။

"နီညိုရောင် ဖိနပ် သည်းကြိုးကလေးဆို ဖုန်တစ်စတောင် မရှိအောင် သန့်နေတာပဲဟယ် ...၊ သူ့ခြေထောက်ဖြူဖြူလေးပေါ်မှာ နီညိုရောင် ပုဆိုးစလေး ဝဲနေတာကိုက အရမ်း



www.burmeseclassic.com

www.burmeseclassic.com



ကို ကြည့်လို့ကောင်းတာ သိလား၊ ဟို ... ဘယ်လိုပြောရမလဲ၊ ‘ကဗျာလေး တစ်ပုဒ်လိုမျိုး ...”

“ဟမ် ... ကဗျာ၊ ဘာကဗျာလဲ ... ခြေထောက်နဲ့ ကဗျာနဲ့ ဘာဆိုင်လဲ”

“အို ... ဒီလိုပဲ တင်စားရတာပေါ့ပါဟယ်၊ နင်တို့က တုံးကိုတုံးတယ် ... တကယ် ...၊ အချစ်ဝတ္ထုတွေထဲမှာ အဲ့ဒါမျိုး အရေးအသားတွေ မဖတ်ဖူးဘူးလား၊ တစ်ခုခုကို အရမ်းသဘောကျရင် ကဗျာလေးတစ်ပုဒ်လိုပဲတို့ ဘာတို့ တင်စားကြတယ်လေဟယ် ...”

ညိုစိမ့်သည် လေးတန်းကို သုံးခါဖြေတောင် မအောင်နိုင်ခဲ့သော်လည်း ငရုပ်သီးမှုန့်ထုပ်သည့် သတင်းစာ အတိုအစကအစ စာရွက်မြင်သမျှ ကောက်ဖတ်၊ အချစ်ဝတ္ထုစာအုပ်ဆိုလည်း အငမ်းမရ ဖတ်တတ်သူမို့ သူငယ်ချင်းတွေကြားမှာ နည်းနည်းပါးပါးတော့ ဆရာလုပ်လို့ ရသေး၏။

“အေးပါ ... အေးပါ ... ထားပါတော့၊ နင့်ကဗျာကလည်း ခြေထောက်ကကို မတက်တော့ပါလား၊ ခြေထောက်အပြင် တခြား မြင်ခဲ့တာ မရှိတော့တဲ့အတိုင်း ...”

“အဟိဟိ ... ငါက ယောကျ်ားလေးဆို ခြေထောက်သန့်တာလေးမှ သဘောကျတတ်လို့ပါဟယ်၊ ငါ ဈေးဝယ်သွားရင် လာလာရစ်နေတဲ့ ကုန်စုံဆိုင်က ကျင်ဋွေးတို့၊ ဆန်ဆိုင်က သန့်ဇင်တို့ဆို သူ့လို ခြေထောက်သန့်တာမှ မဟုတ်တာ၊ ခြေသည်းတောင် မှန်မှန်ညှပ်တဲ့လူတွေ မဟုတ်ဘူး၊ သူ့





ခြေထောက်ကလေးကလေ အို ... ဘယ်လိုသန့်မှန်းမသိဘူး၊ ဟို ... ဘယ်လိုပြောရမလဲ ...”

“ကဲ ... ညိုစိမ့်ရေ မပြောတတ်ရင်လည်း မပြောနဲ့တော့ဟေ့၊ ငါတို့လည်း ပြန်တော့မယ် ...၊ တစ်ခါတည်း လိုရင်းကို မရောက်နိုင်တော့ဘူး၊ ဒီခြေထောက်နားပဲ ဝေ့နေတာ ...”

“ဟိဟိ ... သူ့လူက ခြေထောက်ပဲသန့်ပြီး မျက်နှာက ရုပ်ဆိုးကြီးလားမှ မသိတာ မိဆွေရယ် ...”

“အေး ... အေးမာပြောတာ ဖြစ်နိုင်တယ်၊ ဟုတ်လား ... ညိုစိမ့်”

“မဟုတ်ပါဘူးဟဲ့ ...၊ ရုပ်ကလည်း သန့်သန့်လေးပါ၊ ဆံပင်လေးဆိုတာ ဘေးခွဲလေး ခွဲပြီး ဖြီးထားလိုက်တာ ပိပြားသပ်ရပ်နေတာပဲ၊ ထီးကောက်လေးကို ဟောဒီလို ချိတ်ပြီး ဟောဒီလိုလေး ရပ်နေတဲ့ပုံက အရမ်းမိုက် ...”

ညိုစိမ့်က သက်သက် ဘေးမှာ ချထားသည့် မိဆွေ့ထီးကို ဆတ်ခနဲ လှမ်းဆွဲကာ တံတောင်ကွေး၍ လက်မှာချိတ်ပြီး ဟိုရွှေတိုးရုပ်သလိုလေး ရပ်ပြလိုက်ပြီးမှ ထီးချိတ်မထားသည့် လက်ကို မြှောက်၍ ဝေ့ယမ်းပြလိုက်ရင်း ...

“ဟောဒီ့ အနီးအနားတစ်ဝိုက်က ငါမြင်ဖူးသမျှ ယောကျ်ားလေးတွေထဲမှာတော့ သူ့လောက် ရုပ်သန့်တဲ့သူမျိုး တစ်ယောက်မှ မမြင်မိဘူး”

“ဟိဟိ ... အမွှန်းတင်ချက်တော် ...”

“အမွှန်းတင်တာ မဟုတ်ဘူး၊ အမှန်အတိုင်းပြောတာ အဲ့ဒီ



www.burmeseclassic.com

www.burmeseclassic.com



နေ့ကလေ သူက ပုဆိုးစလေးတစ်ဖက်ကို မဆွဲသလို ဆွဲသလိုလေး ဆွဲပြီး ရပ်နေတုန်း ငါဆွဲလာတဲ့ မီးသွေးအိတ်နဲ့ တိုက်မိသွားတာ ...”

“ကဲ ... ကဲ ... လုပ်ပြမယ်ဆိုလည်း အပီအပြင် လုပ်ပြလေဟယ်၊ ပုဆိုးစလေးကို ဘယ်လိုဆွဲထားတာလဲ ...”

“အေး ... လုပ်ပြမယ်၊ ခဏစောင့် ...”

ညိုစိမ့်တို့ကလည်း ခေသူမဟုတ်တာမို့ မိဆွေတို့ သုံးယောက်ကို ကျောခိုင်းကာ ထဘီကိုဖြည်၍ ပုဆိုးလို ခပ်တိုတို ပြင်ဝတ်လိုက်သည်။ ပြီးမှ ထဘီစလေးတစ်ဖက်ကို ပုဆိုးစ မ,သလိုလေး မ၍ မိဆွေတို့ဘက်သို့ ပြန်လှည့်ပြလိုက်သည်။

“ဟောဒီလိုမျိုးလေးဟေ့ ...”

“ဟီ ... ဟိ ... ညိုစိမ့်တို့ကတော့ စံပဲဟေ့ ...”

မိဆွေတို့ သုံးယောက်က ပုဆိုးစမသလို မ၍ ခြေ ခပ်ချဲချဲလေး ရပ်ပြနေသော ညိုစိမ့်ကိုကြည့်ကာ ရယ်လို့မဆုံး ...။

ညိုစိမ့်ဟာ ဒီရပ်ကွက်ထဲမှာတော့ ချစ်စရာအကောင်းဆုံး မိန်းကလေးဟု ဆိုရမည်။ သူမရဲ့ ရုပ်ရည်ဟာ သူမ ဖတ်တဲ့ တချို့ အချစ်ဝတ္ထုတွေထဲက မိန်းကလေးတွေလို အပြစ်ပြောစရာ မရှိအောင် မှုန်ညက် နုဖတ်လုပနေသူတော့ မဟုတ်။ ဆင်းရဲသော်လည်း ရှင်ဘုရင်တော်ကောက်ချင်စရာ အများကြားမှာ ထူးခြား ထင်းထွက် ဝင်းပနေရှာတာမျိုးလည်း မဟုတ်။ သူမအရွယ်၊ သူမ ဘဝကလေးနှင့် လိုက်ဖက်အပ်စပ်စွာ လှနိုင်လေသော အလှကလေးတော့ ရှိလေသည်။





အသားကလေး ညိုညက်၍ ညိုစိမ့်ဟူသော နာမည်ကလေးနှင့်လည်း လိုက်ဖက်ရှာပေ၏။ ညိုစိမ့်တို့ သားအမိဟာ ချမ်းသာသော်လည်း မဆင်းရဲ ...။ ညနေ ၆ နာရီမှ ဖွင့်သော ညနေထမင်းကြော်ဆိုင်ကလေးရဲ့ ဝင်ငွေက မနည်းလှသမို့ ညိုစိမ့်တို့ သားအမိဟာ ဒီရပ်ကွက်လေးထဲမှာတော့ မျက်နှာကြီးပိုင်းဝင်၏။

ညနေ ၆ နာရီမှ စ,ရောင်းသော ညိုစိမ့်တို့ရဲ့ ညနေထမင်းကြော်ဆိုင်ကလေးဟာ ည ၁၂ နာရီလောက်ထိ လူမပြတ်။ အနီးအနားဝန်းကျင်က လာစားသူများလည်း ရှိသလို ဖြတ်သွားဖြတ်လာ ကိုယ်ပိုင်ကားများ၊ တက္ကစီကားများလည်း ဆိုင်ရှေ့မှာ ရပ်လာပြီး စားလေ့ရှိတာမို့ ညဆို ဆိုင်ကလေးမှာ လူစည်မြဲ ...။

ညိုစိမ့်အမေ ဒေါ်ဥက ညဘက်ဖွင့်သောဆိုင်မို့ သူ့သမီး အပျိုကလေးကို ဆိုင်မှာ ဈေးလာမရောင်းစေရ။ လိုအပ်တာလေးရှိမှသာ သွားသွားပို့ရ၏။

ညဘက်မှာ ဒီလို ဟင်းစုံစုံ ရောင်းနိုင်ဖို့အတွက် နေ့ဘက်မှာတော့ ညိုစိမ့်တာဝန် ဖြစ်လေသည်။ မနက်ဆို အမေက အိပ်ရာစောစော မထနိုင်တာမို့ ညိုစိမ့်ပဲ မနက်စောစောထ၊ ဈေးသွားပြီး တစ်နေကုန် ချက်ရ ပြုတ်ရ ကြော်ရ လှော်ရ၏။ မိဆွေတို့ သက်သက်တို့ အားရင် လာကူလုပ်ပေးတတ်ပေမယ့်၊ လက်တို့ လက်တောင်း ခိုင်းစရာ မိချိုလည်းရှိပေမယ့် အဓိက ချက်ပြုတ်ရသူက ညိုစိမ့် ...။ ညိုစိမ့်က အင်မတန် ဟင်းချက်ကောင်းသူ ဒေါ်ဥချက်တောင် ညိုစိမ့်လက်ရာကို မမီ။ ညိုစိမ့်ဟာ ဟင်းချက်ရာ



www.burmeseclassic.com

www.burmeseclassic.com



မှာ လက်ဆိပ်ရှိသူဟု ဆိုရလေမလား မသိ။ ဘာလေးချက်ချက် စားကောင်းနေတတ်၏။

ဈေးသွားရ၊ တစ်နေကုန် တလှုပ်လှုပ်နှင့် ချက်ရ ပြုတ်ရမို့ ပင်ပန်းလှသော်လည်း ညိုစိမ့်ကိုကြည့်လိုက်လျှင် အမြဲ သွက်လက် တက်ကြွနေတတ်၏။ မျက်နှာ ရွှင်ပျနေတတ်၏။ ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျနှင့် သွက်လက်စွာ ပြောဆိုနေထိုင် တတ်သော ညိုစိမ့်ကို ရပ်ကွက်ထဲက လူတွေကလည်း ချစ်ခင် ကြ၏။ ဈေးသွားဝယ်လျှင်လည်း ဈေးမှာမို့လို့ ညိုစိမ့်ကိုဆို လူ ချစ်လူခင် များလှ၏။

"ဆက်ပြောလေ ညိုစိမ့် ...၊ နင် မီးသွေးအိတ်နဲ့ တိုက်ပစ် လိုက်တော့ သူက ဘာဖြစ်သွားရောလဲ ..."

"ကြယ်လေး နှစ်ပွင့် ပွင့်လာတာပေါ့ဟယ် ..."

"ဟမ် ..."

ထူးဆန်းသော ညိုစိမ့်အဖြေကြောင့် သုံးယောက် သံပြိုင်ကြီး ထွက်လာပြီးမှ ကိုယ့်ပါးစပ်ကိုယ် လက်ဖဝါးလေးတွေ ဖြင့် အုပ်လိုက်ကြသည်။

ညိုစိမ့်က အူမြူးသံကလေးဖြင့် ...

"နင်တို့ ကာတွန်းတွေဘာတွေ မဖတ်ဖူးဘူးလား၊ ကာတွန်း တွေ ထဲမှာလို ငါ့ကိုကြည့်တဲ့ သူ့မျက်လုံးလေးနှစ်ဖက်က ကြယ်ကလေးတွေလို လက်လာတာကို ပြောတာဟဲ့ ..."

"အော် ... ဒီလိုလား ..."

"ငါသာ ကာတွန်းရုပ်ကလေးဆွဲတတ်ရင် သူနဲ့တူတဲ့ ရုပ်





ကလေး ဆွဲပြီး မျက်လုံးနေရာလေးတွေမှာ ကြယ်ပွင့်လေး နှစ်ပွင့်ပဲ ဆွဲထည့်လိုက်မှာ ..."

ညိုစိမ့်သည် သက်သက်တို့ကို ပြန်ပြောင်းပြောပြရင်း ကိုရွှေတိုးကိုလည်း တစိမ့်စိမ့် ပြန်ပြောင်းသတိရလာခဲ့၏။ အဲ့ဒီ အချိန်တုန်းက မျက်လုံးချင်းဆုံရတဲ့ တစ်ခဏလေးက ညိုစိမ့်ရဲ့ အတွေးထဲမှာ မကြာခဏ ကွန့်မြူးနေတတ်သည်။

"ကဲ ... ညိုစိမ့်ရေ တင်စားချက်တွေ ဥပမာတွေ အဲ့ဒီလောက် များနေရင် မိုးချုပ်တောင် ဒီအကြောင်းက အဆုံး သတ်ပါ ဦးမလား ...၊ နောက်တော့ ဘာဆက်ဖြစ်လဲ လိုရင်းကို ပြော ..."

ညိုစိမ့်က မျက်လုံးလေးတစ်ချက်·စွေကာ စဉ်းစား လိုက်သည်။ ဖင်ထိုင်ခုံပေါ်က ချော်ကျတဲ့အကြောင်းကိုတော့ ပြော မပြချင်။ သူငယ်ချင်းတွေ သူ့ကို ဟားမှာကို မလိုလား။ အဲ့ဒီတုန်း က သူ့ဖြစ်အင်ကို ရယ်ချင်ပေမယ့် သနားလည်း သနားတာမို့ အိန့်ချန့်ထားကာ ...

"နောက်တော့ ... ငါ အိမ်ပြန်ပြီး ကြက်သားကြော်တယ်၊ ကြော်ပြီး စက်ဘီးနဲ့ ဆိုင်သွားပို့တော့ လမ်းမှာ စောင့်နေတဲ့ သူနဲ့ တွေ့ပြန်ရော ..."

"နေပါဦး ... သူက နင် ဘယ်ချိန်ပြန်လာမယ်မှန်း မသိဘဲနဲ့ စောင့်နေတာလား ..."

"သိလို့ စောင့်တာပေါ့ဟယ်"

"ဘယ်လိုသိလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟဲဟဲ ... ဒါကတော့ ဒီလိုပါပဲဟယ်"

ညိုစိမ့်က ပြုံးစိစိကလေး လုပ်ကာနေ၏။ သူငယ်ချင်းတွေက ညိုစိမ့်ပုံစံကို မသင်္ကာဖြစ်လာသည်။

"ဘာဒီလိုပါပဲလဲ၊ မြန်မြန်ပြော ..."

"ငါ အမေ့ကို ပြန်လာမယ်ပြောနေတာကို သူ ကြားသွားတာ ..."

လိမ်ပြောလိုက်သော ညိုစိမ့်မျက်နှာလေးက ပြုံးစိစိကလေး ...။ မိဆွေတို့က ပို၍ မသင်္ကာဖြစ်လာကာ ညိုစိမ့်မျက်နှာကို လက်ညှိုးဖြင့် ဝိုင်းထိုးထားလိုက်ကြရင်း ...

"မှန်မှန်ပြော ... မညာနဲ့၊ သူကြားအောင် နင် တမင်ပြောခဲ့တာ မဟုတ်လား"

"အဟိ ... ခိခိ"

"ကြည့်စမ်း ... မိန်းမ၊ လူလည်မ၊ ဒါမျိုးတော့ တော်တော်တတ် ..."

သူငယ်ချင်းတွေက ညိုစိမ့်ကို ဝိုင်းကာ တွန်းထိုးရိုက်ပုတ်ကြတော့ ညိုစိမ့်က တဟိဟိ ရယ်ကာ ငြိမ်ခံနေသည်။ ညိုစိမ့်ဘဝမှာ ခုလို မာယာများမိတာ ဒါ ပထမဆုံးပေါ့ ...။ ညိုစိမ့်က ထပ်တွေ့ချင်တာကိုး ... ဘယ်လိုလုပ်မလဲ။ သူလည်း ညိုစိမ့်ကို ထပ်တွေ့ချင်ဦးမယ်ဆိုတာ ညိုစိမ့် သိတာကိုး ...။ ညိုစိမ့် မျှော်လင့်သလို သူကလည်း စောင့်ခဲ့တာပဲ မဟုတ်လား ...။

"နင် သူနဲ့တွေ့တော့ ဘာပြောခဲ့လဲ ..."

"အိမ်လာလည်လို့ ပြောခဲ့တာပေါ့"





"သွက်ချက် ..."

"သူကလည်း သူတို့ရပ်ကွက်ဘက်ရောက်ရင် သူ့အိမ်ကို ဝင်လည်ပါတဲ့ ..."

"သူက ဘယ်မှာနေတာတဲ့လဲ ..."

"စိန်ရွှေမြ စံအိမ်မှာတဲ့ ..."

"ဟယ် ... ဒါဆို သူဌေးလား"

"အဲ့ဒါတော့ သိဘူး ..."

"သူ နင်တို့ဆိုင်ကို လာတော့ ဘာနဲ့လာလဲ ..."

"ခြေထောက်နဲ့ ..."

"လုပ်ပြီ ..."

"ခြေထောက်နဲ့ မလာလို့ ဘာနဲ့လာမလဲဟဲ့ ..."

"ကိုယ်ပိုင်ကားနဲ့လား၊ ဆိုက်ကားနဲ့လား၊ စက်ဘီးနဲ့လား မေးတာဟေ့ ..."

"အေးလေ ... အဲ့ဒါတွေနဲ့ မလာဘဲနဲ့ ခြေထောက်နဲ့ပဲ လမ်းလျှောက်လာတယ်လို့ ပြောတာလေ ..."

သူငယ်ချင်းသုံးယောက်လုံးရဲ့ မျက်လုံးတွေက စိတ်ဝင်စားမှုကြောင့် တောက်ပလာကြပါသည်။ 'စိန် ရွှေ မြ စံအိမ်' ဆိုတော့ သူဌေးဖြစ်ဖို့ သေချာသည်ဟုထင်၏။

"ကားရှိပေမယ့် အညောင်းအညာပြေ လမ်းလေးဘာလေး လျှောက်ရင်း ဗိုက်ဆာလို့ ဝင်စားတာများလား"

မိဆွေက တွေးတွေးဆဆ ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"သူဌေးဆို စားသောက်ဆိုင် အကောင်းစားမှာပဲ သွားစားမှာပေါ့"

သက်သက်က ဇဝေဇဝါ ပြော၏။

"အို ... သူဌေးလည်း ဒါမျိုး ထမင်းကြော် စားတာပါပဲ။ ညညဆို ညိုစိမ့်တို့ဆိုင်ရှေ့မှာ လန်ခရူဆာတွေတောင် လာရပ်ပြီး စားကြတာ ..."

အေးမာက သွက်သွက်လေး ဝင်ပြော၏။

"ခြေထောက်ကလည်း သန့်တယ်ဆိုတော့ ကိုယ်ပိုင်ကားစီးတဲ့သူ ဖြစ်ဖို့များတယ်"

မိဆွေက ထပ်ပြောပြန်၏။

"ဒါဆို ထီးကောက်ကြီးက ဘာလို့ပါတုန်း"

သက်သက်က ဝင်ထောက်၏။

"နေပူရင် ဆောင်းဖို့ပေါ့ဟဲ့၊ သူဌေးဆိုတာမျိုးက နေပူထဲသွားနေမကျတော့ ဟိုနား ဒီနား လမ်းလေးလျှောက်ရင်တောင် နေပူမထိအောင် ထီးဆောင်တာပေါ့"

အေးမာကလည်း အားတက်သရော ...။ သူတို့အားလုံးအတွက်တော့ 'စိန်ရွှေမြ စံအိမ်' ဆိုသော နာမည်ကြီးအား အလွန်ပင် ခမ်းနား၍နေလေသည်။

"ငါ တစ်ခါ အဲ့ဒီရပ်ကွက်ဘက်ကို ရောက်တုန်းကတွေ့ အဲ့ဒီလို နာမည်ခံ့ခံ့တပ်ထားတဲ့ တိုက်ကြီးတာကြီးမျိုး မတွေ့မိပါဘူး"

"နောက်ပိုင်းဆောက်တဲ့ တိုက်ဖြစ်မှာပေါ့ ...၊ တချို့ သူဌေး





တွေက ရပ်ကွက်ထဲက မြေတွေ သိမ်းဝယ်ပြီး တိုက်အကြီးကြီး ဆောက်ပစ်လိုက်တာမျိုးတွေ နင်မကြားဖူးဘူးလား"

မိဆွေတို့အချင်းချင်း ငြင်းခုန်လို့မပြီးနိုင်တာမို့ ညိုစိမ့်က လက်ကလေးကာပြကာ ...

"ကဲ ... ကဲ ... တော်ပါဟယ်၊ သူ့ဘာသာ ဆင်းရဲရဲ ချမ်းသာသာ ငါ စိတ်မဝင်စားပါဘူး၊ သူ ဘယ်လိုလူပဲဖြစ်ဖြစ် ငါကတော့ သဘောကျတာပဲ"

"ဒါနဲ့ ... နင့်လူကို နင် အိမ်လည်ခေါ်တာ နင့်အမေကြီးကို မကြောက်လို့လား"

"ကြောက်တော့ ကြောက်တာပေါ့ဟဲ့၊ ဒါပေမယ့် အမေမရှိတဲ့အချိန်လေးတွေ လာရင်တော့ အိမ်အပြင်ဘက်က ခုံကလေးမှာဖြစ်ဖြစ် ခဏလေးထိုင်ခိုင်းပြီး စကားလေးဘာလေး ပြောလို့ရတာပေါ့ ..."

"ဘယ်နှခါ လာသွားပြီလဲ ..."

"အိမ်ရှေ့မှာ ရစ်သီရစ်သီ လာလုပ်နေတာတော့ နှစ်ခါရှိပြီ၊ အမေရှိတဲ့အချိန်မို့လို့ ပြုံးတောင်မပြရဲဘူး ..."

"နင်ကလည်း ကိုယ့်အမေအကြောင်း ကိုယ်သိရက်သားနဲ့ ယောကျ်ားလေး တစ်ယောက်ကိုများ အိမ်လည်ခေါ်ရဲရတယ်လို့ ..."

"အိမ်လည်ခေါ်တယ်ဆိုတာ ဟိုနားရပ်တွေ့၊ ဒီနားရပ်တွေ့ တာထက်စာရင် ဂုဏ်ရှိရသေးတယ်ဟဲ့ ..."

"အေးလေ ... ဒါတော့ဟုတ်ပါတယ်၊ ဒါပေမယ့် နင့်အမေ



www.burmeseclassic.com

www.burmeseclassic.com



က လက်မခံတော့ ဘယ်လိုလုပ်မလဲ၊ နင် သူနဲ့ထပ်တွေ့ဖို့ မလွယ်ဘူးထင်တယ်"

"ကိစ္စမရှိပါဘူး ..."

"အံမယ် ... ဘာအကြံအစည် ရှိလို့လဲ"

"မနက်ဖြန် ကိုရွှေတိုးတို့ရပ်ကွက်ကို ပြောင်းသွားတဲ့ သီတာတို့အိမ်ကို သွားလည်မယ်လေ ..."

"ဩော် ... ဒီလိုလား၊ ဘုရားလည်းဖူးရင်း လိပ်ဥလည်းတူးရင်းပေါ့လေ ..."

"ဒါပေါ့ ..."

"ကဲလိုက်တာဟေ့ ..."

သူငယ်ချင်းသုံးယောက်က ညိုစိမ့်ကို အလယ်မှာ ညှပ်ထားကာ တွန်းထိုးနေတာမို့ ညိုစိမ့်က အလိုက်သင့်ကလေး ဟိုဒီယိမ်းနွဲ့ရင်း ရယ်မောနေသည်။ ညိုစိမ့်ရဲ့ အာရုံထဲမှာတော့ ပန်းတွေပွင့်ဖူးနေကြသည်။

"ဟိုကောင်မလေးတွေ ဘာဖြစ်နေကြတာလဲ ..."

ရုတ်တရက် ကြားလိုက်ရသော ဒေါ်ဥအသံကြောင့် လေးယောက်သား ကမန်းကတန်း မျက်နှာပိုးသတ်ကာ ညိုစိမ့်က

"ကြက်သွန်ခွာနေတာ အမေ"

ဟု ပြောပြီး ကြက်သွန်ဖြူဗန်းကို အားလုံးအလယ်သို့ ရွှေ့ယူလိုက်သည်။ ဆွမ်းချိုင့်ဆွဲကာ ဘုန်းကြီးကျောင်းမှပြန်လာသော ဒေါ်ဥက ညိုစိမ့်တို့ရှေ့မှ ဖြတ်လျှောက်ကာ အိမ်ထဲသို့ဝင်သွားရင်း ...





"နင်တို့ ရယ်သံတွေ ဟိုးအဝေးကြီးကတည်းက ကြားရတယ်၊ မိန်းကလေးဖြစ်ပြီး တိုးတိုးသက်သာ မရယ်ဘူး၊ ကောင်မလေးတွေနော် ... ကောင်မလေးတွေပဲ ပြောမယ်ဟင်း ...၊ ညိုစိမ့်ရေ ... ငါ တရေးအိပ်လိုက်ဦးမယ်၊ နင်တို့ ဆူမနေကြနဲ့"

"ဟုတ် ... အမေ"

မိဆွေတို့ကပါ အမေ့ကို ကြောက်ရတာမို့ ဖက်ကလေးတွေ ပုကာ ငြိမ်သွားကြသည်။ အဲ့ဒီနောက်တော့ လေးယောက်သား ခေါင်းချင်းဆိုင်ကာ ကြက်သွန်ဖြူခွာရင်း တီးတိုးတီးတိုး သဖန်းပိုးသာ လုပ်ရဲတော့သည်။

ကြက်သွန်ဖြူသာ ခွာနေရသော်လည်း ကိုရွှေတိုးအကြောင်း စဉ်းစားနေသည့် ညိုစိမ့် စိတ်ထဲမှာတော့ ပန်းပွင့်လေးရဲ့ ပွင့်ချပ်လေးတွေကို တစ်ဖတ်ချင်း ခွာချနေရသလို ကြည်နူးပီတိ စိမ့်အိကြည်သာ၍ နေလေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## စိန်ရွှေမြ ... မြစိန်ရွှေ ...

(၆)

❖ ❖ ❖

ဒေါ်စိန်လုံးသည် လက်သမား ဦးပြုံးဆီမှာ အပ်ရှ ဆိုင်းဘုတ်ရေးဆရာ ကိုသော့ဆီမှာ ရေးခိုင်းထားသော သစ်သား ဆိုင်းဘုတ်ပြား အသစ်စက်စက်ကို လက်တစ်ဖက်က ပိုက်၊ တစ်ဖက်က ထီးကိုဆောင်းကာ အိမ်ဘက်သို့ ခပ်သွက်သွက် လျှောက်လာနေပါသည်။

ဒီနေ့ အိမ်မှာဆိုင်းဘုတ်သစ်တင်ပွဲရှိ၏။ ဆိုင်းဘုတ်အသစ် ပြောင်းမပေးမချင်း အနားကပ်ကာ တဂျီဂျီပြောမဆုံး ခနဲ့မဆုံး စကားနာထိုးမဆုံးသော ကိုမြအေးရဲ့ ပါးစပ်ကို ပိတ်ပေးဖို့ရာ ဒီတစ်နည်းသာ ရှိတော့လို့ပင် ... ။

ဆိုင်းဘုတ်ရေးဆရာ ကိုသော့ကပင် အံ့ဩရယ်မော ပြောခဲ့သေး၏။

"ခုတလော ခင်ဗျားတို့အိမ်သားတွေ ဘာဖြစ်နေကြတာလဲ ဒေါ်စိန်လုံးရဲ့ ...၊ ဟိုတလောလေးကမှ ရွှေတိုးက စိန်ရွှေ စံအိမ် ဆိုတဲ့ ဆိုင်းဘုတ် လာအပ်သွားတယ်၊ ခု ... ခင်ဗျား





က မြစိန်ရွှေ ဆိုပြီး လာပြောင်းအပ်တယ်၊ စိန်ရွှေမြနဲ့ မြစိန်ရွှေ ဘာကွာလို့တုန်းဗျ ..."

"ကွာတယ် ကိုသော့ရေ၊ ရှေ့နောက် အထားအသိုကွာတယ်၊ အိမ်ကလူက သူ့နာမည် မြကို ရှေ့တန်းတင်မပေးမချင်း စကားနာချည်း ထိုးထိုးနေလို့ ပြန်ပြောင်းရေးပေးရတာ ..."

"ဩော် ... ဩော် ... ဒီလိုမျိုးတွေ ရှိတယ်လား"

"ရှိပါ့ရှင် ... ရှိပါ့၊ တချို့ ယောကျ်ားတွေဟာ အောက်က လည်းနေသေး မှတ်ပလားဟလည်း အော်ချင်သေး၊ ကိုမြတို့က နည်းနည်းလေးမှ အကျောခံချင်တဲ့သူမျိုး မဟုတ်ဘူး"

ဒေါ်စိန်လုံးက စိတ်လိုက်မာန်ပါ ပြောချလိုက်ပြီးမှ ကိုမြအေး စကားကို ပြန်ကြားယောင်လာသည်။

"ကိုယ့်ယောကျ်ား ဘယ်လောက်ညံ့ညံ့ သူများအထင်မသေးအောင် ကိုယ့်ယောကျ်ားကို အမွန်းတင်ပြောမှ သူများက လည်း လုံးကို အထင်မသေးမှာပေါ့"

ဒေါ်စိန်လုံးက ဖျတ်ခနဲ အသိဝင်သွားကာ ...

"ဒါပေမယ့် ကိုမြအေးက အင်မတန် ဉာဏ်ကောင်းတဲ့သူပါရှင်၊ လူကသာ နည်းနည်းပျင်းသလိုလို ထင်ရပေမယ့် ဉာဏ်ကတော့ ဟိုးရှေ့ကို တစ်မိုင်လောက် ကြိုပြေးနေတတ်တဲ့ လူမျိုး၊ ကျွန်မမှာ အလုပ်ကိစ္စအတွက် ဦးနှောက်ခြောက်ရပြီဆို သူ့ဆီကပဲ အကြံဉာဏ်တောင်းတောင်းနေရတာလေ ..."



www.burmeseclassic.com

www.burmeseclassic.com



ကိုသော့က ချက်ချင်း ,လေသံပြောင်းသွားသော ဒေါ်စိန်လုံးကို အံ့ဩရယ်ချင်သလို ကြည့်တာမို့ ဒေါ်စိန်လုံးက ကမျာကယာ ဆိုင်းဘုတ်ရွေးပြီး ပြန်ထွက်လာခဲ့ရ၏။

"အင်း ... ငါ့နှယ် အမွန်းသာတင်ရ သူညှံ့ကြောင်းတော့ တစ်ရပ်ကွက်လုံး သိသိကြီးပါပဲလေ ..."

ဒေါ်စိန်လုံးက တီးတိုးရေရွတ်ပြောရင်း အိမ်ရှေ့သို့ ရောက်လာသည်။

ထို့နောက် ချိတ်ပြီးသား စိန်ရွှေမြ ဆိုင်းဘုတ်ကိုဖြုတ်ကာ မြစိန်ရွှေ ဆိုင်းဘုတ်ကို သံငုတ်မှာချိတ်၍ တပ်လိုက်သည်။

ကိုမြအေးက ဒေါ်စိန်လုံးနောက်မှာ လက်ပိုက်၍ရပ်ကြည့်နေလိုက်ရင်းက ...

"သြော် ... လုံး ... လုံး၊ တကယ့် မယားအလိမ္မာလေးပါလားကွာ၊ သေချာမှတ်ထားကွ ... ဒီဘဝမှာ လင်ကို ရိုသေလေးစား တန်ဖိုးထားတဲ့ မိန်းမမျိုးဟာ နောက်ဘဝကျ နတ်ပြည်မှာ နတ်သားဘဝနဲ့ စံစားရမှာ ..."

ဟု ရေရွတ်လိုက်ပြီး ဒေါ်စိန်လုံးရဲ့ ပခုံးလေးကိုဖက်ကာ အိမ်ထဲသို့ အတူလှမ်းဝင်လိုက်သည်။

အိမ်ရှေ့မှာတော့ ...

'မြ စိန် ရွှေ စံအိမ်'

ဟူသော ဆိုင်းဘုတ်က ခံ့ခံ့ထည်ထည် ... ။

■ ■ ■





(၇)

❖ ❖ ❖

"စိန် ရွှေ မြ ... မြ စိန် ရွှေ၊ မြစိန်ရွှေ ... စိန် ရွှေ မြ ..."

ညိုစိမ့်က လှမ်းမြင်နေရသော ဆိုင်းဘုတ်ကလေးကို ကြည့်ရင်း ဇဝေဇဝါ ရေရွတ်ကြည့်နေသည်။

သက်သက်က ညိုစိမ့်ကို စိတ်မရှည်သလိုကြည့်ရင်း "စိန်ရွှေမြလား၊ မြစိန်ရွှေလား ဘယ်ဟာအမှန်လဲ ညိုစိမ့်ရဲ့"

"ဟို ... ငါမှတ်ထားတာတော့ စိန်ရွှေမြ ပဲ ..."

"ဟိုမှာ ရေးထားတာက မြစိန်ရွှေတဲ့၊ နင်များ အမှတ်မှားသလား ..."

"ငါ စာရွက်နဲ့ သေချာ ရေးမှတ်ထားတာပါဟဲ့၊ နေဦး ... ငါပြမယ်"

ညိုစိမ့်က ပိုက်ဆံအိတ်အသေးလေးထဲက စာရွက်[illegible]က်သေးသေးလေး ထုတ်ယူပြီး ဖြန့်ပြသည်။ မညီမညာသော [illegible]ရေးကလေးနဲ့ ရေးထားတာကလည်း 'စိန် ရွှေ မြ စံအိမ်' [illegible]င် ... ။



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား ... သေချာပါတယ်၊ စိန်ရွှေမြပဲ ..."

သက်သက်က အထင်ကြီးလက်စနှင့် ဆက်ကြီးချင်သူမို့ ...

"ဒါဆို ဒီအိမ်မဟုတ်ဘူးပေါ့၊ ထင်တော့ထင်သားပဲ၊ ဒီလို တိုက်ခံ သစ်သားအိမ်လေးက စိန်ရွှေမြ စံအိမ် မဖြစ်နိုင်ပါဘူး၊ စိန်ရွှေမြ အိမ်နာမည်ကိုတုပြီး မြစိန်ရွှေ ဆိုပြီး ဆင်တူယိုးမှား တုပတပ်ထားတာပဲ ဖြစ်မှာ၊ ဒီလိုနာမည်နဲ့ သူတို့အိမ်နဲ့ဖြင့် မလိုက်ဘဲနဲ့များ၊ မတန်မရာ တုမှတုတတ်လေတယ်ဟယ်၊ ဒီအိမ်လောက်ကိုများ စံအိမ်တဲ့ အဟက်ဟက်၊ လာ ... ညိုစိမ့်၊ တခြားမှာ သွားရှာရအောင်၊ ဟိုးဘက်လမ်းမထိပ်က တိုက်ကြီးများ ဖြစ်နေမလား မသိဘူး"

သက်သက်က ရွှေတိုးကို သူဌေးဟု ထင်ထားသောအထင်ကို တစ်ပြားမှမလျော့။ စိန်ရွှေမြ စံအိမ်ကို မြင်ဖူးချင်လှတာက တစ်ကြောင်း၊ သွားချင်လွန်းလို့ ဖျပ်ဖျပ်လူးနေသော ညိုစိမ့်ကို အဖော်လုပ်ပေးချင်တာက တစ်ကြောင်းမို့သာ အတူလိုက်လာခဲ့တာ ဖြစ်သည်။

ဒီရပ်ကွက်ထဲမှာ နေတာမကြာသေးသော သီတာကတော့ ညိုစိမ့်အကြံကို မသိဘဲ ဝမ်းသာနေခဲ့သေးသည်။

"ဟယ် ... မလာစဖူး အလာထူးလို့ပါလား ညိုစိမ့်ရယ်၊ ငါ့ကို သတိရလို့ လာလည်ကြတယ်မော့လေ၊ လာကြ ... လာကြ ..."

ဘာမှမသိရှာဘဲ ဝမ်းသာနေသော သီတာကြောင့်





ညိုစိမ့်က ပြုံးစိစိကလေး ငြိမ်နေခဲ့သည်။ အကြောင်းသိ သက်သက်က သီတာ မမြင်အောင် ညိုစိမ့်ကို မျက်စောင်းလှမ်းထိုး၏။

သီတာတို့အိမ်မှာ သီတာ ကျွေးသမျှစားပြီး စကားဆိုင်ပြောနေပြီးမှ ညိုစိမ့်က စကားစ၏။

"ဒါနဲ့ ... သီတာ နင်တို့ရပ်ကွက်ထဲမှာ စိန်ရွှေမြ စံအိမ်ဆိုတာ ရှိလား ..."

"ငါမသိဘူး ညိုစိမ့်ရယ်၊ ငါတ ဒီဘက်ကို ရောက်တာလည်း မကြာသေးဘူးလေ၊ ဒီရပ်ကွက်ထဲလည်း နံ့နံ့စပ်စပ် သွားမကြည့်သေးတော့ ဘယ်နား ဘာရှိတယ်ဆိုတာ မသိသေးဘူးပေါ့ ..."

"( x x ) စတိုးဆိုင်နဲ့ မျက်စောင်းထိုးလောက်မှာ ရှိတယ်တဲ့"

"သြော် ... အဲ့ဒီ စတိုးဆိုင်တော့ သိတယ်လေ၊ ငါတို့ ပြောင်းလာခါစက အိမ်အတွက် လိုအပ်တဲ့ ပစ္စည်းလေးတွေ အဲ့ဒီကပဲ သွားဝယ်ရတာ၊ ခုနောက်ပိုင်းတော့ သိပ်မရောက်ဖြစ်ဘူး၊ အဲ့ဒီဆိုင် မျက်စောင်းထိုးမှာ အဲ့ဒီအိမ် ရှိမရှိတော့ ငါ သေချာမသိဘူး၊ နင့်အသိအိမ်လား"

"အင်း ..."

"နင်တို့ပြန်ရင် အဲ့ဒီဘက်လမ်းက ဖြတ်ပြန်လို့ရတယ်၊ ရပ်ကွက်ထိပ်ထိ ငါလိုက်ပို့မယ်လေ၊ သွားရင်း ရှာကြည့်တာပေါ့ ..."

"အေး ... ကောင်းသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကတည်းက ညိုစိမ့်မျက်လုံးတွေက အမြင်ကတ်စရာ လက်လက်ထနေတော့တာ ...။ မြစိန်ရွှေ စံအိမ်ရှေ့ရောက်တော့မှသာ ဇဝေဇဝါ အူကြောင်ကြောင် ဖြစ်သွားရတော့တာပင်။

သက်သက်ကတော့ ရွှေတိုးအိမ်ဟာ ဒီအိမ်မဟုတ်နိုင်ဘူးဟု ယုံကြည်ယူဆလျက် ညိုစိမ့်ကို ဆွဲခေါ်နေပြီ။ ညိုစိမ့်ကတော့ မလိုက်ချင်သေးဘဲ ...

"(xx) စတိုးဆိုင်နဲ့ မျက်စောင်းထိုးလို့တော့ ပြောတာပဲ"

"မတိမကျနဲ့ဟယ် ... မျက်စောင်းထိုးဆိုတာက ဘယ်နှာလောက်ဖြစ်မလဲ၊ မျက်စောင်းကို ဘယ်ဘက်ကထိုးကြည့်ရမှာလား၊ ညာဘက်က ထိုးကြည့်ရမှာလား"

"နေဦး ... ခဏ၊ ငါ မျက်စောင်းထိုးကြည့်လိုက်ဦးမယ်"

ညိုစိမ့်က စတိုးဆိုင်ရှေ့မှာ ရပ်၍ မျက်စောင်းထိုးကြည့်နေတာမို့ သီတာက တခိခိရယ်၏။ သက်သက်ကတော့ စိတ်မရှည်ချင်။ ညိုစိမ့်ကြိုက်တဲ့ လူရဲ့အိမ်က ဒီအိမ်မဖြစ်ပါစေနဲ့ဟု ဆုတောင်းနေ၏။

စတိုးဆိုင်ရှေ့ကနေ ထိုးလိုက်သော ညိုစိမ့်မျက်စောင်းဟာ မြစိန်ရွှေ စံအိမ်ရှေ့မှာပဲ ရပ်သွားသည်။

"သေချာတယ် ... စတိုးဆိုင်ရဲ့ မျက်စောင်းထိုးအရပ်ဟာတော့ အဲဒီအိမ်ပဲ သက်သက်ရဲ့"

"မဖြစ်နိုင်ပါဘူးဟယ်၊ လာစမ်းပါ ... ဟိုထိပ်က အိမ်တွေသွားကြည့်ရအောင်ပါ၊ သီတာရေ ... ငါတို့သွားပြီနော်"

"အေး ... အေး ... နောက်လည်း လာလည်ကြဦးနော်"





"လာလည်မှာ ... လာလည်မှာ စိတ်ချ၊ အမေ့"

သက်သက် ဆွဲခေါ်ရာသို့ ပါလာသော ညိုစိမ့်က သီတာ့ကို လက်ပြရင်း လိုက်လိုက်လဲ့လဲ့ကြီး ကတိတွေပေးနေတာမို့ သက်သက်က ညိုစိမ့်လက်ကို ဆိတ်ပစ်လိုက်ပါသည်။

"နာလိုက်တာ မိသက်ရယ်၊ မညာမတာ ဆိတ်ရသလားဟဲ့"

"နင့်ကို အမြင်ကတ်လို့ ဆိတ်တာပေါ့ ..."

"အမြင်မကတ်ပါနဲ့ဟယ်၊ ငါက ... ငါက ..."

ညိုစိမ့် စကားက တစ်ဝက်တစ်ပျက်မှာ ရပ်သွား၏။ ညိုစိမ့်၏ မျက်လုံးအစုံသည် ဝေးဝေးက လျှောက်လာနေသော ရွှေတိုးထံမှာ စိုက်တန့်နေ၏။ ဒီအချိန်မှာ ညိုစိမ့်ရဲ့ မျက်ဝန်းလေးတွေနေရာမှာ ကြယ်ကလေးနှစ်ပွင့် ပွင့်နေလိမ့်မည်ထင်သည်။

"ညိုစိမ့် ... ဘာဖြစ် ..."

"သူ ... သူ ... ကို ... ရွှေ ... တိုး ..."

"ဟင် ... အဲ့ဒါလား၊ နင်ပြောတာ အဲ့ဒါလား"

"အေး ..."

ညိုစိမ့်က တက်တက်ကြွကြွလေး ခေါင်းညိတ်ပြရှာ၏။

ညိုစိမ့်ကြည့်ရာသို့ လိုက်ကြည့်လိုက်သော သက်သက်မှာ မျှော်လင့်ထားသမျှတွေ ပြိုအိသွားရသော်လည်း ညိုစိမ့်မှာတော့ ခုမှ မျှော်လင့်ချက်တွေ ဆင့်ဆင့်တိုးလာသည်။

သက်သက် အမြင်မှာတော့ ရွှေတိုးဟာ သူဌေးမဖြစ်နိုင်တာ လုံးဝသေချာသွားသည်။ ရပ်ဘယ်လောက်သန့်သန့် ဒီ



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားနဲ့ ဒီအဆင်အရေးဟာ ချမ်းသာတဲ့အဆင် မဟုတ်ထာ လောက်တော့ သက်သက်က အကဲခတ်တတ်ပါသေးသည်။

ချမ်းသာတာ ဆင်းရဲတာတွေ ခေါင်းထဲမှာမရှိသော ညိုစိမ့်ကတော့ ရွှေတိုးဆီ သွက်သွက်လေး လှမ်းနေ၏။ ရွှေတိုးက လည်း ဝမ်းသာလုံးဆို့နင်လျက် ညိုစိမ့်ဆီ မပြေးရုံတမည် လျှောက် လာနေ၏။

"ညိုစိမ့် ..."

"ကိုရွှေတိုး ..."

"ညိုစိမ့် ဘယ်လာတာလဲ"

"ကိုရွှေတိုးကော ဘယ်ကပြန်လာတာလဲ ..."

"ကျွန်တော် အလုပ်ကပြန်လာတာ ..."

"ညိုစိမ့်က သူငယ်ချင်းဆီ အလည်လာတာ ..."

"ညိုစိမ့်က ဒီဘက်လမ်းက ပြန်လာတာလား"

"ဟုတ်ကဲ့ ..."

"လမ်းမှာ ကျွန်တော့်အိမ် တွေ့ခဲ့လား"

"စိန်ရွှေမြ တော့ မတွေ့ခဲ့ဘူး၊ မြစိန်ရွှေ ပဲ တွေ့ခဲ့တယ်"

"ဟင် ... ဟုတ်လား၊ စိန်ရွှေမြပါ ညိုစိမ့်ရဲ့"

"ညိုစိမ့် တွေ့တာတော့ မြစိန်ရွှေပဲ၊ မယုံ ... သူ့မေးကြည့်"

ညိုစိမ့်က သက်သက်ဘက်ကို မေးငေါ့ပြ၏။ သက် သက်က မျက်နှာလေးချီထားကာ ...

"သွပ်မိုးနဲ့ သစ်သားတိုက်ခံအိမ်လေ ... ရှေ့မှာ ဆေးအစိမ်း သုတ်ထားတာ၊ ရေးထားတာကတော့ မြစိန်ရွှေပဲ ..."





ရွှေတိုးက ခေါင်းတစ်ချက်ကုပ်၏။

"အဲ့ဒါ ရှင့်အိမ်လား ..."

သက်သက်က ဝင်မေး၏။

"ကျွန်တော့် အိမ်တော့ ကျွန်တော့် အိမ်ပဲဗျ၊ ဒါပေမယ့် ကျွန်တော် တပ်ထားတဲ့ ဆိုင်းဘုတ်ကတော့ စိန်ရွှေမြပဲ၊ ကေန္တ ... ကျွန်တော့် ဦးလေး ပြောလို့ ကျွန်တော့် ဒေါ်လေး များ ရှေ့နောက်ပြောင်းတပ်လိုက်တာလား မသိဘူး"

"နေပါဦး ... တစ်ခုလောက် မေးပါရစေ၊ စိန်ရွှေမြပဲဖြစ်ဖြစ်၊ မြစိန်ရွှေပဲဖြစ်ဖြစ် အဲ့ဒီ စိန်တွေ ရွှေတွေ မြတွေကို ဘာလို့ အိမ်နာမည် ပေးထားတာလဲ ..."

"ဩော် ... ဒါလား"

သက်သက်က ခပ်ရိရိ မေးလိုက်သော်လည်း ရွှေတိုး က အကြည်လင်ဆုံး ပြုံးလိုက်ရင်း ...

"စိန်ဆိုတာက ကျွန်တော့် အဒေါ်နာမည် ဒေါ်စိန်လုံး၊ ရွှေဆိုတာက ကျွန်တော် မောင်ရွှေတိုး၊ မြဆိုတာက ဦးလေး ဦးမြအေး ..."

"ဩော် ... အဲ့လိုလား ... ဟွင်း ... ဟွင်း ..."

သက်သက်က ညိုစိမ့်အတွက် မျှော်လင့်ထားသမျှ တွေ သဲထဲရေသွန်ဖြစ်ပြီမို့ စိတ်အချဉ်ပေါက်သလိုလေး ရယ်လိုက် သည်။ ရွှေတိုးကတော့ ဘာရယ် ညာရယ် လူ့အရိပ်အခြေကဲ မသိလှ ဘဲ ညိုစိမ့်ထံမှာသာ အာရုံကျရောက်နေကာ ...

"ညိုစိမ့် ... ကျွန်တော့်အိမ်ကို ဝင်လည်ပါလား ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဟို ..."

"အချိန်မရလို့ မလည်တော့ဘူး ကိုရွှေတိုး၊ ညိုစိမ့် ... နှင့် အိမ်မှာ အလုပ်တွေအများကြီး လုပ်စရာရှိသေးတာ၊ လာ မြန်မြန်ပြန်ရအောင် ..."

သက်သက်က ဆွဲခေါ်နေပြီမို့ ညိုစိမ့်က လိုက်လည်ဖို့ ခေါင်းမညိတ်ရဲသော်လည်း မေးစရာရှိတာလေးတော့ မေးချင်သေးတာမို့ ...

"ကိုရွှေတိုး ..."

"ခင်ဗျာ ..."

"မနေ့က ကျွန်မတို့ အိမ်ဘက် ရောက်သေးလား"

"ဟို ... ရောက် ... ရောက်တယ် ခင်ဗျ"

"ဘယ်အချိန် ရောက်လဲ ..."

"ဟို ... နေ့ခင်း ..."

"နေ့ခင်းဘက်ဆို ညိုစိမ့်တို့ ထမင်းကြော်ဆိုင် မဖွင့်ဘူး"

"ဗျာ ..."

ညိုစိမ့် ဘာပြောချင်တယ်ဆိုတာ ရွှေတိုးက နားမလည်ရှာ။

"ထမင်းကြော်ဆိုင် မဖွင့်သေးရင် အမေ အိမ်မှာရှိတယ်၊ ထမင်းကြော်ဆိုင်ဖွင့်ရင် အမေ အိမ်မှာမရှိဘူး၊ အဲ့ဒီလောက်တော့ ကိုရွှေတိုး သိရမှာပေါ့ ..."

"ခင်ဗျာ ... ဟုတ်ကဲ့ ... ဟုတ်ကဲ့"

"သွားမယ် ..."





"ဟုတ်ကဲ့ ...."

ညိုစိမ့်က ခပ်တည်တည်ပြောပြီး လှည့်ထွက်သွား၏။ ရွှေတိုးမှာ ဘာမှပြန်မပြောနိုင်ဘဲ ကျန်ခဲ့၏။

သက်သက်ကတော့ ညိုစိမ့်ကို ကျိတ်ကာ ကျိတ်ကာ ဆိတ်လာရင်း ...

"နင် တော်တော် ကဲနေပါလား ညိုစိမ့်ရဲ့ ... ဟင်၊ ဒီလို ထုံပေပေ လူကိုများ ကြိုက်စရာလား၊ ဒီလိုပုံနဲ့ မိန်းမတစ်ယောက်ကို ဘယ်လို ရှာကျွေးမှာလဲ ..."

"ဒီမှာ သက်သက် ..."

ညိုစိမ့်က ခြေလှမ်းတုံ့ကာ သက်သက်နှင့် မျက်နှာချင်းဆိုင်၍ ရပ်လိုက်ပြီး ကိုယ့်မျက်နှာ ကိုယ် လက်ညှိုးကလေး ထိုးညွှန်ပြကာ ...

"ငါ့မျက်နှာကို သေသေချာချာ ကြည့်၊ ငါ့ရုပ်က ယောကျ်ားလုပ်စာကို အမြိန့်သား ထိုင်စားမယ့် ရုပ်လားဆိုတာ ..."

"အင်း ... ပြောစမ်းပါဦး၊ ယောကျ်ားလုပ်စာ မစားလို့ ဘယ်လိုစားမလဲ ..."

"ဟီဟိ ... ငါ့လုပ်စာပဲ ယောကျ်ားကို ကျွေးမှာပေါ့ဟဲ့ ..."

"ဟင် ... ကြည့်စမ်း ... ညိုစိမ့် နင် တော်တော် ကဲနေပါလား၊ မနိုင်ဘူးဟေ့ ..."

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## စိန်လက်စွပ်လေး စွပ်ပေးမယ်

(၈)

❖ ❖ ❖

ခုတော့ အထာသိလေပြီဖြစ်သော ရွှေတိုးသည် ညနေစောင်းအချိန်လေးတွေ ရောက်မှ ညိုစိမ့်တို့အိမ်နားသို့ ရောက်ရောက်လာတတ်၏။

ညိုစိမ့်က အိမ်က ဟင်းချက်အကူ အဖော် ကောင်မလေး မိချိုကို မုန့်ဖိုးပေး လာဘ်ထိုးနှုတ်ပိတ်ကာ ရွှေတိုးကို ဧည့်ခံတွေ့ဆုံ၏။

ညိုစိမ့်တို့အိမ်က တိုက်ခံ ပျဉ်ထောင်အိမ်လေး။ အိမ်အောက်ထပ် ရှေ့ပိုင်းမှာ ကွပ်ပျစ်လိုလို ခုတင်လိုလို သစ်သားခုံအပြန့်ကြီး ထုတ်ထားကာ ထိုပေါ်မှာပဲ ကြက်သွန်ခွာ၊ ဟင်းရွက်သင် လုပ်နေကျ ...။ ရွှေတိုး လာလျှင် ထိုခုံပေါ်မှာ ထိုင်ကာ စကားပြောကြ၏။ စကားပြောတယ်ဆိုပေမယ့် စကားချည်း ထိုင်ပြောနေရတာတော့ မဟုတ်ပေ ...။ ညိုစိမ့် ဟင်းရွက်သင်သည့်အခါ ရွှေတိုးက ကူညီသင်ပေးရင်း၊ တစ်ခါတစ်ရံ ကြက်သွန်ခွာရင်း ပြောရ၏။





တစ်ရက်မှာ ညိုစိမ့်က ရွှေတိုးကို မေးခွန်းလေးတွေ ထုတ်လာ၏။

"ကိုရွှေတိုးတို့အိမ်က ဘာအလုပ်လုပ်ကြလဲဟင် ကိုရွှေတိုး"

"ဟို ... ဟို ... ဘဏ် ..."

"ဪ ... ဘဏ်မှာ အလုပ်လုပ်ကြတာလား၊ ဘဏ်ဝန်ထမ်းတွေလား"

"မဟုတ် ... မဟုတ်ပါဘူး"

ရွှေတိုးသည် မညာချင်သော်လည်း ဦးလေးမြ စကားကိုလည်း မပယ်ရှားလို၊ အထင်ကြီးလည်း ခံချင်သေးတာမို့ အားတင်းကာ ...

"အသေးစား ဘဏ်လုပ်ငန်း လုပ်ပါတယ် ခင်ဗျ"

"ဟင် ..."

ညိုစိမ့်သည် နည်းနည်းတော့ အံ့သြသွားမိ၏။ ညိုစိမ့်က ပညာမတတ်ပေမယ့် ... ဗဟုသုတနည်းပေမယ့် ဘဏ်ဆိုတာ ဆောက်တော်ချမ်းသာမှ ဖွင့်နိုင်တယ်ဆိုတာလောက်တော့ သိသေး၏။ သို့သော် ကိုရွှေတိုး မညာဘူးဆိုတာတော့ ညိုစိမ့်က အကြွင်းမဲ့ယုံ၏။

ညိုစိမ့်က မြင်ဖူး ကြားဖူးနေသော ကမ္ဘောဇဘဏ်တို့ ရိုးမဘဏ်တို့ကို ပြေးမြင်ယောင်မိကာ ...

"ကိုရွှေတိုးတို့က ဘဏ်ဖွင့်ထားတာပေါ့ ဟုတ်လား၊ ဒါဆို ကိုရွှေတိုးတို့က ဘဏ်ပိုင်ရှင်တွေပေါ့ ... ဟုတ်ဖူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ကျွန်တော့် ဘဏ်တော့ မဟုတ်ပါဘူး၊ ဒေါ်လေး ဘဏ်ပါ"

"ဘဏ်နာမည်က ဘာတဲ့လဲ ..."

"ဟို ... အက်စ် ... အက်စ် ..."

ရွှေတိုးသည် မေ့လျော့ ထစ်ငေါ့ကာ 'အက်စ်' ကနေ မတက်။

"အက်စစ် ... အက်စစ် ဘဏ်လား"

"မဟုတ် ... မဟုတ်ပါဘူး၊ ဟို ... အက်ဆစ်အလံ"

"ရှင် ..."

"ဟိုလေ ... ဘဏ်နာမည်က အက်ဆစ်အလံပါ"

"အက်ဆစ်အလံ ..."

"ဟုတ် ... ဟုတ်ကဲ့"

"အက်ဆစ်အလံ ဘဏ်ပေါ့ ... ဟုတ်လား"

"ဟုတ်ကဲ့ ..."

ညိုစိမ့်သည် 'ဘဏ်နာမည်ကလည်း ထူးထူးဆန်းဆန်းတော်' ဟုတွေးကာ စိတ်ထဲမှာ မယုံတစ်ဝက် ယုံတစ်ဝက်ကြီး ဖြစ်နေသည်။ ကိုရွှေတိုးကိုကြည့်တော့လည်း ချွေးတွေတောင်ပြန်လို့ ...။

ညိုစိမ့်ခေါင်းထဲမှာ အတွေးတွေတော့ ရှုပ်ထွေးသွားရပါသည်။ ငါကပဲ ဘဏ်မမီလို့လား၊ ကိုရွှေတိုးကပဲ ညာသလား။ ညာတာမဟုတ်ဘူးလို့တော့ ယုံချင်သည်။ ညာတာမဟုတ်ရင် ... လို့များလား။ ဟင့်အင်း ... ကိုရွှေတိုးဟာ အေးဆေးရိုးသားပေ...





စိတ်ကယောက်ကယက် ဖြစ်တတ်သူမျိုးတော့ မဟုတ်။ သူ့ကြည့်လိုက်ရင် အမြဲပဲ အေးဆေးကြည်လင်နေသည်။

"ဒါနဲ့ ကိုရွှေတိုးကရော ဘာအလုပ်လုပ်လဲ"

"ဘဏ် ... ဘဏ်မန်နေဂျာပါ"

"ဩော် ... ကိုရွှေတိုး အဒေါ်ရဲ့ ဘဏ်မှာ မန်နေဂျာပေါ့ ဟုတ်လား ...၊ ကိုရွှေတိုးတို့ ဘဏ်နာမည်က ဆန်းတော့ ဆန်းတယ်နော်၊ အဲ့ဒီနာမည်မျိုး မကြားဖူးဘူး၊ ဘဏ်ကဖွင့်တာ မကြာသေးဘူး ထင်တယ်"

ရွှေတိုးက တစ်ချက်တွေကာ စဉ်းစားလိုက်၏။ ဒေါ်လေးစိန် ဒီအလုပ်လုပ်တာ မနေ့တစ်နေ့ကမှ မဟုတ်ဘဲ ...။ ရွှေတိုး ငယ်ငယ်လေးကတည်းက ဒီအလုပ်ပဲ လုပ်လာခဲ့တာမဟုတ်လား။

"ဘဏ်က ဖွင့်တာတော့ ကြာပြီခင်ဗျ၊ ကျွန်တော် ငယ်ငယ်လေးကတည်းကပဲ ..."

"ဩော် ... ဟုတ်လား၊ ညိုစိမ့်က ဗဟုသုတနည်းလို့ မကြားဖူးတာ ဖြစ်မယ်ထင်တယ်"

ညိုစိမ့်က သံသယမဝင်ဘဲ အရိုးခံကလေးပြောလိုက်၏။ ရွှေတိုးမှာ ညိုစိမ့်ကို သနားအားနာကာ ဘယ်လိုရှင်းပြရမှန်းသိ ဖြစ်နေသည်။ ညိုစိမ့်ကို မညာချင် ...။ ဦးလေးပြောတာတော့ ဒါဟာ ညာတာမဟုတ်၊ သဘောတရားချင်း အတူတူပဲဟုဆို၏။ အမှန်ပြောရရင် ညိုစိမ့် အထင်ကြီးတာလည်း ခံချင်လှတာမို့ 'ကြွေးတောင်းတဲ့အလုပ် လုပ်ပါတယ်' ဟု မပြောချင်တာလည်း အမှန်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိုးက နည်းနည်း မလုံမလဲဖြစ်လာမိကာ ...

"ဟို ... ဒေါ်လေးဘဏ်က အကြီးကြီးတော့မဟုတ်ဘူးနော်၊ သေးသေးလေး ..."

ကိုရွှေတိုးက ညာဘက် လက်သန်း အဆစ်လေး တစ်ဆစ်စာကို လက်မနှင့် ဖိထိပြလိုက်သည်။ ညိုစိမ့်က ကိုရွှေတိုး အမူအရာလေးကို ချစ်စနိုးဖြစ်သွားကာ ပြုံးလိုက်ရင်း ဘဏ်ကိစ္စကို မေ့သွားသည်။ ဒါတွေက သိပ်တော့အရေးမကြီး ...။ ဒီကိစ္စကို လိုက်ပြီး ဦးနှောက်စားမနေချင် ...။ အရေးကြီးတာက ကိုရွှေတိုးနဲ့ ခုလိုတွေ့ရတဲ့ အချိန်လေးတွေမှာ အမောပြေ စိတ်ကြည်နူးရဖို့ပဲ ...။ မနက်စောစော ဈေးဝယ်၊ တစ်နေကုန် ချက်ရပြုတ်ရ မောလှသော်လည်း ညနေ ကိုရွှေတိုး ရောက်လာပြီဆို ညိုစိမ့်မှာ အမောပြေရ၏။ သူ့မျက်နှာကို မြင်ရတာ စိတ်ချမ်းသာစရာကောင်းလှ၏။

"ဒါနဲ့ ... ကိုရွှေတိုးက ဘွဲ့ရပြီးပြီလားဟင်"

"ဘွဲ့တော့ မရပါဘူး၊ ဒါပေမယ့် လေးတန်းတော့ အောင်တယ်"

ညိုစိမ့်၏ မျက်လုံးကလေးတွေက ဝင်းခနဲ လက်သွားကာ ...

"ဟင် ... ဒါဆို ကိုရွှေတိုးက ငါးတန်းထိ ကျောင်းနေဖူးတာပေါ့၊ အို ... တော်လိုက်တာ ကိုရွှေတိုးရယ်၊ လေးတန်း အောင်အောင် ဘယ်လိုများ ဖြေလိုက်တာလဲဟင်၊ ညိုစိမ့်ဖြင့်





သုံးနှစ်ဖြေတာတောင် မအောင်ဘူးရယ်၊ ကိုရွှေတိုးက နှစ်ချင်းပေါက် အောင်တာလားဟင်"

"ဟုတ်တယ် ... နှစ်ချင်းပေါက်ပဲ"

ညိုစိမ့်ရဲ့ အထင်ကြီးစွာကြည့်လာသော မျက်လုံးလေးကြောင့် ရွှေတိုးက ဘဝင်မြောက်ကာ မျက်နှာထား ခန့်ခန့်ကြီးဖြင့် ယုံကြည်ချက်ရှိရှိ ဖြေလိုက်၏။ ညိုစိမ့်ကတော့ အထင်တွေကြီးပြီးရင်း ကြီးကာ ...

"တော်လိုက်တာ ကိုရွှေတိုးရယ်၊ ဉာဏ်ကောင်းလိုက်တာ၊ ညိုစိမ့်ကတော့ ထုံလို့ မအောင်တာ ထင်ပါရဲ့ ..."

အမှန်တကယ်တော့ ညိုစိမ့်က ထုံတာမဟုတ်ချေ။ အကင်းပါးသော၊ သွက်လက်ချက်ချာ လူမှုရေးသိသော ညိုစိမ့်က ဘာကျက်ပျင်းလှတာသာ ဖြစ်၏။ ကျောင်းသွားရမှာ ပျင်းခဲ့ခြင်းသာ ဖြစ်၏။

ညိုစိမ့်သည် ကိုယ့်မှာရှိသော အရည်အချင်းတွေကို မေ့ပစ်ကာ ကိုရွှေတိုး ဘာကလေးပြောပြော အထင်ကြီးစိတ်ဖြင့်သာ နားထောင်ရင်း အထင်ကြီးဖို့သာ အဆင်သင့်ဖြစ်နေ၏။

ညိုစိမ့်သည် ရွှေတိုးကို ချီးမွမ်းရင်းက တစ်စုံတစ်ရာကို တွေးမိသွားကာ ...

"ကိုရွှေတိုးက ဉာဏ်ကောင်းလွန်းလို့သာ လေးတန်းအောင်နဲ့ ဘဏ်မန်နေဂျာ လုပ်နိုင်တာပေါ့နော် ..."

ဟု ရိုးရိုးသားသား ရေရွတ်လိုက်လေသည်။ ရွှေတိုးလည်း မနေတတ် မထိုင်တတ်ဖြစ်ရကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘဏ်က သေးသေးလေးမို့လို့သာ လုပ်နိုင်တာပါ ညိုစိမ့်ရယ် ..."

"သေးသေး ကြီးကြီး မန်နေဂျာဟာ မန်နေဂျာပါပဲ ကိုရွှေတိုးရယ်"

ညိုစိမ့်သည် ကိုယ့်ကိုကြိုက်၍ ကိုယ်ကကြိုက်သော သူရဲ့ အရည်အချင်းကို သဘောကျကာ ကြည်ကြည်နူးနူးလေး ကြက်သွန်ဆက်ခွာနေလိုက်၏။

ရွှေတိုးက တရှုရှုလုပ်နေသော ညိုစိမ့်ရဲ့ လက်ကလေးတွေကို ငေးကြည့်နေရင်းက အရဲစွန့်ကာ ...

"ဟို ... ညိုစိမ့် ..."

"ရှင် ..."

"ဟိုလေ ..."

"အင်း ... ပြောလေ ကိုရွှေတိုး၊ ရဲရဲပြော ..."

"ကျွန် ... ကျွန်တော့်မှာ ပိုက်ဆံတွေ အများကြီးရှိရင်လေ ဘာ ... ဘာလုပ်မလဲ သိလား"

"သိဘူးလေ ..."

"ညိုစိမ့်လက်မှာ စိန်လက်စွပ်ကလေး စွပ်ပေးမယ် ..."

ရွှေတိုးက ကတုန်ကရင်ကြီး အရဲစွန့်ကာ ပြော လိုက်သည်။ ညိုစိမ့်တို့ကလည်း ဒီစကားက ဘာအဓိပ္ပာယ်လဲဆိုတာ ချက်ချင်းနားလည်ကာ မျက်လွှာကလေး ချထားရင်း ...

"ဘယ်လက်ချောင်းမှာ စွပ်ပေးချင်တာလဲ ..."





ဟု မေးလိုက်၏။ ရွှေတိုးကလည်း ဗီဒီယိုကားတွေထဲက အမြင်ယူကြီးပြင်းလာခဲ့သူမို့ ဒက်ခနဲ ဖြေလိုက်၏။

"လက် ... လက်သူကြွယ်မှာပေါ့ ..."

အဟင်း ... လူလည်။ ဒါမျိုးတော့ တတ်သပ ... ။ ညိုစိမ့်က ပြုံးကာ ငြိမ်နေလိုက်သည်။ ရွှေတိုးကလည်း ဘာမှဆက်မပြောတတ်တော့ဘဲ ခေါင်းကြီးငုံ့ကာ ငြိမ်နေသည်။

ခဏနေတော့မှ ရွှေတိုးက ညိုစိမ့်ကို နှုတ်ဆက်ပြီး ပြန်သွား၏။

ညိုစိမ့်ကတော့ ကိုရွှေတိုး ဒီလိုပြောတာဟာ ညိုစိမ့်ကို ရည်းစားစကား ပြောခြင်းပဲဟု မှတ်ယူပြီး ကြည်နူးစွာ ကျန်ရစ်ခဲ့လေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## တကယ်ချစ်ရင် ယူသာယူ

(၉)

❖ ❖ ❖

"ဟဲ့ ... ရွှေတိုး"

"အမေ့ ... ဒေါ်လေး ..."

မီးပျက်နေတာမို့ LED မီးလေးသာ ထွန်းထားသဖြင့် ခပ်မှောင်မှောင်ဖြစ်နေသော အိမ်ထဲသို့ ချွတ်နင်းကလေး ဝင်လာသော ရွှေတိုးသည် ဒေါ်လေးအသံကြောင့် လန့်ဖျပ် ယောင်အော်လိုက်၏။

"ကဲ ... ဒီကို ကြွခဲ့စမ်းပါဦး"

ဒေါ်လေး ဒီလိုလေသံနဲ့ ခေါ်ပြီဆို တစ်ခုခုပညာပေးတော့မှာ သေချာတာမို့ ရွှေတိုးက နည်းနည်းတော့ ရင်ထိတ်သွားမိ၏။

ရွှေတိုးက ဒေါ်လေးရှေ့က ခုံမှာ ခပ်ကုပ်ကုပ်လေး ဝင်ထိုင်လိုက်သည်။

"ဒါ ... အခု ဘယ်ကပြန်လာတာလဲ"

"ဟို ... ဒေါ်လေး ခိုင်းတာတွေ သွားလုပ်နေတာပါ"





"ငါ ဒီနေ့ နင့်ကို နှစ်အိမ်ပဲ ကြွေးတောင်းခိုင်းလိုက်တာလေ၊ နင် မနက်မိုးလင်းကတည်းက ထွက်သွားတာ ခုမှပြန်ရောက်တော်မူတယ်၊ ဘယ်တွေကိုများ ကြွချီတော်မူနေတာလဲ ... ပြောစမ်းပါဦး"

ဒေါ်လေးမေးခွန်းကို ရွှေတိုး ဘယ်လိုဖြေရမှန်းမသိ။ အမှန်တော့လည်း ရွှေတိုးဟာ မနက်စောစောကတည်းက ညိုစိမ့်ကို ဈေးထိပ်မှာ သွားစောင့်၊ ဈေးဝယ်ပြီး ပြန်ထွက်လာတဲ့ ညိုစိမ့်ရဲ့ အထုပ်အပိုးတွေကို ကူသယ်၊ ဆိုက်ကားပေါ် တင်ပေးလိုက်ပြီးမှ ကိုယ့်မူရင်းအလုပ်ဖြစ်တဲ့ ဘဏ်မန်နေဂျာ သို့မဟုတ် ကြွေးဆာင်းတဲ့အလုပ်ကို လုပ်ရတာ။ ကိုယ့်အလုပ်ပြီးတော့လည်း ညနေဆောင်းကလေးမှာ ဒေါ်ဥ ဆိုင်ထွက်တဲ့အချိန်ကို စောင့်ပြီး ညိုစိမ့်ဆီ ပြေးရသေးတာ ...။

"ဟဲ့ ... ပြောလေ ..."

"ဟို ... ဟို ..."

"ဟင်း ... ပြောလိုက်ရင် အူကြောင်ကြောင်နဲ့ တဟိုဟိုတဒီဒီ အချိန်ဆွဲပြီ၊ နင် ခုတလော (x x x) ရပ်ကွက်မှာ ဘာကိစ္စရှိလဲ၊ အဲ့ဒီရပ်ကွက်မှာ ငါ့အကြွေးမရှိဘဲ နင် ဘာသွားသွားလုပ်နေတာလဲ၊ နင့်ကို အဲ့ဒီရပ်ကွက်မှာ ခဏခဏတွေ့တယ်တဲ့၊ နင့်မြင်လိုက်တဲ့ ဟိုလူ ဒီလူက ငါ့ပြန်လာပြောတယ်ဟဲ့၊ နင် ဘာသွားသွားလုပ်သလဲ ပြောစမ်းပါဦး"

"အကွက် ... အကွက် ..."

"ဟမ် ... ဘာအကွက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အကွက်အကွင်း သွားရှာတာပါ ဒေါ်လေး ..."

"ဘာ့အကွက်အကွင်းလဲ ..."

"ဟို ... ဒေါ်လေးရဲ့ ဘဏ်ကို ချဲ့ထွင်ဖို့ပါ"

"ဘဏ် ... ဘာဘဏ်လဲဟဲ့၊ နင် ငါ့ကို လာလျှောင်နေတာလား"

"ဟို ... ဒေါ်လေးရဲ့ စီးပွားရေးကို ချဲ့ထွင်ဖို့ပါ"

"ကြီးကြီးကျယ်ကျယ် ပြောပြန်ပြီ"

"ဒီလိုပါ ... ဒေါ်လေး၊ လောလောဆယ်မှာ ဒေါ်လေးအလုပ်က ဒီဘက်ရပ်ကွက်နဲ့ ဟိုဘက်ရပ်ကွက်မှာပဲ ရှိနေတာဆိုတော့ သိပ်ပြီး မကျယ်ပြန့်ဘူးလားလို့၊ ဟိုဘက်ရဲ့ ဟိုဘက်ရပ်ကွက်အထိပါ အလုပ်ချဲ့ထွင်လို့ရအောင် လေ့လာနေတာပါ"

"အဲ့ဒီရပ်ကွက်က သူတို့ဟာနဲ့သူတို့ ပြေလည်တဲ့သူချည်းပဲဟဲ့၊ ဘယ်သူမှ ငါ့ဆီက ငွေလာမချေးဘူး"

"မထင်ပါနဲ့ ဒေါ်လေးရယ်၊ လူတိုင်းမှာ ရှောင်တခင် အရေးတကြီး ကိစ္စဆိုတာ ရှိတာပဲမဟုတ်လား၊ အရေးပေါ်ငွေလိုလာရင် ဒေါ်လေးဆီက ချေးချင်ကြမှာပဲ၊ ရပ်ကွက်ချင်းနည်းနည်းဝေးလို့သာ ဒေါ်လေးအကြောင်း မသိကြတာ၊ အဲ့ဒါကြောင့် ဒေါ်လေးအကြောင်းသိအောင်၊ စကားစပ်လို့ရအောင် သွားရင်းလာရင်း မိတ်ဆွေဖွဲ့နေရတာပါ၊ မျက်မှန်ကလေး တန်းမိရင်ပဲ မဆိုးဘူးမဟုတ်လား ဒေါ်လေးရယ်"

အင်း ... ဒါတော့ ဟုတ်သားဟု တွေးကာ ဒေါ်စိန်လုံး





က မျက်နှာကြော နည်းနည်းလျော့သွားသည်။ ရွှေတိုးကတော့ ညိုစိမ့်တို့ ရပ်ကွက်ထဲမှာ အကြွေးသွားတောင်းခွင့်ရအောင် ကြိုးစားမှ ဖြစ်မည်ဟု တွေးလိုက်၏။ အလုပ်ကလေးနဲ့ သွားတော့လည်း ဒေါ်လေး မဆူဘူးပေါ့ ...။

"နင် ပြောတာ ဟုတ်တော့ဟုတ်ပေမယ့် ငါနဲ့မသိတဲ့သူတွေကိုတော့ ငွေမချေးချင်ပါဘူးဟယ်"

"ဒေါ်လေးနဲ့ မသိလည်း ကျွန်တော်နဲ့သိရင် ပြီးတာပဲ၊ ကျွန်တော်နဲ့ အဲ့ဒီဘက် ရပ်ကွက်ကလူတွေနဲ့ ရပ်ဆွေရပ်မျိုးတောင် ဖြစ်တော့မှာ ..."

ရွှေတိုးက ကိုယ့်အမိပွာယ်နဲ့ကိုယ် ပြောရင်း ကိုယ့်ဘာသာ သဘောတွေကျသွားသည်။ ညိုစိမ့်နဲ့သာ ညားရင် ညိုစိမ့်တို့ ရပ်ကွက်ထဲက လူတွေဟာလည်း ကိုယ့်ရပ်ဆွေရပ်မျိုးပဲ မဟုတ်လား ...။

"ဒါနဲ့ ရွှေတိုး ... နင့်ကြည့်ရတာ ခုတလော တယ်ပြီးမူမမှန်ချင်ဘူး၊ အပြင်တစ်ခါထွက် ပဲကြီးတစ်လှေချက် ဆိုသလိုပဲ၊ အပြင်သွားခါနီးပြီဆို ပြင်လို့ ဆင်လို့ အဝတ်အစားလဲလို့ကို မပြီးနိုင်တော့ဘူး"

"အရင်တုန်းကလည်း ဒီလိုပါပဲ ဒေါ်လေးရဲ့"

"အရင်တုန်းကထက် ပိုကြာကြာနေလို့ ပြောနေရတာပေါ့ဟဲ့၊ တစ်ခါတည်း ထွက်လာပြီဆို ရေမွှေးနံ့ကလည်း ကြိုင်လှိုင်နေတာပဲ၊ နင် ငါပေးတဲ့ မုန့်ဖိုးတွေ စုမထားဘဲ ရေမွှေး ဝယ်ပစ်တာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အဟဲ ..."

"ညညဆိုလည်း တချွတ်ချွတ်နဲ့၊ မီးမမှိတ်ဘဲ ဘာတွေလုပ်နေမှန်းကို မသိဘူး၊ နင့်ကြည့်ရတာ ကယောက်ကယက်နဲ့ ...၊ မှန်မှန်ပြောစမ်း ... နင် ရည်းစား ရနေပြီမဟုတ်လား"

"ဟာ ... မရပါဘူး ဒေါ်လေးရဲ့"

"အေး ... တောင်တောင်အီအီ စိတ်လေမနေနဲ့ဟဲ့ ... ကြားလား ရွှေတိုး၊ နင့် တစ်ဝမ်းတစ်ခါးတောင် နင် ရှာမစားတတ်သေးတာ၊ အိမ်ထောင်တွေ ဘာတွေပြုဖို့တော့ စိတ်ကူးမနေနဲ့၊ ရည်းစားထားလည်း ပိုက်ဆံမရှာတတ်တဲ့ယောကျ်ားကို ဘယ်မိန်းမမှ အတည်ယူချင်မှာ မဟုတ်ဘူးဆိုတာ ခေါင်းထဲထည့်ထား၊ အတည်ကြီးခံစားမိရင် နင်ပဲ အသည်းကွဲပြီး ကျန်ရစ်ဖြစ်မှာ ..."

ဒါတော့ ... ဒေါ်လေး ကျွန်တော့်ကို အထင်သေးတာပါဗျာဟု စိတ်ထဲက ပြန်ပြောရင်း ရွှေတိုးက နှုတ်ဆိတ်နေသည်။ လူတစ်ကိုယ် အသည်းနှလုံးတစ်ခုတော့ ရှိတာပဲဗျ။ ခံစားစရာရှိရင် အတည်ကြီး ခံစားရမှာပဲဟု စိတ်ထဲက ပြန်ပြောမိ၏။ ညိုစိမ့်ဟာ ကိုယ့်ကို အတည်မကြိုဘဲ စိတ်ကစားမည့် မိန်းကလေးမဟုတ်ဟုလည်း ယုံ၏။

ညညဆို နင်တို့ တူဝရီးနှစ်ယောက် ဧည့်ခန်းထဲမှာ တီဗီကြည့်ရင်း တိုးကျိတ် တိုးကျိတ် ပြောနေကြတာ ငါသိထားတယ်နော်၊ နင်တို့ ဘာတွေပြောနေကြတာလဲ ... ပြော"





"ရုပ်ရှင်အကြောင်း ပြောတာပါ ဒေါ်လေးရဲ့ ..."

"မယုံဘူးဟေ့၊ ငါ့လာညာမနေနဲ့ဟဲ့ ...၊ နင့် ဦးလေးမြှောက်ပေးရင်လည်း အဟုတ်မှတ်ပြီး ပေါက်ကရလျှောက်လုပ်မနေနဲ့ ..."

"ဟုတ်ကဲ့ ... မလုပ်ပါဘူး"

"နင့် ဦးလေးက ဘာပြောလဲ ... ပြော"

"မပြောပါဘူး ..."

"နင် မဖြေဘူးလား ..."

"ဟို ... ဖြေပါ့မယ်၊ ဦးလေးပြောတာကတော့ မိန်းကလေးတစ်ယောက်ကို တကယ်ချစ်ရင် ဘာတွေညာတွေ လျှောက်စဉ်းစားမနေနဲ့တဲ့ ... ယူသာယူတဲ့၊ ကိုယ် ရှာမကျွေးနိုင်လည်း ကိစ္စမရှိဘူးတဲ့၊ သူရှာကျွေးလိမ့်မယ်တဲ့၊ ဦးလေးကိုကြည့်ပါလားတဲ့၊ အဆင်ကို ပြေလို့တဲ့"

"ဟင် ... ဒီလူကြီးတော့လား ... တွေ့မယ်၊ ဟဲ့ ... သွားသွားတော့ ..."

ဒေါ်လေးက ရက်ဒေါသကြီးထွက်ကာ ဘာမှဆက်မပြောသာဘဲ အိုးအိုးအမ်းအမ်း ဖြစ်နေတုန်းမှာ ရွှေတိုးက ဒေါ်လေးရှေ့မှ အသာလေး ဆုတ်ခွာလာခဲ့ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## ပိုးကြေး မပေးရပါ

### (၁၀)

❖ ❖ ❖

ရွှေတိုးသည် မင်္ဂလာဈေးဘက်သို့ သွားသည့် ဘတ်စ်ကားကြီးကို စီးလာရင်း ညိုစိမ့်အကြောင်း စဉ်းစားလာပါသည်။

ရွှေတိုးမျက်ဝန်းထဲမှာ ကြက်သွန်ခွာနေသဖြင့် တရှူရှူလေး လှုပ်နေသော ညိုစိမ့်ရဲ့ လက်လှလှကလေးတွေကို မြင်ယောင်၏။ ညိုစိမ့်လက်ကလေးတွေဟာ မွတ်မွတ်ညက်ညက်လေး။ ကိုင်ကြည့်ရင်း နူးညံ့ချောမွေ့မယ့် ပုံကလေး။

ခုလာလောဆယ် သူ့မှာဖြစ်နေသော သောကကတော့ ဒီလက်ကလေးတွေကို ဓားထိသွားမှာ၊ အပူလောင်မှာ၊ ပန်းကန်ဆေးရင်း ပွန်းရှသွားမှာ၊ ဆန်ဆေးရင်း လက်ဖဝါးတွေကြမ်းလာမှာ စိုးတာဖြစ်သည်။

ယောကျ်ားတစ်ယောက်ဟာ ကိုယ်ချစ်သော မိန်းကလေးအတွက်ဆို စွမ်းစွမ်းတမံ အကာအကွယ်ပေးဖို့ ကြိုးစားစမြဲပဲဟု သူ ကြည့်ဖူးသော ဗီဒီယိုကားထဲက ဇာတ်လိုက်တွေက ပြောကြ၏။





ဒီစကားဟာ အလွန်မှန်သည်ဟု လက်တွေ့ကြုံမှ သိရ၏။

သူဟာလည်း ညိုစိမ့်ရဲ့ လက်ကလေးတွေကို ဘယ်လိုနည်းနဲ့ အကာအကွယ်ပေးရပါ့ဟု အမြဲမပြတ် ကြံစည်တွေးတောခဲ့၏။ ခုတော့ ထိုအကြံအစည်ကို အကောင်အထည်ဖော်ဖို့ သူ တစ်ခါမှ မရောက်ဖူးသော မင်္ဂလာဈေးသို့ စွန့်စားကာ အိမ်မှထွက်ခဲ့၏။

ကားစီးလာရင်း သူ့ရှပ်အင်္ကျီအိတ်ထဲမှာ ထည့်လာသည့် ပိုက်ဆံလေးတွေကို မကြာခဏ စမ်းကြည့်လာ၏။ ဒေါ်လေးပေးသည့် မုန့်ဖိုးတွေကို မစားရက် မသောက်ရက် စုထားသော ထိုပိုက်ဆံကလေးတွေဖြင့် ညိုစိမ့်ကို အကာအကွယ်ပေးဖို့ သူဆုံးဖြတ်ထားပါသည်။

"မင်္ဂလာဈေးပါလား ... မင်္ဂလာဈေးပါလား"

"ပါတယ် ... ပါတယ်"

ရွှေတိုးက ကားထဲမှ တိုးထွက်လာရင်း လှမ်းအော်ပြောလိုက်၏။ ထို့နောက် ဆိုင်တွေပြည့်နှက်နေသော မင်္ဂလာဈေးအစ်ကြီးထဲသို့ ဝင်လာပါသည်။

ရွှေတိုးက ဟိုဟိုဒီဒီကြည့်ကာ လိုချင်သော ပစ္စည်းကို ရှာလာ၏။ သို့သော် ... မတွေ့တာမို့ ဟိုနားဒီနား ယောင်လည်ယောင်လည်ဖြစ်နေပြီးမှ သဘောကောင်းသူဟု ထင်ရသည့် အစ်ကိုကြီးတစ်ယောက် ထိုင်နေသည့် ဆိုင်ရှေ့မှာ ရပ်လိုက်ပါသည်။

ဆိုင်ရှေ့မှာ မီးဖိုချောင် အသုံးအဆောင်တွေ တော်



www.burmeseclassic.com

www.burmeseclassic.com



တော်များများ ခင်းကျင်းထားတာမို့ ဒီဆိုင်မှာတော့ သူလိုချင်တာ ရှိမည်ထင်သည်။

"ညီလေး ... ဘာလိုချင်လို့လဲ"

ဆိုင်ရှင် အစ်ကိုကြီးက ချိုချိုသာသာ လှမ်းမေးတာမို့ သူက အားတက်သွားကာ အားပါးတရ ပြုံးလည်းပြုံး၊ သူ့လက်နှစ်ဖက်ကိုလည်း မြှောက်ပြကာ ...

"တစ်ခုလောက် မေးပါရစေ အစ်ကို"

"မေးပါ ... မေးပါ"

"ထမင်းဟင်းတွေ ဘာတွေ အမြဲတမ်း ချက်နေရတဲ့သူဆိုတာ အိုးအပူတွေ ပန်းကန်အပူတွေကို အမှတ်တမဲ့ သွားကိုင်မိပြီး အပူတွေဘာတွေ လောင်နိုင်တယ် မဟုတ်လား ခင်ဗျာ"

"ဒါပေါ့၊ လောင်နိုင်တာပေါ့"

"ဒါဆို လက်ကို အပူမလောင်အောင် လုံလုံခြုံခြုံလေး ကာကွယ်ပေးနိုင်တဲ့ ပစ္စည်းမျိုး အစ်ကိုကြီးဆိုင်မှာ ရှိပါသလားခင်ဗျ"

"အပူခံ လက်အိတ်တော့ ရှိတယ်ကွ၊ ဒီမှာ တော်တော်လေး ထူတယ်၊ ဒါလေးစွပ်ထားရင် အပူလောင်သက်သာတယ်"

ဆိုင်ရှင် အစ်ကိုကြီးက ရွှေတိုးပြောနေပုံကို ရယ်ချင်သဘောကျစွာ ပြုံးရင်း အပူခံလက်အိတ်တစ်စုံ ထုတ်ပြလိုက်သည်။

ရွှေတိုးက လက်အိတ်လေးကို ဖင်ပြန်ခေါင်းပြန် ကြည့်ရင်း ...





"လက်အိတ်က ကြီးများကြီးနေမလား မသိဘူး၊ ကျွန်တော့်ကောင်မလေး လက်က သေးသေးသွယ်သွယ်လေးမို့လို့ပါ ခင်ဗျ"

ဆိုင်ရှင်က ရယ်မောလိုက်ရင်း ...

"ဒီလက်အိတ်မျိုးက တစ်ဆိုဒ်ပဲ လာတာကွ ငါ့ညီရ၊ ဘယ်သူဝတ်ဝတ် တော်တဲ့ လက်အိတ်မျိုးပါ"

"ဟုတ်လား အစ်ကို၊ ဒါဆို ဒါလေးပဲ ယူလိုက်မယ်၊ ပြီးတော့ ..."

"ပြောလေ ငါ့ညီ၊ တခြား ဘာလိုသေးလဲ"

"ဟို ... ပန်းကန်တွေဘာတွေ ဆေးရင် ဆပ်ပြာတွေ သံပိုက်တွေ ကိုင်ရတော့ လက်ကို ပွန်းရှမှာစိုးလို့ ကာကွယ်တဲ့ဟာလေး ရှိရင်လည်း ..."

"ရာဘာလက်အိတ်ရှည် ရှိတယ်လေ ညီလေးရဲ့၊ ရော့ ... ဒီမှာ အရောင်စုံပဲ၊ ကြိုက်တာရွေး၊ ပြီးတော့ ဒီမှာ ကြက်သွန်တွေဘာတွေ ခွာရင် လက်ကို အနံ့မစွဲအောင် ပလတ်စတစ် လက်အိတ်ကလေးနဲ့ စွပ်ပြီး ကိုင်လို့ရသေးတယ်၊ ပန်းကန်ဆေး ဟင်းချက်ရင် ရင်ဘတ်မပေအောင် အေပရွန်လှလှလေး ဝတ်ခိုင်းလိုက်ရင် လှလည်းလှ ဖက်ရှင်လည်းကျ၊ သန့်လည်းသန့်ပေါ့ကွာ၊ ဒီမှာ ခေါင်းစွပ်လေး ရှိသေးတယ်၊ ဒီအစွပ်လေးစွပ်ပြီး ချက်တော့ ဆံပင်ကို မီးခိုးနံ့ ဟင်းနံ့တွေ မစွဲဘူးပေါ့"

ဆိုင်ရှင်အစ်ကိုကြီးက ရွှန်းရွှန်းဝေဝေပြောရင်း တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ပြီးတစ်ခု ထုတ်ပြ၏။ ရွှေတိုးကလည်း ထုတ်ပြသမျှ အခုစီတိုင်းကို သဘောအကျကြီးကျကာ စိတ်ကူးထဲမှာ ညိုစိမ့်အတွက် ဆင်ယင်ပေးနေ၏။

"ကျွန်တော် အကုန်ကြိုက်တယ် အစ်ကို။ အကုန်ယူမယ် အစ်ကို၊ ဘယ်လောက်ကျလဲခင်ဗျ၊ ကျွန်တော့်မှာ ပါတဲ့ ပိုက်ဆံနဲ့ လောက်ပါ့မလားတော့မသိဘူး၊ လောက်ရင်တော့ အကုန်ယူပါ့မယ် ခင်ဗျ ..."

"ငါ့ညီရဲ့ ကောင်မလေးအပေါ် ထားတဲ့ စေတနာကို ဂုဏ်ပြုတဲ့အနေနဲ့ ဈေးလျှော့ပေးပါ့မယ်ကွာ ..."

ဆိုင်ရှင် ကိုတင်အောင်က ရိုးရိုးသားသား ကြည်ကြည်လင်လင် ပုံစံလေးနှင့် ရယ်စရာလည်းကောင်းနေသော ရွှေတိုးကို သဘောကျ ကရုဏာသက်စွာဖြင့် ပစ္စည်းတွေကို ဈေးလျှော့နိုင်သလောက် လျှော့၍ တွက်ချက်ပေးလိုက်သည်။ ရွှေတိုးမှာ ပါသည့် ပိုက်ဆံနှင့်လည်း လောက်နေတာမို့ ပစ္စည်းတွေကို အိတ်ထဲထည့်ပေးနေရင်း ...

"ငါ့ညီ ကြည့်ရတာ ရည်းစားရတာ မကြာသေးဘူးထင်တယ်"

"အဟဲ ... ရည်းစားတော့ မဖြစ်သေးပါဘူး အစ်ကိုရာ၊ ဟို ... ဘယ်လိုပြောရမလဲ ... ပိုးတုန်းပန်းတုန်းပဲ ပြောပါတော့ဗျာ"

ရွှေတိုးက ရှက်ကိုးရှက်ကန်း ဖြေ၏။ ဆိုင်ရှင် ကိုတင်အောင်က ရယ်မောလိုက်ရင်း ...





"ဒါဆို ဒါက ပိုးကြေးပန်းကြေးပေါ့"

"အဲ့ဒီလိုတော့ မဟုတ်ပါဘူး အစ်ကိုရာ၊ အဲ့ဒီစကားက ရိုင်းလို့ အဲ့ဒီစကားမျိုးနဲ့တော့ ကျွန်တော့်စေတနာကို မတင်စားပါနဲ့ ..."

အမယ် ... စကားကတော့ တော်တော်တတ်တာပါလားဟု ကိုတင်အောင်က တွေးရင်း ရွှေတိုးကို ပြုံးကြည့်နေ၏။

"ကျွန်တော့် ကောင်မလေးက ကြေးတစ်ခုခုတင်မှ ပိုးပန်းခံမယ့် မိန်းကလေးမဟုတ်ဘူးလေ အစ်ကိုရဲ့၊ သူ တကယ် သဘောကျမှသာ ပိုးပန်းခံမယ့်သူမျိုးပါ၊ ကျွန်တော်ကလည်း မဖြစ်စလောက် ကြေးလေးတင်ပြီး မပိုးပန်းရက်ပါဘူး၊ ကျွန်တော့် ကောင်မလေးက ဘယ်လိုငွေကြေးနဲ့မှ တန်ဖိုးဖြတ်လို့မရအောင် အဖိုးတန်တဲ့ မိန်းကလေးပါ ..."

"ကြိုက်တယ်ကွာ၊ ငါ့ညီ သဘောထားကိုတော့ ကြိုက်သွားပြီ၊ အစ်ကိုတောင် အတုယူရတော့မယ် ထင်တယ်ဟေ့၊ ဒါနဲ့ ငါ့ညီနာမည်က ..."

"ရွှေတိုးပါ ခင်ဗျ"

"အစ်ကို့နာမည်က တင်အောင်တဲ့၊ နောက် မင်း ကောင်မလေးအတွက် ဝယ်ချင်တာရှိရင်လည်း လာခဲ့လေ၊ ဒီဈေးက လက်ကားဈေးဆိုတော့ ဈေးလည်းသက်သာတယ်၊ ဖိနပ်တွေရောင်းတဲ့ အစ်ကို့ အစ်မဆိုင်လည်း ရှိတယ်၊ အစ်ကို့ ညီတစ်ယောက်က ကလေးကစားစရာတွေ၊ အဝတ်အစား



www.burmeseclassic.com

www.burmeseclassic.com



လေးတွေ ရောင်းတယ်၊ မင်းမှာ ကလေးရလည်း လာခဲ့ပေါ့ ကွာ၊ ဟုတ်ဘူးလား ... ဟား ဟား"

"ဟဲဟဲ ... အစ်ကိုပြောတဲ့အတိုင်း ဖြစ်ရပါစေရဲ့ဗျာ ..."

ရွှေတိုးက လိုချင်တဲ့ ပစ္စည်းလေးတွေလည်းရ၊ မိတ်ဆွေသစ်လည်းရတာမို့ ပျော်ရွှင်စွာဖြင့် ဈေးထဲမှ ပြန်ထွက်လာပါသည်။

မင်္ဂလာဈေးက ဘတ်စ်ကား ပြန်စီးလာခဲ့ပြီးနောက် ညိုစိမ့်တို့ ရပ်ကွက်နှင့် နီးသော မှတ်တိုင်မှာ ဆင်းလိုက်ပါသည်။

ခုတလော ဒေါ်လေးက သူ့ကို ညနေ အိမ်ပြန်နောက်ကျလွန်းသည်ဟုဆိုကာ ဆူဆူပူပူလုပ်နေတတ်သဖြင့် ညိုစိမ့်ဆီကို မလာဖြစ်တာ သုံးရက်ရှိပြီမို့ လွမ်းလို့တောင်နေပြီ ...။

ဒီရပ်ကွက်ထဲကို မကြာမကြာ လာနိုင်ဖို့အတွက် သူ့မှာ ကြိုးစားစရာကိစ္စလေးတစ်ခု ရှိနေသေးသည်။

ညိုစိမ့်တို့ ရပ်ကွက်နားကို ရောက်တဲ့အချိန်က နည်းနည်းစောနေသေးတာမို့ ညိုစိမ့်တို့ အိမ်သို့ တန်းမသွားသေးဘဲ ညိုစိမ့်တို့အိမ်နဲ့ သုံးအိမ်ကျော်က မုန့်ဟင်းခါးဆိုင်ကလေးသို့ဝင်ကာ မုန့်ဟင်းခါးတစ်ပွဲ မှာစားလိုက်၏။

မုန့်ဟင်းခါးသည် အဒေါ်ကြီးက မုန့်ပွဲပြင်နေတုန်းမှာ ရွှေတိုးအရင် ထိုင်စားနှင့်နေသော သူက စားပြီးပြီမို့ ပိုက်ဆံရှင်းလိုက်သည်။ အဒေါ်ကြီးက ပိုက်ဆံကို လှမ်းယူပြီး မုန့်ဟင်းခါးဖတ် ထည့်ထားသည့် ဇလုံကြီးကို ပိုက်ဆံဖြင့် တဖတ်ဖတ်ရိုက်ရင်း ပါးစပ်က ဘာမှန်းမသိ တတွတ်တွတ် ရေရွတ်လိုက်သည်။





ပြီးမှ ရွှေတိုးဖို့ ပြင်ထားသော မုန့်ပွဲထဲကို ဟင်းရည်ခပ်ထည့်ကာ ရွှေတိုးထံ လှမ်းပေးလိုက်သည်။

ရွှေတိုးက မုန့်ဟင်းခါး တစ်ဇွန်း နှစ်ဇွန်း ခပ်စားလိုက်ပြီး ...

"အဒေါ်ကြီး လက်ရာက ကောင်းလိုက်တာဗျာ ..."

"လက်ရာကောင်းပေမယ့် ဈေးဦးကတော့ ခုနကလေးကမှ ပေါက်ပါတယ်ကွယ်"

"ဟင် ... မနက်ကတည်းက မရောင်းရသေးတာလား"

"မနက် မုန့်ဟင်းခါး ထွက်တဲ့ ဈေးသည်က ဟိုဘက်ထိပ်မှာ ရှိပြီးသားမို့လို့ အဒေါ်က နေ့လယ်လောက်မှ ထွက်တာလေ၊ မုန့်ဟင်းခါး အရသာကတော့ မနက်ပိုင်းထွက်တဲ့ မုန့်ဟင်းခါးထက် သာတယ်လို့ စားဖူးတဲ့သူတိုင်း ပြောကြတာပါပဲ၊ ဒါပေမယ့် အဒေါ်က နေရာကောင်းကောင်းမှာ ထွက်မရောင်းနိုင်တော့ ဈေးရောင်းက တယ်မကောင်းလှပါဘူး"

ရွှေတိုးသည် ဒါအကွက်ပဲဟု တွေးကာ ပါးစပ်ထဲက မုန့်ဟင်းခါးကို ခပ်မြန်မြန်လေး ဝါးမျိုချလိုက်ပြီး ...

"အဒေါ့်လက်ရာမျိုးက တကယ့်ကို သူဌေးဖြစ်မယ့် လက်ရာမျိုးပဲ အဒေါ်ရဲ့ ..."

"ဘယ်လိုကွယ် ..."

"ဒီလို အဒေါ်ရဲ့ ...၊ ဟိုတလောက ကျွန်တော် ရှော့ပင်းစင်တာတစ်ခုကို ဦးလေးခေါ်လို့ လိုက်သွားဖူးတယ်၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



စင်တာကြီးမှာ မုန့်ဟင်းခါးဆိုင် ရှိတယ် အဒေါ်ရဲ့၊ မုန့်ဟင်းခါးဆိုပြီး အထင်မသေးနဲ့နော်၊ နယ်နယ်ရရ မဟုတ်ဘူး ရှော့ပင်းစင်တာကြီးမှာတောင် တက်ရောင်းနိုင်တယ်၊ ဈေးနှုန်းကလည်း တစ်ပွဲ တစ်ထောင်တဲ့ဗျ၊ ဒါနဲ့ အဒေါ် မုန့်ဟင်းခါးက တစ်ပွဲဘယ်လောက်လဲ”

“အကြော်မပါဆို တစ်ပွဲမှ သုံးရာရယ် ...”

ရွှေတိုးက လက်ဖျောက်တစ်ချက် တီးလိုက်ရင်း ...

“အဲ့ဒါပြောတာပေါ့ အဒေါ်ရဲ့၊ အဒေါ့် မုန့်ဟင်းခါးကို ပန်းကန်လှလှလေးတွေနဲ့ ထည့်၊ ခုံလှလှလေးတွေ ခင်း နေရာကောင်းကောင်းမှာ ရောင်းလိုက်ရရင် တကယ့် ကြီးပွားမှာ၊ အဒေါ် မကြားဖူးဘူးလား ... မြောင်းမြဒေါ် မုန့်ဟင်းခါးတို့၊ တင်တင်အေး မုန့်ဟင်းခါးတို့ ရှိတယ်လေ သူတို့ဆို မုန့်ဟင်းခါးနဲ့ သူဌေးဖြစ်တာပဲ မဟုတ်လား”

“အင်း ... ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် အရင်း အနှီးမှ မရှိတာကွယ်”

“မရှိရင် ချေးပေါ့ အဒေါ်ရဲ့ ...”

“ချေးရမယ့်သူမှ မရှိဘဲကွယ်”

“အဲ့ဒါ ကျွန်တော့် တာဝန်ထား ...”

“ဘယ်လို ...”

အဒေါ်ကြီးက တအံ့တသြဖြစ်သွားတာမို့ ရွှေတိုး နှစ်နှစ်ခြိုက်ခြိုက် ပြုံးပြလိုက်ရင်း ...

“ကျွန်တော့် အဒေါ်က ဘဏ် ...၊ အဲ ... ငွေတိုးချေး





တယ်လေ အဒေါ်ရဲ့၊ အဒေါ်ချေးချင်ရင်ပြော၊ ကျွန်တော် ပြောပေးမယ်၊ အတိုးလည်း သက်သာစေရမယ် ...”

အဒေါ်ကြီးက ခဏတွေဝေသွားကာ ...

“အများကြီးတော့ မချေးချင်ပါဘူးကွယ်၊ အတိုးတက်မှာ စိုးတယ်၊ လောလောဆယ် လမ်းထိပ်လောက်မှာ သပ်သပ် ရပ်ရပ် ဆိုင်လေးထွက်လို့ရအောင် အရင်းအနှီးနည်းနည်း လောက်လေးပဲ လိုနေတာ၊ အကြာကြီးလည်း မထားပါဘူး၊ ခပ်မြန်မြန်ပဲ ပြန်ဆပ်မှာပါ”

“ဒါတော့ မဖြစ်နိုင်ဘူး အဒေါ်”

“ဟမ် ...”

“ဟို ... သိပ်မြန်မြန်ကြီးတော့ ဆပ်စရာမလိုဘူးလို့ ပြောတာပါ”

“မြန်မြန်မဆပ်တော့ အတိုးများများ တက်မှာပေါ့ ...”

ရွှေတိုးက တွေသွား၏။ သိပ်မြန်မြန် ဆပ်ပြန်ရင်လည်း ဒီရပ်ကွက်ကို လာဖို့ အကြောင်းသိပ်ရှိမှာ မဟုတ် ...။

“ကြာကြာလေး ယူထားတော့လည်း ကြာကြာ ရင်းနှီးရတာပေါ့ အဒေါ်ရယ်”

“အင်း ... ဒါတော့ ဟုတ်ပါတယ်၊ အဒေါ်လည်း သုံးလေးလထက်တော့ စောပြီး မဆပ်နိုင်ပါဘူး”

အင်း ... သုံးလေးလဆိုရင်ပဲ မဆိုးပါဘူးဟု ရွှေတိုးက တွေးမိ၏။

“လကုန်ကုန်ချင်း အတိုးမပေးလည်း ရတယ်နော် အဒေါ်၊



www.burmeseclassic.com

www.burmeseclassic.com



လကုန်ပြီး တစ်ပတ်လောက်ကြာမှ ပေးချင်လည်းပေး ... ရတယ်"

အကြွေး တောင်းမရလေ ... ဒီရပ်ကွက်ထဲကို သွားမို့ ဒေါ်လေးကံ ခဏခဏ လွှတ်လေ ... ညိုစိမ့်လေးနဲ့ တွေ့ရလေမို့ ရွှေတိုးက အဒေါ်ကြီးကို အသေအချာ စည်းရုံးနေသည်။

"ကျေးဇူး တင်လိုက်တာကွယ်၊ ငါ့တူလေးက သဘော ကောင်းလိုက်တာ၊ နာမည် ဘယ်လိုခေါ်တုန်းကွယ့်"

"ရွှေတိုးပါ အဒေါ် ..."

"သြော် ... အေး ... အေး ... နာမည်နဲ့လိုက်အောင် ရွှေငွေ တိုးပွားပါစေကွယ်"

"ပေးတဲ့ဆုနဲ့ ပြည့်ချင်ပါတယ် ခင်ဗျာ ..."

ရွှေတိုးက အကြံအောင်သဖြင့် မြူးပျော်သွား၏။ ထို့နောက် မုန့်ဟင်းခါး မြန်မြန်စားပြီး ညနေစောင်းကလေးမှာ ညိုစိမ့်တို့ အိမ်ဘက်သို့ ဆက်လျှောက်လာခဲ့လေသည်။

■ ■ ■

## ကြက်သားလည်းခြစ် လှလည်းချစ်

"မမညိုစိမ့်ရေ ... ကိုရွှေတိုး လာတယ်"

"ဟယ် ... တကယ်လား"

နောက်ဘက် မီးဖိုခန်းထဲမှာ ကြက်သား ကြော်နေ





သော ညိုစိမ့်သည် မိချိုအသံကြောင့် လက်ထဲက သံယောက်မကို ဒေါင်ခနဲ ပစ်ချကာ အိမ်ရှေ့သို့ လေအဟုန်ကဲ့သို့ လျင်မြန်စွာ ရောက်ရှိလာ၏။

"ညိုစိမ့် ..."

"ကိုရွှေတိုး ..."

သုံးရက်တာ မတွေ့မမြင်ရသော်လည်း သုံးနှစ်တာ ဝေးကွာခဲ့သလို တစ်ယောက်ကို တစ်ယောက် လွမ်းမောစွာ ကြည့် မိကြ၏။ ညိုစိမ့်က မသိမသာ နှုတ်ခမ်းလေးစူကာ ...

"ကိုရွှေတိုး တစ်ယောက်ကလည်း ပျောက်နေလိုက်တာ"

"ဒီနေ့ကစပြီး မပျောက်တော့ဘူး၊ နောက်ဆို နေ့တိုင်းလာ မှာ ... စိတ်သာချ"

"ဒါ ... အခု အလုပ်ကပြန်တာလား"

"ဒီနေ့ အလုပ်နားတယ်"

"ဟင် ... စနေ တနင်္ဂနွေလည်း မဟုတ်ဘဲနဲ့ ..."

"အလုပ်က ဒေါ်လေးကိုပြောပြီး နားချင် နားလို့ရတယ် လေ ..."

"သြော် ... သြော် ... အင်းလေ ... ဘဏ်ပိုင်ရှင်ပဲဟာ ကိုယ့် ဘဏ်နဲ့ကိုယ်ဆိုတော့ နားချင်နားလို့ရတာပေါ့၊ ဒါနဲ့ အခုက ဘယ်ကပြန်လာတာလဲ ..."

"မင်္ဂလာဈေးက ပြန်လာတာလေ၊ ညိုစိမ့်အတွက် အကာ အကွယ်လေးတွေ သွားဝယ်လာတာ၊ အကာအကွယ် ပါမှ ဘဲ အလုပ်လုပ်ရင် ညိုစိမ့်ကို ထိခိုက်မှာစိုးလို့ ..."



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိုးက ပြောပြောဆိုဆို အိတ်ထဲက ပစ္စည်းလေးတွေ ထုတ်ယူလိုက်ပြီး ...

"ရော့ ... ဒါက ညိုစိမ့်လက် အပူလောင်မှာစိုးလို့ ဝယ်လာတာ၊ အပူခံလက်အိတ်လေ၊ ဒါက ပန်းကန်ဆေးရင်စွပ်ဖို့၊ ဒါလေးတွေက ကြက်သွန်နွှာဖို့၊ ဒါက အေပရွန်လို့ ခေါ်တယ်၊ ချက်ပြုတ်တဲ့အခါ ဖက်ရှင်ကျကျ လှလှလေး ဝတ်ဖို့ ..."

"ဟယ် ... ကိုရွှေတိုးက ဉာဏ်ကောင်းလိုက်တာ၊ စိတ်ကူးကောင်းလိုက်တာ၊ ဒါတွေ သုံးရကောင်းမှန်း သိလိုက်တာ၊ တော်လိုက်တာ ကိုရွှေတိုးရယ်၊ ညိုစိမ့်ဘဝမှာ ကိုရွှေတိုးလောက် တော်တဲ့ ခေတ်မီတဲ့သူမျိုး တစ်ခါမှမတွေ့ဖူးဘူးသိလား ..."

ညိုစိမ့်က လှိုက်လှိုက်လှဲလှဲလေး ပြောရင်း ရွှေတိုးဝယ်လာသည့် ပစ္စည်းတွေကို တယုတယလေး ကိုင်တွယ်ကြည့်ရှုနေလေသည်။

ထိုအချိန်၌ ရွှေတိုး၏ ခါးသည် ရုတ်တရက် မတ်စန့်ကာ ရင်သည် မသိမသာ ကော့၍ မျက်နှာ နည်းနည်းမော့သွားလေသည်။ နှုတ်ခမ်းအစုံမှာကား ပြုံးပြုံးကြီးတည်း။

ယောကျာ်းတစ်ယောက်ရဲ့ ဘဝမှာ ကိုယ်ချစ်သောမိန်းမရဲ့ ချီးမွမ်းမှု၊ အထင်ကြီးမှုကို ခံရတာလောက် ကျေနပ်နှစ်သိမ့်စရာကောင်းတာ ရှိဦးမလား။ ညိုစိမ့်၏ အထင်ကြီးမှုက သူ့ကိုယ်





သူ ယုံကြည်ချက် ရှိလာစေသည်။ တလောကလုံးက ထုံသည်ပဲ ပြော ပြော၊ ထိုင်းသည်ပဲပြောပြော၊ အ,သည်ဟုပဲဆိုဆို ကိုယ်ချစ်သော မိန်းမရဲ့အမြင်မှာ ကိုယ်ဟာ သူ့ရဲကောင်းဆို ကျေနပ်ပြီ၊ နေပျော်ပြီ ...။

ကိုယ်ချစ်သော မိန်းမသည် ကိုယ့်ကို လက်အုပ်ကလေးလည်း ချီခဲ့၏။ ကန်တော့ဟုလည်း ပြောခဲ့၏။ တလေးတစား ပြောဆိုဆက်ဆံတတ်၏။ ကိုယ်ပြောသမျှ ယုံ၏။ အထင်ကြီးသည့် မျက်လုံးလေးတွေနှင့်လည်း ကြည့်တတ်၏။ ဒီလိုမိန်းမအတွက်ဆို ဘာမဆို စွန့်စားဖို့ ဝန်မလေးပြီ ...။

"ဒီရာဘာလက်အိတ်ရှည်က စွပ်ရခက်လိုက်တာနော်၊ ဒါဘယ်လိုစွပ်ရတာလဲ ကိုရွှေတိုးရဲ့ ... ဟင် ..."

ညိုစိမ့်က အနီရောင် ရာဘာလက်အိတ်ပျော့ဖတ်ဖတ်ကို ကိုင်ရင်း ရွှေတိုးကို မျက်လုံးလေး ဝိုင်းကြည့်ကာ ပြောလိုက်၏။ အမှန်တကယ်တော့လည်း ဒီလက်အိတ်စွပ်ရတာ ဘာမှခက်တာမဟုတ်။ သို့သော် မိန်းမသားပီပီ ဂရုစိုက်ခံချင်တာလေးလည်းရှိ မာယာကလေးလည်း သုံးချင်မိ၏။

ရွှေတိုးက ရေငတ်တုန်း ရေတွင်းထဲကျသလို ဖြစ်သွားကာ ...

"ဟို ... ကျွန်တော် ... ကျွန်တော် စွပ်ပေးရမလား"

"အင့် ..."

ခေါင်းလေးညိတ်ကာ လက်ကလေးနှစ်ဖက်ကိုရွှေတိုးရှေ့သို့ ဆတ်ခနဲ ဆန့်တန်းလိုက်ရင်း အင့်ခနဲ ထွက်လာသော



www.burmeseclassic.com

www.burmeseclassic.com



အသံကလေးကြောင့် ရွှေတိုးမှာ ရင်တွေ ပန်းတွေတောင် တုန်သွားရလေသည်။

ရွှေတိုးက တုန်ရင်သော လက်အစုံဖြင့် လက်အိတ်ကလေးကို လှမ်းဆွဲယူ၏။ ညိုစိမ့်လက်ကလေးကိုတော့ တော်တော်နှင့် ဆွဲမယူရဲ ... ။

"အင့် ... ဆို ... "

ညိုစိမ့်က ဆန့်ထားသော သူမ လက်လေးနှစ်ဖက်ကို ဆတ်ခနဲခါရင်း အဲ့ဒီလို ပြောပြန်ရာ သူ့မှာ အသည်းအူတုန်လို့ မပြီး ... ။

"စွပ်လေ ... ဒီမှာ ညောင်းနေပြီ"

"ဟုတ် ... ဟုတ်ကဲ့"

ရွှေတိုးက အနည်းငယ်တုန်ကာ ဆန့်ငင် ဆန့်ငင် တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေသော ကိုယ့်လက်တစ်ဖက်ကို အားထည့်၍ သူမ လက်တစ်ဖက်ကို ဆတ်ခနဲ လှမ်းဆွဲပြီး ဗျပ်ခနဲ လက်အိတ်မှာ စွပ်ပေးလိုက်၏။

ညိုစိမ့်က ပြုံးလိုက်ရင်း ...

"ဖြည်းဖြည်းလုပ်တာ မဟုတ်ဘူး၊ လက်တောင် နာသွားတယ်"

"တကယ် ... တကယ် နာတာလား"

"နည်းနည်းပါ ... ရပါတယ်"

"ဒါ ... ဒါဆို ကျန်တဲ့ တစ်ဖက်ကို ဖြည်းဖြည်းစွပ်ပေးမယ်နော်"





ရွှေတိုးက နည်းနည်းတော့ ရဲလာကာ ညိုစိမ့်ရဲ့ ကျန်လက်တစ်ဖက်ကိုတော့ ဖွဖွလေးဆွဲယူပြီး ရွရွလေး စွပ်ပေးလိုက်လေသည်။

နှစ်ယောက်လုံးမှာ တစ်ယောက်ကို တစ်ယောက် မကြည့်ရဲသလို အိုးတိုးအမ်းတမ်းလိုဖြစ်လျက် စကားလည်း ဆက်မပြောရဲဘဲ ဟိုဒီမျက်နှာလွှဲကာ တောင်လိုလို မြောက်လိုလိုဖြစ်နေဆဲ ... ခြစ်နှံ့တစ်မျိုးသည် နှစ်ဦးသားကြားသို့ ဝေ့ဝဲလာလေသည်။

"ဟင် ... ဘာ ... ဘာနံ့လဲ"

"အမလေး ... မမညိုရေ ... မမညို၊ ကြက်သားကြော်တွေ တူးကုန်ပြီ"

တိမ်တွေပေါ်တွင် မျောလွင့်နေသော ညိုစိမ့်၏ စိတ်အာရုံသည် အသံကုန်ဟစ်အော်လိုက်သော မိချိုအသံကြောင့် မြေပေါ်သို့ ဘုတ်ခနဲ ပြန်ပြုတ်ကျလာကာ မီးဖိုချောင်ဘက်သို့ ချာခနဲ လှည့်၍ပြေးလေသည်။

မီးဖိုချောင်ထဲက ဒယ်အိုးထဲမှာတော့ တူးခြစ်နေသော ကြက်သားများက ညိုစိမ့်ကို ပြုံးပြနေကြ၏။

"မမ ကြက်ကြော်အိုးတန်းလန်းထားမှန်း မသိလို့ ကျွန်မလည်း သွားမကြည့်လိုက်မိဘဲ အပြင်ဘက်မှာ ငါးကိုင်နေလိုက်မိတာ ... "

မိချိုက မျက်နှာငယ်လေးဖြင့် တောင်းပန်၏။

ညိုစိမ့်ကဖြင့် စိတ်မဆိုးဘဲ ကြက်သားကြော် တူးခြစ်ခြစ်လေးတွေကို ကြည့်ရင်း ပြုံးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကြက်သားရဲ့ ခြစ်ခြင်းက ညိုစိမ့်တို့ရဲ့ ချစ်ခြင်းကို ပို၍လေးနက်စေသလားဟုပင် ဖတ်ဖူးသော အချစ်ဝတ္ထုထဲကလို ကဗျာဆန်ဆန်လေး တွေးလိုက်မိသေး၏။

အဲ့ဒီနေ့က အမေဆူတာ ခံရသော်လည်း ညိုစိမ့်က အပြုံးမပျက် စိတ်လက်ကြည်သာ၍သာ နေလေသည်။

ဤကား အချစ်ရဲ့ တန်ခိုးပာည်း။

■ ■ ■



(၁၁)

❖ ❖ ❖

အဲ့ဒီနေ့ နေ့လယ်က ညိုစိမ့်သည် ချက်ပြုတ်ဖို့အတွက် အပ်တာလေးတွေ ဝယ်ရန် တစ်ဖက်ရပ်ကွက်ထဲက ဒေါ်တင် ၏ ကုန်စုံဆိုင်သို့ စက်ဘီးကလေးနင်း၍ ထွက်လာခဲ့လေသည်။ စိမ့်က ဝတ်နေကျအတိုင်း ချည်လုံချည်လေးနှင့် ရှပ်အင်္ကျီပြောင် းကိုသာ ပေါ့ပေါ့ပါးပါး ဝတ်ဆင်ထား၏။ ရှေ့ခြင်းထဲမှာတော့ က်ဆံအိတ်ကလေး ထည့်လာခဲ့၏။

ကုန်စုံဆိုင်နားရောက်တော့ သစ်ပင်အရိပ်ကလေးမှာ ဘီးကို ဒေါက်ထောက်ရပ်ခဲ့ကာ ပိုက်ဆံအိတ်ကလေးယူပြီး င်ဘက်သို့ သွက်သွက်လေး လျှောက်လာ၏။

ထိုအချိန်မှာပဲ ဆိုင်ရှေ့နားဆီက စကားသံတွေကို းလိုက်ရတာမို့ ခြေလှမ်းတုံ့ ရပ်နေလိုက်မိသည်။

လှမ်းမြင်နေရတဲ့ ကျောကုန်းတစ်ခုဟာ ကိုရွှေတိုးရဲ့ ကုန်းလေလားဟု တွေးနေဆဲမှာ အသည်းထဲစွဲအောင် မှတ်မိ



www.burmeseclassic.com

www.burmeseclassic.com



နေသော ကိုရွှေတိုးရဲ့အသံကို ပီပြင်ပြတ်သားစွာ ကြားလိုက်ရသေ
သည်။

"အဒေါ် ကတိပျက်တာ များနေပြီဗျ၊ အဒေါ်ကို အားနာပြ
ကျွန်တော့် ဒေါ်လေးကို လိမ်ပေးနေပေမယ့် ကြာတော
ဒေါ်လေးက မယုံဘူး၊ ကျွန်တော် အမြဲ အဆူခံနေရတာ
အရင်းမဆပ်နိုင်ရင် အတိုး တစ်လစာတော့ ဆပ်လိုက်ပေ
ဗျာ"

"မဆပ်နိုင်သေးလို့ မဆပ်တာပေါ့ ရွှေတိုးရဲ့၊ ဆပ်များဆ
နိုင်ရင် ခုလို အပြောအဆိုတောင် ခံမနေဘူး၊ နင့်မျက်နှ
ကို ပိုက်ဆံနဲ့ ပစ်ပေါက်ပေးလိုက်တာ ကြာပြီ"

"အဒေါ်ချိန်းတိုင်း ကျွန်တော် လာနေရတာ ခြေတိုတော
မယ်ဗျ ..."

"တိုတိုပေါ့ဟဲ့၊ နင် ဒီအလုပ်ပဲရှိတာ ... တခြားဘာအလု
ရှိလို့လဲ ...၊ ငါ့ဆီက မရလည်း ဘာအရေးလဲ၊ တခြားသ
တွေဆီက လှည့်ပတ်တောင်းပေါ့ ...၊ နင် ဒီလိုပဲ လှည့်ပ
တောင်းနေကျ မဟုတ်လား ..."

"အဒေါ် ပြောတဲ့ပုံက ကျွန်တော်က သူများပိုက်ဆ
အလကား လိုက်တောင်းနေတဲ့ သူတောင်းစား ကျနေတာ
ကိုယ့် ဒေါ်လေးကြွေး ကိုယ် လိုက်တောင်းပေးနေတာ
အဒေါ်က ကူဖော်လောင်ဘက် အလုပ်သမားတောင် မ
နိုင်တော့ဘူးဆိုလို့ လာတိုင်း ဆီပုံးသယ်၊ ဆန်အိတ်သယ
လုပ်နေရတာလည်း ခါးချိတော့မယ်၊ အဒေါ်က က





မတည်တော့ ကျွန်တော် စိတ်ညစ်တယ်ဗျ၊ လူတစ်ယောက်
ရဲ့ ဘဝမှာ အရေးကြီးတာက ကတိတည်ဖို့ပဲဗျ ..."

"အံမယ် ... အံမယ် ... ကြီးကြီးကျယ်ကျယ်တော်၊ လူ့
ပါးစပ်က နတ်စကားထွက်လို့၊ ကြွေးတောင်းတဲ့သူကများ
ပြောနေလိုက်တာ သူ့ကိုယ်သူ ဘဏ်ပိုင်ရှင်ကြီး ဘဏ်
မန်နေဂျာကြီး ကျနေတာပဲ"

ညိုစိမ့်သည် ကိုရွှေတိုးနှင့် ဒေါ်တင်ညွန့်တို့ အပြန်
အလှန် ပြောနေကြသည့် စကားတွေကို နားထောင်ရင်း ကိုရွှေတိုး
ဘာအလုပ်လုပ်တယ်ဆိုတာ သိလိုက်၏။ သို့သော် သူ ဘာအလုပ်
လုပ်လုပ် ညိုစိမ့်အတွက် အရေးမကြီး ...၊ အရေးကြီးတာက ခုလို
ကိုရွှေတိုးကို နှိမ့်ချပြောဆို လှောင်ပြောင် အထင်သေး ဖိနှိပ်အနိုင်
ကျင့်နေတဲ့ ဒေါ်တင်ညွန့်ကို ပြန်လည်နှိပ်ကွပ်ပြီး ကိုရွှေတိုးဘက်
က ရပ်တည်ပေးနိုင်ဖို့ပင် ...။

ညိုစိမ့်သည် ကိုရွှေတိုးဘက်က မခံမရပ်နိုင်ဖြစ်လာ
တာမို့ ဒေါသဖြင့် အသားတွေ ဆတ်ဆတ်တုန်လာ၏။ ချစ်ရသူ
ရှေ့က ရင်ကော့ရပ်တည် ကာကွယ်ပေးလိုက်ချင်လာ၏။

"ဟင်း ... ဟင်း ... ရွှေတိုးရယ်၊ နင် အရင်တုန်းက ဒီလို
မဟုတ်ပါဘူး၊ ကောင်မလေးတွေအကြောင်း နားထောင်ချင်
တုန်းက ဒီလေသံမျိုး မဟုတ်ပါလား ...၊ ဩော် ... ပြောရ
ဦးမယ် ... သိလား ရွှေတိုး၊ မနေ့ကတောင် အထည်ချုပ်
စက်ရုံမှာလုပ်တဲ့ ကောင်မလေးက နင့်ကို စိတ်ဝင်စား ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ လာမပြောနဲ့ဗျာ၊ ကျွန်တော် အခု ဘယ်ကောင်မ လေးအကြောင်းမှ နားမထောင်ချင်တော့ဘူး"

"အမယ် ... ဘာလို့တုန်း"

ဒေါ်တင်ညွှန့်က လှောင်ရယ်ချင်သလို မေးခွန်းထုတ်၏။ ရွှေတိုးက သူ့ဘယ်ဘက် ရင်ဘတ်ကို တဘတ်ဘတ် ပုတ်ပြလိုက်ရင်း ...

"ဒါလာပြီး တကယ်ချစ်တဲ့ မိန်းကလေး တွေ့ထားလို့ပေါ့ဗျ ..."

ဒေါ်တင်ညွှန့်က လှောင်ရယ် ရယ်လိုက်ရင်း ...

"သြော် ... ဟုတ်လား ... ဟင်း ... ဟင်း ... နင့်ကြိုက်တဲ့ ကောင်မလေးက ဘယ်လိုမျိုးလေးလဲဆိုတာ သိချင်လိုက်တာဟယ် ..."

"ဒီလိုမျိုးလေးပဲ ဒေါ်တင်ညွှန့် ..."

"ဟင် ..."

"ညိုစိမ့် ..."

စိတ်မထိန်းနိုင်တော့ပြီဖြစ်သော ညိုစိမ့်က ရုတ်တရက်ကြီး သူတို့နှစ်ယောက်ကြားထဲကို ရောက်လာတာမို့ အံ့အားသင့်ကာ ညိုစိမ့်ကို ကြောင်ကြည့်နေကြ၏။

ညိုစိမ့်က ဒေါ်တင်ညွှန့်နှင့် မျက်နှာချင်းဆိုင် ရပ်လိုက်ရင်း ကိုယ့်ရင်ဘတ်ကိုယ် ဘတ်ခနဲ ပုတ်ပြကာ ...

"ကိုရွှေတိုး ကြိုက်တဲ့ မိန်းကလေးက ကျွန်မပဲလေ ... ဒေါ်တင်ညွှန့်ရဲ့၊ ကျွန်မကိုရော ဘာတွေနှိမ်ပြောချင်သေး





လို့လဲ၊ ဒေါ်တင်ညွှန့် ပြောနေတာတွေ ကျွန်မ အကုန်ကြားတယ်၊ ဒါနဲ့ နေပါဦး ... ဟိုတလောက ကျွန်မ ကြားတာတော့ ဒေါ်တင်ညွှန့်က အပေါက်ဆိုး အပြောကြမ်း ကပ်စေးနှဲပြီး အလုပ်သမားတွေကို အနိုင်ကျင့်တတ်လို့ ဘယ်အလုပ်သမားမှ ဒေါ်တင်ညွှန့်ဆီမှာ အလုပ်မလုပ်ချင်ကြဘူးဆိုလား၊ ဒါ့ကြောင့် ဒေါ်တင်ညွှန့်က တွေ့ရာလူ လှမ်းခေါ်ပြီး သနားအောင်ပြောပြီး ဟိုခိုင်း ဒီခိုင်း ခိုင်းနေတယ်ဆိုလား၊ ကြွေးယူပြီးရင် အတိုးရော အရင်းပါ ပြန်မပေးဘဲ ဈေးထဲက ပန်းတိမ်မှာတော့ ရွှေလက်ကောက် အပ်ထားတယ်ဆိုလား"

"ညည်း ... ညည်း ဒါတွေ ဘယ်လိုသိ ..."

"ဟင်း ဟင်း ... အဒေါ် မကြားဖူးဘူးလား၊ နံရံတိုင်းမှာ နားရှိတယ်ဆိုတာ၊ အဒေါ့်အကြောင်းတော့ အနီးအနား ရပ်ကွက်က လူတွေအားလုံး သိတယ်၊ ကိုရွှေတိုးပဲ မသိတာ၊ ဒီမှာ အဒေါ်ရဲ့ ... ကြွေးမပေးချင်တိုင်း ကိုရွှေတိုးကို ဖိနှိပ်ပြောမနေနဲ့၊ ကိုရွှေတိုးက ထုံတုံ့အတုံ့သူ မဟုတ်ဘူး၊ သူ အားနာလို့ ငြိမ်ခံနေတာကျွန်မသိတယ်၊ သူက အင်မတန် အတွေးအခေါ်ကောင်းတဲ့သူ၊ အင်မတန် ဉာဏ်ကောင်းပြီး ခေတ်မီတဲ့ တော်တဲ့ ထက်မြက်တဲ့သူ ...၊ အဒေါ်မို့ သူ့ကို ဒီလိုပြောရဲတာများ အံ့သြပါရဲ့ရှင် ..."

"သြော် ... အဟင်း ... ဟုတ်လား"

ဒေါ်တင်ညွှန့်က ရယ်ချင်သော်လည်း မရယ်ရဲ ...။ ညိုစိမ့်ဆိုတာ အင်မတန် ဖျတ်လတ်နှုတ်သွက်သူ၊ မှန်ရာကို ပြော



www.burmeseclassic.com

www.burmeseclassic.com



ထွက်ရဲသူ၊ သူပြောသမျှလည်း မှန်နေတာမို့ အသာနှုတ်ဆိတ်နေလိုက်ရ၏။

ရွှေတိုးသည်ကား ကိုယ့်ရှေ့က မားမားမတ်မတ်ရပ်ပြီး သတ္တိပြောင်ပြောင် ချက်ကျလက်ကျ ပြောနေတဲ့ ညိုစိမ့်ကို ပါးစပ်အဟောင်းသားလေး ငေးမောရင်း လူတစ်ကိုယ်လုံးကို ပီတိပိုက်ကွန်ကြီးဖြင့်ခြုံလွှမ်းသွားသလို ခံစားနေရ၏။ သို့သော် တစ်ချိန်တည်းမှာပင် ကိုယ့်အလုပ်အမှန်ကို ညိုစိမ့် သိပြီမို့ မျက်နှာမထားတတ်အောင် ရှက်သွားမိ၏။

ညိုစိမ့်မှာကား ပြောစရာတွေ မကုန်သေး ...။

"အဒေါ်ကို ကျွန်မ သတိပေးလိုက်မယ်၊ ဒီနေ့က စပြီး ကိုရွှေတိုးကို လေးလေးစားစား ဆက်ဆံပါ၊ သူ့ကြွေးကို မှန်မှန်ပေးပါ၊ ဒီလိုမှမဟုတ်ရင် ညိုစိမ့်အကြောင်း သိစေရမယ်၊ ကဲ ... လာ ... ကိုရွှေတိုး သွားကြမယ်၊ ဒီမှာ အဒေါ် အဒေါ်ဆိုင်မှာ ကျွန်မ ဘယ်တော့မှ ဈေးမဝယ်တော့ဘူး ဆိုတာ မှတ်ထားလိုက် ..."

ညိုစိမ့်က ရွှေတိုးကိုခေါ်ကာ ရှေ့က လှည့်ထွက်သွားတာမို့ ရွှေတိုးက ကမန်းကတန်း မီအောင် လိုက်လာခဲ့ရ၏။

ညိုစိမ့်က စက်ဘီးလေးကို တွန်းထွက်သွားတာမို့ ရွှေတိုးက စက်ဘီးရဲ့ တခြားတစ်ဖက်မှ အတူယှဉ်လျှောက်လာခဲ့ရင်း ညိုစိမ့်မျက်နှာလေးကို မရဲတရဲ ငဲ့ကြည့်ကာ ...

"ညိုစိမ့်က သတ္တိကောင်းလိုက်တာ ..."

"ကြားရတာ မကောင်းတော့ဘူးလေ ကိုရွှေတိုးရဲ့၊ ဘယ့်





နှယ် ... လူကြီးဖြစ်ပြီး ဒီလို လိမ်ညာ အနိုင်ကျင့် ဖိနှိပ်ပြောနေစရာလား ... ကိုရွှေတိုးလို လူကိုများ မလေးမစား ..."

ညိုစိမ့်ရဲ့ စကားတွေက ရဲရဲတောက်နေ၏။ ရွှေတိုးတော့ စိုးရိမ်မကင်းစိတ်လေးဖြင့် မရဲတရဲ စကားစပြန်၏။

"ဟို ... ဟိုလေ ... ညိုစိမ့်၊ ကျွန်တော် ဘဏ်မန်နေဂျာလုပ်တယ်လို့ ပြောထားတာကလေ ..."

"ဪ ... ဒါတွေ ညိုစိမ့်နားလည်တယ် ကိုရွှေတိုး၊ ကိုရွှေတိုးတို့အလုပ်ကို ညိုစိမ့်လို လူပြိန်းနားလည်အောင် ဒီလိုဥပမာနဲ့ပြောမှ ဖြစ်မှာပေါ့၊ ဘဏ်နဲ့ ဥပမာထားပြောတော့ ညိုစိမ့်မှတ်ရလွယ်တာပေါ့၊ ကိုရွှေတိုးတို့ အလုပ်ကလည်း ဘဏ်နဲ့ သဘောတရားချင်း အတူတူမို့ ဒီလို နိုင်းနှိုင်းပြောထားတယ်ဆိုတာ ညိုစိမ့် နားလည်တယ် ..."

ညိုစိမ့်ရယ် ...။

ရွှေတိုးသည် ချစ်ရသော ညိုစိမ့်ကို ငေးခနဲ ကြည့်ိုက်မိရင်း မျက်ဝန်းထဲမှာ မျက်ရည်ဝေ့လည်လာသည်။ ကိုယ့်ို အကြွင်းမဲ့ အထင်ကြီးလေးစား ယုံကြည် တန်ဖိုးထားသော ီသိမိန်းကလေးမျိုးလောက် ကိုယ့်အတွက် အဖိုးတန်တာ မရှိပြီ။

ညိုစိမ့်က စက်ဘီးကိုတွန်း၍ လျှောက်နေရင်းက ူဘက်ကို ငဲ့ကြည့်လိုက်ရင်း ...

"သူများတကာက ကိုရွှေတိုးကို နှိမ်ရင် လုံးဝ ခေါင်းငုံ့မခံရဘူးနော်၊ ကိုရွှေတိုး၊ ကိုရွှေတိုးကို တဟဲ့ဟဲ့နဲ့ ဟိန်းဟောက်ပြောလည်း ငြိမ်ခံမနေနဲ့၊ လူကိုစကားပြောတာများ ...



www.burmeseclassic.com

www.burmeseclassic.com



မောင်းသလို တဟဲ့ဟဲ့ ပြောစရာလား၊ ကိုရွှေတိုးက သူမျ
အနှိမ်ခံရမယ့် ခပ်နုံနုံအအလူမျိုး မဟုတ်ဘူး၊ လေးစားခံ
မယ့်သူ၊ ရိုသေခံရမယ့်သူ၊ သူများက အထင်ကြီးရမယ့်သူ"

"ဟုတ်ပါ့မလား ညိုစိမ့်ရယ် ..."

"အို ... ဘာလို့ မဟုတ်ရမှာလဲ၊ ကိုရွှေတိုးက ဉာဏ်လည်း
ကောင်းတယ်၊ စိတ်ထားလည်းကောင်းတယ်၊ ဥပဓိရု
လည်း ကောင်းတယ်၊ ရိုးလည်းရိုးတယ်၊ လေးစားထိုက်
အရည်အချင်းတွေ အပြည့်ရှိတယ်"

"ညိုစိမ့်ကရော လေးစားလားဟင်"

"အို ... လေးစားတာပေါ့၊ ညိုစိမ့်ကလည်း ကိုရွှေတိုး
လေးစားတယ်၊ သူများတကာက ကိုရွှေတိုးကို မလေး
ရင်လည်း ဒေါသဖြစ်တယ်"

အင်း ... ခုချိန်မှာ သေရမယ်ဆိုလည်း သေပျော်
ပြီဟု ရွှေတိုးက တွေးလိုက်မိ၏။ မသေခင် တရားဝင်တော့လည်
ချစ်သွားချင်သေးတာမို့ ရွှေတိုးက အရဲစွန့်ဖို့ ဆုံးဖြတ်ကာ ...

"ဟို ... လေး ... လေးစားရုံပဲလားဟင် ... ညိုစိမ့် ..."

ဟု မေးလိုက်၏။ ညိုစိမ့်က ပြုံးတုံ့တုံ့လေး ဖြစ်သ
ကာ ...

"အဟင်း ... တခြားလည်း ရှိသေးတာပေါ့ ..."

"ပြောပြပါလားဟင် ..."

"မပြောပြချင်ပါဘူး ..."





ရွှေတိုးက စကား ဘယ်လိုဆက်ရမှန်းမသိဘဲ ငြိမ်
သွားပြီးမှ ...

"ဟို ... ကျွန်တော် စုထားတဲ့ ပိုက်ဆံလေးတွေက လက်စွပ်
လေးတစ်ကွင်း လုပ်လို့ရနေပြီ ညိုစိမ့်ရဲ့ ..."

"အဲ့ဒီတော့ ..."

"အဲ့ဒါ ... ညိုစိမ့် လက်သူကြွယ်လေးကို ဝတ်ပေးချင်လို့
ညိုစိမ့် ဝတ်ပါ့မလားလို့ ..."

"ဝတ်မှာပေါ့ ကိုရွှေတိုးရဲ့ ..."

ညိုစိမ့်က မဆိုင်းမတွ ဖြေလိုက်တာမို့ ရွှေတိုးက
ပျော်သွားကာ ...

"တကယ် ... တကယ်လား"

"တကယ်ပေါ့ ..."

"ညိုစိမ့် ကျွန်တော့်ကို ချစ်တယ်ပေါ့"

"ကိုရွှေတိုးကရော ..."

"ချစ်တာပေါ့၊ အရမ်းချစ် ..."

"မိတူး ..."

"ဟင် ... ဘာလဲ ... မိတူး"

ရွှေတိုးက ကြည်နူးရင်ခုန်နေရာမှ ညိုစိမ့်ရဲ့ 'မိတူး'
ကြောင့် ရုတ်တရက် ကြောင်သွား၏။ ညိုစိမ့်က ရွှေတိုးကို မျက်
စောင်းလုလုလေး ထိုးလိုက်ရင်း ...

"ဒါတောင် မသိဘူးလား၊ အတူတူပဲလို့ ပြောတာလေ၊
ရုပ်ရှင်တွေ ဝတ္ထုတွေထဲမှာ ခဏခဏပါတယ်လေ ..."



www.burmeseclassic.com

www.burmeseclassic.com



"မီတူး၊ ဩော် ... မီတူး (me too) ကို ပြောတာထင်တယ်၊ အိမ်က ဦးလေးက ဟိုတစ်ခါ နိုင်ငံခြားကား ကြည့်တုန်းက ပြောပြဖူးတယ်"

"အင်း ... ဟုတ်တယ် ... မီတူး ... မီတူး ..."

"ဟာ ... ဒါ ဒါဆို ... ညိုစိမ့်ကလည်း ကိုရွှေတိုးကို ချစ်တယ်ပေါ့နော်"

"အင်းပေါ့ လို့ ..."

"မီတူး ... မီတူး၊ ဟား ... ဟား ... ပျော်လိုက်တာ ညိုစိမ့်ရာ"

ရွှေတိုးသည် မျောက်ကလေးလို ခုန်ဆွ ခုန်ဆွနှင့် အနီးအနား သစ်ပင်တွေပေါ် ပြေးလွှား တက်လိုက်ချင်စိတ်ကို မနည်း ဣန္ဒြေဆည်ထားရဆဲ ... ညိုစိမ့်က ရှက်ရှက်နှင့် စက်ဘီးလေးကို တွန်းကာ နင်းထွက်သွားနှင့်လေသည်။

သူတို့အချစ်သည် ဤသို့ဤနှယ် ပွင့်လင်းချိုမြစွာ စတင်လာခဲ့၏။

■ ■ ■



# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com



(၁၂)

❖ ❖ ❖

ညိုစိမ့်နှင့် ရွှေတိုးတို့သည် အပြန်အလှန် ချစ်ခင်လေးစား တန်ဖိုးထားမှုများဖြင့် ချစ်သူများဖြစ်လာကြပြီးနောက်တွင် တစ်ယောက်၏ချစ်ခြင်းက တစ်ယောက်ကို စိတ်ဓာတ်ခွန်အား ဆေးစွမ်းနိုင်ခဲ့ကြတာတော့ အမှန်ပင်တည်း။

ရွှေတိုးသည် ညိုစိမ့်ကြောင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်အထင်ကြီးလာ၏။ ကိုယ်ဟာ ကိုယ်ချစ်သော မိန်းမတစ်ယောက်ရဲ့ လေးစားတန်ဖိုးထားမှုကို ခံယူထားရသည့် ယောကျ်ားတစ်ယောက် ဖြစ်ခဲ့ပြီမို့ သူများနိမ့်တာတော့ လုံးဝမခံဟု ဆုံးဖြတ်ထား၏။

တစ်နေ့ ... ရွှေတိုး အပြင်ထွက်ခါနီးမှာ ဒေါ်စိန်လုံးက ထုံးစံအတိုင်း အနားရောက်လာကာ ...

"ဟဲ့ ... ရွှေတိုး နင် တောင်းစရာရှိတဲ့ အကြွေး ရအောင်တောင်းပြီး စောစောပြန်ခဲ့နော် ... ဟဲ့ ... ကြားလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလျှင် ဖိနပ်ငုံ့တိုက်နေသော ရွှေတိုးက အရင်လို 'ဟုတ်ကဲ့ပါ ဒေါ်လေးရဲ့'ဟု ခေါင်းညိတ်မတုံ့ပြန်ဘဲ ဆတ် ခနဲ ခေါင်းမော့ကာ မတ်တတ်ထရပ်ပြီး ဒေါ်စိန်လုံးနှင့် မျက်နှာ ချင်းဆိုင်လိုက်၏။

"ဒီမှာ ... ဒေါ်လေး"

"ဟဲ့ ... ကလူ ... ကလူ ...၊ ဘာဖြစ်ပ္ပာလဲဟဲ့၊ လန့်လိုက်တာ ...၊ မျက်လုံးပြူးကြီးနဲ့ ငါ့ကိုကြည့်နေလိုက်တာများ"

ဒေါ်စိန်လုံးက အနီးကပ် မြင်နေရသော ရွှေတိုးရဲ့ မျက်နှာတည်တည်ကြီးကြောင့် အံ့သြလန့်ဖျပ်ကာ ရင်ဖိမိ၏။

ရွှေတိုးကား မတုန်လှုပ်။ ရင်အနည်းငယ် ကော့၍ ခပ်မတ်မတ်ရပ်လျက် တည်ကြည်ခံ့ညားသော မျက်နှာထားဖြင့် ဒေါ်စိန်လုံးကို ကြည့်ရင်း ...

"ဒေါ်လေး ... ကျွန်တော့်ကို လေးလေးစားစား ဆက်ဆံရင် ကောင်းမယ်ထင်တယ်"

"အောင်မယ် ... ဒါက ဘာရောဂါလဲ"

"ဒေါ်လေး ကျွန်တော့်ကို စကားပြောရင် တဟဲ့ဟဲ့နဲ့ မပြောပါနဲ့ ..."

"တစ်သက်လုံး ဒီလိုပြောလာတာ ခုမှ အဆန်းလုပ်ရသလား ဟဲ့ ..."

"ဟော ... ပြောပြန်ပြီ၊ ဒီမှာ ဒေါ်လေးရဲ့ ... လူလူချင်း စကားပြောတာ တိရစ္ဆာန်မောင်းသလို တဟဲ့ဟဲ့နဲ့ စကားပြောစရာ မလိုဘူး၊ ဒေါ်လေး ကျွန်တော့်ကို စကားပြောရင်





'ဟဲ့' ... ကြားလား၊ ဟဲ့ ... ကြားလားလို့ မပြောပါနဲ့၊ ကျွန်တော် နားမပင်းဘူး၊ ကြားတယ် ..."

"ကြည့်စမ်း ... ကြည့်စမ်း ... နင် ခုတလော မြောက်ကြွ မြောက်ကြွနဲ့ ဘာတွေ ဘဝင်မြင့်နေတာလဲ ရွှေတိုးရဲ့၊ နင့်ကို ငါပြောနေတာ တမင် နှိမ်နေတာမဟုတ်ဘူးဟဲ့၊ ငါ ပြောနေကျမို့ ပြောနေတာ ..."

"ပြောနေကျဆိုပေမယ့် နောက်မပြောမိအောင် သတိထားပြီး ပြင်ပေါ့ ဒေါ်လေးရဲ့၊ ကျွန်တော်က ဒေါ်လေး မြင်သလို ထုံထုံအအ လူမျိုး မဟုတ်ဘူးလေ"

"ဩော် ... အေး ... နင် ဘယ်တုန်းက ဉာဏ်ကောင်းသွားမှန်း မသိလိုက်လို့ပါ ရွှေတိုးရယ်၊ ငါ ကြိုးစားပြီး ပြင်ပါ့မယ်နော်၊ ခုတော့ ကြွေးတောင်းဖို့ ကြွလိုက်ပါဦး ..."

"ကောင်းပြီလေ ... ကျွန်တော် ကြွေးတောင်းဖို့ ကြွလိုက်ပါဦးမယ်"

ရွှေတိုးက ခပ်တည်တည်ပြောကာ အိမ်ပေါ်မှ ဆင်းသွား၏။ ဒေါ်စိန်လုံးက ဆွေ့ဆွေ့ခုန် ကျန်ခဲ့ကာ ...

"အံမလေး ... အံမလေး ... ရပ်ကိုက ဖြစ်သွားလိုက်တာ၊ ကိုမြအေးရေ ... တော့် ... ကိုမြအေး ..."

"ဟေ ... ဘာတုန်း ... လုံးရဲ့ ..."

ဒေါ်စိန်လုံးက အိမ်ဦးခန်းမှာ ထိုင်နေသော ကိုမြအေးဆီ လျှောက်သွားလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ခုန … ရှင့်တူ ပြောသွားတာ ကြားလိုက်တယ် မဟုတ်လားဟင်၊ ရှင့်တူကြည့်ရတာ အခုတလော အရင်နဲ့မတူဘူး၊ မာနကြီးသလို ဘဝင်မြင့်သလို အာခံချင်သလိုလိုနဲ့၊ ဘာဖြစ်နေမှန်းကို မသိဘူး၊ ကြည့်ကျက်ဆုံးမထားဦး …"

"အေးပါကွာ … သူပြန်လာတော့မှ ငါ ဆုံးမလိုက်ပါ့မယ် လုံးရယ်၊ ဒေါသတွေ မထွက်နဲ့၊ အလှပျက်တယ်၊ သွား … သွား … လုပ်စရာရှိတာ လုပ်ပြီးရင် အတူထမင်းလက်ဆုံစားရအောင်"

ကိုမြအေးက ဒေါ်စိန်လုံးကို ချော့မော့နှစ်သိမ့်လိုက်တော့မှ နားပူသက်သာသွား၏။

ဦးမြအေးကိုယ်တိုင်လည်း ရွှေတိုး ဘာ့ကြောင့် ဒီလိုပြောင်းလဲလာသလဲဆိုတာ စိတ်တော့ ဝင်စားသားပင်။

ညနေ ရွှေတိုး ပြန်လာတော့ ဒေါ်စိန်လုံးက အိမ်မှာ မရှိ။ ဦးမြအေးက ပက်လက်ကုလားထိုင်မှာ ထိုင်၍ ဂျာနယ်ဖတ်ရင်းက ရွှေတိုးကို လှမ်းခေါ်လိုက်၏။

"ရွှေတိုး … ခဏလာခဲ့ဦး"

"ဟုတ်ကဲ့ …"

ရွှေတိုးက ဦးမြအေးရှေ့က ကုလားထိုင်မှာ ဝင်ထိုင်လိုက်၏။

ဦးမြအေးက ရွှေတိုး တစ်ကိုယ်လုံးကို လှမ်းခြုံအကဲခတ်၍ ပြုံးလိုက်ရင်း …

"မင်း … ရည်းစားရနေပြီ မဟုတ်လား"





"အဟဲ …"

"အောင်မယ် … မျက်နှာက၊ ဟုတ်ရင် ဟုတ်တယ်ပေါ့ကွ၊ ဝန်ခံစမ်းပါ …"

"အဟဲ … ဟုတ်တယ် ဦးလေး"

"မင်း အရင်ကြိုက်တဲ့ ကြိုးစားနေတယ်ဆိုတဲ့ ကောင်မလေးနဲ့ပဲလား …"

"အဟဲ … ဟုတ်ကဲ့"

"တဟဲဟဲနဲ့ ပါးစပ်လေး ဘာလေးတောင် မစေ့တော့ပါလား၊ သိပ်ပျော်နေတယ်ပေါ့ … ဟုတ်လား"

"ပျော်တာပေါ့ ဦးလေးရဲ့၊ ဘယ့်နှယ်ပြောပါလိမ့်"

"မင်း ကောင်မလေး နာမည်က ဘာတဲ့လဲ …"

"ညိုစိမ့်တဲ့ ဦးလေးရဲ့"

"ကောင်မလေးက အလုပ်လုပ်လား"

"လုပ်တယ် ဦးလေး …"

"ဘာလုပ်လဲ …"

"… လမ်းထိပ်က သူ့အမေရောင်းတဲ့ ထမင်းကြော်ဆိုင်အတွက် ဟင်းမျိုးစုံကို သူပဲချက်ရတာ ဦးလေးရဲ့ …"

"မိုက်တယ်ကွာ …၊ အဲ့ဒီတစ်ချက်ကိုတော့ အရမ်းကြိုက်တယ်ကွာ …"

ဦးလေးက နှစ်ထောင်းအားရကြီး ထအော်လိုက်တာမို့ ရွှေတိုးက ကြောင်သွားကာ …

"ဘာကို မိုက်တာလဲ ဦးလေးရဲ့ …"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို ဟင်းမျိုးစုံကို လူကြိုက်အောင် ရောင်းတန်းဝင်အောင် ချက်တတ်တယ်ဆိုတာ ဘယ်လောက်မိုက်လဲ၊ ယောကျ်ား တစ်ယောက်ရဲ့ ဘဝမှာ ခံတွင်းမြိန်ဖို့လည်း အရေးကြီးတာပဲ ရွှေတိုးရဲ့၊ ငါ့ဘဝဆို ကြည့် … မင်း ဒေါ်လေးရဲ့ ကမ်းကုန်အောင် ညံ့တဲ့ ဟင်းချက်လက်ရာကို ကြိတ်မှိတ်စားလာခဲ့ရတာ ဘယ်လောက် ဝဋ်ကြီးသလဲ၊ ပိုက်ဆံရှိလို့ အပြင်မှာ ထွက်စားနိုင်ရင်တောင် ကိုယ့်အိမ်မှာ စားရတဲ့ အရသာနဲ့တော့ ဘယ်တူမလဲ …၊ ကိုယ်စားချင်တဲ့ အချိန်မှာ ကိုယ်စားချင်တာလေးကို အိုးမကျွာ အိမ်မကျွာ စားရတာ ဘယ်လောက် ကံကောင်းသလဲ …၊

"အဲ့ဒီ ထမင်းကြော်ဆိုင်မှာ ငါစားဖူးတယ်၊ အရမ်း စားကောင်းတာကွ၊ ဒါ မင်းကောင်မလေး လက်ရာပေါ့၊ ဟား … မိုက်တယ်ကွာ၊ မင်းတို့ ယူပြီးလို့ ကောင်မလေးကို ဒီအိမ်ခေါ်လာရင် ငါတောင် ဆင်ဖြူတော်မှီပြီး ကြံစုပ်လို့ရတယ်ကွာ …"

ဦးမြအေးက လွတ်ပျော်နေသော်လည်း ရွှေတိုးက ငြိမ်တွေနေပြီးမှ …

"ဒီအိမ်ပေါ် ခေါ်တင်လာဖို့တော့ မဖြစ်နိုင်ပါဘူး ဦးလေးရာ၊ ဒေါ်လေးက ဘယ်လက်ခံပါ့မလဲဗျ …"

"အေး … ဒါတော့ ဟုတ်သား၊ ပြီးတော့ တို့အိမ်မှာက အိပ်ခန်းအပိုလည်း ရှိတာမဟုတ်"





"ယူဖို့တော့ ဆေးဦးမယ်ထင်ပါတယ် ဦးလေးရာ၊ ကျွန်တော့်မှာ ပိုက်ဆံမှ မရှိတာ"

"ဒါတွေ ခဏမေ့ထားလိုက်စမ်းပါကွာ၊ ပိုက်ဆံရှိရှိ မရှိရှိ ဘယ်သူမဆို မိန်းမတစ်ယောက်တော့ အချိန်တန် ရနိုင်သေးတာပဲ၊ သူ့ဟာသူဖြစ်လာလိမ့်မယ်၊ ကံတရားဆိုတာ ပြောမရဘူး၊ မှန်းတိုင်းလည်း မဖြစ်၊ မမှန်းပေမယ့်လည်း ဖြစ်ချင်ဖြစ်တာ၊ ဖူးစာပါရင် မညားမရှိဘူး၊ ဒါနဲ့ … မင်းကောင်မလေးကို မင်း ချစ်တာတော့ သေချာတယ် မဟုတ်လား"

"ဟာ … ဘယ်လိုပြောလိုက်တာလဲ ဦးလေးရာ၊ သေချာတာမှ သိပ်သေချာတာပေါ့ဗျာ"

"ကဲ … ပြောစမ်းပါဦး၊ ချစ်တယ်ဆိုတာ ဘယ်လိုမျိုးကြီးတုန်း၊ မင်း ခံစားရတာတွေ ပြောပြစမ်းပါ"

"ဟာ … ရင်ထဲမှာ ဘယ်လိုကြီးမှန်းကို မသိပါဘူး ဦးလေးရာ …"

"ဘာကို ဘယ်လိုကြီးတုန်းကွ၊ သေချာ ပြောစမ်းပါ"

"တဇတ်ဇတ် တဒိတ်ဒိတ် ဖြစ်ဖြစ်နေတာဗျ"

"ဟေ … ဘယ်လို …"

"သူ့အကြောင်း တွေးလိုက်တာနဲ့ ဒီရင်ဘတ်ထဲက ဒိတ်ခနဲ ဒိတ်ခနဲ ဖြစ်လာတယ်ဗျာ၊ သူ့ကိုတွေ့လိုက်တာနဲ့ ဒီဒူးက ဇတ်ခနဲ ဇတ်ခနဲ ဖြစ်လာတာဗျာ"

"ပြီးတော့ရော …"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကိုယ်ကျွန်တော် သူရဲကောင်းလို့ ထင်လာတာ ဗျ၊ သူ့အတွက်ဆို ဘာမဆို ကာကွယ်စွမ်းဆောင်နိုင်လိမ့် မယ်လို့ထင်တယ်၊ သူက ကျွန်တော့်ကို အထင်ကြီးလေးစား တော့ ကျွန်တော် ကိုယ့်ဘဝကိုယ် လုံးဝ အားမငယ်ဘဲ အားတွေရှိလာတယ်၊ ကိုယ့်ကိုယ်ကိုယ် လူညံ့လို့ လုံးဝ မထင်တော့ဘူး ..."

"အချစ်က ပေးတဲ့ ခွန်အားတွေပေါ့ကွာ ... မဟုတ်ဘူး လား"

"ဟဲဟဲ ... ဟုတ်တယ်ဗျ"

ဦးမြအေးမှာ မိန်းမမှာထားသလို ရွှေတိုးကို ဆုံးမဖို့ သတိမရဘဲ ရွှေတိုးရဲ့ အချစ်ရေယာဉ်ကြောမှာ မျောပါ၍နေလေ၏။

ဒေါ်စိန်လုံး ပြန်လာတော့ ဦးမြအေးနားသွားကာ တီးတိုး ကပ်မေးလိုက်၏။

"ဘယ့်နှယ်လဲ ကိုမြ၊ ရွှေတိုးကို ဆုံးမလိုက်ရဲ့လား ..."

"ဆုံးမတာပေါ့ကွာ၊ လုံးကို ဒီကောင် ဒီလိုပြောသွားတာ ကိုယ်က မဆုံးမဘဲ နေပါ့မလား လုံးရယ်"

ကိုမြအေးကား ဤသို့ ပလီတတ်သူကြီးတည်း။

■ ■ ■



စတိုင်လ်ကျကျ ချက်တော့မည်

(၁၃)

❖ ❖ ❖

"ဂလုံ ..."

"ဂလွမ်း ..."

"အမေ့ ..."

ငါးကျည်းကြော် ပူပူနွေးနွေး ဗန်းကလေးကို အပူခံ လက်အိတ်လုလုလေး စွပ်ထားသော လက်ဖြင့် မထိမိ ကြွကြွ ရှုရှုလေး ကိုင်လိုက်သောအခါ စတီးလ်ဇလုံလေးက ညိုစိမ့်လက် ထဲမှ လျှောခနဲ ပြုတ်ကျသွားခဲ့လေသည်။

ငါးကျည်းကြော်တွေက မြေပေါ်မှာ ပြန့်ကျဲကုန်၏။

ထိုအချိန်မှာပဲ ညိုစိမ့်အမေ ဒေါ်ဥက ညိုစိမ့်နောက်မှာ ရပ်လာကာ

"ဟင် ... ကြည့်စမ်း ... ငါးကြော်တွေ ကုန်ပါပြီဟဲ့ ညိုစိမ့် ရဲ့၊ နင် ဘယ်လိုဖြစ်နေတာလဲဟင်၊ ကဲ ..."

ဒေါ်ဥက ပြောပြောဆိုဆို ညိုစိမ့် ခေါင်းကို ဂေါက်ခနဲ ခေါက်ပစ်လိုက်ရင်း ...

"မိချိုရေ ... မိချို ... လာစမ်း၊ ဒီ ငါးကျည်းကြော်တွေ



www.burmeseclassic.com

www.burmeseclassic.com



လာကောက်စမ်း၊ အမလေး … လွှင့်ပစ်ရလည်း အခက်၊ ပြန်ရောင်းရလည်း အခက်၊ ကဲ … လွှင့်သာပစ်လိုက်ပါတော့ ဟယ်၊ ကဲ … မိညိုစိမ့် … လာစမ်းပါဦး၊ ညည်းကို ငါ မေးရပါဦးမယ်"

ဒေါ်ဥက မီးဖိုချောင်ထဲက ထွက်သွားပြီး အိမ်ရှေ့ ကွပ်ပျစ်ဆီ လျှောက်သွားတာမို့ ညိုစိမ့်က ဒေါ်ဥနောက်မှ တွန့် ဆုတ်ဆုတ်လေး လိုက်လာခဲ့ရ၏။

ဒေါ်ဥက ကွပ်ပျစ်ပေါ်မှာထိုင်ကာ သူ့ရှေ့မှာ ခေါင်း ငုံ့ရပ်နေသည့် ညိုစိမ့်ကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်၏။ ညိုစိမ့် ကိုယ်ပေါ်မှာ ဝတ်စုံပြည့် ဆင်မြန်းထား၏။ ခေါင်းပေါ်မှာ ပန်းနု ရောင် စားဖိုမှူးခေါင်းစွပ်ကလေး စွပ်ထား၏။ လက်မှာက အပူခံ လက်အိတ်ပန်းနုရောင်။ ကိုယ်ပေါ်မှာက အနားတွန့်ကလေးတွေနှင့် ကာတွန်းရုပ်လေးတွေပါသော ရှေ့ဖုံးခါးစည်း(အေပရွန်)လေး ဝတ် ထား၏။

ဒေါ်ဥက ခြေဆုံး ခေါင်းဆုံး အစုန်အဆန် နှစ်ခါ လောက် ကြည့်လိုက်ပြီးမှ နှုတ်ခမ်းကို မသိမသာ မဲ့လိုက်ရင်း …

"ညည်း …ဘာဖြစ်လို့ ဝါးလုံးခေါင်းထဲ လသာနေရတာလဲ"

"ရှင် … "

ညိုစိမ့်က နားမလည်သလို မျက်လွှာပင့်ကြည့်၏။

"ညည်းကိုယ်ညည်း မှန်ထဲပြန်ကြည့်ဦးလေ၊ တကတည်း စားသောက်ဆိုင်မှာ ချက်နေရတာလည်း မဟုတ်၊ မီးဖိုချောင် အကောင်းစားကြီးထဲမှာ ချက်နေရတာလည်း မဟုတ်၊ ဒီ





မြေစိုက် မီးဖိုခန်းထဲမှာ အိုးမည်းပေပေနဲ့ ချက်ပြုတ်နေရတာ ကို အဲ့ဒီ တန်ဆာတွေက ဘာဝတ်ဖို့လိုတုန်း၊ ဘယ်သူမြင် မှာမို့လို့တုန်း … "

"အမေကလည်း … "

"ဘာအမေကလည်းလဲ …၊ ဘာဆင်ခြေပေးချင်လို့လဲ"

"သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းလေးဖြစ်အောင် ဝတ် ထားတာပါ အမေရယ် …၊ ခေါင်းစွပ်ကလေး စွပ်ထား တော့ သမီးဆံပင်တွေ မီးခိုးစော် မနံ့ဘူးပေါ့၊ ဆံပင်စတွေ လည်း ဟင်းအိုးထဲမကျတော့ ကောင်းတာပေါ့၊ ပြီးတော့ သမီးမှာ တစ်နေ့ တစ်နေ့ ဒီမီးဖိုချောင်အလုပ်ထဲပဲ နစ်နေ တာ ဘယ်ကိုများ လှတပတ ရှိုးထုတ်ပြီးသွားရလို့လဲ …၊ တခြားသွားပြီး အလှပြစရာမရှိလို့ ကိုယ့်အိမ်မှာ ကိုယ် လှလှပပလေး ဝတ်ထားမိတာကို … အမေက ဆူဖို့ပဲ … "

"အမယ် … ဆူမိတဲ့ ဒီအမေ့အလွန်ပဲ ဖြစ်ရဦးမယ်၊ ကဲ … ထားပါတော့၊ ညည်း အခုဖြစ်နေတဲ့ပုံက၊ ကိုယ့်အိမ်က မီးဖိုခန်းထဲမှာ ထမင်းဟင်း ချက်ပြုတ်နေတာနဲ့ မတူတော့ ဘူး၊ တစ်ခါတည်း ဒါတွေဝတ်ပြီး ချက်ကတည်းက ဟင်း ချက်တဲ့ ဇာတ်ဝင်ခန်းပဲ ရိုက်နေတော့သလို နုနုရွရွ လှလှပပ မလှုပ်တလှုပ်နဲ့ အလုပ်လုပ်တာက လက်ကြောမတင်းတော့ ဘူး …၊ သွက်သွက်လက်လက် မလုပ်တော့ဘူး၊ မဝတ်စဖူး လက်အိတ်ကြီးဝတ်ပြီး ပစ္စည်းကိုင်တော့ မထိသလိုထိသလို နဲ့ ပစ္စည်းက လျှောကျပြုတ်ကျရော … "



www.burmeseclassic.com

www.burmeseclassic.com



အမေပြောတာ မမှားတာမို့ ညိုစိမ့်က ငြိမ်နေရသည်။ တကယ်လည်း ဒီလက်အိတ်ကြီးစွပ်ပြီး ကိုင်ရတာ ဘယ်လိုကြီးမှန်း မသိ ...။ ကိုယ်ကိုင်တဲ့ပစ္စည်းကို ထိလို့ထိမှန်းလည်း မသိ။ မထိဘဲနဲ့လည်း ထိတယ်ထင်၏။ ဖွဖွလေးကိုင်မိတော့ ပစ္စည်းက လျှောခနဲ လွတ်ကျ၏။ ဒီလိုနဲ့ လွတ်ကျသည့် ဟင်းခွက်တွေလည်း မနည်း။

သို့သော် ... ကိုရွှေတိုး ပေးတဲ့ ဒီလက်အိတ်လေးကိုတော့ မီးဖိုချောင်ဝင်တိုင်း ဝတ်ထားချင်မိ၏။ ကိုရွှေတိုးက တန်ဖိုးထားသော ညိုစိမ့်ရဲ့လက်ကလေးတွေကိုလည်း မထိမခိုက်မိအောင် တရိုတသေ သန့်သန့်ရှင်းရှင်း ‘ဥ’ထားချင်တာမို့ ညိုစိမ့်လက်ကို ဆီပေမှာလည်း စိုး၊ မီးသွေးပေမှာလည်းစိုး၊ အပူလောင်မှာလည်း စိုး၊ ပွန်းရှမှာလည်း စိုး ...။ အဲ့ဒီလို စိုးရိမ်ရတာလေးတွေကြောင့် ဘာလုပ်လုပ် ကြွကြွရွရွ ဖွဖွလေး ကိုင်တွယ်လုပ်ကိုင်နေခဲ့မိတာ ဖြစ်သည်။

“နောက်ပြီး ငါ ကြည့်ကြည့်နေတယ်၊ နင် ဒါတွေဝတ်ပြီး အလုပ်လုပ်ကတည်းက ဘာလုပ်လုပ် ခြေမထိလက်မထိနဲ့ ဘာဖြစ်နေတာလဲ၊ ငါးကြော်ရင်လည်း ဒယ်အိုးနား မကပ်ဘူး၊ ဟင်းအိုးဆီသတ်ရင်လည်း သေချာနားနားမသတ်တော့ ဟင်းအရသာက မကောင်းတော့ဘူး ...”

“ဟို ... ဆီအိုးနားကပ်ရင် သမီး ဝတ်ထားတဲ့ အေပရွန်ကို ဆီစင်ပြီး ညစ်ပတ်ကုန်မှာစိုးလို့ပါ ...”

“ဟယ် ... အံ့သြပါ့ ညိုစိမ့်ရယ်၊ ငါ တကယ် သြချပါရဲ့၊





နင် အခုဝတ်ထားတဲ့ အေပလွန်ဆိုလား ဘာလား ဒီအပေါ်က ထပ်ဝတ်ရတဲ့ဟာက အညစ်အပေခံဖို့ ဝတ်ရတဲ့ဟာ မဟုတ်ဘူးလား၊ နင့်အဝတ်အစားတွေကို ပေမှာစိုးလို့ ကာကွယ်ပြီး ဝတ်ရတဲ့ဟာလေ ...၊ နင်က ဒါကိုပဲ ပေမှာစိုးနေတယ်ဆိုတော့ ငါ့နှယ် ဘာပြောရမှန်းတောင် မသိတော့ပါဘူး ညိုစိမ့်ရယ် ...”

အမေက သြချနေသော်လည်း ညိုစိမ့်ကတော့ ခပ်တည်တည်ပင်။ ဘာဖြစ်လဲ ... ညိုစိမ့်ကတော့ ညိုစိမ့်အကျီတွေ ပေရေကုန်မှာထက် ဒီအေပရွန် ပေရေစွန်းထင်းသွားမှာပဲ စိုးသည်။ မြန်မြန်ဆန်ဆန်ကြီး ဟောင်းနွမ်းမည်းညစ်မသွားစေချင်။ ကိုရွှေတိုး ပေးသည့် ပစ္စည်းဆို အသက်ထက်ဆုံး ‘ဥ’ ထားချင်သည်။

“နေစမ်းပါဦး ... ညည်းက ဒါတွေကို ဘယ်ကရှာဖွေဝယ်လာတာတုန်း ...”

“ဈေးထဲက ...”

“ဒီနားက ဈေးထဲမှာ ဒါမျိုး ငါ မတွေ့မိပါဘူး”

“အမေ မသိလို့ပါ၊ အသစ်ရောက်တာ မကြာသေးဘူး”

“ကဲ ... ကဲ ... သွားတော့၊ လုပ်စရာရှိတာလုပ်၊ ညည်း လက်အိတ်ကြီးတော့ ချွတ်ပြီးလုပ်၊ တော်ကြာ မထိသလို ထိသလိုဖြစ်ပြီး ခုနလို ပြုတ်ကျနေဦးမယ် ...”

အမေ့စကားကြောင့် ညိုစိမ့်သည် အမေ့ကို နာကြည်းသွားမိလေသည်။

အမေဟာ ညိုစိမ့် လက်ချောင်းလေးတွေကို နည်း



www.burmeseclassic.com

www.burmeseclassic.com



နည်းလေးမှ တန်ဖိုးမထားပါလား။ ကိုရွှေတိုးလောက်တောင်မှ ညိုစိမ့်အတွက် စဉ်းစားမပေးပါလားဟု တွေးမိကာ မျက်ရည်ဝဲလာရင်း ...

"အမေဟာ သမီးကို နည်းနည်းမှ တန်ဖိုးမထားဘူး"

"အင် ..."

ဒေါ်ဥသည် သမီးဖြစ်သူရဲ့ ပါးစပ်က ထွက်လာသော မကြားဖူးသော စကားကြောင့် ကြောင်သွား၏။

"သမီး လက်ချောင်းလေးတွေ အပူလောင်မှာတော့ အမေ မစိုးရိမ်ဘူး မဟုတ်လား၊ အမေ့ပစ္စည်းတွေ ထိခိုက် ဆုံးရှုံးမှာကိုပဲ ပူနေတာ မဟုတ်လား"

"ဟဲ့ ... ညည်းကို ဘယ်သူက လက်ချည်းသက်သက်နဲ့ အိုးပူကိုင်ခိုင်းနေလို့လဲ၊ ကိုင်ရိုးကိုင်စဉ် လက်ခုနဲ့ ကိုင်ဖို့ ပြောတာလေ ...၊ ဒီကောင်မလေးဟာ ခုတလော တော်တော့်ကို ထူးဆန်းနေပါလား ..."

ဒေါ်ဥက သမီးဖြစ်သူကို မျက်လုံးပြူးကြည့်ရင်း အံ့သြနေသည်။ ညိုစိမ့်ကတော့ မျက်နှာလေးညိုညိုဖြင့် မီးဖိုခန်းထဲ ပြန်ဝင်လာကာ လက်အိတ်လေးကိုချွတ်လိုက်ပြီး ကိုရွှေတိုး သဘောကျ တန်ဖိုးထားသည့် ကိုယ့်လက်ချောင်းလေးတွေကို ကိုယ်ပွတ်သပ်ကိုင်တွယ်ရင်း မျက်ရည်ဝဲနေခဲ့သည်။

ဒီနေ့ ညိုစိမ့်ဆီ ကိုရွှေတိုး လာမှာလား ...

လွမ်းလွန်းလို့ မြန်မြန် လာခဲ့ပါတော့ ချစ်သူရယ်။

■ ■ ■





## (၁၄)

❖ ❖ ❖

ရွှေတိုးသည် လွမ်းလွန်းလို့ ညိုစိမ့်နှင့် ချိန်းထားသော ရေကန်ကြီးနားသို့ ခပ်သွက်သွက်လေး လျှောက်လာခဲ့လေသည်။

ထိုရေကန်ကြီးဟာ ညိုစိမ့်တို့ ရပ်ကွက်နဲ့ ရွှေတိုးတို့ ရပ်ကွက်ရဲ့ အလယ်နားလောက်မှာ ရှိ၏။ ရေကန်က ရေကြည်လင်သန့်ရှင်း၏။ ရေကန်နားတစ်ဝိုက်မှာ ကုက္ကိုပင်ကြီး သုံးလေးပင်ရှိတာမို့ နေ့လယ်ဘက်ဆို အပင်အောက်မှာ လာထိုင်၍ ငါးမျှားကြသော လူအနည်းအပါးမှအပ လူရှင်းနေတတ်လေသည်။ ခုတော့ ထိုနေရာလေးဟာ ရွှေတိုးနဲ့ ညိုစိမ့်တို့ တွေ့ဆုံရာ နေရာလေးတစ်ခု ဖြစ်လာခဲ့ပါသည်။

ရွှေတိုးက ညိုစိမ့်အတွက် ဝယ်လာသည့် ဖိနပ်ဘူးလေးကို ပိုက်ကာ ရေကန်ဘက်သို့ လျှောက်လာနေပါသည်။

ဒီဖိနပ်လေးကိုလည်း ဝယ်တတ်လို့ဝယ်ခဲ့တာမဟုတ်။ ခင်မင်ရင်းနှီးနေသည့် မင်္ဂလာဈေးက ကိုတင်အောင်ထံမှာ အကူအညီတောင်းပြီး ဝယ်ခဲ့ရတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ သူ မင်္ဂလာဈေးရောက်တော့ ကိုတင်အောင့် ဆိုင်ကိုပဲ သွားခဲ့ကာ ...

"အစ်ကိုရေ ... ကျွန်တော် အစ်ကို့ကို အကူအညီတောင်းစရာရှိလို့ လာခဲ့တာ ..."

"အေး ... ပြောပါဦးကွ၊ ကူညီနိုင်ရင် ကူညီပါ့မယ် ..."

"ဒီလိုပါ အစ်ကို ... ကျွန်တော့် ကောင်မလေး ... အဲ ... ခုတော့ ကျွန်တော့် ချစ်သူပေါ့ အစ်ကိုရာ ဟဲဟဲ ..."

"အမယ် ... မင်းကြိုးစားနေတဲ့ ကောင်မလေးနဲ့ ကြိုက်သွားပြီလား ... ဟုတ်လား"

"အဟဲ ... ဟုတ်ကဲ့"

"တယ်မြန်ပါလားကွ ... ဟေ၊ မဆိုးဘူး ... မင်း အရည်အချင်းကတော့ တကယ်မဆိုးဘူး ..."

"ဟဲဟဲ ... အဲ့ဒါကြောင့် ကျွန်တော် သူ့အတွက် ဖိနပ်ကလေးတစ်ရံလောက် ဝယ်ပေးချင်လို့ အစ်ကိုကြီးဆီ လာခဲ့တာ၊ ဟိုတစ်ခါ အစ်ကိုပြောလိုက်တယ်လေ ...၊ အစ်ကိုရဲ့ အစ်မဆိုလား မိန်းကလေးအသုံးအဆောင်တို့ ဖိနပ်တို့ ရောင်းတယ်ဆိုတာ ..."

"အေးလေ ..."

"အဲ့ဒီဆိုင်မှာ ဖိနပ်လေး ဝယ်ချင်လို့ အစ်ကို လိုက်ပြလေ"

"အေးပါ ... အေးပါ ... လိုက်ပြပါ့မယ်၊ ဖိုးဇော်ရေ ... ဆိုင်ခဏကြည့်ပေးထားဦး၊ ငါ့အစ်မဆိုင်ဘက် လိုက်သွားလိုက်ဦးမယ်"





ကိုတင်အောင်က ရွှေတိုးကို ခင်နေတာမို့ ရွှေတိုးပခုံးကို လှမ်းဖက်လျက် ဖိနပ်ဆိုင်ဘက်သို့ လျှောက်လာရင်း ...

"မင်းက ဘယ်လို ဖိနပ်မျိုး လိုချင်တာလဲ ငါ့ညီရ"

"နူးနူးညံ့ညံ့ ဖိနပ်မျိုး လိုချင်တာပါ အစ်ကို၊ သူ့ခြေထောက်လေးကို သက်သက်သာသာ နူးနူးညံ့ညံ့လေးဖြစ်စေမယ့် ဖိနပ်မျိုးပေါ့ ..."

"ဒါဆို ကတ္တီပါ ဖိနပ်ဆိုရင်ရော ..."

ကောင်းသားပဲ အစ်ကိုကြီး၊ ကတ္တီပါဖိနပ် ခုံမြင့်မြင့် အရောင်လှလှလေး လိုချင်တယ်"

"အေး ... ကတ္တီပါ ဖိနပ်တွေတော့ ရောင်စုံပဲ၊ စီးကွင်းတွေ ချလူလေးတွေ ကျောက်လေးတွေ ထိုးထားတဲ့ ဖိနပ်လေးတွေလည်း ရှိတယ်၊ ငါ့အစ်မမှာက မန္တလေးမှာ ကိုယ်ပိုင်ဖိနပ်အလုပ်ရုံ ရှိတယ်ကွ၊ နယ်စုံကို လက်ကားဖြန့်တာဆိုတော့ ဈေးသက်သာတယ်၊ ကတ္တီပါဖိနပ်ကို အဝတ်အစားနဲ့ လိုက်တဲ့အရောင်မျိုး ... ကိုယ်လိုချင်တဲ့ ဒီဇိုင်းမျိုး အော်ဒါမှာလို့လည်း ရတယ်၊ တချို့ ပွဲတက်တဲ့သူဌေးတွေက ပိုးချိုပ်တွေနဲ့ အရောင်ကိုက်ပြီး ပိုးစနဲ့ချုပ်ပေးဖို့ မှာလည်း ချုပ်ပေးတယ်၊ မင်း ကြိုက်တာသာရွေး၊ ဒီဇိုင်းအစုံရှိတယ်"

ကိုတင်အောင်နှင့် ရွှေတိုးက ဖိနပ်ဆိုင်သို့ ရောက်လာသည်။ ရွှေတိုးက များလှသော ဖိနပ်တွေကို ငေးကြည့်နေဆဲ

"မင်း ဖိနပ်လိုချင်တာတော့ ဟုတ်ပါပြီ၊ သူ့ခြေထောက်ဆိုဒ်ကိုရော သိရဲ့လား ..."



www.burmeseclassic.com

www.burmeseclassic.com



"သိတယ် အစ်ကိုကြီး ..."

"ဆိုဒ် ဘယ်လောက်ဝတ်လဲ ..."

"တစ်ထွာနဲ့ လက်နှစ်လုံး ..."

"ဟာမ် ..."

ကိုတင်အောင်က မျက်ခုံးပင့်သွားသည်။

ရွှေတိုးက သူ့ဘယ်လက်ဖဝါးကို ဖြန့်ကားပြကာ ဖြန့်ထားတဲ့ ထိုလက်ထိပ်မှာ ညာလက်ညှိုးနှင့် လက်သူကြွယ် နှစ်ချောင်းပူးကို ကန့်လန့်ဖြတ်၍ ကပ်ပြလိုက်သည်။

"ကျွန်တော် သူနဲ့တွေ့တုန်းက သူမသိအောင် သူ့ခြေထောက်လေးနားမှာ သေချာ တိုင်းကြည့်လာခဲ့တာ အစ်ကိုရ ..."

ကိုတင်အောင်က ရယ်မောလျက် ...

"အေး ... အေး၊ ဟုတ်ပါပြီကွာ ... မင်းနည်းလည်း မဆိုးပါဘူး"

ဟု ပြောရင်း ရွှေတိုး ဝယ်ဖို့ ဖိနပ်တွေ ကူရွေးပေးလိုက်သေးသည်။

အဲဒီနောက်တော့ စိတ်တိုင်းကျ ဖိနပ်လေး တစ်ရံ ဝယ်နိုင်ခဲ့ပြီး ညိုစိမ့်နှင့် ချိန်းထားသည့်နေရာသို့ ပျော်ရွှင်တက်ကြွစွာ လျှောက်လှမ်းလာနိုင်ခဲ့ပြီ ဖြစ်သည်။

ရေကန်ကြီးနား ရောက်တော့ ရောက်နှင့်နေသော ညိုစိမ့်ကို ကုက္ကိုပင် အမြစ်ကြီးပေါ်မှာ ထိုင်နေတာ မြင်ရသည်။





ရွှေတိုးက ချစ်သော အညိုကလေးရှိရာသို့ သွက်သွက်လေး လျှောက်သွားလိုက်၏။ အညိုကလေးကလည်း ရွှေတိုးကို မြင်တာနှင့် ထိုင်ရာမှ ဆတ်ခနဲ ထရပ်ကာ အပြေးကလေး လှမ်းထွက်ကြိုစဉ်မှာ ကုက္ကိုပင် ရော်ရွက်ဝါတို့က နှစ်ဦးသားအပေါ်သို့ ဖျောခနဲ ကြွေကျလာလေသည်။

ညိုစိမ့်သည် ကုက္ကိုရွက်ဝါတို့ကို ကုက္ကိုရွက်ဝါဟု ခမှတ်ယူဘဲ ချစ်သူနှစ်ဦးထက်သို့ ကြဲချလိုက်သော မင်္ဂလာပန်းခံပယ်ပွင့်ကလေးများဟု မှတ်ယူ ကြည်နူး စိတ်ကူးယဉ်လိုက်ရင်း ချစ်သူနှင့် မျက်နှာချင်းဆိုင်ကာ တစ်ယောက်ကိုတစ်ယောက်က ကြည်နူးစွာ ကြည့်လိုက်မိကြ၏။ ထို့နောက် တစ်ယောက်နာမည်ကို တစ်ယောက်က မွတ်သိပ် တမ်းမက်စွာ ခေါ်လိုက်၏။

"တိုး ...

ညို ..."

သူတို့၏အခေါ်အဝေါ်များက ချစ်သူပီသစွာ ပြောင်းလဲခဲ့ကြပြီ ...။

"ညိုကလည်းကွာ ... အစောကြီး မလာပါနဲ့လို့ ပြောထားတာကို နားမထောင်ဘူး၊ ချိန်းထားတဲ့အချိန်ထက် ၁၀ မိနစ်နောက်ကျပြီးမှလာလို့ ကျွန်တော် မှာထားတယ်လေ၊ ညိုအရင်ရောက်လို့ တစ်ယောက်တည်းစောင့်နေတုန်း တခြားသူတွေ လာနှောင့်ယှက်ရင် ဘယ်လိုလုပ်မလဲ"

"မစိုးရိမ်ပါနဲ့ တိုးရဲ့ ...၊ ဒီနားက လူသိပ်မပြတ်ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ် မရှိပါဘူး၊ ညိုက တိုးနဲ့ချိန်းထားရင် အမြဲ စိတ်စောပြီး အစောကြီး ရောက်ချင်နေတာကိုး ...”

ရွှေတိုးလက်ကလေးကို ညိုစိမ့်က လှမ်းချိတ်တွဲလိုက်ပြီး ကုက္ကိုပင်အမြစ်ပေါ်မှာ နှစ်ယောက်အတူ ထိုင်လိုက်ကြသည်။

ညိုစိမ့်က ရွှေတိုးလက်ထဲက အထုပ်ကိုကြည့်ရင်း ...

“ဘာထုပ်ကြီးတုန်း တိုးရဲ့ ...”

“ညို့အတွက် ဖိနပ် ဝယ်လာတာ ...”

ရွှေတိုးက အိတ်ထဲက ကတ္တီပါဖိနပ် အစိမ်းရောင်လေးကို ထုတ်ယူကာ ညိုစိမ့်ခြေထောက်နားမှာ ချပေးလိုက်ရင်း ...

“ကျွန်တော်နဲ့ ညို စတွေ့တဲ့နေ့တုန်းက ညို့ခြေထောက်မှာ မီးသွေးမှုန်တွေ ပေနေတာတွေ့တော့ ကျွန်တော် တကယ် စိတ်မကောင်းဘူး ညို၊ ညို ခုံဖိနပ်ကြီး စီးထားတာလည်း ကျွန်တော် မကြိုက်ဘူး၊ ကျွန်တော်က ညို့ခြေထောက်လေး ကို သန့်သန့်လေးပဲ ထားချင်တာ ...၊ ခုံဖိနပ် သစ်သား အမာကြီးနဲ့ ညို့ခြေထောက်လေးနဲ့ ထိတွေ့နေတာကို မြင် ရရင် ကျွန်တော် တကယ် စိတ်မကောင်းလို့ပါ၊ ညို့ခြေ ချောင်းလေးတွေ လက်ချောင်းလေးတွေက လှကလှနဲ့ ... ဒီလို ဖိနပ်နူးနူးညံ့ညံ့လေးနဲ့ ညို့ခြေထောက်လေးနဲ့ ထိတွေ့ နေမှ သက်သောင့်သက်သာလေး ရှိတော့မှာပေါ့ ညိုရယ်”

“တိုးရယ် ...”

ဖိနပ်လေးကို ငုံ့ကြည့်နေသော ညိုစိမ့်၏ မျက်ဝန်း





အိမ်မှ မျက်ရည်ပေါက်ကြီး သုံးလေးပေါက်မှာ ရွှေတိုးရဲ့ ကတ္တီပါ ဖိနပ်ပေါ်သို့ တဖြုတ်ဖြုတ် ကြွေကျသွားလေသည်။

ညိုစိမ့်သည် အမေက တန်ဖိုးမထားတဲ့ ညိုစိမ့်ရဲ့ ခြေလေး လက်လေးတွေကို ကိုရွှေတိုးကတော့ တန်ဖိုးထားလှပါ ကလားဟု တွေးကာ ရုတ်တရက် ရင်ဆို့အောင် ကြည်နူးလျက် ရွှေတိုးကို ကြုံးဖက်လိုက်လေသည်။

မိန်းကလေးတစ်ယောက် အဖက်အပွေ့ကို တစ်ခါမှ မခံဖူးသော ရွှေတိုးခမျာမှာ ရုတ်တရက် ထိတ်လန့် အသက်ရှူကျပ် သွားကာ ...

“ညို ... ညို ... ဘာ ... ဘာလုပ်တာလဲ၊ လွှတ် ... လွှတ်ပါ၊ ကျွန်တော် အသက်ရှူကျပ်လို့ပါဗျာ ...”

“တိုးရယ် ... တိုးက ညို့ကို တကယ်ချစ်တာပဲနော်၊ ညို့ရဲ့ ခြေလေး လက်လေးတွေကိုတောင် တန်ဖိုးထားတယ်နော်၊ အမေကဆို တိုးလိုမဟုတ်ဘူး သိလား၊ သူရောင်းဖို့ ဟင်း တွေ ကောင်းဖို့ဆို ညို့ကို ဆီပူပဲစင်စင်၊ ညို့လက်တွေ အပူပဲလောင်လောင် လုံးဝ ဂရုမစိုက်ဘူး သိလား”

ညိုစိမ့်သည် ရွှေတိုး ဘာဖြစ်နေတယ်ဆိုတာ ဂရု မစိုက်ဘဲ ပြောချင်သော စကားကိုသာ အဆက်မပြတ် ရေပက်မဝင် ပြောရင်း ရွှေတိုးကို ဆက်ဖက်မြဲ ဖက်ထား၏။ တမင် ရည်ရွယ်ပြီး အရှက်နည်းစွာ ဖက်တာတော့လည်းမဟုတ်၊ ကိုယ့်ခံစားချက်နဲ့ ကိုယ် လုပ်မိလုပ်ရာ စိတ်လွှတ်ပြီး လုပ်လိုက်မိတာမျိုးပင် ...။



www.burmeseclassic.com

www.burmeseclassic.com



ဖက်ထားမိလို့ ဖက်ထားမိမှန်းပင်မသိဘဲ ပြောချင်ရာကိုသာတတွတ်တွတ် ပြောနေသည်။

ညိုစိမ့်၏ အဖက်ခံထားရသော ရွှေတိုးမှာတော့ ခုချက်ချင်းပဲ ရင်ဘတ်ကြီး ပွင့်ထွက်သွားတော့မလို ရင်ဘတ်ထဲမှာ ဝုန်းဒိုင်းကြဲကာ၊ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ရင်ကာ ရူးလုမတတ်ဖြစ်လာသည်။

ဒီအထိ ဒီအတွေ့ကြီးက ရူးမယ်ဆိုလည်း ရူးစရာ၊ ဘဝမှာ ဘယ်ဆန့်ကျင်ဘက် မိန်းကလေးနဲ့မှ ရင်းနှီးထိတွေ့မှု မရှိတာမို့ ခုလို မိန်းကလေးတစ်ယောက်ရဲ့ ဖက်ပွေ့မှုက သူ့ကို ရူးမတတ် ခံစားရစေတာပင် ...။ လူတစ်ကိုယ်လုံးလည်း နတ်ပူးသလို တုန်လာကာ ချွေးဖြိုင်ဖြိုင်ကျလာသည်။ မျက်စိစုံမှိတ်ပြီး ပါးစပ်ကသာ ကြောက်တယ် ကြောက်တယ် ပြောနေသော်လည်း လူကဖြင့် ရုန်းဖို့ သတိမရ ...။ ရုန်းဖို့ရာ အားလည်းမရှိ ...။ ငိုသာငိုချင်နေမိတော့၏။

"ညို ... ညို ... ကျွန်တော် ကြောက်တယ် ညို၊ လွှတ်ပါ ညို၊ ကျွန်တော်ကြောက်လို့ပါ ညိုရယ် ... အီး ... ဟီး ... ဟီး"

ရွှေတိုးက တုန်ရင်သော အသံကြီးဖြင့် ပြောရင်းဆိုရင်း ငိုသံကြီးပါလာကာ တဟီးဟီး ချုံးပွဲချငိုတော့မှ ညိုစိမ့်က ရွှေတိုးကို ဖြုန်းခနဲ တွန်းခွာလိုက်ရင်း ...

"ဟင် ... တိုး၊ ဘာ ... ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့ ငိုတာလဲ၊ ညို့ကိုပြောစမ်း ... ပြောစမ်းပါ တိုးရဲ့ ..."





ညိုစိမ့်က ရွှေတိုးရဲ့ မေးစေ့ကို လက်ဖျားလေးဖြင့် ဖတ်ခနဲ ပင့်တွန်း၍ မော့စေလိုက်ပြီး မေးလိုက်၏။

ရွှေတိုးက မျက်ရည်အရွှဲသားဖြင့် ညိုစိမ့်ကို မော့ကြည့်ရင်း ...

"ညိုက ... ညိုက ..."

"အင်း ... ညိုက ဘာဖြစ်လဲ ... ပြောလေ"

"ညိုက ကျွန်တော့်ကို တအားကြီး ဖက်ထားတာကိုး"

"ဟင် ..."

ညိုစိမ့်သည် ခုမှ အသိဝင်လာကာ အရှက်ကြီး ရှက်သွားရလျက် ရွှေတိုးကို မျက်စောင်းထိုးပြီးမှ ခေါင်းကလေးကို ငုံ့ချလိုက်ရင်း ...

"ဟွန့် ... သူကပဲ အဖြစ်သည်းရတယ်လို့"

ဟု တိုးတိုးလေး ပြောမိ၏။ ခုမှပဲ ညိုစိမ့် ရင်သည် ဘာဒိန်းဒိန်းခုန်လာရလေသည်။

ရွှေတိုးက ခုမှ အသက်ရှူနည်းနည်းချောင်သွားကာ ပါးပေါ်က မျက်ရည်တွေကို လက်ဖမိုးဖြင့် ဘယ်ပြန်ညာပြန်သုတ်၍ ရယ်လိုက်မိရင်း ...

"ညိုက အဲ့လိုလုပ်တော့ ဘင်ခရာတပ်ကြီးက ကျွန်တော့်ရင်ဘတ်ထဲ ရောက်လာတာကိုး ..."

"ဟွန့် ... ပိုကိုပိုတယ်"

ရွှေတိုးက ညိုစိမ့်ရဲ့ ရှက်စနိုး မျက်နှာလေးကို တမိမှိန် စိုက်ကြည့်နေမိရင်းက ရုတ်တရက် သတ္တိပြောင်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟို … ကျွန်တော့် ရင်ဘတ်ထဲက ဘင်ခရာတပ်ကြီးကို ညို့ဆီ လွှဲပေးလို့ဖြစ်မလား …"

"ဘယ်လို လွှဲမှာလဲ …"

"ဒီလိုလွှဲမှာ …"

"အမေ့ …"

ရွှေတိုးက ဖက်ပွေ့လိုက်သောအခါမှာတော့ ညိုစိမ့်က ကြောက်တယ်ရယ်လို့လည်း မအော် … လွှတ်ပါရယ်လို့လည်း မတောင်းဆို … ငိုလည်းမငိုဘဲ ပြုံးပြုံးကလေး ငြိမ်သက်၍နေလေသည်။

ရွှေတိုးရင်ထဲက ဘင်ခရာတပ်ကတော့ ညိုစိမ့် ရင်ဘတ်ထဲသို့ ရောက်ရှိမသွား။ တပ်အသစ် တစ်တပ်သာ ရောက်လာပြီး ညိုစိမ့်ရင်ဘတ်ထဲမှာ တီးကြမှုတ်ကြ၏။ နှစ်ယောက်သား ရင်ထဲမှ ဘင်ခရာတပ်ကြီး နှစ်တပ်မှာ မြိုင်မြိုင်ဆိုင်ဆိုင်ကြီးပင် ဒိန်းဒိုင်း ဒိန်းဒိုင်း တီးမှုတ်နေကြလေသတည်း …။

■ ■ ■





(၁၅)

❖ ❖ ❖

"တိုး … ရဲရဲတက် … ရဲရဲတက်၊ မကြောက်နဲ့ … ညိုရှိတယ်၊ တိုးအနားမှာ ညိုရှိတယ်"

"ကျွန်တော် … ကျွန်တော် ကြောက်တယ် ညိုရဲ့ …"

"ဩော် … ညိုရှိနေပါတယ်ဆိုမှပဲ တိုးရယ်၊ ရဲရဲသာ တက်ပါ"

"လဲ … လဲ လိမ့်မယ်"

"မလဲဘူး၊ စိတ်ချ … ညို ကိုင်ထားတယ်"

"ကိုင်ထားနော် ညို၊ သေချာကိုင်ထား၊ လုံးဝ မလွှတ်လိုက်နဲ့နော် …"

ထိုအသံများကား ရွှေတိုးကို ညိုစိမ့်က စက်ဘီးစီးသင်နေရာမှ ထွက်ပေါ်လာသော အသံများပင်တည်း။

ရွှေတိုးက စက်ဘီးမစီးတတ် …။ ဒါကို ညိုစိမ့်က အားမရ …။ ချစ်သူနင်းသော စက်ဘီးကလေးပေါ်မှာ ကြည်ကြည်နူးနူးလေး လိုက်ပါချင်သူမို့ ရွှေတိုးကို စက်ဘီးစီးသင်ဖို့ တိုက်တွန်း



www.burmeseclassic.com

www.burmeseclassic.com



ခဲ့၏။ ရွှေတိုးကလည်း ချစ်သူ့ဆန္ဒကို ဖြည့်ဆည်းပေးချင်ရှာသူ မို့ ညိုစိမ့်၏ တိုက်တွန်းချက်ကို လက်ခံခဲ့တာဖြစ်သည်။

ညနေ ခေါ်ဥ ဆိုင်ထွက်ချိန်ဆို ညိုစိမ့်နှင့် ရွှေတိုးက အင်းလျားကန်ပေါင် မဟုတ်သော်လည်း အင်းလျားကန်ရဲ့ အဖျား အနားလောက်တော့ လှရှာပေသော ရပ်ကွက်နှစ်ခုကြား ကန်ကြီး နားသို့ ရောက်လာကာ ကန်နားက လမ်းကလေးမှာ စက်ဘီးစီး သင်ကြလေသည်။

ညနေခင်းရဲ့ လေပြေညှင်းသည် ကန်ရေပြင်အနီး တစ်ဝိုက်မှာ ညင်သာစွာ တိုက်ခတ်လျက်ရှိ၏။ ရေတမာပင် ကံ့ကော်ပင်၊ ငုပင်များလောက် မလှသော်လည်း သူ့ဟာသူတော့ လှနေသေးသော ကုက္ကိုပင်တန်းကလေးဆီမှ ကုက္ကိုရွက်ဝါများက သူတို့ စက်ဘီးစီးသင်သော မညီမညာမြေလမ်းလေးပေါ်မှာ ပြန့်ကြ လွင့်ပါးနေကြ၏။

ရွှေတိုးက ထောက်ချက် ထောက်ချက်ဖြင့် အရှိန် ယူကာ စက်ဘီးပေါ်တက်ဖို့ ကြိုးစားနေ၏။ ညိုစိမ့်က စက်ဘီးနှင့် ယှဉ်၍ပြေးလိုက်နေကာ စက်ဘီး ယိုင်ယိုင်သွားတိုင်း ဖမ်းဖမ်းဆွဲ နေရ၏။

ဒီနေ့ဆို စက်ဘီးစီးသင်တာ သုံးရက်မြောက် ရှိခဲ့ပြီ ရွှေတိုးကလည်း ကြောက်ဆဲ။ ညိုစိမ့်ကလည်း အားပေးရဆဲ ... သို့သော် ... နည်းနည်းလေး သွက်စပြုပြီမို့ ညိုစိမ့် အားတက် သည်။ တစ်ကြိမ်မှာတော့ ရွှေတိုးသည် မလဲမပြိုဘဲ စက်ဘီးပေါ်





သို့ ရောက်သွားလေသည်။ ညိုစိမ့်က လက်ခုပ်လက်ဝါးလေးပင် တီးလိုက်မိရင်း ...

"ဟေး ... ရပြီ၊ နင်း ... နင်း ... ရဲရဲနင်း၊ ခါးကြီးကို စောင်း မထားနဲ့လေ၊ မကြောက်နဲ့ ... ရဲရဲနင်း ..."

ဟု ခုန်ဆွ ခုန်ဆွလေး အော်ပြောရင်း ကျန်ရစ်သည်။ ရွှေတိုးကလည်း နင်းနေရင်းက လှမ်းအော်ပြောနေသည်။

"ညိုရေ ကျွန်တော့်ကို လွှတ်မထားပါနဲ့၊ နောက်ကလိုက်ခဲ့ ပါ၊ ကျွန်တော် မဆင်းတတ်တော့ဘူး"

ညိုစိမ့်က ရယ်မောရင်း နောက်ကပြေးလိုက်လာကာ ဆင်းဖို့ ကူညီပေးရသည်။

နောက် နာရီဝက်လောက်အကြာမှာတော့ ရွှေတိုး စက်ဘီးစီးတတ်သွားလေသည်။

ထဘီလေး တိုတိုတုတ်တုတ် ဝတ်ထားသော ညိုစိမ့် က ခုမှပဲ ရယ်မောနိုင်ကာ ...

"ကဲ ... ခုလိုလေး ကြိုးစားလိုက်တော့ တတ်သွားပြီလေ၊ ချွေးသုတ်လိုက်ပါဦး တိုးရဲ့"

ညိုစိမ့်က စလွယ်သိုင်း လွယ်ထားသည့် ပိုက်ဆံအိတ် သေးသေးလေးထဲက တစ်ရှူးလေး တစ်ခုထုတ်ကာ ရွှေတိုးရဲ့ နဖူးကို လှမ်းတို့သုတ်လိုက်၏။ ရွှေတိုးက ပြုံးပြုံးကြီး ငြိမ်ခံနေဆဲ မှာ နောက်ဘက်က ခြေသံတစ်ဖတ်ဖတ် ကြားရကာ ...

"ဟဲ့ ... ညိုစိမ့် ..."

"ဟင် ... မိဆွေ ..."



www.burmeseclassic.com

www.burmeseclassic.com



ညိုစိမ့်သူငယ်ချင်း ဆွေမာမြင့်က ညိုစိမ့်တို့ဆီ သွက်သွက်လျှောက်လာကာ ...

"နင်တို့ ဒီမှာ ဘာလုပ်နေကြတာလဲ ..."

"စက်ဘီးစီး သင်နေတာလေ"

"ဟင် ... နင် စက်ဘီးစီးတတ်သွားပဲဟာ"

"ငါသင်တာ မဟုတ်ဘူး၊ သူ့ကို သင်ပေးတာ"

"ဪ ... ဪ ... ဟုတ်လား"

မိဆွေက ပြုံးစိစိ ဖြစ်သွားကာ ရွှေတိုးကို တစ်ချက်လှမ်းကြည့်လိုက်သည်။

"ဒါနဲ့ နင်ကရော ဒီကို တစ်ယောက်တည်း ဘာလာလုပ်တာလဲ မိဆွေ ..."

"ငါက ဟိုဘက်ရပ်ကွက်က ငါ့အဒေါ်ဆီ ခဏသွားပြီး ပြန်လာတာ၊ လမ်းမဘက်က နေပူလို့ နေရိပ်တဲ့ ဒီဘက်ဖြတ်လမ်းက လှည့်လာတာ ..."

"အေး ... ဟုတ်တယ်နော်၊ ဒီဘက်က နေရိပ်ပြီး အေးနေတာပဲ"

"နင်တို့က အေးနေ၊ နင့်အမေကဖြင့် ပူလွန်းလို့ ခေါင်းတောက်နေပြီ"

"ဟင် ... ဘာဖြစ်လို့လဲ၊ နင် အမေနဲ့ ဘယ်မှာတွေ့ခဲ့လဲ"

"နင်တို့လမ်းထိပ်မှာ တွေ့ခဲ့တာ၊ နင့်အမေက ဒီနေ့ ခေါင်းကိုက်ပြီး မအီမသာဖြစ်လို့ အိမ်ပြန်နားမလို့ဆိုပြီး ပြန်လာတာတဲ့၊ သူ နားပြီး မိချိုကို ဆိုင်မှာ သွားရောင်းခိုင်းမလို့





တဲ့၊ အဲဒါ အိမ်လည်းရောက်ရော နင့်ကိုမတွေ့တော့ မိချိုကို စစ်လိုက် ဆေးလိုက်တာ"

"ဟင် ...၊ ငါ ... ငါ ... ဒီကိုလာတာ မိချို အမေ့ကိုပြောလိုက်ပြီလား"

"အဲဒါတော့ မပြောဘူးထင်တယ်၊ နင့်အမေက နင့်မတွေ့လို့ ဆိုပြီး မိသက်တို့အိမ်ဘက် သွားရှာနေတာ၊ ငါ့အိမ်ဘက်လည်း ရောက်ပြီးရောပေါ့ ..."

"ညို ... ဒါ ... ဒါဆို ပြန်တော့လေ ..."

"အင်း ... အင်း ... ပြန်မှပဲ တိုးရေ၊ နောက်နေ့မှ တွေ့မယ်နော်၊ တာ့တာနော် တိုး"

"တာ့တာနော် ညို ..."

"တိုး အရင်သွား ..."

"ညို အရင်သွား ..."

"တိုး အရင်သွားပါ"

"ဒါဆို သွားပြီ ... တာ့တာနော်"

"တာ့တာ ..."

ရွှေတိုးနှင့် ညိုစိမ့်က ကအပြန်အလှန် နှုတ်ဆက်ပြီးတာတောင် လှည့်တကြည့်ကြည့် ဖြစ်နေကြသေးတာမို့ မိဆွေက အမြင်ကတ်လာကာ ညိုစိမ့်နှင့် ပခုံးချင်းတိုက်လိုက်ရင်း ...

"မိန်းမ ... ကဲနေလိုက်တာ၊ ညိုရေ တိုးရေနဲ့ ကြားရတာတောင် ရှက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"သမီးရည်းစားတွေမို့လို့ ချစ်လို့ခေါ်တာ ဘာဖြစ်လဲ၊ နင် ရည်းစားရမှ သိမယ်"

"ငါ ရည်းစားရလည်း နင့်လောက်တော့ ကဲမယ်မထင်ပေါင်"

"ကြည့်သေးတာပေါ့ ..."

"ဒါနဲ့ နင့်လူက စက်ဘီးလေးတောင် မစီးတတ်ဘူးလား"

မိဆွေ မေးခွန်းက အထင်သေးသလိုကြီးမို့ ညိုစိမ့်က မခံချင်သလိုလေး ဖြစ်သွားကာ မျက်နှာလေး မသိမသာ မော့ထားရင်း ...

"သူက တခြားပညာတွေ သင်ယူလေ့လာနေရလို့ စက်ဘီးစီး သင်ဖို့ အချိန်မရှိခဲ့ဘူးလေ"

"ဩော် ... ဟုတ်လား၊ ဘာပညာတွေများ သင်နေရလို့ပါလိမ့် ..."

"အစုံပါပဲ ..."

"ဘာတွေ စုံတာလဲ ..."

"ဟိုဟာ ဒီဟာ ... ဒီလိုပဲပေါ့၊ သူ ဘာတွေသင်ထားလဲဆိုတာ ငါဖြင့် ဉာဏ်မမီပါဘူး၊ သေချာတာကတော့ သူက အရမ်းဉာဏ်ကောင်းတယ်၊ ဗဟုသုတရှိတယ်"

"နင့်လူကို နင်ပဲ အထင်ကြီးနေ၊ ကိုယ့်ငါးချဉ် ကိုယ်ချဉ်တယ်ဆိုတာ နင်မှအစစ် ...၊ ငါ့အမြင်ပြောရရင်တော့ နင်နဲ့ သူနဲ့ဆို နင်ကတောင် ပိုပြီး ထက်မြက်သေးတာ သူ့ကြည့်ရတာ ထုံအအ မြိုစိစိနဲ့၊ နင် ဘာစိတ်ကူးပေါက်ပြီး





တော့များ သူ့ကိုမှ သွားကြိုက်ရတာလဲ ညိုစိမ့်ရယ် ... ဟင် ...၊ သူ့မှာ နင်အထင်ကြီးစရာ ဘာတွေများ ရှိလို့လဲ ..."

"အို ... အများကြီးပေါ့ဟယ်"

"ဟမ် ... ဘာတွေတုန်း၊ ပြောပါဦး ..."

"အင်း ... ပထမဆုံး အထင်ကြီးစရာက ..."

ညိုစိမ့်သည် မျက်တောင်လေး ပုတ်ခတ် ပုတ်ခတ်နှင့် မေးစေ့ကို လက်ညှိုးလေးဖြင့် ထိတို့လိုက်ရင်း ...

"သူက ငါ့ထက် တစ်တန်းကြီးတယ်လေ ..."

"အင် ..."

မိဆွေက ငိုရအခက် ရယ်ရအခက် ဖြစ်သွားရ၏။ ညိုစိမ့်က အတည်ပေါက်ကလေးနှင့် ဆက်ပြော၏။

"နင်သိတဲ့အတိုင်းပဲလေ မိဆွေရဲ့၊ လေးတန်းစာမေးပွဲဆိုတာ ဘယ်လောက်ခက်လဲ၊ ငါ သုံးနှစ်ဖြေတာတောင် မအောင်တဲ့ စာမေးပွဲကို သူ နှစ်ချင်းပေါက် အောင်တယ်ဆိုတော့ ဘယ်လောက် ဉာဏ်ကောင်းထားလဲ"

"တစ်တန်းလေး ပိုတတ်တာများဟယ် ..."

"တစ်တန်းဆိုပေမယ့် အများကြီး ကွာသွားပြီလေ မိဆွေရယ်၊ ငါက မူလတန်းပဲတတ်တာ၊ သူက အလယ်တန်းထိ တတ်တာ၊ အဆင့်က အဲ့လိုကွာတယ်"

"အေးပါ ... ထားပါတော့၊ ကဲ ... တခြား ဘာတွေအထင်ကြီးစရာ ရှိသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



ညိုစိမ့်က မျက်လုံးလေး ပေကလပ်ပေကလပ် လုပ်လိုက်ပြန်ရင်း ...

"သူက ဗဟုသုတရှိတယ်၊ အမြော်အမြင်ကြီးတယ်၊ ငါ ဟင်းချက်တဲ့အချိန်မှာ အန္တရာယ်ကင်းအောင် ဘယ်လို ကာကွယ်ပေးရမယ်ဆိုတာ သိတယ်၊ ရိုးသားတယ်၊ ကတိ တည်တယ်၊ ငါ့ခြေလေး လက်တွေကအစ တန်ဖိုးထားပေး တယ်၊ အို ... အထင်ကြီးစရာတွေ ပြောရရင် မကုန်ပါဘူး ဟယ်"

ညိုစိမ့်အတွက်တော့ ချစ်ရသူရဲ့ စိတ်ထား အပြုအမူ မှန်သမျှဟာ အထင်ကြီးစရာချည်းပဲမို့ ပြန်တွေးတိုင်း ခုလို ပြန်ပြော ပြတိုင်း ကြည်နူး ကျေနပ်ရသည်ပင်။

မိဆွေ့ ခမျာမှာ ပါးစပ်အဟောင်းသားဖြစ်လျက် 'ညြချပါတယ်ဟယ်'ဟု အဓိပ္ပာယ်ရသော အကြည့်ဖြင့် ညိုစိမ့်ကို ကြည့်နေ၏။

"ဒါနဲ့ ... နင့်လူက ဘာအလုပ်လုပ်လဲ"

"သြော် ... ဒါလား"

ညိုစိမ့်က ဘယ်လိုများပြောရပါ့ဟု မျက်လုံးကို မိုး ပေါ်သို့လှည့်ကြည့်ရင်း မျက်တောင် ပုတ်ခတ် ပုတ်ခတ်ဖြင့် တစ် ချက် စဉ်းစားလိုက်ပြီးမှ ...

"ဟို ... ဘဏ်လိုမျိုးပဲ ဆိုပါတော့ဟယ်"

"ဟမ် ... ၊ ဘဏ်လိုမျိုးဆိုတာ ဘာလဲ၊ ဘဏ်မှာ လုပ်တာ လား"





"အဲ့ဒီလိုတော့ မဟုတ်ဘူး"

"ဒါဆို နင့်ဟာက ဘာလဲ၊ ဘဏ်ဖြင့် ဘဏ်၊ မဟုတ်ဘူး ဆိုလည်း မဟုတ်ဘူးပေါ့၊ ဘာမတိမကျ ပြောနေတာလဲ"

"အင်း ... ဘဏ်ဆန်ဆန် လုပ်တယ်လို့ပဲ မှတ်ထားပါဟယ်၊ ငါပြောပြလည်း နင် ဉာဏ်မီမှာမှ မဟုတ်တာ"

"အံမယ် ... အံမယ်"

"ကဲ ... ကဲ ... ငါသွားပြီနော်၊ နောက်မှ တွေ့မယ်နော်"

ညိုစိမ့်က လူလည်ကျကျ မြန်မြန် စကားစဖြတ်ပြီး စက်ဘီးခပ်မြန်မြန်နင်း၍ ထွက်လာခဲ့ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



## (၁၆)

❖ ❖ ❖

အမှန်တကယ်တော့ အဲဒီညနေဟာ ညိုစိမ့်ဘဝကို ထူးခြားပြောင်းလဲစေမည့် ညနေဆိုတာ ညိုစိမ့် ကြိုမသိခဲ့ချေ။

အမေ ဆူတာ ခဏခံလိုက်ပြီးရင် အားလုံး ပုံမှန် ပြန်ဖြစ်သွားမှာပဲဟုသာ ထင်ခဲ့၏။

အမှိုက်ကစ ပြာသာဒ်မီးလောင်မယ်လို့လည်း မထင်ခဲ့ ...။

ညိုစိမ့်တို့အကြောင်း အမေ အလုံးစုံသိသွားလိမ့်မယ် လို့လည်း မထင်ခဲ့မိချေ။

နေဝင်ရီတရော ထိုအချိန်လေးမှာ ညိုစိမ့်က စက်ဘီး လေးကို အိမ်ရှေ့မှာရပ်လိုက်ပြီး ဘဲလ်လေး ကလင်ကလင် တီးကာ လှမ်းအော်ပြောလိုက်၏။

"မိချိုရေ ... ငါပြန်လာပြီဟေ့၊ ဆတ်သားခြောက်ကလည်း ရှာလိုက်ရတာဟယ် ...၊ ဒီအနီးအနား ဘယ်မှာမှ ဝယ်မရ





လို့ ဟိုဘက်ရပ်ကွက်ဈေးအထိ သွားလိုက်ရတာ၊ ဖတ်ဖတ် ကို မောသွားတာပါပဲဟယ် ..."

ညိုစိမ့်က ပြောရင်းဆိုရင်း အိမ်ထဲသို့ လှမ်းဝင်လာ၏။ အိမ်ပေါ်မှာ ထိုင်စောင့်နေသော အမေ့ကို တွေ့လိုက်ရချိန်မှာ ရင်တုန်သွားသော်လည်း မှင်သေသေဖြင့် ...

"ဟင် ... အမေ ပြန်ရောက်နေတာလား၊ ဘာလို့ ပြန်လာ ရတာလဲ အမေရယ်၊ ဘာလိုလို့လဲဟင်၊ လိုတာရှိရင် တစ် ယောက်ယောက်နဲ့ မှာလိုက်ရောပေါ့၊ သမီး လာပို့မှာပေါ့၊ အမေ ပြန်လာတော့ ပင်ပန်း ..."

"ပါးစပ်ပိတ် ..."

"အမေ့ ..."

အမေက ကြုံးအော်လိုက်တာမို့ ညိုစိမ့်က လန့်ဖျပ် ယောင်ယမ်းကာ ကိုယ့်ပါးစပ်လေး ကိုယ်ပြန်ပိတ်ပြီး မျက်လုံးလေး ပြူးလည်လျက် ခေါင်းလေး ပုခနဲ ဖြစ်သွားလေသည်။

"လာခဲ့ ... နင် ... လာခဲ့ ..."

အမေက အိမ်ပေါ်ကို ခေါ်နေတာမို့ ညိုစိမ့်က အိမ် ပေါ်သို့ ခပ်မြန်မြန်လေး တက်လာရသည်။

အမေက ညိုစိမ့် အိမ်ပေါ်ရောက်သည်နှင့် အိမ်တံခါး ကို ပိတ်ပစ်လိုက်ပြီး ညိုစိမ့်ဗိုက်သားလေးကို လှမ်းဆွဲလိုက်ပါသည်။

"လာခဲ့စမ်း ... ဦးနှောက်မရှိတဲ့ ဟာမလေး ..."

"အား ... အမေ ... အမေ ... နာတယ် အမေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



အသည်းခိုက်အောင် နာလှတာမို့ ညိုစိမ့်က အမေ့ရှေ့က ခုံတစ်လုံးပေါ် ပစ်ထိုင်ကျသွားရင်း ကြိတ်ညည်းမိသည်။

အမေက ညိုစိမ့်နှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်ရင်း

"နင် ... ဟိုဘက်ရပ်ကွက်ထဲက အလုပ်မရှိ အကိုင်မရှိ ထုံအအ ရွှေတိုးနဲ့ ကြိုက်နေတယ်ဆို ဟုတ်လား"

"အမေကလည်း ကိုရွှေတိုးမှာ အလုပ်ရှိပါတယ် အမေရဲ၊ ပြီးတော့ ကိုရွှေတိုးက ထုံအအလည်း မဟုတ်ပါဘူး၊ ခပ်ထက်ထက်ရယ်ပါ"

"ဟင် ... ကြည့်စမ်း ... နင် အကြောပြောင်လှချည်လား ဟင်၊ နင် နည်းနည်းမှ မရှက်ဘူးလားဟင်"

သမီးဖြစ်သူရဲ့ ရဲရဲဝံ့ဝံ့ တုံ့ပြန်ကာကွယ်မှုကြောင့် ဒေါ်ဥ ဒေါသက မိုးယံသို့ ထိုးပျံတက်သွားသည်။

"အမေကလည်း တစ်ယောက်နဲ့ တစ်ယောက် မေတ္တာသက်ဝင်ကြတယ်ဆိုတာ သဘာဝပဲဟာ၊ ဒါ ရှက်စရာမှ မဟုတ်တာ ..."

"အေး ... မရှက်ဦး ... မရှက်ဦး"

ဒေါ်ဥက မိုးပျံဒေါသဖြင့် အနားက ကြက်မွေးတံမြက်စည်းကို အမွေးနေရာမှ စုကိုင်ကာ တံမြက်စည်းအရိုးဖြင့် ညိုစိမ့်ရဲ့ လက်မောင်းကို လွှဲကာ လွှဲကာ ချလိုက်လေသည်။

"အား ... နာတယ် အမေရဲ့"

ညိုစိမ့်က နာလှတာမို့ အမေ့ တံမြက်စည်းကို လိုက်





လု၏။ အမေက ဖွတ်ပြန်လုကာ နောက်တစ်ကြိမ် လွှဲအချမှာ လိုက်လုနေသော ညိုစိမ့်ရဲ့ လက်ချောင်းကလေးတွေကို ရိုက်မိသွားလေသည်။

ညိုစိမ့်သည် ချစ်သူက 'ဥ'ထားသော လက်ချောင်းကလေးတွေကို အရိုက်ခံလိုက်ရသဖြင့် နာကျင်နီရဲသွားသော လက်ချောင်းလေးတွေကို တဆတ်ဆတ် ခါလိုက်ရင်း ...

"အမေ ... အမေ ... ဘယ်လိုလုပ်လိုက်တာလဲ၊ သမီး လက်ချောင်းတွေကို အမေ တန်ဖိုးမထားဘူးလားဟင်၊ အမေ ရိုက်ချင်ရင် တခြားနေရာကို ရိုက်၊ ကျောကိုရိုက်၊ တင်ပါးကို ရိုက်၊ ကြိုက်တဲ့နေရာကို ရိုက် ..."

ညိုစိမ့်က ထိုင်ရာမှ ဆတ်ခနဲ ထကာ အမေ့ရှေ့မှာ ကျောပေး၍ ငုံ့ရပ်ပေးနေလိုက်သည်။

ဒေါ်ဥက သမီးကျောကိုလွှဲရိုက်မည်ပြင်ပြီးမှ တံမြက်စည်းကို လွှတ်ချလိုက်ရင်း ...

"တော်တော် သတ္တိကောင်းနေတယ်ပေါ့လေ ဟုတ်လား"

"ဟုတ်ကဲ့ ..."

"ဟင် ... ဘာဟုတ်ကဲ့လဲ၊ နင် ငါ့ကို ရွဲ့နေတာလားဟဲ့ ညိုစိမ့်ရဲ့ ..."

မဆိုင်းမတွ ခေါင်းညိတ် ဟုတ်ကဲ့လိုက်သော ညိုစိမ့်ကြောင့် ဒေါ်ဥရဲ့ ဒေါသမှာ မိုးပေါ်ကနေ ဆင်းကိုမလာတော့ ...။

ညိုစိမ့်က မျက်နှာသေကလေးဖြင့် ...

"အမေက လိမ်တာမကြိုက်မှန်းသိလို့ သမီးက အမှန်



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ပြောရတာပါ အမေ ...၊ သမီး တကယ်လည်း သတ္တိတွေ ရှိနေလို့ပါ”

“ပါးစပ်ပိတ်ထား၊ ငါပြောတာပဲ နားထောင်၊ နင့်ကောင် အကြောင်း ငါ အားလုံးသိပြီးပြီ”

“အမေ ... ဟို ... ‘ကောင်’ လို့ မသုံးပါနဲ့လားဟင်”

“တယ် ... မိညိုစိမ့် နင့်ပါးစပ် ပိတ်ထားလို့ဆို ...”

ဒေါ်ဥက ဒေါသဖြစ်ဖြစ်နှင့် အော်လိုက်ပြီးမှ အနား ပါးနီး ကြားမှာစိုးတာမို့ အသံကို နှိမ့်ကာ ...

“အဲ့ဒီ ရွှေတိုးဟာ အင်မတန် ထုံထိုင်းတဲ့သူဆိုတာ နင်က လွဲပြီး အားလုံးသိတယ်၊ သူ့အဒေါ်က ငွေတိုးချေးတဲ့သူ မို့လို့ အကြွေးလိုက်တောင်းပေးတာကလွဲရင် သူ့မှာ တခြား အလုပ် ဘာမှမရှိဘူး၊ အတန်းပညာကလည်း မရှိဘူး”

“သမီးထက် တစ်တန်းကြီးပါတယ် အမေရဲ့ ...”

“နင့်ပါးစပ် ပိတ်လို့ဆို ...၊ အမလေး ... ငါပြောရတာ မောလာပြီ ညိုစိမ့်ရယ်၊ နင့်ကိုလည်း ငါ တကယ် အံ့သြ ပါတယ်၊ နင့်ရုပ်လေး သနားကမားနဲ့ ကြိုက်စရာရှားလား ဟင်၊ ဈေးထဲက ကုန်စုံဆိုင်ပိုင်ရှင် မောင်ကျင်ငွေးတို့၊ ဆန်ဆိုင်ပိုင်ရှင်သား မောင့်သန့်ဇင်တို့ကိုတောင် အရေး မလုပ်ဘဲ ဒီ ငထုံ ငအကိုမှ သွားကြိုက်စရာလား၊ နင် သူ့ ဘာများကြိုက်လဲဟင် ...”

“သူက ခြေထောက်သန့်လို့ပါ အမေ ...”

“ဘာ ...”





“သူနဲ့ သမီး စတွေ့တော့ သူ့ခြေထောက်လေးက သန့်နေ တာပဲ၊ ခုချိန်ထိလည်း သန့်နေတာပဲ အမေ၊ အမေ့ ကို ကျင်ငွေးတို့ ကိုသန့်ဇင်တို့ ခြေထောက်ပဲ သွားကြည့်ပါဦး၊ ခြေသည်းမည်းမည်း ဖုန်တလူးလူးနဲ့ ကြည့်ချင်စရာကို မရှိဘူး၊ ယောကျ်ားတစ်ယောက် ဘဝမှာ ခြေထောက်သန့်ဖို့ လည်း အရေးကြီးတာပဲ အမေရဲ့၊ အဆင့်ရှိတဲ့သူဆိုတာ ခြေထောက်သန့်ရတယ်”

“နင့်ခြေထောက်က ပြုတ်စားလို့ ရလို့လား၊ အေး ... နင် ပြောသလို ယောကျ်ားတစ်ယောက်ဘဝမှာ ခြေထောက်သန့် ဖို့ အရေးကြီးတယ်ပဲ ထားလိုက်ပါတော့၊ မိန်းမတစ်ယောက် ရဲ့ ဘဝမှာလည်း ကိုယ့်ဘဝကို တင့်တောင့်တင့်တယ် ပြည့်ပြည့်စုံစုံ ထားပေးနိုင်တဲ့ ယောကျ်ားတစ်ယောက်ရဖို့ အရေးကြီးတယ်ဆိုတာလေးပါ ခေါင်းထဲထည့်ထားလိုက် ဦး”

“တင့်တောင့်တင့်တယ်ကတော့ သူထားပေးမှ မဟုတ်ပါ ဘူး”

“ဘာ၊ သူထားမပေးလို့ နင့် ဘယ်သူထားပေးမလဲ ...”

“အမေ ထားပေးပေါ့ ...”

“ဘာ ... ဘာ၊ ညည်း ... ညည်း အသားနာချင်ပြန်ပြီလား ညိုစိမ့်ရဲ့၊ နင့်ပါးစပ်ကို ပိတ်ထားဟဲ့”

ဒေါ်ဥမှာ သမီးဖြစ်သူရဲ့ ‘အချစ်ကြောင့် အားရှိ’



www.burmeseclassic.com

www.burmeseclassic.com



'အချစ်ကြောင့် ဘာမှမသိ' 'အချစ်အတွက်ဆို ဘာမဆို' ဒီဇိုင်းကြောင့် ဆွေ့ဆွေ့ခုန် ဆတ်ဆတ်ခုန်ကာ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ဆုပ်၍ ဇွေ့ခနဲတောင် ထခုန်လိုက်မိလေရော တစ်ကိုယ်လုံးမှာ ပိုနေသမျှ တင်ပါးသား ရင်သား ပါးသား ပေါင်သား လက်မောင်းသားများအားလုံး တုန်ရင် လှုပ်ရှားသွားကြလေသည်။

ညိုစိမ့်ကတော့ မဖြူ ...။ စိတ်ညစ်ဟန်လည်း မပြ ဝမ်းနည်းပုံလည်း မရ ...။ ထပ်အရိုက်ခံရလည်း အေးအေးဆေးဆေး အရိုက်ခံလိုက်မည့်ပုံ ...။

"ဟုတ်တယ်လေ ... အမေရဲ့၊ အမေပဲ စဉ်းစားကြည့်လေ သမီး အိမ်ထောင်ကျလည်း အမေ ဆိုင်ထွက်ဖို့အတွက် ဟင်းတွေ ချက်ပေးရဦးမှာ မဟုတ်လား၊ သမီးက ဟင်းချက်၊ အမေက ဆိုင်ထွက်၊ သမီးလိုချင်တာလေးတွေ ရှိရင်လည်း အမေပဲ ဝယ်ပေးလို့ရတာပဲ ..."

"ဉာဏ်ကြီးရှင်မကြီးပါလားဟေ့ ...၊ နင် အိမ်ထောင်ကျရင်တောင် ငါက အိုကြီးအိုမနဲ့ တစ်သက်လုံး ဈေးရောင်းကျွေးနေရဦးမှာလား ..."

"သူ မကြီးပွားခင်အထိပါပဲ အမေ၊ သူ ကြီးပွားတဲ့တစ်နေ့ကျ အမေ့ကို အိမ်ဦးခန်းမှာ အမေ့နာမည်နဲ့ လိုက်အောင် ဥထားမှာပါ"

"နင့်ကောင်က တစ်သက်လုံး ကြီးပွားမယ့်ကောင်မှ မဟုတ်တာ ..."

"အမေ ဒီလိုတော့ မပြောပါနဲ့၊ ဟိုစကားပုံလည်း ရှိတာ





လေ၊ ဘာထမ်းလာတာမြင်ရ၊ ဘာထမ်းလာတာ မမြင်ရ ဆိုတာ ..."

'လုံထမ်းလာတာ မြင်ရ၊ ကံထမ်းလာတာ မမြင်ရ' ဆိုသော စကားပုံကို ဝါးတားတားပဲမှတ်မိ[illegible] ညိုစိမ့်က မှတ်မိသလောက်လေး ဝါးချကာ တရားပြလိုက်ချသေးသည်။

"ကြီးပွားဖို့ဆိုတာ တစ်ခုမဟုတ် တစ်ခုတော့ ထူးချွန်ရတယ်ဟဲ့၊ အဲ့ဒီ ရွှေတိုးဆိုတဲ့ ကောင်ဟာ ပညာလည်းမတတ်၊ ပိုက်ဆံလည်း မရှိ၊ အရည်အချင်းက နတ္ထိ၊ ဦးနှောက်ကလည်း မကောင်း ...၊ ဒီလောက် ထုံအတဲ့သူ့ကို ဘယ်မှာသွားသုံးစားလို့ရမှာလဲ၊ ဒင်းက ဘာကို အရင်းပြုပြီး ကြီးပွားစရာ အကြောင်းရှိလဲ၊ တကတည်း ယောကျ်ားဖြစ်ပြီး စက်ဘီးလေးတောင် မစီးတတ်လို့ နင်က တပြန် သင်ပေးနေရတာ ငါမသိဘူး မှတ်လားဟဲ့ ညိုစိမ့်ရဲ့ ...၊ နင် သူ့သာယူကြည့် ... တစ်သက်လုံး နင်ပဲ ဦးဆောင်၊ နင်ပဲ ရှာကျွေးသွားရမှာ ..."

"သူများဘဝကြီးကို အဲ့လိုကြီးတော့ တစ်ဆုံး မပြောပါနဲ့ အမေရယ်၊ သူ တစ်နေ့ ကြီးပွားမယ်ဆိုတာ သမီးတော့ ယုံတယ်"

"အံမယ်လေး ... ယုံကြည်ချက်တွေ မြင့်မားလှချည်လား ညိုစိမ့်ရဲ့ ..."

ဒေါ်ဥက သူ့ရင်ဘတ်အိအိကို ဘုံးခနဲ ပြန်ထုကာ အံကြိတ်၍အော်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"သူက ရိုးသားတယ်၊ ပြီးတော့ သမီးကို တန်ဖိုးထားပြီး ချစ်တယ် အမေ၊ အဲ့ဒီနှစ်ချက်နဲ့တင် သူ ကြီးပွားမှာပါ"

ညိုစိမ့်က မျက်နှာတည်တည်လေးဖြင့် လေးလေးနက်နက်ကြီး ပြောလိုက်တာမို့ ဒေါ်ဥတောင် ဖြုံသွားရသည်။ သမီးဖြစ်သူရဲ့ ဒီလောက် လေးနက် တည်ကြည် ရင့်ကျက်သော မျက်နှာထားကို တစ်သက်နဲ့တစ်ကိုယ် မမြင်ဖူးခဲ့လို့ပင် ...။

"စိတ်ကူးတွေ ယဉ်မနေစမ်းနဲ့ ညိုစိမ့် ...၊ နင် ရွှေတိုးကို ဖြတ်ချင်ဖြတ်၊ မဖြတ်ရင် ဒါ့ထက်နာမယ်မှတ်၊ သွား ... သွား ... မီးဖိုချောင်ထဲမှာ မီးသွေးကုန်နေပြီ၊ မီးသွေးအိတ်ထဲမှာ သွားနှိုက်၊ ပြီးရင် ပြုတ်ထားတဲ့ ကြက်သားတွေ ကြော်လိုက်ဦး၊ လက်အိတ်ကြီးစွပ်ပြီး လုပ်မနေနဲ့ဦး၊ အကုန်လွတ်ကျကုန်မယ်၊ အံမလေး ... ခေါင်းတွေကိုက် လိုက်တာနော်၊ ခေါင်းကိုက်လို့ နားမလားလို့ အိမ်ပြန်လာမိပါတယ်၊ တစ်ခါတည်း ခေါင်းကို တူနဲ့ဆီးထုလိုက်သလိုပဲ ..."

ဒေါ်ဥက ကိုယ့်ခေါင်းကိုယ်ဖိကာ အော်ညည်းရင်း အိပ်ခန်းထဲသို့ ဝင်သွားလေသည်။

ညိုစိမ့်သည်လည်း ထိုင်ရာမှထကာ လေးလံသော ခြေလှမ်းများဖြင့် မီးဖိုချောင်ထဲသို့ ဝင်လာခဲ့၏။ ထို့နောက် မီးဖိုချောင်ထောင့်က ဖင့်ထိုင်ခုံပုလေးပေါ်သို့ အသာလေးမှီလျော့ ထိုင်ချလိုက်မိလေသည်။

ညိုစိမ့်နားထဲမှာ အမေ့ရဲ့ 'နင့်ကောင်၊ ဟိုကောင်၊ အဲ့ဒီကောင်၊ ဘယ်တော့မှ မကြီးပွားမယ့်အကောင်' ဟူသော





စကားလုံးတွေကို ကြားယောင်ရင်း တိုးအတွက် မချိတင်ကဲ ဝမ်းနည်းလာမိလေသည်။

ညိုစိမ့်သည် တံမြက်စည်းရိုးဖြင့် ရိုက်မိသဖြင့် နီရဲနာကျင်နေသော လက်ချောင်းကလေးများကို ထောင့်၍ကြည့်လိုက်၏။

အို ... ကြည့်စမ်းပါဦး။ တိုးက မြတ်နိုးတန်ဖိုးထားခဲ့တဲ့ ညိုစိမ့် လက်ချောင်းကလေးတွေဟာ အမေ့လက်ချက်နဲ့ ရောင်လို့တောင် နေပါပကောလား ...။

တကယ်တော့ ဒီလက်ချောင်းကလေးတွေဟာ တိုးရဲ့ တယုတယ ဖွဖွထွေးဆုပ်ခြင်းကို ခံခဲ့ရတဲ့ လက်၊ တစ်နေ့မှာ တိုး ဝတ်ပေးမယ့် စိန်လက်စွပ်ကလေးကို ဂုဏ်ယူစွာ ဝတ်ဆင်ရမယ့် လက်၊ ဒီလက်ကလေးတွေ အပူလောင်မှာ၊ ထိရှမှာစိုးလို့ တိုးဝယ်ပေးတဲ့ လက်အိတ်လေးတွေနဲ့တောင် အမြဲတမ်း ထွေးဥလာခဲ့ရတာ မဟုတ်လား။

အမေကတော့ ဒီလက်လေးတွေရဲ့ တန်ဖိုးကို မသိ၊ ယုယရကောင်းမှန်းတောင် မသိ ...။ အပူလောင်လည်း လောင်ပစေ၊ ဓားထိလည်း ထိပစေရယ်လို့ ဂရုမစိုက်ဘဲနေတဲ့အပြင် ရိုက်တောင် ရိုက်လိုက်သေးသည်။ တကယ်ဆို ဒီလက်ကလေးတွေနဲ့ ဟင်းချက်ပေးခဲ့တာကို အမေ သတိရဖို့ကောင်းတာပေါ့၊ တန်ဖိုးထားသင့်တာပေါ့။

ညိုစိမ့်သည် တစိမ့်စိမ့်တွေးရင်း ဝမ်းနည်းနာကြည်းလာမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ညိုစိမ့် ရင်မှာ ဝမ်းနည်းခြင်းကြီးစွာ နာကြည်းခြင်းကြီးစွာ ဖြစ်ပေါ်နေချိန်မှာပဲ မီးလောင်ရာ လေပင့်ဆိုသလို အိပ်ခန်းဘက်မှ အမေ့အသံက မီးဖိုချောင်ဘက်သို့ လွင့်လာ၏။

"ညိုစိမ့်ရေ ... ဘာလုပ်နေလဲ၊ ကြက်သား မြန်မြန်ကြော်စမ်းဟေ့ ..."

ကယောင်ချောက်ချား စိတ်ပျံ့လွင့်လျက်ရှိသော ညိုစိမ့်သည် အမေ့အသံကြောင့် အတွေးထဲမှ လန့်နိုးသွားရကာ ကယောင်ကတမ်းဖြင့် မီးဖိုပေါ်မှာ တင်ထားသော ကြက်သားပြုတ်အိုးကို လက်ဗလာဖြင့် လှမ်းကိုင်လိုက်လေရာ အသည်းခိုက်မတတ် ပူလောင်သွားရတော့သည်။

"အား ... ပူလိုက်တာ သေပါပြီ"

ညိုစိမ့်က အပူလောင်သွားသော ကိုယ့်လက်ချောင်းကလေးတွေကို ဆတ်ခနဲ ပါးစပ်ထဲ ထိုးထည့်ကာ အပူသက်သာလို သက်သာငြား အာငွေ့ပေးရင်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာသည်။

အပူနည်းနည်း သက်သာလို့ ပြန်ထုတ်ကြည့်လိုက်တော့ အပူကြောင့် လက်အရေပြားလေး နီရဲပြီး နည်းနည်း ဖောင်းကြွနေတာကို မြင်လိုက်ရ၏။

အနာပေါ် အနာဆင့်တယ်ဆိုတာ ဒါမျိုးပဲလား။ အရိုက်ခံရလို့ အသားနာပါတယ်ဆိုမှ အပူထပ်လောင်ရပြန်တာမို့ အိပ်ခန်းထဲက အမေ့ကို လှမ်း၍နာကြည်းရင်း ကိုယ့်လက်ကလေးအတွက် ယူကြုံးမရ ဖြစ်လာသည်။





လက်က စပ်လှ နာလှသော်လည်း ကြက်သားကြော်ဖို့ မီးသွေး သွားယူရဦးမှာမို့ မီးသွေးအိတ်တွေ ထားရာ အိမ်နောက်ဘက် အဖီထဲသို့ လျှောက်လာခဲ့ရ၏။

အမေ့မေ့အလျော့လျော့ စိတ်နဲ့ ကိုယ်နဲ့မကပ် ဖြစ်နေရသော ညိုစိမ့်သည် ကတ္တီပါဖိနပ်လေးကိုချွတ်၍ ခုံဖိနပ် ပြောင်းစီးဖို့မေ့ကာ မီးသွေးအိတ်များကြားသို့ တိုးဖြိုလျှောက်ဝင်သွား၏။ ဖောက်လက်စ မီးသွေးအိတ်ကို နာနေသော ညာလက်ဖြင့် လှမ်းဆွဲမိတော့ လက်က ဆစ်ခနဲ နာသွားတဲ့အပြင် မီးသွေးမှုန့်တွေပါ ညစ်ပတ်ပေလူးသွားလေသည်။

ခြင်းတောင်းထဲသို့ မီးသွေးတချို့ နှိုက်ထည့်လိုက်ပြီး အပြင် ပြန်ထွက်ဖို့ လှည့်လာချိန်မှာပဲ ညိုစိမ့်က ကိုယ့်ခြေထောက်ကိုယ် ငုံ့ကြည့်မိသွားသည်။

"ဟင် ..."

ညိုစိမ့် မြတ်နိုးတန်ဖိုးထားရပါသော ကတ္တီပါဖိနပ်လေးမှာ မီးသွေးမှုန့်တွေ ပေလျက်။ ကိုရွှေတိုး မြတ်နိုး တန်ဖိုးထားသော ညိုစိမ့် ခြေထောက်ကလေးဟာလည်း မည်းတူး ညစ်ပေလျက်။

ညိုစိမ့်သည် ညိုစိမ့်ရဲ့ ခြေလေး လက်လေးတွေကိုဆောင် တန်ဖိုးထားရမှန်းမသိတဲ့ အမေ့ကို နာကြည်းသွားကာ ညိုစိမ့်ရဲ့ ခြေလေး လက်လေးကအစ တန်ဖိုးထား ဂရုစိုက်တတ်သော တိုးကို ပို၍ ပို၍ ချစ်သွားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ညိုစိမ့် ကိုင်ထားသော မီးသွေးခြင်းက ညိုစိမ့်လက်ထဲမှ ဖုတ်ဆို ပြုတ်ကျသွား၏။

ညိုစိမ့်သည် ရုတ်တရက်ဆိုသလိုပင် ဆုံးဖြတ်ချက်အကြီးကြီးကို ခိုင်ခိုင်မာမာ ချပစ်လိုက်လေသည်။

■ ■ ■





(၁၇)

❖ ❖ ❖

ဒေါ်စိန်လုံးသည် ကိုယ့်ရှေ့မှာ ကျုံ့ကျုံ့လေး ထိုင်ချကာ ဦးသုံးကြိမ်ချလိုက်သော ကောင်မလေးကို ကြည့်ရင်း စိတ်ရှုပ်ထွေးကာ အူကြောင်ကြောင် ဖြစ်နေသည်။

ဒီကောင်မလေးဟာ ဘယ်လိုလေးမှန်းလည်း မသိ၊ ‘ဒါ ကိုရွှေတိုးအိမ်လားဟင်’ ဟု မေးကာ အိမ်ရှေ့သို့ရောက်လာ၏။ ‘ရွှေတိုး အပြင်သွားတယ်’ဟု ပြောလိုက်တော့လည်း ပြန်မသွားဘဲ အိမ်ရှေ့မှာ တောင့်တောင့်လေး ရပ်စောင့်နေသည်။ ကြည့်ရတာတော့ ခေါင်းမာမည့် ပုံစံလေး ...။ ပုံစံက သွက်လက်ချက်ချာပေမယ့် မရိုးမသား လည်လည်မွတ်မွတ်ပုံစံမျိုးကြီးတော့ မဟုတ် ...။ မျက်နှာထားလေးက ကြည်လင်ကာ မျက်လုံးတွေက သန့်စင်သည်။ သူဌေးသမီးပုံ မထွက်ပေမယ့် အရမ်း ဆင်းရဲနွမ်းပါးသည့်ပုံစံတော့လည်း မဟုတ်။ မိကောင်းဖခင် သားသမီးပုံစံမျိုး ရိုးပုံရိုးပန်းကလေး ထွက်နေတာမို့ ရိုင်းရိုင်းပျပျလည်း နှင်မပစ်ရက်ဘဲ အိမ်ပေါ်သို့ ဖိတ်ခေါ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက အိမ်ပေါ်ရောက်ရောက်ချင်းပဲ ... ကြမ်းပြင်ပေါ်မှာ ကျုံ့ကျုံ့လေးထိုင်ချကာ ...

"အဒေါ် ... ဒီနားမှာ ခဏလာထိုင်ပေးပါဦး"

ဟု လက်ကလေးယပ်၍ လှမ်းခေါ်တာမို့ ဒေါ်စိန်လုံးက သူမထိုင်ခိုင်းသည့် အိမ်ဦးခန်းမှာ ဘုမသိ ဘမသိ ဝင်ထိုင်လိုက်ရသည်။

ဒေါ်စိန်လုံး ထိုင်ထိုင်ချင်းပင် သူမက မပြောမဆို ဦးသုံးကြိမ်ချ ကန်တော့လိုက်လေရာ ဒေါ်စိန်လုံးမှာ မနေတတ် မထိုင်တတ်နှင့် ဖင်ကြွထလိုက်ရင်း ...

"ဟဲ့ ... ဟဲ့ ... ကောင်မလေး ဘာ ... ဘာလုပ်တာလဲကွယ်၊ ဘာဖြစ်လို့ ကန်တော့တာလဲ"

"ခဏလေး ထိုင်နေပေးပါ အဒေါ်၊ ကန်တော့ပြီးရင် ပြောပါ့မယ်နော်"

ကောင်မလေးရဲ့ မေတ္တာရပ်ခံချက်ကြောင့် ဒေါ်စိန်လုံးမှာ ကန်တော့ခံ ပုဂ္ဂိုလ်ပီပီ ခံ့ခံ့ထည်ထည် ဆက်ထိုင်နေရင်း စိတ်ကသိကအောက် ဖြစ်လာသည်။

ကောင်မလေး ကန်တော့တာကလည်း တော်တော် နဲ့ကို မပြီး ...။ ဦးသုံးကြိမ်ချပြီးလို့ ပြီးပြီလား အောက်မေ့ပါတယ် ပါးစပ်တလှုပ်လှုပ်နဲ့ လက်အုပ်ဆက်ချီထားတာမို့ ဇွတ်ထလည်း အခက် ...။

ရထားသမျှ ဂါထာတွေ၊ ပရိသတ်ကြီး ၁၁ သုတ်





တွေကုန်အောင် ရွတ်နေသလားမသိ။ မျက်လုံးလေးမှိတ်၊ လက်အုပ်လေးချီကာ ပါးစပ်က ပွစိပွစိ လှုပ်နေသည်။

ဒေါ်စိန်လုံးက ဖင်တကြွကြွ၊ ကောင်မလေးကလည်း ထကိုမထ ...။

"ဒီမှာ ... ဒီမှာ၊ တော်ရုံကန်တော့ပါ၊ ဒီလောက်ဆို ရပါပြီ"

ဒေါ်စိန်လုံးက ပြောပေမယ့်လည်း ကောင်မလေးက သူ့ရွတ်စရာရှိတာ ဆက်ရွတ်ပြီးမှ ထမည်ဟု သန္နိဋ္ဌာန် ချထားပုံ ရ၏။

ခဏကြာတော့မှ အပြီးသတ်ရွတ်ဖတ်ပြီးပြီမို့ နောက်ဆုံး ဦးသုံးကြိမ်ချလိုက်ပြီး ကန်တော့ခြင်းကိစ္စ ပြီးမြောက်သွားသည်။

"ကဲ ... ကဲ ... လာပါ ... ဒီမှာထိုင်ပါ၊ ဘာအကြောင်းကိစ္စနဲ့ လာကန်တော့တယ်ဆိုတာ ပြောဦးမှပေါ့ ကလေးမရဲ့၊ ဘုမသိဘမသိ ကန်တော့ခံရတာလည်း တစ်မျိုးတော့ တစ်မျိုးကြီးပေါ့ ..."

ဒေါ်စိန်လုံး ခေါ်တော့မှ ကောင်မလေးက ဒေါ်စိန်လုံးရှေ့က ခုံလေးမှာ ဝင်ထိုင်လိုက်ရင်း ...

"အကြောင်းက ဒီလိုပါ အဒေါ်၊ ကျွန်မက ကိုရွှေတိုး ရည်းစားမို့လို့ ကိုရွှေတိုး အဒေါ်ကို ကျွန်မ အဒေါ်လို သဘောထားပြီး တွေ့တွေ့ချင်း အရိုအသေပေး ဂါဝရပြု တာပါ ..."

"မြတ်စွာဘုရား ..."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိန်လုံး မျက်စိဟာ တကယ်ပဲ ပြူးခနဲ ထွက်လာပါသည်။ ရွှေတိုးလိုလူကို ကြိုက်တဲ့လူ ဤဇမ္ဗူမှာ ရှိပါသေးကလားရယ်လို့ အံ့သြခြင်းကြီးစွာ ဖြစ်မိရလို့ပင်။

ကောင်မလေး ကြည့်တော့လည်း အသွေးအမွေးက မဆိုးလှ ...။ သွက်လက်ချက်ချာပုံကလေးကလည်း သဘောကျစရာ။ ရွှေတိုးထက်တော့ အပုံကြီး သာသေး၏။

"ဒါဆို ... နင်နဲ့ ရွှေတိုးက တကယ် ဖြစ်နေကြတယ်ပေါ့ ဟုတ်လား ..."

"ဖြစ်နေတာ မဟုတ်ပါဘူး အဒေါ်၊ တစ်ယောက်နဲ့တစ်ယောက် မေတ္တာသက်ဝင် ချစ်ခင်နေကြတာပါ ..."

အံမယ် ... လာတော့ အလာသားဟဲ့။ ခုတလော ရွှေတိုးတင် ဆရာကျလာသလား အောက်မေ့ပါတယ် ... သူ့ကောင်မလေးက ဆရာ့ ဆရာကြီး ဖြစ်နေသည်။ သူ့ထက်သူ လူစွမ်းကောင်းချည်းပါပဲလား။

ကောင်မလေး ခုလို ရည်းစားအိမ်ပေါ် ရဲရဲတက်လာပြီး ရဲရဲပြောနေတာတွေဟာ အရှက်မရှိ မျက်နှာပြောင်တိုက်တာဟု ပြောရမှာလည်း အခက်။ အရိုးခံမျက်နှာလေးနဲ့ ယဉ်ယဉ်ကျေးကျေးကလေး ပြောနေပုံကလေးက မေတ္တာပျက်စရာမကောင်း ...။ အချစ်ကြောင့်ရတဲ့ သတ္တိလို့ပဲ ခေါ်မလား ...။ ပြတ်သားတည်ကြည်တဲ့ အသွင်ကလေးလည်းရှိ၊ တစ်ချက် တစ်ချက်မှာ ကလေးဆန်သလိုလေးလည်းဖြစ်၊ မတတ်တတတ်နဲ့ ဆရာလုပ်ချင်တဲ့





ရယ်စရာအသွင်လည်း ဖြစ် ...။ ထို့ကြောင့် ဒေါ်စိန်လုံးမှာ ဘာဘယ်လိုပြောရမှန်းမသိ ဖြစ်နေပြီးမှ ...

"ကဲ ... ကဲ ... ဟုတ်ပါပြီ၊ ခုလာရင်းကိစ္စကိုလည်း ပြောပါဦး"

"ဒီမှာကြည့်ပါ အဒေါ် ..."

"အင် ..."

ကောင်မလေးက သူမရဲ့ လက်ချောင်းကလေးကို ဒေါ်စိန်လုံးမျက်နှာရှေ့သို့ ထိုးပြလိုက်သည်။ ဒေါ်စိန်လုံးမှာ လန့်ဖျပ်၍ နောက်သို့ ယိမ်းလိုက်ရင်း သူမပြသည့် လက်ချောင်းလေးတွေကို ကြည့်မိတော့ မီးသွေးလိုလို မည်းမည်းအရာတချို့လည်း ဆနေကာ နီရဲပြီး နည်းနည်းရောင်နေသလိုမျိုး တွေ့လိုက်ရသည်။

"တွေ့တယ်မဟုတ်လား အဒေါ်၊ ကျွန်မ လက်တွေ ဒီလို မည်းပေနေလည်း အမေက ဂရုမစိုက်ပါဘူး၊ ကျွန်မလက်တွေ ခုလို ထိခိုက်နာကျင်ရလည်း အရေးမလုပ်ပါဘူး ..."

"အဲ့ ... အဲ့ဒီတော့ ..."

"ကိုရွှေတိုးကတော့ အမေနဲ့ တခြားစီပါ အဒေါ်၊ အမေက ဂရုမစိုက်တဲ့ တန်ဖိုးမထားတဲ့ ကျွန်မရဲ့ ခြေလေး လက်လေးတွေကအစ ကိုရွှေတိုးက ဂရုစိုက်တယ်၊ တန်ဖိုးထားတယ်၊ ကာကွယ်စောင့်ရှောက်တယ်၊ တစ်နေ့ကျရင် ကိုရွှေတိုး ဝတ်ပေးမယ့် စိန်လက်စွပ်ကို ဝတ်ရမယ့် ကျွန်မလက်ကို အမေ ခုလို မညှာမတာ ပစ်စလတ်ခတ် တန်ဖိုးမထားလုပ်ရက်တာတော့ ကျွန်မ မခံနိုင်ဘူး အဒေါ် ..."



www.burmeseclassic.com

www.burmeseclassic.com



“အဲ့ဒီတော့ ...”

“အဲ့ဒါကြောင့် ကျွန်မ စိတ်ဆုံးဖြတ်ပြီး ကျွန်မကို တန်ဖိုး ထားတဲ့ ကိုရွှေတိုးနဲ့ အတူနေဖို့ လာခဲ့တာပါ ...”

“ဟင် ... ဒါဆို ညည်း ... ညည်း ခုလာတာ ခိုးရာလိုက် ဖို့လား၊ အဲ ... မခိုးဘဲနဲ့ လိုက်တာ ...၊ မဟုတ်သေးပါဘူး ညည်းက ခိုးဖို့ လာတာပေါ့ ... ဟုတ်လား”

“ကျွန်မနဲ့ ကိုရွှေတိုးက အပြန်အလှန် ချစ်ကြတဲ့သူတွေ ဆိုတော့ ဘယ်သူကပဲ စယူယူ ကြည်ဖြူပြီးသားဆိုတော့ ခိုးတယ်လို့တော့ မပြောနိုင်ပါဘူး အဒေါ်၊ ကျွန်မကလည်း ကိုရွှေတိုးကို ခေါ်ပြီး အဝေးကြီးကို ထွက်မသွားပါဘူး ဒီအိမ်မှာပဲ အတူလာနေမှာပါ”

“အမလေးဟဲ့ ... ဘုရားကြီးရှင်၊ ကိုမြရေ... ကိုမြ၊ လာပါဦး ကိုမြရယ် ... ကျုပ် ဦးနှောက်ခြောက်လို့ပါတော့”

ဒေါ်စိန်လုံးက မကြံတတ်တော့ပြီမို့ အိပ်ခန်းဘက် သို့ လှည့်အော်လိုက်လေရာ သိကြားမင်း စည်းစိမ်ဖြင့် နှပ်နေသော ကိုမြအေးက အိပ်ရာမှ လန့်နိုးလာရပါသည်။

“ဘာတုန်းဟေ့ ... အလန့်တကြား”

ကိုမြအေးက အိပ်ချင်မူးတူးဖြင့် မျက်လုံးကိုပွတ်ရင်း အိပ်ခန်းထဲက ထွက်လာသည်။

“ဒီမယ် ... ဒီမယ် ... ဒီကိစ္စကို လာရှင်းဦး”

“ဘာကိစ္စလဲ ...”

“ရှင့်တူကိစ္စ ...”





“ရွှေတိုးကိစ္စ ရွှေတိုးဘာသာ ရှင်းပလေ့စေပေါ့ကွာ၊ ဒီကောင် ဘယ်သွားနေလို့တုန်း ...”

“ကြွေးတောင်း ထွက်သွားတယ်လေ ...”

“နေပါဦး ... ကိစ္စက ဘာ ... ဟင်”

ဦးမြအေးက မျက်လုံးအမြင် ကြည်လင်လာတော့မှ ညိုစိမ့်ကို မြင်ကာ နည်းနည်း အံ့သြသွားသည်။

“ဒီမှာလေ ... ရွှေတိုး ရည်းစားတဲ့တော့ ...”

“ဟ ... မဆိုးပါလား၊ ခုမှပဲ မြင်ဖူးတော့တယ်”

“ဟင် ... ရှင် သိနေတယ်ပေါ့”

“ဟဲဟဲ ...”

“ကြည့်စမ်း ... ရှင်တို့ တူဝရီးတွေ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းပါလား၊ ရှင်က မဆုံးမတဲ့အပြင် မြှောက်တောင် မြှောက်ပေးနေတယ်ပေါ့လေ၊ ကျွန်မကိုတော့ လိမ်ညာဖုံးဖိထားတယ်ပေါ့လေ ...”

“ခဏနေစမ်းပါဦးကွာ၊ ဒီမှာ မေးစရာရှိတာ မေးပါရစေဦး”

ဦးမြအေးက ကောင်မလေးရှေ့မှာ ထိုင်ချလိုက်ရင်း

“နာမည် ဘယ်လိုခေါ်တုန်း ကလေးမ ...”

“ညိုစိမ့်ပါ ဦးလေး”

“လာရင်း ကိစ္စက ...”

“ကျွန်မကို အမေက တန်ဖိုးမထားလို့ တန်ဖိုးထားတဲ့ ကိုရွှေတိုးနဲ့ အတူနေဖို့ လာတာပါ”

“ဟော ...”



www.burmeseclassic.com

www.burmeseclassic.com



လာရင်းကိစ္စကို ခုမှသိတာမို့ ဦးမြအေးရဲ့ မျက်လုံး တွေဟာလည်း ပြုံးခနဲ ဖြစ်လာပါသည်။ ဒေါ်စိန်လုံးက ဘယ့်နှယ် ရှိစဟူသော အကြည့်မျိုးဖြင့် ဦးမြအေးကို ခပ်စွေစွေလှမ်းကြည့်ရင်း

"ကဲ … ကြားတဲ့အတိုင်းပဲ၊ ဒီကိစ္စ ဘယ်လိုလုပ်မလဲ၊ ဒီမှာ ကလေးမရဲ့ … ညည်းတို့လို မလောက်လေး မလောက်စား အရွယ်ကလေးတွေဟာ ဒီအတိုင်းပဲ … ရည်းစားထားပြီဆို ကိုယ့်အိမ်က လူကြီးမိဘတွေနဲ့ ရည်းစားနဲ့ယှဉ်ပြီး ရည်းစား က ပိုဂရုစိုက်တယ်၊ အိမ်ကလူကြီးတွေက ရည်းစားလောက် မကောင်းဘူးပါဘူးနဲ့ အပြစ်တွေ မြင်ကုန်ရော၊ တစ်သက် လုံးကတည်းက အတူနေလာတဲ့သူတွေကတော့ ပုံမှန်ပေါ့ အေ၊ ထူးပြီး သဲသဲလှုပ်နေစရာမှ အကြောင်းမရှိတာ၊ ခုမှ တွေ့တဲ့ ရည်းစားကတော့ အဲ့ဒီလို သည်းသည်းလှုပ်ဖြစ် အမှတ်တွေရမှာကိုး၊ ညည်းတို့က ကြွေမှာကိုး၊ ညည်းတို့ဆီ က တစ်ခုခုရချင်လို့ ပိုသည်းပြနေတာတွေကို အဟုတ်မှတ် ပြီး မိဘကို အပြစ်မမြင်စမ်းပါနဲ့အေ …"

"အဒေါ်တုန်းကရော အဲ့လို မဖြစ်ခဲ့ဘူးလားဟင် …"

"ဟမ် …"

မသိနားမလည်သလိုပုံမျိုးလေးနှင့် မျက်လုံးလေး ‌ေ ကလပ် ပေကလပ်လုပ်၍ ပြန်မေးလိုက်သော ညိုစိမ့်ကြောင့် ဒေါ် စိန်လုံးမှာ စိတ်ဆိုးရလည်း အခက်။

"ဟားဟား … ဖြစ်ခဲ့တာပေါ့ ကလေးမရယ်၊ ဦးမိန်းမ မင်းထက်တောင် ဆိုးသေး …"





"တော့် … ကိုမြအေး၊ ရှင် ဒီပြဿနာကို ရှင်းမှာလား၊ ကျွန်မကို နှိပ်ကွပ်မှာလား …"

ဦးမြအေးကတော့ တဟားဟား ရယ်ကာ သဘော ကျ၊ ဒေါ်စိန်လုံးက ဒေါ်တွေပွ။

"ကဲ … ကဲ … ရှင် အသာနေတော့၊ ကျွန်မပဲ ဆက်မေး လိုက်တော့မယ်၊ ဒီမှာကလေးမ … ညည်း ရွှေတိုးအကြောင်း ဘယ်လောက် သိလဲ …"

"အကုန်သိပါတယ် …"

"ဟေ … တယ်ဟုတ်ပါလား"

ဦးမြအေးက ထပြောပြန်ရာ ဒေါ်စိန်လုံးက မျက် စောင်းလှည့်ထိုးလိုက်ပြီးမှ …

"လူတစ်ယောက်အကြောင်း တစ်ယောက်က အကုန်သိ တယ်ဆိုတာ မဖြစ်နိုင်ဘူး ကလေးမရဲ့၊ ကြိုက်တာ မကြာ သေးတဲ့ သမီးရည်းစားဆို ပိုတောင် မသိသေးတယ်၊ သိ တယ်လို့ ထင်နေတာတွေဟာလည်း အပေါ်ယံလောက်ပဲ"

"သိသိ မသိသိ ချစ်တာကတော့ ချစ်တာပါပဲ အဒေါ်ရယ်"

ညိုစိမ့်က ခပ်တိုးတိုးလေး ညည်းပြောပြောလိုက်တာ မို့ ဒေါ်စိန်လုံးမှာ ဘာစကား ဆက်ရမည်မသိ။ ဦးမြအေးကတော့ ခပ်ပြုံးပြုံးဖြင့် သဘောကျနေသည်။

"ကဲ … ကဲ … ထားပါတော့၊ ညည်းကို တစ်ခုပဲ မေးမယ်၊ ညည်း ရွှေတိုးကို ဘာလို့ သဘောကျလဲ …"

"ခြေထောက်သန့်လို့ သဘောကျတာပါ အဒေါ် …"



www.burmeseclassic.com

www.burmeseclassic.com



"ဟမ် ..."

"ဟား ... ဟား ... ယောကျ်ားတစ်ယောက်ရဲ့ ဘဝမှာ ခြေ
ထောက်သန့်ဖို့ အရေးကြီးတယ်ဆိုတဲ့ ရွှေတိုးရဲ့ ခံယူချက်
က အသုံးတော့ ဝင်သားပါလားကွ ... ဟေ"

"နှစ်ထောင်းအားရသံကြီးနဲ့ ဝင်ဝင်မပြောရင် ကောင်းမယ်
ကိုမြအေး ..."

ဒေါ်စိန်လုံးက အသည်းယား စိတ်ရှုပ်အခက်တွေ့
နေသလောက် ဦးမြအေးကဖြင့် သဘောကျလို့မဆုံး။

"ဒီမှာ ကလေးမရဲ့ ... ရွှေတိုးမှာက ဘာအလုပ်အကိုင်မှ
မည်မည်ရရ ရှိတာမဟုတ်ဘူး၊ ငါခိုင်းတာပဲလုပ်ပြီး မုန့်ဖိုး
ပဲဖိုးလေးပဲ ရတဲ့သူ၊ မိန်းမတစ်ယောက်ယူပြီး ဦးဆော
ရှာဖွေကျွေးမွေးဖို့ အရည်အချင်းမျိုး သူ့မှာမရှိဘူး၊ ညည်း
သူနဲ့ယူရင် ဒုက္ခရောက်မှာပဲ၊ အဲဒီတော့ အချိန်မနှောင်းခင်
ကိုယ့်အိမ်သာကိုယ် မြန်မြန်ပြန်လိုက်ပါကွယ်"

"ကိစ္စမရှိပါဘူး အဒေါ် ..."

"ဟင် ... ဘာကို ကိစ္စမရှိတာလဲ"

ဒေါ်စိန်လုံး ဘာပြောပြော မတုန်မလှုပ်နေနေသော
ညိုစိမ့်ရဲ့ ရဲရဲရင့်ရင့် အသံကလေးကြောင့် ဒေါ်စိန်လုံးက ရင်ထိ
သွားမိသည်။

"သူ ရှာမကျွေးနိုင်လည်း ကိစ္စမရှိပါဘူး၊ ကျွန်မ ရှာကျွေး
မှာပေါ့"

"ဟား ... ကြိုက်ပြီကွာ"





"ကိုမြအေး ..."

ကိုမြအေးရဲ့ ဝမ်းသာအားရသံကြီးကြောင့် ဒေါ်စိန်
လုံးက ထအော်လိုက်ပါသည်။ ညိုစိမ့်ကိုတော့ အံ့ဩလွန်းလို့
ပြောစရာစကားတောင် မရှိတော့ ...။ ရွှေတိုးလို ငထုံအကို
ဒီလောက်ချစ်တဲ့ မိန်းကလေးမျိုး ပေါ်ပေါက်လာတာ ယုံတောင်
မယုံချင် ...။

"အေး ... ညည်း ရှာကျွေးတယ်ပဲ ထားပါဦး၊ ညည်းတို့
ဘယ်မှာသွားနေမလဲ၊ ငါ့အိမ်မှာတော့ လက်မခံဘူးနော်"

"ရပါတယ် အဒေါ် ... ကိုရွှေတိုးကို သမီးတို့အိမ်ကိုပဲ ခေါ်
သွားလိုက်ပါ့မယ်"

"ညည်းအိမ်က ရွှေတိုးလိုလူကို လက်ခံမတဲ့လား ..."

"အိမ်မှာက ကျွန်မ မရှိလို့မှ မဖြစ်တာ၊ ကျွန်မကို လိုချင်
ရင် ကိုရွှေတိုးကိုပါ လက်ခံရမှာပေါ့ ..."

"ဖွတ်ပါလားဟယ်၊ ညည်း မိန်းကလေးဖြစ်ပြီး အကြောက်
အလန့် မရှိပါလား ..."

"လုံး ... လာ ... လာ ... ခဏ၊ သမီး ညိုစိမ့် ခဏထိုင်ဦး
နော်"

ဦးမြအေးက စိတ်ပျက် ဩချ ဒေါသဖြစ်နေသော
မိန်းမလက်ကို ဆွဲကာ အတွင်းခန်းသို့ ခေါ်လာခဲ့ပြီး တီးတိုးနား
ချလိုက်ပါသည်။

"ကြည့်ဖြူပေးလိုက်ကြရအောင် လုံးရယ်၊ ဒီကောင်မလေး
ကို ကြည့်ရတာ ဘာအတွက်အချက်မှ မရှိဘဲ ရွှေတိုးကို



www.burmeseclassic.com

www.burmeseclassic.com



တုန်နေအောင်ချစ်ပုံပါပဲ ...၊ ရွှေတိုးကလည်း ကောင်မလေး ကို အရမ်းချစ်ရှာတယ်ကွာ၊ သူ့တို့ဘာသာ သူတို့ ထုံထုံ အအ၊ အပြန်အလှန် စစ်စစ်မှန်မှန် ချစ်ကြရင်ပြီးတာပဲ မဟုတ်လား၊ ကောင်မလေးကလည်း ရှုပ်ရှုပ်ထွေးထွေး ဘာမှရှိတာမဟုတ်ပါဘူး၊ အကျင့်စာရိတ္တလည်း ကောင်း တယ်ဆိုတာ ငါကြားပြီးပါပြီ၊ သူ့အမေကြီးနဲ့ သားအမိ နှစ်ယောက်တည်း ရှိတာ၊ သူတို့အတွာလေးနဲ့ သူတို့ ပြေပြေ လည်လည်ပါပဲ ...၊

"သူတို့ ခုအချိန် အဆင်မပြေလည်း နောက် တော့ တဖြည်းဖြည်း ပြေသွားမှာပါ၊ သူတို့ချင်းက နတ်ဖက် တဲ့ စုံတွဲကလေးလို ဖြစ်နေတဲ့ဟာ၊ ကြည်ဖြူလိုက်ပါကွာ နော် ..."

ဒေါ်စိန်လုံးက မျက်မှောင်ကြုတ်ကာ ဘာစကားမှ မပြောဘဲ ငြိမ်နေသည်။ ဦးမြအေးက မိန်းမကို ခပ်ချော့ချော့ ပြုံး ကြည့်ကာ ပခုံးချင်းတိုက်လိုက်ရင်း ...

"နော် ... နော် ... မိန်းမ၊ လက်ခံလိုက်ပါနော်၊ သူတို့မင်္ဂလာ ကိစ္စလေး ဆောင်ရွက်ပေးလိုက်ကြရအောင်နော်၊ ကိုယ်တို့ တုန်းက ဒီ့ထက်တောင်ဆိုးသေးတဲ့ဟာကို၊ ကိုယ်ချင်းစာ လိုက်ပါကွာ ... နော် ... နော်၊ ဟဲ ဟဲ ... ကောင်မလေး ဒီလောက်ချစ်တာ မြင်ရတော့ ငယ်မူတောင် ပြန်ချင်လာ တယ်ကွာ ..."

ဒေါ်စိန်လုံးက ပူးကပ်လာသော ဦးမြအေးရဲ့ ခန္ဓာ





ကိုယ်ကို ပြန်တွန်းထုတ်လိုက်သော်လည်း ဦးမြအေးက ဒေါ်စိန်လုံး ကို ပခုံးချင်းလိုက်တိုက် ပူးကပ်နေသည်။ ဒေါ်စိန်လုံးက ဦးမြအေး ကို မျက်စောင်းထိုးလိုက်ရင်း ...

"ဟွန်း ... ရှင်က ဒါမျိုးဆို မြှောက်ထိုးပင့်ကော် လုပ်ဖို့ ဝါသနာပါတယ်၊ ကောင်မလေးကသာ ယူချင်နေတာ၊ ရှင့် တူကဖြင့် ယူချင်မှန်းမသိ မယူချင်မှန်း မသိ ..."

"ညို ..."

"တိုး ..."

ဒေါ်စိန်လုံး စကားမှ မဆုံးရသေးခင် အိမ်ရှေ့ခန်းဆီ က ဆို့နင့်တုန်ရင်သော ခေါ်သံကျယ်ကြီး နှစ်ခုကြောင့် ဒေါ်စိန် လုံးတို့ နှစ်ယောက်သား ဆတ်ခနဲ တုန်လန့်ကာ ကိုယ်ချင်းခွာလျက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ပြီး အိမ်ရှေ့သို့ ကမန်းကတန်း ထွက်လာခဲ့ရာ ...

"ညို ... ညို၊ ညို လိုက်လာတယ်နော်"

"တိုး ... တိုးရယ်၊ ဘယ်သွားနေတာလဲဟင်၊ ညိုဖြင့် တိုး ကို မတွေ့လို့ အားငယ်လိုက်တာ တိုးရယ်"

"ညို ... ဘာဖြစ်လို့လဲဟင်၊ ဘာဖြစ်လို့ လိုက်လာတာလဲ"

"ညိုလေ ... ညို ... တိုးနဲ့ အတူနေမလို့ အိမ်ကဆင်းလာ တာ ..."

"ဟင် ... တကယ်လား ... ညို တကယ်ပြောတာလား၊ ပျော် လိုက်တာ ညိုရယ်၊ အတူနေမယ်နော်၊ တစ်သက်လုံး အတူ နေမယ်နော်၊ ဒီနေ့ကစပြီး အတူနေကြမယ်နော် ..."



www.burmeseclassic.com

www.burmeseclassic.com



"တိုးကို ချက်ချင်း မတွေ့ရတော့ ညို အရမ်းဝမ်းနည်းတာပဲ တိုးရယ် ... သိလား ... အဟင့် ... ဟီး ..."

"ဟင် ... ညို ငိုတယ်၊ ဘာလို့ငိုတာလဲဟင်၊ မငိုပါနဲ့ ညိုရယ်၊ ညိုငိုတော့ ကျွန်တော်လည်း ငိုချင်တယ်၊ အဟင့် ... အင်း ... အီးဟီး ..."

"အီးဟီးဟီး ..."

ညှော်ခန်းထဲ၌ နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ဖက်၍ တဟီးဟီးဖြင့် အကြီးအကျယ် ငိုကြွေးနေကြလေရာ ဒေါ်စိန်လုံးတို့ ဇနီးမောင်နှံမှာ ပါးစပ်အဟောင်းသားဖြင့် ကြည့်ရှုငေးမောနေလိုက်ရသည်။

ထို့နောက် ဒေါ်စိန်လုံးက စိတ်တိုတိုဖြင့် အော်ပစ်လိုက်မိပါတော့သည်။

"ဟဲ့ ... ကလေးတွေ တိတ်ကြစမ်း၊ ငိုနေလိုက်တာများ အသုဘအိမ် ကျနေတာပဲ၊ ဒါ မင်္ဂလာအိမ်ဟဲ့ ... မင်္ဂလာအိမ်၊ နင်တို့ မင်္ဂလာကိစ္စ စီစဉ်ရမယ့် အိမ် ..."

ဒေါ်စိန်လုံး စကားကြောင့် ဦးမြအေးက ပြုံးသွား၏။ ရွှေတိုးတို့ နှစ်ယောက်လည်း တိခနဲ အငိုရပ်ကာ ဒေါ်စိန်လုံးကို လှမ်းကြည့်လိုက်ကြလေသည်။

■ ■ ■





(၁၈)

❖ ❖ ❖

ဤသို့ဖြင့် ...

မကြာခင် ရက်အနည်းငယ်အတွင်း၌ပင် မောင်ရွှေတိုးနှင့် မညိုစိမ့် တို့၏ မင်္ဂလာဆောင်ကို ရပ်ကွက်ခန်းမလေး၌ အကျဉ်းရုံး၍ ကျင်းပနိုင်ခဲ့လေသည်။

ညိုစိမ့်မိခင် ဒေါ်ဥကတော့ ဒီမင်္ဂလာဆောင်ကို ကျေနပ်လှတယ် မဟုတ်။ ဒေါ်စိန်လုံးတို့ ဇနီးမောင်နှံက ရပ်ကွက်လူကြီးတွေ ခေါ်ကာ သွားကြောင်းလမ်းစဉ်က မျက်နှာကို ချိမ့်ကာ သဘောမတူဘူးရယ်လို့ တွင်တွင်ပြော၏။

ရပ်ကွက်လူကြီးတွေ ဝိုင်းနားချကြတာက တစ်ကြောင်း၊ သမီးဖြစ်သူကို လာခိုးတာမဟုတ်ဘဲ သမီးဖြစ်သူက လိုက်သွားခြင်းမို့ ငြင်းလည်းမထူးတော့ပြီဖြစ်တာက တစ်ကြောင်း၊ မိန်းကလေးရှင်မို့ နှစ်နာချင်းနှစ်နာ ကိုယ့်ဘက်က နှစ်နာမှာသေချာတာက တစ်ကြောင်း၊ ငွေကြေး ပြေလည်သည့် ရွှေတိုး ဦးလေးနှင့် ဒေါ်လေးက မင်္ဂလာကိစ္စကို အကုန်အကျခံ စိုက်ထုတ် ဇာတ်ကထ



www.burmeseclassic.com

www.burmeseclassic.com



ပြုပေးတာကတစ်ကြောင်း၊ ထိုကဲ့သို့သော အကြောင်းကြောင်းတွေကြောင့်သာ မင်္ဂလာကိစ္စကို ခေါင်းညိတ်ခဲ့ရတာ ဖြစ်သည်။

မင်္ဂလာကိစ္စ ပြီးလျှင်တော့ ရွှေတိုးက ညိုစိမ့်တို့အိမ်မှာလိုက်နေဖို့ သဘောတူညီထားကြပါသည်။

ညိုစိမ့်မှာတော့ ပျော်တပြုံးပြုံး။ ရွှေတိုး ဘာလေးပဲပြောပြော မထောက်ခံတာမရှိ။ အထင်မကြီးတာ မရှိ။ ရွှေတိုးလုပ်ရပ်တိုင်းကို အထင်ကြီးဖို့ အသင့်ဖြစ်နေတတ်သူ ဖြစ်တာကို အံ့သြဖွယ် တွေ့မြင်လာရ၏။

ရွှေတိုးလို ထုံထုံအအ ယောကျ်ားမျိုးကို ဘယ်မိန်းမကမှ ယူချင်မှာမဟုတ်ဟု အထင်သေးခဲ့မိသော ဒေါ်စိန်လုံးသည် ညိုစိမ့်ကို ကြည့်ကာ အံ့သြပြီးရင်း အံ့သြ၏။ ဘယ်လောက်ညံ့တဲ့ယောကျ်ားဖြစ်စေ သင့်တော်အပ်စပ်ရာ မိန်းမတစ်ယောက်တော့ မရမရှိပါဘူးဟူသော ကိုမြအေး စကား မှန်ကန်ကြောင်း သိမြင်လာရ၏။

ဒေါ်စိန်လုံးက ညိုစိမ့်ကို မေးကြည့်လိုက်မိသည်။

"ညိုစိမ့်ရယ် ... ရွှေတိုးကိုများ ဘာအထင်ကြီးစရာရှိလို့ ဒီလောက် ချစ်ရတာလဲဟယ် ..."

"အထင်ကြီးလို့ ချစ်တာမဟုတ်ပါဘူး အဒေါ်ရဲ့၊ ချစ်လို့ အထင်ကြီးတာပါ ..."

ညိုစိမ့်က ဒေါ်စိန်လုံး မေးခွန်းကို ဤသို့ မဆိုင်းမတွ သွက်လက် ရွှင်ပျစွာ ဖြေခဲ့လေသည်။

■ ■ ■





# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com



(၁၉)

❖ ❖ ❖

"ဟဲ့ ... ဟဲ့ ... အမလေး ဟင်းတစ်ပွဲကို အဲ့ဒီလောက်များ ထည့်ရရင် မွဲရချည်ရဲ့ ရွှေတိုးရယ်၊ နင်ဟာလေ ဟိုနေရာလည်း အသုံးမကျ၊ ဒီနေရာလည်း အသုံးမကျ၊ နင်အသုံးကျတာ ဘာရှိလဲဟင်၊ ကဲ ... ဖယ် ... ဖယ် ... နောက်မှာ ပန်းကန်သာ သွားဆေးတော့ ..."

ရွှေတိုးသည် ယောက္ခမရဲ့ ဆူပူစကားကို ပန်းနဲ့ ပေါက်တယ်ဟုပဲ ယူဆကာ အပြုံးမပျက်ဘဲ နောက်ဘက်သို့ ထွက်လာခဲ့ပြီး အေးအေးဆေးဆေး ပန်းကန်ဆေးနေလိုက်ပါသည်။

ယောက္ခမ အထင်မကြီးလည်း ကိစ္စမရှိ၊ ယောက္ခမက နှိမ်လည်း ကိစ္စမရှိ ...။ မိန်းမက အထင်ကြီးရင် ကျေနပ်ပြီ၊ မိန်းမက မနှိမ်ရင် နေပျော်ပြီ ...။

အိမ်ထောင်ကျပြီးနောက်မှာ သားမက်အလိမ္မာ အိမ်ပါ ရွှေတိုးဟာ မိန်းမအလုပ်ကိုရော ယောက္ခမအလုပ်ကိုပါ ရိုသေပါလက်ပါ အားသွန်ခွန်စိုက် ကူညီဖို့ အမြဲကြိုးစားနေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကိုယ်ပိုင်အလုပ်ရယ်လို့ လက်ညှိုးထိုးပြစရာ ဘာအလုပ်မှမရှိသော ရွှေတိုးကို ယောက္ခမက အမြဲ ခပ်နှိမ်နှိမ် ဆက်ဆံခဲ့၏။

ညိုစိမ့် ပါးစပ်ထဲမှာ ရွှေတိုးက မီလျှံနာလောက် တန်ဖိုးရှိပေမယ့် ဒေါ်ဥပါးစပ်ထဲမှာတော့ ရွှေတိုးဟာ နှစ်ပြားပင် မတန်။

"အဲ့ဒါသာ ကြည့်တော့ မခင်နွဲ့ရေ... ကျွန်မမှာလေ သမက်လေး တစ်ယောက်ရလို့ အားကိုးရမလား မှတ်ပါတယ်၊ စိတ်ကိုရတာပဲ အဖတ်တင်တယ်၊ မိန်းမတစ်ယောက်ကို ရှာကျွေးဖို့မပြောနဲ့... သူ့ထမင်းတောင် သူရှာမစားနိုင်သေးတဲ့ သူမျိုးကို အိမ်ပေါ်ခေါ်တင် 'ဥ'ထားရသလို ဖြစ်နေတယ်..."

"ညိုစိမ့်နဲ့အတူ ဈေးဝယ်ဖို့ လွှတ်လိုက်တော့လည်း သားငါးဈေးထဲက ငါးညှီနံ့ကို မခံနိုင်လို့ အန်သတဲ့လေ...၊ သားငါးညှီနံ့ရတိုင်း ကိုယ်ဝန်သည်လို တအော့အော့ တဝေ့ဝေ့ဖြစ်နေတော့ ဈေးဝယ် ဟင်းချက်နေရာမှာလည်း သုံးလို့က မရ..."

ဒေါ်ဥက ထမင်းကြော် လာစားသည့် ဒေါ်ခင်နွဲ့ကို ရွှေတိုး အသုံးမကျကြောင်း အပုပ်ချနေတာကို ရွှေတိုးက နောက်မှာ ပန်းကန်ဆေးရင်း ကြားနေရသည်။ ရွှေတိုး ကြားတာ မကြားတာကိုလည်း ဒေါ်ဥက ဂရုစိုက်တတ်သူ မဟုတ်။ ပိုက်ဆံမရှာနိုင်





သော ရွှေတိုး၊ ဘာလုပ်လုပ် အချိုးမပြေသော ရွှေတိုးကို အနာကြီးနာကာ မှိုချိုးမျှစ်ချိုးပြောရင်း စိတ်ဖြေနေသည်။

ရွှေတိုးကလည်း ဒေါ်ဥကို အားနာလှပါသည်။ ကိုယ်ကလည်း ပိုက်ဆံရှာတဲ့အလုပ်ဆိုလို့ ကြွေးတောင်းတဲ့အလုပ်တစ်ခုပဲ လုပ်တတ်၏။ အိမ်က အလုပ်တွေကို ဖားပြာအောင် ကူပေမယ့်လည်း ဒေါ်ဥက အမြဲ အကောင်းမမြင်၊ မကျေနပ်...။ ရွှေတိုးဟာ ငယ်ငယ်လေးကတည်းက သားကြီးငါးကြီး စားခဲ့သူမဟုတ်။ ဘဲဥ ကြက်ဥနှင့် ငါးသေးသေးလေးလောက်သာ စားတတ်သူမို့ သားငါးညှီနံ့တွေကို မခံနိုင်...။ ချစ်သူ့လက်နှင့် ဆွဲခြင်းကို တစ်ဖက်စီဆွဲ၍ သားငါးဈေးကြီးထဲသို့ ဝင်လိုက်တိုင်း အော့ခနဲ ဝေ့ခနဲ အသံတွေ ထွက်ကာ ဗိုက်ထဲရှိသမျှ အန်ထွက်တော့တာပင်။

ရွှေတိုး အန်တော့ ညိုစိမ့်က ပျာနေကာ သူ့ကျောကုန်းကို နှိပ်နှိပ်ချရင်း...

"မဖြစ်ဘူး... မဖြစ်ဘူး၊ တိုး... နောက် ဈေးထဲလိုက်လို့ မဖြစ်တော့ဘူး၊ တိုးက သူတော်ကောင်းဆိုတော့ သားကြီးငါးကြီး အညှီနံ့တွေ ခံနိုင်မှာမဟုတ်ဘူး..."

ဟု စိုးရိမ်တကြီးလေး ပြောရှာ၏။ ရွှေတိုး အန်တတ်တဲ့ကိစ္စဟာ ဒေါ်ဥအမြင်မှာ 'အသုံးမကျသူ' ဖြစ်ရပေမယ့် ညိုစိမ့်အမြင်မှာတော့ 'သူတော်ကောင်း' ပင်။

ရွှေတိုး ဘာလေး မလုပ်တတ် မလုပ်တတ် အဲ့ဒီလို



www.burmeseclassic.com

www.burmeseclassic.com



မလုပ်တတ် မကိုင်တတ် အပြီးအမှောက် မတည့် ဖြစ်နေတာလေးကိုက ညိုစိမ့် မျက်စိထဲမှာ ချစ်စနိုးဖြစ်စရာ ဖြစ်နေတတ်သည်။

ညိုစိမ့် သဘောထားကတော့ ရွှေတိုး သူ့အနားမှာ ရှိနေရင် ပြီးရော ... တခြား ဘာမှ ကူညီမလုပ်နိုင်လည်း အရေးမကြီး။ ရွှေတိုးရဲ့ အသုံးမကျပုံလေးတွေကို ပြုံးကာရယ်ကာ ခွင့်လွှတ်တတ်၏။ ယောက္ခမကြီးကတော့ မာန်ကာ မဲကာ ခွင့်မလွှတ်နိုင်ဘဲ ရှိတတ်၏။

"ဟိုအရင် သူလုပ်နေကျ ကြွေးတောင်းတဲ့ အလုပ်ကို ပြန်လုပ်ခိုင်းဖို့ကျတော့လည်း ကျွန်မတို့ ဂုဏ်သိက္ခာနဲ့ မသင့်တော်ပြန်ဘူးလေ၊ ကျွန်မတို့က မချမ်းသာပေမယ့် ကိုယ့်ဘာသာ သိက္ခာရှိရှိ စျေးရောင်းစားနေတာ မဟုတ်လား၊ ဒေါ်ဥ သမက်က ထီးတစ်ချောင်း လက်မှာချိတ်ပြီး ဆပ်ကုန်းဆပ်ကြေး အရပ်တကာ ခြေတိုအောင် လှည့်ပြီး ကြွေးလိုက်တောင်းနေတယ်ဆိုတာမျိုးလည်း အဖြစ်မခံနိုင်ဘူးရှင်"

ဒေါ်ဥသည် ထမင်းကြော်အိုးကို သံယောက်မဖြင့်မွှေရင်း ဒေါ်ခင်နွဲ့ကို စကားလှမ်းလှမ်းပြောနေသည်။ ရွှေတိုးကတော့ ဘာကိုမှ မကြားသလို ပန်းကန်တွေကိုသာ ကုန်းရုန်းဆေးနေ၏။

"လခစား ဝန်ထမ်းအလုပ် ခိုင်းဖို့ကျပြန်တော့လည်း ပညာက ဟုတ်တိပတ်တိ မတတ်တော့ အရာမဝင်ပြန်ဘူးလေ၊ ဟဲ့ ... ပန်းကန်ဆေးတာ ကြာလှချည်လား၊ ပြီးသလောက် မြန်မြန်ယူလာခဲ့ဦး၊ ဒီမှာ ထည့်ရောင်းဖို့မရှိတော့ဘူး၊ အဲ့ဒီ





လိုပဲ မခင်နွဲ့ရေ ... နေရာတကာ ပြောမှသိတဲ့သူမျိုး၊ ချက်ဆို နားခွက်က မီးမတောက်တော့ ခက်သားကလား၊ လူကထုံတုံတုံအတ‌ာတ ဆိုတော့ ဘာလုပ်လုပ် နှောင့်နှေးကြန့်ကြာနေတော့တာ၊ ပြောရတာလည်း ကိုယ့်ပေါင်ကိုယ်လှန်ထောင်းရသလိုပါပဲရှင်၊ မပြောဘဲ နှုတ်ပိတ်နေရရင်လည်း ကိုယ့်ဒေါသနဲ့ကိုယ် ဆို့ပြီး ရောဂါရနိုင်တယ်လေ၊ သူ့ကိုက ..."

"အမေ ..."

"ဟင် ..."

ဆိုင်ရှေ့မှာ မားမားမတ်မတ် ရပ်၍ ခပ်ပြတ်ပြတ်လှမ်းခေါ်လိုက်သော ညိုစိမ့်အသံကြောင့် ဒေါ်ဥက စကားစကို ဖြတ်ပစ်လိုက်ရသည်။

ညိုစိမ့်က ဒေါ်ဥကို ဘာတစ်ခွန်းမှမပြောဘဲ ဒေါ်ဥနောက်မှာ ပန်းကန်အထပ်လိုက်ကြီးကို မ,ကိုင်၍ ရပ်နေသော ရွှေတိုးကို လှမ်းကြည့်လိုက်ရင်း ...

"တိုး ... လာ၊ ပြန်မယ်"

"ဟို ... ဟို ... မပြီးသေး ..."

"မပြီးသေးလည်း ထားခဲ့၊ လာ ..."

"ဟဲ့ ... ငါခိုင်းစရာရှိလို့ ခိုင်းနေတယ်လေ၊ အလုပ်မှ မပြီးသေးတာ၊ ဟဲ့ ... ရွှေတိုး အဲ့ဒီပန်းကန်တွေ ဒီယူခဲ့"

ဒေါ်ဥက ညိုစိမ့်ကို လှမ်းပြောပြီး တစ်ဆက်တည်း ရွှေတိုးကိုပါ လှမ်းပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိုးက ပန်းကန်ထပ်ကြီးကိုင်လျက် မိန်းမကို ကြည့်လိုက်၊ ယောက္ခမကို ကြည့်လိုက် ဘာလုပ်ရမှန်းမသိ ဖြစ်နေ၏။

ညိုစိမ့်က အမေဖြစ်သူကို ဘာမှပြောမနေတော့ဘဲ ရွှေတိုးဆီ ခြေလှမ်းကျဲဖြင့် လျှောက်သွားကာ ရွှေတိုး လက်ထဲက ပန်းကန်ထပ်ကြီးကို လက်ပြောင်းယူလိုက်ပြီး ဒေါ်ဥရှေ့ ဈေးခုံပေါ်သို့ တင်ပေးလိုက်သည်။ ထို့နောက် ရွှေတိုး လက်တစ်ဖက်ကို ဆတ်ခနဲ လှမ်းဆွဲလျက် …

"လာ … သွားမယ် တိုး"

ဟု ခေါ်ကာ ရွှေတိုးကို ဆွဲခေါ်သွားလေသည်။

"ဟင် … ကြည့်စမ်း … ကြည့်စမ်း … မိညိုစိမ့်၊ နင် ဒါ ဘာအချိုးလဲဟင် …"

ဒေါ်ဥက ဆွေ့ဆွေ့ခုန်မတတ် ဖြစ်နေတာမို့ တစ်ချိန်လုံး ငြိမ်နားထောင်နေသော ဒေါ်ခင်နွဲ့က ပြုံးလိုက်ရင်း …

"ယောကျ်ားထိ မားကြည့် အချိုးပေါ့တော် …"

ဟု သွက်သွက်လေး လှမ်းပြောလိုက်လေသည်။

■ ■ ■



သူတော်ကောင်းလေးပါ

(၂၀)

❖ ❖ ❖

"အမေက နှိမ်တာကိုး"

"ညည်းယောကျ်ားက ထုံတာကိုး …"

စကားနှစ်ခွန်းသည် သံပြိုင်ပင် ထွက်ပေါ်လာလေသည်။ ရွှေတိုးကား မိန်းမနှင့် ယောက္ခမကို တစ်လှည့်စီကြည့်ရင်း မျက်နှာကလေး ငယ်နေရှာ၏။

ညိုစိမ့်က မျက်ရည်လေးဝဲနေကာ …

"သမီး ယောကျ်ားကိုဆို အမေ အမြဲနှိမ်တယ်၊ အိမ်မှာ နှိမ်ရတာနဲ့ အားမရလို့ ဆိုင်မှာပါ နှိမ်တယ်၊ လူစုံပြီဆို သမက် အသုံးမကျကြောင်း ပြောပြီ …"

"နင့်ယောကျ်ားက ပြောလည်း ပြောချင်စရာလေ …၊ ဘာခိုင်းခိုင်း အသုံးမှမကျတာ၊ ထမင်းကြော်ပွဲ ပြင်ခိုင်းရင်လည်း ငါ့ကိုမွဲအောင် ဖုံးပေါလအော ထည့်နေတာကိုး"

"ဒါကတော့ သူက စေတနာကောင်းတာကိုး အမေရဲ့ …"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အေး၊ ငါကတော့ စေတနာဆိုးတဲ့သူကြီးပေါ့၊ နင်က ယောကျ်ားဆို ဘာလုပ်လုပ် အကောင်း၊ အမြဲ ငါ့ အလွှန့်ပေါ့လေ ဟုတ်လား ..."

"သမီး ယောကျ်ားကို ပန်းကန်ဆေးခိုင်းထားပြီး အမေက ရှေ့ကနေ အတင်းပြောနေတာ ကောင်းလား"

"နင်ကရော ငါ့တားနေတဲ့ကြားက ယောကျ်ားလက် လာဆွဲခေါ်သွားတာ ကောင်းလား၊ တကတည်း ... ချွေးမဘက် လိုက်ပြီး အမေနဲ့ စကားများတဲ့ သားမျိုးပဲ ကြားဖူးပါတယ်၊ သမက်ဘက်လိုက်ပြီး အမေကို ရန်လုပ်တဲ့ သမီးမျိုးတော့ ကြုံကြုံဖူးပေါင်တော်၊ ညည်းကမှ ယောကျ်ားထိ ဓားကြည့် ဆိုတဲ့ ဟာမျိုး ... ၊ ညည်းယောကျ်ား အချိုးမပြေတာလည်း ညည်း စဉ်းစားလိုက်ဦး၊ ဈေးဝယ်သွားတာတောင် အော့ အန်ရတာနဲ့ ... ငါ ပြောမပြောချင်ဘူး"

"ဒါကတော့ သူက သူတော်ကောင်းကိုး အမေရဲ့၊ သားငါး ညှီနံ့တွေ ဘယ်ခံနိုင်မလဲ၊ သားကြီးငါးကြီးမှ မစားတာ"

"အမယ်လေး ... သူတော်ကောင်း ဟုတ်လား၊ ညည်းလည်း ညည်းယောကျ်ားကို ကာကွယ်ဖို့ဆို အမွှန်းတင်ချက်တွေ လန်ထွက်နေတာပဲနော်၊ ဟုတ်ကဲ့ ... သူတော်ကောင်း ဖြစ်မှားမိတဲ့အတွက် တောင်းပန်ပါတယ်နော်"

"အမေ မငေါ့နဲ့နော်"

"သူတော်ကောင်းကို မငေါ့ဝံ့ပါဘူးတော်၊ ငါ့နှယ် ... ဆိုင်က အလုပ်သမား မလာလို့ ခေါ်ခိုင်းမိပါတယ်၊ တစ်ခါတည်း





သူတော်ကောင်း ခေါ်ပြီး ဖြစ်မှားမိသလိုပဲ အပြစ်ကကြီး လိုက်တာ ..."

"ခိုင်းတာက ခိုင်းလို့ရပါတယ် အမေ၊ အတင်းတော့ မပြောနဲ့ပေါ့"

"ညို ... တော်တော့ ... မပြောနဲ့တော့နော်၊ အမေ ကျွန်တော် တောင်းပန်ပါတယ်နော်၊ ကျွန်တော် အသုံးမကျတာ ကျွန်တော် သိပါတယ်၊ အမေပြောတာတွေ အကုန်မှန်နေတာပဲ ဟာ ကျွန်တော် မနာပါဘူး၊ အမေ ဈေးရောင်းကျွေးတဲ့ ထမင်းကို စားနေရတာလည်း အားနာလှပါပြီ ..."

"တိုးကလည်း ... အမေ ဈေးရောင်းနိုင်ဖို့ ညိုက ချက်ပေးရတာပဲဟာ၊ ညို့လုပ်အားလည်း ပါနေတာကို အားနာစရာ လား"

"မိညိုစိမ့် ..."

"ရှင် ... အမေ"

မျက်ရည်လေး အဝဲသား၊ အသံပျော့ပျော့လေးနဲ့ ပျော့ပျော့နဲ့နံ့သော ကြောင်ချေးပမာ တစ်ခွန်းမကျန် ဆင်ခြေထိုင် ပေးနေသော ညိုစိမ့်ဟာ ဒေါ်ဥ ဒေါ်သတကြီး အော်လိုက်တော့ လည်း ပျာခနဲ ထူးကာ မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်နဲ့ ကြည့်နေရှာ၏။ ဒေါ်ဥခမျာမှာ 'ဒီ မောင်ထိုနဲ့ မယ်အ' လင်မယား နှစ်ယောက်ကို ဘယ်လိုကိုင်တွယ်ရမှန်း မသိတော့ဘဲ အသည်း တွေ ယားလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သမက်တော်ရဲ့ မျက်နှာကလေးဟာ ဆီးရွက်က အဘခေါ်ရလောက်အောင် ငယ်နေရှာ၏။ မယားနဲ့ ယောက္ခမကြားမှာ ဗျာပါပွေနေပုံကလေးကတော့ သနားစဖွယ်။ သို့သော် ယောကျ်ားဆိုတာ သနားဖို့ကောင်းနေစရာမလို၊ အားကိုးဖို့ ကောင်းစရာပဲလိုသည်ဟု ဒေါ်ဥက္ကာ ယူဆသည်။

သမက်ကို အားမလိုအားမရဖြစ်လို့ ဘယ်လိုပဲပြောပြော မျက်စိသူငယ်နှင့် ငြိမ်ခံနေတတ်တာမို့ ကိုယ့်ဘက်ကချည်း တစ်ဖက်သတ် သောင်းကျန်းသလို ဖြစ်ရသည်။

"ငါနော် ... ငါ၊ ဟင်း ဟင်း"

ဒေါ်ဥက္ကာ ကြိတ်မနိုင်ခဲမရ ညည်းတွားရင်း ကိုယ့်ဒေါသကို ကိုယ်ထိန်းကာ အခန်းထဲသို့ ဝင်လာခဲ့ရပါသည်။

ညိုစိမ့်က ရွှေတိုးရဲ့ မျက်နှာငယ်လေးကို သနားကြင်နာစွာ ငဲ့ကြည့်လျက် ရွှေတိုးလက်ကို လှမ်းဆွဲတွဲလိုက်ရင်း ...

"တိုးရေ ... လာ ... ရေကန်ဘက် လမ်းလျှောက်ရအောင်နော်"

ဟု ပြောပြီး ခေါ်လာခဲ့သည်။ အမေ မကြည်မဖြူဆူပွက်တာ ခံရတိုင်း သမီးရည်းစားဘဝက ချိန်းတွေ့နေကျ နေရာလေးကို ညိုစိမ့်တို့ သွားဖြစ်ခဲ့မြဲ ...။ ရေကန်လေးနားက ကုက္ကိုပင် အမြစ်ပေါ်မှာ ထိုင်ရင်း စကားတွေပြောဖြစ်၊ အပြန်အလှန် နှစ်သိမ့်မိမြဲပင်။

ကုက္ကိုပင်အမြစ်ပေါ်မှာ နှစ်ယောက်အတူ ထိုင်မိတော့ ရွှေတိုးက သက်ပြင်းချလိုက်ရင်း ...





"ကိုယ်က ညံ့လွန်းတော့ ညိုကိုလည်း အားနာတယ်၊ အမေ့ကိုလည်း အားနာတယ် ညိုရယ် ..."

"အို ... ဒီအားနာစကားပဲ ပြောမနေပါနဲ့ တိုးရယ်၊ တိုးက မညံ့ပါဘူး၊ တိုး တစ်နေ့ ကြီးပွားမယ်ဆိုတာ ညိုတော့ယုံတယ်"

"ကြီးပွားစရာအကြောင်းမှ မရှိတာ ညိုရယ်၊ ကိုယ်မှ စီးပွားမရှာတတ်တာ၊ ပညာကလည်း မည်မည်ရရ မတတ်၊ ဆိုက်ကားနင်းမလားဆိုတော့လည်း ပင်ပင်ပန်းပန်း မလုပ်နိုင်၊ အမေ့ဆိုင်မှာ ကူတော့လည်း အချိုးက မပြေ"

"အမေ့ဆိုင်မှာ မကူနိုင်တာက တိုး ညံ့လို့မှမဟုတ်တာ၊ အမေက နေရာတကာ မျက်စိဒေါက်ထောက် ကြည့်ပြီး အပြစ်ပြောနေတော့ ဘယ်သူက အလုပ်ကို ရဲရဲဝံ့ဝံ့ လုပ်ရဲပါတော့မလဲ၊ ညိုကတော့လေ တိုး အနားမှာရှိနေရင် ကျေနပ်နေတာပဲ၊ တိုး အလုပ်မလုပ်ပေမယ့် ညို ချက်ပြုတ်တဲ့နေရာမှာ အဆင်ပြေအောင်၊ အန္တရာယ်မဖြစ်အောင် သေချာဂရုစိုက်ပြီး ညို့ကို သတိပေးနေတာ စောင့်ကြည့်နေတာ လိုတာလေးတွေ ကူညီဖြည့်ဆည်းပေးနေတာနဲ့တင် ပျော်လှပါပြီ တိုးရဲ့၊ တိုး အပြင်ထွက် အလုပ်လုပ်ရင် ညိုနဲ့ တစ်နေကုန်မတွေ့ဘဲ နေရမှာလေ၊ ညိုတော့ တိုးကို မခွဲနိုင်ပေါင် ..."

ညိုစိမ့်က ရွှေတိုးရင်ခွင်ဘက်သို့ ယိုင်နွဲ့ရင်း ခွဲမြဲ...ကိုက်တာမို့ ရွှေတိုးက ပြန်လည် ကြည်နူး ပျော်ရွှင်လာရ ...



www.burmeseclassic.com

www.burmeseclassic.com



"အဟဲ ... အမှန်အတိုင်းပြောရရင် ကိုယ်လည်း အဲ့ဒီလိုပဲ ညိုရယ်၊ အဝေးကြီးတွေ ဘာတွေ ခရီးထွက်ပြီး သွားလုပ်ဖို့ မပြောနဲ့၊ မနက်သွား ညနေပြန် လုပ်ရတဲ့ အလုပ်မျိုးတောင် မလုပ်ချင်ဘူး၊ ညိုနဲ့ခွဲရမှာ စိုးလို့ ..."

"အဟင်း ... သူတော်တော်ပို ..."

ညိုစိမ့်က မျက်စောင်းကလေးထိုးရင်း မူနွဲ့နွဲ့လေး ပြောလိုက်တာမို့ ရွှေတိုးက အသည်းတယားယား ဖြစ်သွားကာ ...

"ညို့မျက်နှာလေးက ချစ်စရာကောင်းလိုက်တာ၊ နမ်းမယ် နော် ... ညို"

"နမ်းပါတော် ... နမ်းပါ"

ရွှေတိုးက ညိုစိမ့်ရဲ့ မျက်နှာကလေးကို လက်ဖဝါး နှစ်ဖက်ဖြင့် ညှပ်၍ဆွဲမော့လိုက်ပြီး ရှီးခနဲ ရွတ်ခနဲ အသံထွက် အောင် ဘယ်ပြန်ညာပြန်ကြီး အားပါးတရ နမ်းမွှေးလိုက်ပါသည်။ ညိုစိမ့်ကလည်း အနိုင်မခံ အရှုံးမပေး လက်စားပြန်ချေလိုက်သေး သည်။

ရေကန်ကြီးနား က ပြန်ထွက်လာကြတော့ ကောင်း ကင်က ညို့ကာ မိုးတွေရွာလာလေသည်။ ဆောင်းစရာ ထီးလည်း မပါတာမို့ ညိုစိမ့်က ရေကန်စပ်သို့ပြေးကာ ကြာရွက်ကြီး တစ်ရွက် ခူးလာခဲ့ပြီး နှစ်ယောက်အတူ ဆောင်း၍ ရေကန်နားမှ ပြေးထွက် လာခဲ့ကြသည်။

မိုးရေတွေ စိုရွဲကာ ချမ်းခိုက်ခိုက်တုန်နေတဲ့ ကြားထဲက ပဲ ရွှေတိုးက ပြောသေးသည်။





"ညိုရေ ... ကိုယ်တို့ နှစ်ယောက်က ရုပ်ရှင်တွေထဲက မင်းသမီး မင်းသား ကျနေတာပဲနော်၊ ပျော်စရာကြီး ... ဟီး ဟီး ..."

ရွှေတိုးရဲ့ ရယ်မောသံ တဟီးဟီးက ညိုစိမ့်ရင်ကို နွေးထွေးသွားစေသည်။

ညိုစိမ့်လည်း ချစ်ရသူသာ အနားရှိရင် ပျော်တာပါပဲ။

ခုချိန်မှာ မီးလျှံနှာ တစ်ယောက် ရနိုင်မယ်ဆိုရင် တောင် ကျွန်မ ချစ်ရတဲ့ ကိုရွှေတိုးနဲ့တော့ မလဲနိုင်ပေါင်ရှင် ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## ငါးကြီးကြီး မျှားခဲ့တယ်

(၂၁)

❖ ❖ ❖

"အမေ … တိုးရော"

"ငါးသွားမျှားတယ် …"

အမေ့ စကားကြောင့် ညိုစိမ့် စိတ်ညစ်မိ၏။ တိုးကို အအားမနေစေချင်တဲ့ အမေဟာ ဘယ်လို ကြံဖန်တီထွင်ခိုင်းရမလဲ ဆိုတာကို အမြဲတွေးနေသလားတောင် မသိ …။ စတန့်ထွင်၍ ခိုင်းချင်လှသော အမေဟာ လွန်ခဲ့တဲ့ သုံးရက်လောက်က ငါးမျှားတံနှင့် ငါးစာဘူး သွားဝယ်လာကာ …

"ရွှေတိုးရေ … နင် အိမ်မှာ အားနေတဲ့အတူတူ ငါးသွားမျှားတော့ အကျိုးရှိတာပေါ့၊ ဒီအတိုင်း ထိုင်နေမယ့်အစား ငါးမျှားတံကလေး ကိုင်ပြီး ထိုင်နေတော့ စိတ်လည်းငြိမ်တယ်၊ ငါးလည်းရတယ်၊ ခုတလော ငါးဈေးတွေက ကြီးကကြီးနဲ့၊ ငါးလေး နည်းနည်းပါးပါး မျှားလို့ရရင်လည်း မဆိုးဘူးပေါ့၊ ရော့ ဒီမှာ … သွားမျှားချေ … ကြားလား"

"ဟုတ်ကဲ့ အမေ"





ရွှေတိုးက ယောက္ခမနဲ့မိန်းမက ဘာပြောပြော ခေါင်းညိတ်တတ်သူမို့ တစ်နေကုန် ငါးသွားသွားမျှားနေ၏။ ညနေစောင်းမှ ငါးသေးသေးလေး နှစ်ကောင် သုံးကောင်လောက် ဆွဲကာ ပြန်လာတတ်၏။ ခုတလော အမေက ညိုစိမ့်တို့လင်မယားကို စကားစမြည်မပြောဘဲ မျက်နှာတည်တည်ကြီးနှင့် နေနေတာမို့ အမေ့ဒေါသ ပေါက်ကွဲမှာစိုးကာ ညိုစိမ့်က ဘာမှဝင်မပြောရဲ …။

ဒီနေ့လည်း အမေ တိုးကို ငါးမျှားလွှတ်လိုက်ပြန်ပြီမို့ ညိုစိမ့်က စိတ်ဆင်းရဲသွားရပါသည်။

ဒါပေမယ့် အမေ …၊ အမေကလည်း အမေ၊ ညိုစိမ့်ကလည်း ညိုစိမ့်ပဲဟာ …။ ညိုစိမ့် တစ်ခုခုတော့ လုပ်ရမှာပေါ့ အမေရယ်။

ညိုစိမ့်သည် ကိုယ့်အကြံအစည်နှင့်ကိုယ် ဈေးသို့ထွက်သာကာ ငါးကြင်း ခပ်ကြီးကြီး တစ်ကောင်ဝယ်၊ ဆွဲခြင်းထဲထည့်ပြီး တိုး ငါးမျှားနေသည့် ရေကန်ဘက်သို့ စက်ဘီးကလေးနင်း၍ ထွက်ခဲ့လေသည်။

ညိုစိမ့်က ရေကန်နဲ့ခပ်ဝေးဝေးမှာ စက်ဘီးကို ရပ်ထားခဲ့ပြီး ငါးထည့်ထားသည့် ဆွဲခြင်းကိုဆွဲကာ တိုး ထိုင်နေသည့် သစ်ပင်နောက်သို့ ခြေဖွ၍လျှောက်ခဲ့၏။ သစ်ပင်နောက်ကနေ အသာကလေး ခေါင်းပြူ၍ ချောင်းကြည့်လိုက်သောအခါ ငါးမျှားတံကို ကိုင်၍ ငိုက်နေသော တိုးကို တွေ့ရတာမို့ ပါးစပ်ပိတ်၍ မီးနဲ့ ကြိတ်ရယ်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ညိုစိမ့်က တိုး အနီးသို့ ဖြည်းဖြည်းချင်း ချည်းကပ်သွား၏။ ထို့နောက် တိုး တစ်ချက်အငိုက်မှာ ငါးမျှားကြိုးကလေးကို လှမ်းဆွဲယူပြီး ညိုစိမ့် ဝယ်လာသည့် ငါးကြင်းကြီးကို ငါးမျှားချိတ်မှာ ချိတ်ပေးလိုက်လေသည်။

ငါးမျှားတံက ညွတ်ခနဲ ဖြစ်သွားသောအခါ ရွှေတိုး၏ မျက်လုံးတွေ ဖျတ်ခနဲ ပွင့်လာပြီး ကြိုးကို ဆောင့်ဆွဲတင်လိုက်သည်။ ထိုအချိန်တွင် ညိုစိမ့်ကတော့ စက်ဘီးကလေးနင်းပြီး သီချင်းလေး တိုးတိုးညည်းကာ အိမ်ဘက်သို့ ပြန်သွားနေလေပြီ။

■ ■ ■

"မဖြစ်နိုင်ဘူး"

ရွှေတိုး လက်ထဲမှာ တန်းလန်းဆွဲထားသည့် နှစ်ပိသာခွဲလောက်ရှိမည့် ငါးကြင်းကြီးကို ကြည့်ရင်း ဒေါ်ဥက ခေါင်းကို ခပ်လေးလေး ခါရမ်းရင်း ပြောလိုက်၏။

"ဒီကန်ထဲမှာ ဒီလောက်ကြီးတဲ့ အကောင်မျိုးရှိတာ မဖြစ်နိုင်ဘူး"

ဇဝေဇဝါဖြစ်နေသော အမေ့ကို ညိုစိမ့်က ရယ်ချင်လှသော်လည်း မသိချင်ယောင်ဆောင်ကာ မျက်နှာသေလေးဖြင့် ရွှေတိုးလက်ထဲက ငါးကြင်းကြီးကို လှမ်းဆွဲယူကြည့်လိုက်ရင်း ...

"တော်လိုက်တာ တိုးရယ်၊ ဒီလောက် အကောင်ကြီးအောင်





ရအောင် တိုး မျှားနိုင်တယ်နော်၊ ကြည့်စမ်းပါဦး ... ငါးကြင်းကြီးက ကြီးလိုက်တာ ..."

ဟု ပြောဆိုရင်း ယောကျ်ားကို ကြဖန်ချီးကျူး ထောပနာပြုနေ၏။

ဒေါ်ဥက ညိုစိမ့် ဆွဲယူထားသည့် ငါးကြင်းကို ပြန်ဆွဲယူကာ သေချာကြည့်လိုက်ရင်း ...

"နင့် ငါးကြင်းက အသေကြီးပါလား ရွှေတိုး ..."

"ငါးဆိုတာ ရေထဲမှာပဲ အသက်ရှင်ရတာလေ အမေရဲ့ ... ကုန်းပေါ်ရောက်ပြီဆိုတော့ သူလည်း အသက်ရှူမရတော့ သေပြီပေါ့ ..."

"နင် အသာနေစမ်း ညိုစိမ့် ..."

ဒေါ်ဥက ငါးကြင်းခေါင်းကို သေချာ ဖြဲကြည့်လိုက်ရင်း ...

"နင့် ငါးကြင်းခေါင်းက ကြေနေပါလား၊ နင် ထုလာခဲ့တာလား ..."

"ဟို ... မထု ... မထု ..."

"နင် ထုထားတာ မဟုတ်ဘူးလား"

"ဩော် ... သူ မထုရဲပေမယ့် အားတင်းပြီး ထုလိုက်တယ်လို့ ပြောမလို့ထင်ပါတယ် အမေရဲ့ ..."

ညိုစိမ့် ဝင်ပြောတော့ ဒေါ်ဥက ခါးတစ်ဖက်ထောက်ကာ မဲ့ပြုံးတစ်ချက် ပြုံးလိုက်ရင်း ...

"နို့ ... ညည်းပြောတော့ ညည်းယောကျ်ားက သားကြီး



www.burmeseclassic.com

www.burmeseclassic.com



ငါးကြီးကို သတ်ဖို့မပြောနဲ့ စားတောင်မစားရဲတဲ့ သူတော်ကောင်းဆို ညိုစိမ့်ရဲ့ ...”

“ဟို ... ဒါကတော့ သူလည်း တစ်ခါတလေတော့ ...”

“ကဲ ... ရွှေတိုး မှန်မှန်ပြောစမ်း၊ ဒီငါးကို မင်း ဘယ်လိုရလာသလဲဆိုတာ ...”

“ဟို ... ကျွန်တော် တစ်ချက်ငိုက်သွားတုန်း ဖြုန်းဆို ဒီငါးကြီး မိသွားတာပဲ အမေ ...”

ညိုစိမ့်လုပ်ရပ်ကို သိမထားရှာသော ရွှေတိုးက- အမှန်အတိုင်းပဲ ပြောတာမို့ ဒေါ်ဥက နည်းနည်းတော့ သဘောပေါက်လာကာ ငါးကြီးကို သေချာစိုက်ကြည့်လိုက်ရင်း ...

“အင်း ... မင်း ဖမ်းမိတဲ့ ငါးကြီးက ကြီးတာတော့ တော်တော်ကြီးတာပဲ၊ ကြီးတာမှ ဈေးထဲက ငါးစိမ်းသည် မအေးမော်ရဲ့ ဗန်းထဲက ငါးလောက်ကို ကြီးတာ ...”

ဟု ပြောပြီး ညိုစိမ့်ဘက်ကို စွေကြည့်လိုက်သည်။ ညိုစိမ့်က သူ ဘာမှလုပ်မထားတော့သလို မျက်နှာသေကလေးဖြင့် ငြိမ်နေသည်။

“မင်း ... မနက်ဖြန်ကစပြီး ငါးသွားမျှားမနေနဲ့တော့ရွှေတိုး”

“ခင်ဗျာ၊ ကျွန်တော်ရတဲ့ ငါးက သိပ်မကြီးလို့လား အမေ”

“ကြီးတယ်ဟေ့ ... ကြီးလွန်းလို့ကို မမျှားခိုင်းရဲတော့တာ။ မင်း နေ့တိုင်း ငါးထွက်မျှားနေရင် ဈေးထဲက ငါးသည် မအေးမော်တစ်ယောက် နေ့တိုင်း ရောင်းကောင်းနေမှာစိုးလို့ဟဲ့ ...”





ဒေါ်ဥက ခပ်ရွှံ့ရွှံ့ပြောပြီး ညိုစိမ့်ကို မျက်စောင်းတစ်ချက် ထိုးကာ ထဘီတစ်စ အသာမရင်း အိမ်ပေါ်ထပ်သို့ ခြေဆောင့်၍ တက်သွားသည်။

ရွှေတိုးကတော့ ဘာဆို ဘာမှမသိ ...

ညိုစိမ့်ကတော့ ကျိတ်၍ တဟိဟိ ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



## (၂၂)

❖ ❖ ❖

ရွှေတိုးသည် ချစ်ဇနီး ညိုစိမ့်ရဲ့ လုံးစုနေသော ဗိုက်ကလေးကို သံလွင်ဆီဖြင့် အသာအယာ ပွတ်လိမ်းပေးရင်း တဟိဟိဖြင့် ပီတိကျ၍နေလေသည်။

ဒီဗိုက်ကလေး မသိမသာ စူလာကတည်းက အရိပ်ကြည့်ရတာလည်း အမောပင်။ ထမင်းကြော်ဆိုင်အတွက် ဟင်းချက်ချိန်၌ ညိုစိမ့် မီးဖိုနားသို့ ကပ်သွားတိုင်း ရွှေတိုးက ရှေ့က ကာဆီးကာ ...

"မီးဖိုနား မကပ်နဲ့နော် ညို၊ တော်ကြာ ကိုယ်တို့ကလေးကို အပူဟပ်ပြီး ဆံပင်တွေ ကောက်ကုန်တာတို့၊ အသားတွေ မည်းခြောက်ကုန်မှာတို့ ဖြစ်မှာစိုးရတယ်လေ၊ အပူငွေ့နဲ့ ကလေးမျက်လုံး မကောင်းရင်ကော ဘယ်လိုလုပ်မလဲ"

ညိုစိမ့်က ရယ်မောကာ ရွှေတိုးရဲ့ ရင်ဘတ်ကို လက်ဖြင့် တွန်းဖယ်လိုက်ရင်း ...





"အဲ့ဒီလိုတော့ မဖြစ်နိုင်ပါဘူး တိုးရယ်၊ ဟိုဘက်အိမ်က သူနာပြု ဆရာမကို ညို မေးပြီးပါပြီ၊ အိမ်ရှင်မတွေ ဒီလိုပဲ ကိုယ်ဝန်ကြီးနဲ့ ချက်ပြုတ်နေကြတာ ဘာမှမဖြစ်ပါဘူး"

"ဒါပေမယ့် ကိုယ်စိုးရိမ်လို့ပါကွာ၊ မိချိုလည်း ရှိသားပဲ၊ မိချိုနဲ့ ကိုယ်နဲ့ လုပ်ပေးမှာပေါ့၊ ညိုက ဝေးဝေးမှာထိုင်ပြီး လှမ်းညွှန်ကြားပေးလေ နော်၊ ကိုယ်တို့က ညိုပြောတဲ့အတိုင်း လုပ်မယ်နော် ..."

ရွှေတိုးက တားလွန်းတာမို့ ညိုစိမ့်မှာ မီးဖိုနားမကပ်ရတော့ဘဲ အဝေးကသာ ညွှန်ကြားပြောဆိုရ၏။ ရွှေတိုးကလည်း မတတ်တတတ်နှင့် ညိုစိမ့်ပြောတဲ့အတိုင်း တစ်သဝေမတိမ်း လိုက်လုပ်ပေးလေသည်။

အလုပ်ပြီးသွားချိန်မှာတော့ ခုလိုလေး မိန်းမနားကပ်၍ မိန်းမ ဗိုက်ကလေးကို အကြောမပြတ်အောင် ဆီလိမ်းတဲ့အခါ လိမ်း၊ ဗိုက်နားကပ်၍ နားထောင်တဲ့အခါ နားထောင်၊ မိန်းမနားမှာ ခုလိုလေး နေရတာကိုပဲ လူဖြစ်ကျိုး နပ်လှသည်ဟု ထင်နေခဲ့၏။

"ရွှေတိုး ... ပြောစရာရှိတယ်၊ ခဏလာခဲ့ဦး"

အပြင်က ပြန်လာသော ဒေါ်ဥက အိမ်ရှေ့ကွပ်ပျစ်ပေါ်မှာ ထိုင်နေသော ရွှေတိုးကို လှမ်းပြောရင်း အပေါ်ထပ်သို့ တက်သွား၏။

ရွှေတိုးက ညိုစိမ့် ဗိုက်ကို အကျီဖြင့် ပြန်ဖုံးလိုက်ရင်း ...

"ကိုယ် သွားလိုက်ဦးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ညိုလည်း လိုက်မယ်၊ အမေ ဘာပြောမလဲဆိုတာ ညိုလည်း သိချင်တယ်"

"မလိုက်ပါနဲ့ကွာ ... အပေါ်ထပ်ကို ခဏခဏ အတက် အဆင်းလုပ်တာ မကောင်းပါဘူး၊ နေခဲ့နော် ..."

ရွှေတိုးက ညိုစိမ့်ကို ဖျောင်းဖျပြောခဲ့ပြီး အပေါ်ထပ်သို့ တက်လာခဲ့သည်။ ညိုစိမ့်ကတော့ အမေ တိုးကို ဘာပြဿနာ ရှာမလို့ပါလိမ့်ဟု စိုးထိတ်ရင်း ကျန်ရစ်လေသည်။

■ ■ ■

"ထိုင် ... ရွှေတိုး"

ဖျာပေါ်မှာ တင်ပျဉ်ခွေထိုင်ပြီး ရေနွေးကြမ်းသောက် နေသော ဒေါ်ဥက ရွှေတိုးကို လှမ်းခေါ်လိုက်၏။

ရွှေတိုးက ဒေါ်ဥရှေ့မှာ ကျုံ့ကျုံ့ရို့ရို့လေး ဝင်ထိုင် လိုက်၏။

"မင်း ... ဒီအတိုင်းပဲ နေတော့မှာလား"

"ခင်ဗျာ ..."

"မင်းဘဝကို မင်း ဒီလိုပဲ မယားနားကပ်ပြီး တောက် မည်ရလေးတွေ လုပ်ရင်း ကုန်ဆုံးသွားတော့မှာလား မေးတာ ..."

"ဟို ... ကျွန်တော်"





"ပြောလိုက်ရင် တဟိုဟို တဒီဒီနဲ့ အကြောင်းကြောင်းလုပ် ပြီ၊ မင်း သေချာ စဉ်းစားလေ ရွှေတိုးရဲ့၊ ခုဆို ညိုစိမ့်မှာ က ဗိုက်နဲ့၊ ဒီဗိုက်ထဲက ကလေး အပြင်ရောက်လာရင် သူ့အတွက် ကုန်ကျရမှာတွေက အများကြီး၊ ဒီကလေးရဲ့ ပညာရေးအတွက်၊ ကျန်းမာရေးအတွက် ပိုက်ဆံတွေက ကုန်ဦးမယ်၊ ကိုယ့်သားသမီးကို မျက်နှာမငယ်စေချင်ရင် ဝင်ငွေကောင်းကောင်း ရတဲ့ အလုပ်တစ်ခုတော့ ရှိမှဖြစ်မှာ ပေါ့၊ မင်းအတွက် ငါ အလုပ်တစ်ခုခုလုပ်ဖို့ စုံစမ်းထား တယ်"

"ဘာအလုပ်လဲဟင် ... အမေ"

"မင်း သင်္ဘောလိုက်ရမယ်"

"ခင်ဗျာ ..."

"နိုင်ငံခြားသင်္ဘော လိုက်ရမယ်လေ၊ တစ်ခါ သင်္ဘောတက် ရင် တစ်နှစ်တော့ကြာမှာပေါ့၊ မင်း သင်္ဘောတက်ဖို့အတွက် ငါ ပိုက်ဆံစိုက်ထုတ်ပေးလိုက်မယ်၊ မင်း တစ်လကို လေး ငါးသိန်းတော့ ရမှာပဲ၊ ရတဲ့ လခကို ညိုစိမ့်ကို လွှဲပေးပေါ့"

ဒေါ်ဥ စကားဆုံးသွားချိန်တွင် ဒေါ်ဥကို ကြည့်နေသော ရွှေတိုးရဲ့ မျက်ဝန်းထဲမှာ မျက်ရည်စတွေ ရစ်ဖွဲ့လာလေ သည်။ ထို့နောက် ရွှေတိုးက ခေါင်းငုံ့ချလိုက်လေရာ ရွှေတိုး မျက်လုံးထဲမှ မျက်ရည်ပေါက်ကြီးများမှာ ဖျာပေါ်သို့ ပေါက်ခနဲ ပေါက်ခနဲ အဆက်မပြတ် ကြွေကျလာတော့သည်။

"ဟဲ့ ... နင် ငိုနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဥက မျက်ရည်ဖြိုင်ဖြိုင်ကျလာသော ရွှေတိုးကို ကြည့်ရင်း အထိတ်တလန့် အော်မိ၏။

ရွှေတိုးသည် ရုတ်တရက်ပင် လက်အုပ်ချီလျက် ကြမ်းပြင်ပေါ် ဝပ်တွားကာ ဦးသုံးကြိမ်ချလိုက်ရင်း ...

"အမေ ... ကျွန်တော်တောင်းပန်ပါတယ် အမေ၊ ကျွန်တော် အဝေးကြီးကို မသွားပါရစေနဲ့၊ ကျွန်တော့် မိန်းမနဲ့ ဗိုက်ထဲက ကလေးလေးနဲ့ မခွဲပါရစေနဲ့၊ ခုဆို ညို့ဗိုက်ထဲက ကျွန်တော့် ကလေးလေးက ကျွန်တော့်ကို အဖေမှန်း သိနေပြီဗျ၊ ညို့ဗိုက်ပေါ် ကျွန်တော့်လက်တင်လိုက်ရင် အထဲက နေ ခြေနဲ့လှမ်းလှမ်းကန်ပြီး နှုတ်ဆက်တာဗျ၊ သူလေး ထွက်လာရင် ကျွန်တော် ဆီးကြိုချင်သေးတယ်၊ သူနဲ့အတူ တူ နေချင်တယ်"

ဒေါ်ဥသည် မျက်ရည်ပေါက်ကြီးငယ်ကျကာ ကိုယ့်ကို ရှိခိုးဦးချရင်း ငိုသံပါကြီးဖြင့်ပြောနေသော သမက်ဖြစ်သူကို ဘာမှမပြောနိုင်ဘဲ အကြောင်သား အငေးသား ကြည့်နေသည်။

"နော် ... အမေ ကျွန်တော်တို့ သုံးယောက်ကို မခွဲပါနဲ့နော်၊ ကျွန်တော် ပိုက်ဆံရှာတာကလွဲရင် အားလုံးလုပ်ပါ့မယ်၊ ကလေးဝေယျာဝစ္စတွေလည်း ကျွန်တော်ပဲ လုပ်ပါ့မယ်၊ ကလေး အီးဝတ်လည်း ကျွန်တော်ပဲ လျှော်ပါ့မယ်၊ ကလေး ကျောင်းတက်ချိန် ရောက်ရင်လည်း ကျောင်းပို့ ကျောင်းကြို ကအစ - အမေနဲ့ ညို လှည့်မကြည့်ရအောင် ကျွန်တော်ပဲ လုပ်ပါ့မယ်၊ ကျွန်တော့်ကို ခိုင်းချင်တာ ခိုင်းပါ၊ ကျွန်တော့်





ကလေးလေး ငိုတာ ရယ်တာ လေးဘက်သွားတာ လမ်းလျှောက်တာ စကားပြောတာလေးတွေကို ကျွန်တော် အနီးကပ် ကြည့်ပါရစေ အမေရယ် ...၊ ကျွန်တော်တို့ မိသားစုကို မခွဲပါနဲ့နော် ..."

ရွှေတိုးရဲ့ ငိုကြီးချက်မ တောင်းပန် အသနားခံမှုကြောင့် ဒေါ်ဥမှာ စကားဆက်မဆိုနိုင် ...။

ဗိုက်ကလေးပေါ် လက်တင်၍ လေကားထိပ်မှာရပ်ငေးနေသော ညိုစိမ့်သည်လည်း မျက်ရည်လေးဝဲကာ တိတ်တိတ်ဆိတ်ဆိတ်လေး ပြန်ဆင်းလာခဲ့လေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



## (၂၃)

❖ ❖ ❖

ပြက္ခဒိန်စာရွက်များ တစ်ရွက်ပြီးတစ်ရွက် လှန်လျှော ကုန်ဆုံးခဲ့ချေပြီ ...။

ရွှေတိုးသည်လည်း ညိုစိမ့်ဗိုက်ထဲက သမီးကလေး ထွက်လာတာကို ကိုယ်တိုင် ဆီးကြိုနိုင်ခဲ့ပြီဖြစ်၏။ သမီးကလေး၏ ငိုခြင်း ရယ်ခြင်း ဂျိုကျခြင်းများကိုလည်း တွေ့မြင်ကြည့်ရှုး ချော မြူနိုင်ခဲ့ပြီဖြစ်၏။ သမီးကလေး၏ ချေးဝတ် သေးဝတ်များကို လျှော်ခဲ့ပြီးဖြစ်၏။

သမီး ပိစိကွေးကလေးတုန်းကဆို ရွှေတိုးမှာ 'ချေးစပါယ်ရှယ်လစ်' ဟူသော နာမည်ပြောင်တောင် ရခဲ့သေးသည်။

တစ်နေ့တာလုံးမှာ ရွှေတိုး၏ အာရုံများသည် သမီးကလေး၏ ချေးအရောင်အပေါ်မှာ အာရုံစိုက်၍သာ သုတေသန ပြုနေ၏။

ပင်ကိုက အလိုက်ကန်းဆိုးမသိ ... အရိပ်အကဲ နား





မလည်လှသော ရွှေတိုးဟာ ချစ်ဇနီး ညိုစိမ့်နှင့် အင်မတန် ရှိတတ်သော ဒေါ်ဥတို့ မနက်စာ စားနေသည့်အနားသို့ အပြေးလာကာ ...

"ညို ... ဒီနေ့လည်း သမီး အီးအီးရောင်က မလှဘူးဖြစ်နေတယ်၊ သမီး အီးရောင်လေး မလှတာ သုံးရက်ရှိပြီ၊ အရင်တုန်းကဆို သမီးအီးက ဒီအရောင်မဟုတ်ဘူး၊ ခုဟာက စိမ်းဖန့်ပျစ်ချွဲပြီး ..."

"ဒုန်း ..."

"ဟဲ့ ... ရွှေတိုး"

ဒေါ်ဥသည် သည်းမခံနိုင်တော့ဘဲ လက်ထဲက စားလက်စ မုန့်ဟင်းခါးပန်းကန်ကို ဆောင့်ချရင်း အော်လိုက်၏။ ရွှေတိုးက မျက်လုံးလေး ပေကလပ် ပေကလပ်ဖြင့် ယောက္ခမဖြစ်သူကို ကြည့်ရင်း ...

"ခင်ဗျာ ... ဘာ ... ဘာဖြစ်လို့လဲ အမေ၊ မုန့်ဟင်းခါးက စားမကောင်းလို့လား၊ အမေ စားမကောင်းရင် မနက်ဖြန်ကျ နောက်တစ်ဆိုင် ပြောင်းဝယ်ပေးမယ်လေ ..."

"မုန့်ဟင်းခါးကြောင့် မဟုတ်ဘူးဟဲ့၊ နင့်ကြောင့် ... နင့်ကြောင့်၊ အမလေး ပြောရင်းဆိုရင်းအန်ချင်လာပြီနော် ... အော့ ..."

ယောက္ခမဖြစ်သူက အော့ခနဲ ပို့လာလေရာ ရွှေတိုးသည် ဇဝေဇဝါ ဖြစ်သွားလေသည်။ ယောက္ခမဟာ ဝသည်ဆိုသော်လည်း ပုံဆိုးပန်းဆိုးဖြစ်အောင် ဝတာမဟုတ်၊ မျက်နှာက သိပ်မရှုပ် သေးမယ့် အသားအရည် စိုပြေဖြူဝင်းကာ အသက် ၄၀ ကျော်



www.burmeseclassic.com

www.burmeseclassic.com



၅၀ နားနီး အရွယ်ကောင်းဖြစ်လေရာ ...၊ ခုတလော ရပ်ကွက် လူကြီးအသစ် ဦးဖေအောင်နှင့်လည်း ရင်းနှီးရယ်မော စကားပြော လေ့ ရှိပေရာ ...

"ညို ... အ ... အမေ အန့်ချင်နေတာထင်တယ်၊ ဟို ... ညီ လည်း အဲ့ဒါမျိုး အန့်ဖူးတယ်လေ ..."

"ဟဲ့ ... ရွှေတိုး၊ နင် ဘာပေါက်ကရ တွေးနေတာလဲ၊ ငါက နင့်မိန်းမလို အန့်စရာအကြောင်း ရှိမလားဟဲ့၊ ငါ စားနေ တုန်း နင် ရွံစရာတွေ လာပြောနေလို့ အန့်ချင်တာဟဲ့"

"ကျွန်တော် ပြောတဲ့အထဲမှာ ဘာရွံစရာပါလို့လဲ အမေ"

"နင် ကလေးချေးပါတဲ့အကြောင်း လာပြောနေတာလေ"

"ဩော် ... အမေရယ် ဒါရွံစရာကိစ္စမှ မဟုတ်တာ၊ ကလေး ဆိုတာ နို့လေးစို့ပြီးတော့ပဲ အီးပါတာ၊ လူကြီးတွေလို သားကြီး ငါးကြီး အပုပ်အစပ်စားတာမှ မဟုတ်တာ၊ သမီး လေး အီးက နံလည်းမနံဘူး၊ လှလည်း လှပါတယ် အမေ ရဲ့ ..."

"အရေးထဲ အီးကို လာအမွှန်းတင်နေတဲ့သူနဲ့ တွေ့နေတယ် ဒီမုန့်ဟင်းခါးလည်း စားမနေတော့ပါဘူးဟယ် ..."

ဒေါ်ဥက ပွစိပွစိပြောပြီး ရွှေတိုးကို မျက်စောင်း တစ်ချက် ထိုးကာ ထိုင်ရာမှထသွားသည်။

သမီးယောက္ခမ နှစ်ယောက်ကြားမှာ ဘာမှဝင်မပြော ဘဲ ပြုံးစိစိလေး ငြိမ်နေသော ညိုစိမ့်က ရွှေတိုးရဲ့ လက်နှစ်ဖက် ကို လှမ်းဆွဲယူကာ ပြုံးပြလိုက်ရင်း ...





"သမီးအတွက် အရမ်းမစိုးရိမ်ပါနဲ့ တိုးရယ်၊ မနက်စောစော က သမီးဝမ်းကို ညို ကြည့်ပြီးပါပြီ၊ သမီး ဝမ်းမပျက်ပါ ဘူး"

"ဝမ်းပျက်ပျက် မပျက်ပျက် သမီးဝမ်းက လှပါတယ် ညိုရာ နော ..."

"အင်းပါ တိုးရယ်၊ လှပါတယ်"

"ရွံစရာလည်း မကောင်းပါဘူး နော်"

"အင်းပါ ... အင်းပါ"

"အဲ့ဒါကိုများ အမေက သည်းနေလိုက်တာ ..."

"အမေက သူတစ်ခုခုစားနေတုန်း ဒါမျိုး လာပြောတာ မကြိုက်လို့ပါ တိုးရယ်၊ နောက်မပြောနဲ့နော်၊ ကဲ ... ညို့ အိမ်ချစ်လေး တိုး အနှီးဆက်လျှော်တော့၊ ညို သမီးဆီ သွား လိုက်ဦးမယ်နော်"

ညိုစိမ့်က ပြောပြောဆိုဆို ရွှေတိုးရဲ့ ချွေးစို့နေသော နဖူးကို ဖျတ်ခနဲ လှမ်းနမ်းပြီး အိမ်ထဲသို့ ဝင်သွားလေသည်။

ရွှေတိုးကတော့ နဖူးလေး စမ်းကာ စမ်းကာဖြင့် ပြုံးရင်း အနှီးလျှော်သည့်နေရာသို့ ပြန်လျှောက်လာကာ ပြုံးလက်စ မသတ်ဘဲ ဆက်လက်လျှော်ဖွပ်လေသည်။

ပိုက်ဆံသာ မရှာရသော်လည်း ရွှေတိုးဟာ မိုးလင်း က မိုးချုပ် အားကိုမအားရ၊ တောက်တိုမည်ရအလုပ် အကုန်လုပ် တဲ့အပြင် ကလေး ဝေယျာဝစ္စ၊ မယား ဝေယျာဝစ္စ၊ ယောက္ခမ ဝေယျာဝစ္စပါ မလွတ်စေရ ...။



www.burmeseclassic.com

www.burmeseclassic.com



ကလေးကိစ္စကို လှည့်မကြည့်ရတာမို့ ဒေါ်ဥမှာလည်း ရွှေတိုး ပိုက်ဆံမရှာတာကို အပြစ်မပြောသာ။ သို့သော် အတင်းပြောတတ်သည့် ညဥ်ကလေးကတော့ ဖျောက်မရတာမို့ ကြုံရင်ကြုံသလို မပြောသာ ပြောသာ ပြောသေး၏။

"သူက အဝေးသွားပြီး ပိုက်ဆံမရှာချင်တော့လည်း အနီးကပ်နေပြီး တောက်တိုမည်ရ အကုန်လုပ်ပေးတာပေါ့ရှင်၊ ကလေးကို သူ့လက်ထဲ အပ်ထားရတာဆိုတော့လည်း ပိုက်ဆံထွက်ရှာဖို့ မပြောသာပြန်ဘူးပေါ့"

ဒေါ်ဥက ဘာအတင်းပြောပြော ရွှေတိုးကတော့ မိန်းမနဲ့ သမီးနဲ့ မခွဲရရင်ပြီးရော ကျေနပ်နေတတ်၏။

သမီးကလေးကို နာမည်ပေးချိန်ရောက်တော့ လင်မယားနှစ်ယောက် ခေါင်းချင်းဆိုင်ကာ နာမည်စဉ်းစားကြ၏။

ဒေါ်ဥက လွှမ်းမိုး ဩဇာညောင်းချင်သူပီပီ အမိန့်ပေးလာ၏။

"ဒီမှာဟေ့ ... ညည်းတို့ ကလေးကို ဘာနာမည် ပေးပေး ငါ့နာမည်တော့ ပါအောင်ပေးရမယ်၊ ဒါပဲ"

ရွှေတိုးက ကီခနဲ ရယ်လိုက်၏။

"ဟဲ့ ... ဘာရယ်တာလဲ"

"အမေ့နာမည်ကြီး ဘယ်လိုထည့်ပေးရမလဲ"

"ငါ့နာမည်က ဘာဖြစ်နေလို့လဲ"

"အမေ့နာမည်က တစ်လုံးတည်း ရှိတဲ့ဟာ ..."

"ဘာဖြစ်လဲ တစ်လုံးတည်း ..."





"တစ်လုံးတည်း နာမည်က 'ဥ'ဖြစ်နေတော့ အဲ့ဒီ ဥကြီးကို ဘယ်နား ထည့်မှည့်ရမှာတုန်း အမေရဲ့၊ ညိုညိုဥ၊ တိုးတိုးဥ၊ ညိုတိုးဥ ... အဲ့ဒီလိုတွေ မှည့်ရမှာလား"

"နင်က နလပိန်းတုံးကောင်မို့လို့ အဲ့ဒီ ဥကို ဘယ်နားထားရမှန်း မသိတာ၊ မှည့်ပါလား ... သဇင်ဥတို့၊ ပုလဲဥတို့၊ နှင်းဥကြွေတို့၊ ဥဥခင်တို့၊ မှည့်စရာတွေမှ အပုံကြီး ..."

"အဲ့ဒီလို မှည့်ရင် ကျွန်တော်တို့ နာမည်တွေ ဘယ်လိုလုပ်ထည့်မလဲ၊ ညိုသဇင်ဥတိုး တို့၊ တိုးဥဥခင်ညို တို့ ဘာတို့ မှည့်ရမှာလား ..."

"ရွှေတိုး ... နင်ဟာလေ ငါ့ကိုဆို ရွဲ့ကိုရွဲ့ရမှ၊ ကြာလေကြာလေ နင်တို့ လင်မယား တလေတည်းဖြစ်လာလေပဲ၊ နင်တို့ဟာ နင်တို့ မှည့်ချင်တဲ့နာမည်သာ မှည့်ကြပေတော့"

ဒေါ်ဥက လက်လျှော့သွားပြီမို့ သမီးကလေး နာမည်ကို ညိုညိုတိုးဟု ရိုးရိုးသာ ပေးခဲ့လေသည်။

ဒီလိုနဲ့ပဲ သမီးကလေး ညိုညိုတိုးဟာ တဖြည်းဖြည်း ကြီးပြင်းလာခဲ့တော့၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



(၂၄)

❖ ❖ ❖

"ဟေး ... တို့ဖေဖေကြီး"

"ဟေး ... တို့ သမီးကလေး ..."

ကျောင်းတံခါးဖွင့်သည်နှင့် သမီးကလေးသည် လက်နှစ်ဖက်ကို ရင်ဖွင့်ဆန့်တန်း၍ ရွှေတိုးဆီသို့ ပြေးလာနေ၏။ ရွှေတိုးကလည်း အော်နေကြအတိုင်း အော်ဟစ်ခေါ်ရင်း လက်နှစ်ဖက်ကို ဘေးကိုဆန့်ကာ ခြေထောက်နှစ်ဖက်ကို ဘေးဘက်သို့ ခပ်ခွင်ခွင်လုပ်၍ ကွတကွတ ပြေးသွားကာ သားအဖနှစ်ယောက် ပြေးဖက်ပြီး သမီးကလေးကို ချီမြှောက်လိုက်လေသည်။

သမီးကလေးက ရွှေတိုးလုပ်ပြတဲ့ ကာတွန်းရုပ်ကို သဘောကျကာ တခစ်ခစ်ရယ်၏။ ဒီလိုပုံစံနှင့် ပြေးလာတာမြင်တိုင်း သမီးလေးက တခစ်ခစ်ရယ်မောတတ်တာမို့ ရွှေတိုး လူအများကြီးရှေ့မှာ ဒီလိုအမူအရာလုပ်ရမှာ မရှက်။ ဘေးသို့ဆန့်ကားထားသည့် လက်နှစ်ဖက်ကို ဘေးဘယ်ညာယိမ်းထိုးကာ ခြေကွကွလုပ်၍ လုံးကြီးလို လမ်းလျှောက်သည့် စတိုင်လ်ကို သမီး





သဘောကျသဖြင့် ထိုပုံစံအတိုင်းပင် အမြဲ ပြေးကာ ဆီးကြိုလေ့ရှိ၏။

ရွှေတိုးတို့ သားအဖ ဒီလို အော်ဟစ်ခေါ်ငင် ပြေးဖက်ကြတာကို မမြင်ဖူးသူများက ရယ်မောကြ၏။ ကိုယ့်သားသမီးတွေကို ကျောင်းပို့ ကျောင်းကြိုလုပ်ကြသည့် အမေအများစုကြားမှာ ရွှေတိုးစတိုင်လ်က ဆန်းသစ်နေ၏။ လူသတိထားချင်စရာ ပြုံးချင်စရာ ဖြစ်နေ၏။ သို့သော် ရွှေတိုးက ဂရုမစိုက်၊ သမီးလေး ပျော်ရင် ပြီးရော ...။

သမီးလေးက ဒီနှစ် သူငယ်တန်း ...။ ရပ်ကွက်နားက မူလတန်းကျောင်းလေးမှာပဲ သမီးကို ထားရ၏။ သမီးလေးက သွက်လက်ချက်ချာပြီး ကျောင်းနေပျော်တာမို့ ရွှေတိုးလည်း ပျော်ရ၏။

ကလေးအမေ အများစုကတော့ ရွှေတိုးကို သိပ်အဖက်မလုပ်ကြ ...။ ဒီလောကမှာ ငါ့သမီးလောက် တော်သူမရှိဟူသော အချိုးမျိုး ချိုးတတ်တာမို့ အမြင်ကတ်ကြ၏။

"ဖေကြီး ... ဖေကြီး"

"ဟေ ... သမီးလေး၊ ပြော ... ပြော"

သမီးက ရွှေတိုးပခုံးကို လက်ဖြင့်ကုတ်၍ခေါ်၏။ သမီးအကျင့်က အဲ့လိုမျိုး။ သူ တစ်ခုခုပြောချင်ပြီဆို ရွှေတိုးကို ခိုရာ လှမ်းကုတ်တတ်၏။

"ဆရာမက မှာလိုက်တယ်၊ သမီးတို့ကို သူ့အိမ်မှာ အခိုန်ပို သင်ပေးမလို့တဲ့ ဖေကြီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ ... ဟုတ်လား၊ ကောင်းတာပေါ့ကွ သမီးရဲ၊ သမီး ဆရာမက တော်လိုက်တာ၊ ကျေးဇူးတင်စရာကောင်းလိုက်တာ၊ ကလေးတွေကို ကျောင်းချိန်မှာ သင်ရတာ အားမရလို့ အိမ်မှာတောင် ခေါ်သင်ပေးဦးမယ်ပေါ့၊ တကယ့် စေတနာ ဆရာမပါလားကွာ၊ ဆရာမကို ဖေကြီးတွေ့ရင် ကျေးဇူးတင် စကား ပြော ...၊ ဟော ... ဟိုမှာ သမီးတို့ဆရာမ မဟုတ်လား ..."

ရွှေတိုးက ကလေးပြောတာ ဆုံးအောင်နားမထောင်၊ သေချာလည်း မမေးဘဲ သမီးကို ပခုံးပေါ်ထမ်းတင်လိုက်ပြီး သမီးတို့ အတန်းပိုင် ဆရာမဆီသို့ ပြေးသွားလေသည်။

"ဆရာမ ... ဆရာမ ... ခဏနေပါဦးဗျို့"

ရွှေတိုးက ကလေးအမေ တချို့နှင့် စကားပြောရင်း လမ်းလျှောက်သွားသော ဆရာမဆီသို့ ပြေးသွားရင်း ပါးစပ်က လည်း လှမ်းအော်ခေါ်လာ၏။

"ဖေကြီး ... ဖေကြီး"

ကလေးက ဆက်ပြောစရာရှိသေးတာမို့ သူ့အဖေရဲ့ မှီရာ ခေါင်းကို ကုတ်နေသော်လည်း ရွှေတိုးမှာ ဂရုမစိုက်အား။

"သမီး ခဏနေဦး၊ ဖေကြီး ဆရာမကို အရင် ကျေးဇူးတင် စကား ပြောလိုက်ဦးမယ်"

ရွှေတိုးက ဆရာမရှေ့မှာ ပိတ်ရပ်လိုက်ရင်း မောနေသော အသံဖြင့် အားပါးတရ ကျယ်လောင် ကျယ်လောင် ပြော လိုက်သည်မှာ ...





"အမလေး ... မောလိုက်တာ ဆရာမရယ်၊ ဆရာမကို ကျေးဇူးတင်စကား ပြောချင်လွန်းလို့ ပြေးလိုက်လာရတာ၊ ဆရာမက ကျွန်တော့် သမီးလေးကို အချိန်ပို သင်ပေးမလို့ ဆို၊ ကျေးဇူးကြီးလိုက်တာ ... စေတနာကောင်းလိုက်တာ ဆရာမရယ်"

"ဖေကြီး ... ဖေကြီး"

သမီးက ခေါင်းကိုကုတ်ပြန်၏။

"အေး ... သမီး အသာနေဦး၊ ဒီမှာ ဖေကြီး ပြောလိုက်ဦး မယ်၊ ခုလို မေတ္တာ စေတနာ အပြည့်အဝထားပြီး ကလေး တွေကို အချိန်ပို ခေါ်သင်ပေးတဲ့ ကျေးဇူးကြီးပါတယ်၊ ခုလို ပိုက်ဆံတစ်ပြားမှ မယူဘဲ ..."

"ဖေကြီး ... ဖေကြီး"

"သမီး အသာနေဦး၊ ခုလို ပိုက်ဆံ တစ်ပြားမှ မယူဘဲ စေတနာနဲ့ သင်ပေးတဲ့ ကုသိုလ်ကြောင့် ဆရာမဘဝလည်း တစ်သက်လုံး အေးချမ်းမှာပါဗျာ၊ အေးချမ်းမှာပါ ..."

"နေစမ်းပါဦး၊ ရှင်က ကျွန်မကို ရွဲ့နေတာလား ..."

ကလေးအမေတွေကြားမှာ ရွှေတိုးက ဟောင်ဖွာ ဟောင်ဖွာ ပြောနေတာမို့ ကလေးအမေတွေက ပြုံးစိပြုံးစိဖြစ်ကုန် ကြပြီး ဆရာမက ခပ်မာမာ ဟောက်လိုက်သည်။

"ခင်ဗျာ ... မရွဲ့ရပါဘူး ဆရာမရဲ့"

"ဖေကြီး ... ဖေကြီး ဆရာမက တစ်လ လေးထောင်ပေးရ



www.burmeseclassic.com

www.burmeseclassic.com



မယ်လို့ ပြောပါတယ် ဖေကြီးရဲ့၊ ဖေကြီးက သမီးစကားဖြင့်ဆုံးအောင် နားမထောင်ဘဲနဲ့ ...

"ဟမ် ..."

သမီးက ရွှေတိုးခေါင်းကို တအားကုတ်လိုက်ပြီး ရွှေတိုးနားနားကပ်ကာ ပြောလိုက်တော့မှ ရွှေတိုးမှာ ပါးစပ်ဟောင်းလောင်းလေး ဖြစ်သွားရသည်။

ဆရာမကတော့ ခပ်သွက်သွက် ဆက်လျှောက်သွားခဲ့ပြီ ...။

ရွှေတိုးက သမီးကို ပခုံးပေါ်မှချကာ သမီးရှေ့မှာ ဒူးထောက်ထိုင်ချလိုက်ရင်း ...

"သမီး ... ဆရာမက အဲ့ဒီလို ပြောလိုက်လား"

"ဟုတ်ကဲ့ ... အချိန်ပိုတက်ရင် တစ်လ လေးထောင်တဲ့"

သမီးကလေးက ခေါင်းလေး ဆတ်ခနဲ ညိတ်ပြရင်း ပြောလိုက်တာမို့ ရွှေတိုးက နှုတ်ခမ်းကိုမဲ့ပစ်လိုက်ရင်း ...

"ဟင်း ... ဒီလိုမှန်းသိ ကျေးဇူးမတင်ပါဘူး ..."

■ ■ ■





## (၂၅)

❖ ❖ ❖

ရွှေတိုးသည် ပထမတန်း အတန်းပိုင် ဆရာမရဲ့ တိုက်ခန်းအပြင်ဘက် တံခါးကိုမှီကာ ငိုက်၍နေလေသည်။

ဒီနေ့ဟာ စနေနေ့ဖြစ်သော်လည်း ရွှေတိုးရော သမီးကလေးပါ မနားနိုင်။ သမီးကလေးက ခုဆို တစ်တန်း တက်ရပြီ။ ဒီနေ့ ဆရာမအိမ်မှာ ကျူရှင် ... အဲ ... မဟုတ်ပါဘူး ယောင်လို့၊ အချိန်ပို လာတက်နေရတာမို့ ရွှေတိုးမှာ သမီး အချိန်ပိုပြီးမည့် အချိန်ကို ငုတ်တုတ်လေး ထိုင်စောင့်နေရလေသည်။

ဆရာမက တိုက်ခန်းမှာ နေတာမို့ တိုက်ခန်းအပြင်ဘက် လှေကားခွင်ကျဉ်းကျဉ်းလေးမှာ ကျောင်းသားမိဘတွေ လာစုပြုံ ထိုင်စောင့်နေရ၏။ ခြေသုတ်ဖတ်ပေါ်မှာ ထိုင်သူထိုင်၊ လှေကားထစ်တွေပေါ်မှာ ထိုင်သူထိုင်၊ မျက်နှာချင်းဆိုင် တိုက်ခန်းတံခါးကို မှီထိုင်သူက ထိုင်၊ လှေကားခွင်ကျဉ်းကျဉ်းလေးမှာ ဖင်ချင်းပေါက်နေကာ အားလုံးစုဝေး၍ လျှို့ဝှက်သောကိစ္စတစ်ခုကို တိုင်ပင်နေသလို ရုံးစုစု တိုးကျိတ်ကျိတ်ကလေး အမှောင်ရိပ်ခိုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲ အပေါ်ထပ်တက်မည့် လူလာရင် ခြေလှမ်းသွားသာအောင် ဘေးသို့ ကျုံ့ပေးရို့ပေး နေရာဖယ်ပေးနေကြရသေးသည်။

ကလေးအမေတွေက သူတို့ချင်းသာ စုဝေး တိုးကပ်ကာ တိုးတိုးကျိတ်ကျိတ် စကားပြောနေတာမို့ ရွှေတိုး တစ်ယောက်တည်း သင်းကွဲဖြစ်နေသည်။

ရွှေတိုးရင်ထဲမှာတော့ မကျေနပ်ချက်တွေ ပြည့်လျှံ၍နေပါသည်။

ကျောင်းပိတ်ရက်မှာ မပျော်မရွှင်နှင့် စာသင်သွားရသော သမီးလေးကို စဉ်းစားမိတော့ စိတ်မကောင်း။

"ဖေကြီး ... ဖေကြီး ... သမီးတို့ ဒီနေ့ ကျောင်းပိတ်တယ်လေ ဖေကြီးရဲ့၊ သမီး စာမသင်ချင်ဘူး ဖေကြီးရဲ့၊ ဖေကြီးနဲ့ ဆော့မယ်လေနော် ဖေကြီး ..."

သမီးလေးက ငိုမဲ့မဲ့လေးပြောတော့ သူလည်း ငိုချင်သည်။ အလိုလည်း လိုက်ချင်သည်။

"ကျောင်းဆင်းတော့လည်း စာဆက်သင်ရတယ်၊ ကျောင်းပိတ်တော့လည်း သင်ရတယ်၊ သမီး သင်ချင်တော့ဘူး ဖေကြီးရဲ့ ..."

"အေး ... ငါ့သမီးလေး ပြောတာလည်း ဟုတ်ပါတယ်ကွာ။ မသင်ချင် မသင်နဲ့တော့ကွာ၊ ဖေကြီးလည်း သမီးနဲ့မဆော့ရတာ စိတ်ညစ်တယ်ကွာ"

"ဟဲ့ ... ဖြစ်ပါ့မလား ရွှေတိုးရဲ့၊ သူများတကာတွေ အချိန်ပို သွားတက်နေတဲ့အချိန်မှာ နင့်သမီးတစ်ယောက်တည်း သွား





မတက်တော့ နင့်သမီး တစ်ယောက်ပဲ ညံ့ကျန်ခဲ့မှာပေါ့ ...၊ နင်နော် ... နင် ကလေးကို ဒုက္ခရောက်အောင် မလုပ်နဲ့"

ယောက္ခမကတော့ ထုံးစံအတိုင်း ပွက်လောရိုက်၏။

"ကျောင်းမှာ သင်ထားတာပဲ အမေရဲ့၊ သမီးက ကျောင်းတက်လည်း မှန်တာပဲဟာ၊ ကျောင်းမှာ သင်တာနဲ့ လုံလောက်ပါတယ်"

"မလုံလောက်လို့ ခါသင်တာပေါ့ဟဲ့ ..."

"ကျွန်တော်တို့ ငယ်ငယ်တုန်းကဆို လုံလောက်သားပဲ"

"နင်တို့ခေတ်နဲ့ ဒီခေတ်နဲ့ တူမလားဟဲ့ ..."

"ကျွန်တော် တစ်ခုစဉ်းစားကြည့်တယ် အမေ"

"ဘာလဲ ..."

ရွှေတိုးက ခဏငြိမ်တွေသွားကာ မျက်တောင် ပုတ်ခတ်ပုတ်ခတ်ဖြင့် စဉ်းစားနေခဲ့ပြီးမှ လက်ညှိုးတစ်ချောင်းထောင်၍ ဘယ်ညာရွှေ့ကာ ...

"ကျောင်းမှာ သင်တာ မလုံလောက်လို့ အချိန်ပို သင်တယ်၊ ဒါဆို အချိန်ပိုသင်တာ လုံလောက်ရင် ကျောင်းမှာ မလုံလောက်လည်း ရတာပေါ့၊ မလုံလောက်အောင် သင်ရင် လုံလောက်အောင် သင်လို့ရတယ်၊ ဒီလိုလား ..."

"ဟဲ့ ... ဉာဏ်ကြီးရှင် ပေါက်ကရ လျှောက်စဉ်းစားမနေနဲ့၊ အာစရိယဂုဏော အနန္တောတဲ့ဟဲ့၊ ပစ်မှားတဲ့အတွေးတွေ လျှောက်တွေးမနေနဲ့၊ သွား ... ကျူရှင်ပို့ချေ"

"ကျူရှင်လို့ မပြောရဘူးလေ အမေ"



www.burmeseclassic.com

www.burmeseclassic.com



"ယောင်လို့ဟော့၊ သွား … အချိန်ပို ပို့ချေ"

ယောက္ခမက ဝေါက်လွှတ်၏။ မိန်းမကလည်း မျက်နှာရိပ်ပြကာ သွားခိုင်းနေ၏။ ရွှေတိုး မိန်းမဟာ သူကိုယ်တိုင် အမေဖြစ်လာလို့လား မသိ … ခုနောက်ပိုင်းမှာ အမေနဲ့ သိပ်အတိုက်အခံ မလုပ်ဘဲ နေတတ်လာသည်။

ပိုက်ဆံသာ မရှာရပေမယ့် ရွှေတိုး ရင်ဆိုင်ရသည့် ပြဿနာတွေက မသေးကွေးလှပါ။

လွန်ခဲ့သော ရက်အနည်းငယ်က သမီးကလေးက မျက်နှာလေး ရှုံ့မဲ့မဲ့နှင့် သူ့ကိုလာပြောသည်။

"ဖေကြီး …"

"ဟေ … သမီးလေး"

"သမီးကို စပါယ်ရှယ် အချိန်ပို ထားပေးပါလား ဖေကြီး"

"စပါယ်ရှယ် အချိန်ပိုဆိုတာ ဘာတုန်း သမီးရဲ့"

"သမီး သူငယ်ချင်း သဲစုကလေ သမီးတို့တွေလို လူအများကြီးနဲ့ အချိန်ပို မတက်ဘူးတဲ့၊ လူနည်းနည်းနဲ့ပဲ တက်တာတဲ့၊ စာမေးပွဲနီးရင် သမီးတို့လို စာများများ မကျက်ရဘူးတဲ့၊ စာမေးပွဲမှာပါမယ့်ဟာပဲ ဒဲ့ကျက်တာတဲ့၊ အဲ့ဒါ ဘာတွေကျက်ရမလဲ မေးတာကို ပြောပြဘူး ဖေကြီးရဲ့၊ ဆရာမက မပြောရဘူးလို့ မှာထားလို့တဲ့၊ ဟို … စပါယ်ရှယ်အချိန်ပိုဆိုရင် ပိုက်ဆံတော့ ပိုပေးရမှာတဲ့၊ ဘွားဘွားဥက ပေးမလား မသိပါဘူးနော် …"





သမီးက ဒီလိုပြောတော့ ရွှေတိုးက ချက်ချင်းနားမလည်ဘဲ ခေါင်းကုတ်မိကာ …

"ဖေကြီးတောင် နားမလည်တော့ဘူး သမီးရာ"

"ဖေကြီး နားမလည်လည်း နေလေ၊ ဘွားဘွားဥကိုပဲ ပြောတော့မယ်"

"သမီးပြောတော့ အချိန်ပိုမသင်ချင်ဘူးဆို"

"စာမေးပွဲမှာပါတာ ပြောရင်တော့ သင်ချင်ပါတယ် ဖေကြီးရဲ့ …"

"ဒီလိုမလုပ်ရဘူးလေ သမီးလေးရဲ့၊ ပါတာသိသိ မသိသိ ကိုယ့်ဘာသာ စာကျက်ပြီးဖြေပေါ့၊ သမီးက စာတော်တာပဲဟာ၊ မနေ့က လပတ်စာမေးပွဲမှာ ပထမရတဲ့ သမီးရိပို့ကတ်ကိုမြင်တော့ ဖေကြီးတောင် ပျော်လွန်းလို့ ကျွမ်းပစ်ထိုးလိုက်သေးတယ်"

"ဟိဟိ … ပြီးတော့ ဖေကြီး သမီးပထမရကြောင်း ရပ်ကွက်ထဲ လှည့်ပြီး ကြွားသေးတာမဟုတ်လား"

"ဟီးဟီး … ကြွားတာပေါ့ သမီးရဲ့၊ ဟိုဘက်ရပ်ကွက်က သမီးရဲ့ ဘဘမြတို့ ဘွားဘွားလုံးတို့ အိမ်အထိအောင်တောင် သွားကြွားသေးတာ၊ ငါ့သမီးက ပထမ … ငါ့သမီးက ပထမကွ … ဟား ဟား …"

ရွှေတိုး ပျော်မြူးနေတာမြင်တော့ သမီးကလေးကလည်း တခိခိ ဖြစ်နေခဲ့၏။

ရွှေတိုးသည် ဆရာမရဲ့ တိုက်ခန်းတံခါးရှေ့မှာ ငုတ်



www.burmeseclassic.com

www.burmeseclassic.com



တုတ်လေးထိုင်ရင်း ကိုယ့်အတွေးနှင့်ကိုယ် မျက်နှာပြုံးလာသည်။ ရွှေတိုးက သိုင်းလွယ်လာသည့် အိတ်အနွမ်းလေးထဲက ရီပို့ကတ်လေးကို ထုတ်ယူ၍ တစိမ့်စိမ့်ကြည့်ရင်း ပီတိဖြာကာနေ၏။

ရွှေတိုးက ကိုယ့်ကတ်ကို ကိုယ်ကြည့်ရုံနှင့် အားမ ဘဲ ကိုယ့်ရှေ့မှာ စုစုရုံးရုံးရှိနေသည့် ကလေးအမေတွေဘက်သို့ မျက်လွှာကလေးပင့်၍ ကြည့်လိုက်ပါသည်။ ကလေးအမေထဲမှာ သဲစုအမေလည်း ပါတာမို့ ရွှေတိုးက နည်းနည်းကြွားချင်လာကာ

"အဟမ်း ... အဟမ်း ... သင်္ချာက ၁၀၀၊ အင်္ဂလိပ်စာက ၉၉၊ တော်လိုက်တဲ့ သမီးလေး၊ အမှတ်တွေက ကောင်း ကောင်း"

ဟု ရီပို့ကတ်ကို အသံထွက်၍ ငုံ့ဖတ်ရင်း တ ယောက်တည်း ရေရွတ်လိုက်သည်။

သဲစုအမေက မသိမသာ မဲ့သွားကာ ကလေးအမေ ချင်း လှည့်ပြောလိုက်သည်။

"အိမ်က သမီးက သိပ်တော်တာ ဝါဝါရဲ့ ...၊ အမြဲတမ်း အဆင့် ၃ အတွင်း ဝင်ရမယ်ဆိုပြီး ကြိုးစားနေတာလေ ဝီရိယကလည်း ကောင်း၊ ဉာဏ်ကလည်း ကောင်း"

သဲစု အမေ ကြွားကောင်းနေတုန်းမှာ ရွှေတိုးအ အထာပါပါလေး ပြုံးကာ သဲစုအမေဘက်သို့ မေးငေါ့လိုက်ရင်း

"ဒါနဲ့ ခင်ဗျားသမီး ဒီပထမအစမ်း စာမေးပွဲမှာ ဘယ်နှဆင့် ရတုန်းဗျ ..."

"၂ ဆင့်ရှင့် ... ၂ ဆင့်၊ ဒုတိယ ရတာရှင့်"





ရွှေတိုးက အံ့သြသလို မျက်လုံးပြူးကြည့်နေပြီးမှ မျှင်း၍ မျှင်း၍ ရယ်လိုက်ရင်း ...

"သြော် ... ဟုတ်လား ... ဒုတိယလား၊ ကျွန်တော့် သမီးက တော့ ပထမဗျ"

"ဘာ ..."

"ပထမမှ ဘာမေးခွန်းမှ ဒဲ့မရဘဲ ရတဲ့ ပထမဗျား ..."

"ရှင့်သမီး ကတ် ပြစမ်းပါဦး"

"ဟောဒီမှာဗျာ၊ ကြည့်ပါဗျာ"

ရွှေတိုးက ရီပို့ကတ်ကို ခပ်ကြွားကြွားလေး လှမ်း ပေးလိုက်သည်။ သဲစုအမေ မအေးရီက ရီပို့ကတ်ကို ကြည့်ကာ ရှုံ့ရှုံ့ရှားရှား ဖြစ်သွား၏။

"မဖြစ်နိုင်ဘူး၊ ရှင့်သမီး ပထမရတာ မဖြစ်နိုင်ဘူး"

"ဗျာ ...၊ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားနေတာကို ဗျာ"

"မဖြစ်နိုင်ဘူး၊ တစ်ခုခုတော့ မှားနေပြီ"

"ခင်ဗျား သမီးက ကျွန်တော့် သမီး ပထမရတာ ပြောမပြ ဘူးလား"

"မပြောလို့ပေါ့ရှင့်၊ ရှင့်သမီးရမှန်းသာသိရင် ကျွန်မ ဆရာမ ကို သွားပြောမှာပေါ့၊ အမိပွားယ်မရှိတာ၊ ကျွန်မ သမီးက ရှင့်သမီးထက် သာတာ လူတိုင်းသိတယ်"

"ခင်ဗျား သမီး လက်ရေးက ပဲပင်ပေါက်လို တွန့်ပြီး ကြောင်ချေးကုတ်သလို ရှုပ်နေတာလည်း လူတိုင်းသိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အမှတ်ချင်း တူရင်တောင် လက်ရေးလှတဲ့ ကျုပ်သမီးက ပထမရမှာပေါ့ဗျ”

“ဘာ … ဘာ … ကျွန်မ သမီး လက်ရေးကို ရှင် ဒီလိုပြော စရာလား၊ ဟွန်း … ယောကျ်ားကြီးတန်မဲ့ ယောက္ခမထဘီ ရေသိနား ခိုစားပြီး အလုပ်မရှိလို့ သမီးကို ကျောင်းပို့နေရ တဲ့ လူကများ၊ မိန်းမတွေကြားထဲလာပြီး မိန်းမလို မိန်းမရ ပြောနေလိုက်တာ …”

“ခင်ဗျား ဒီလိုမပြောနဲ့ …”

“ပြောမှာပဲ၊ ရှင်ရော ဘာလို့ပြောလဲ”

“ကျုပ်က ဟုတ်တာပြောတာ”

“ကျွန်မလည်း မှန်တာပြောတာ”

“ဟဲ့ … ဟဲ့ … တော်ကြပါတော့၊ ဆရာမအိမ်ရှေ့မှာ ရန်ဖြစ် မနေကြနဲ့ … တော်တော့”

ဆရာမ တိုက်ခန်းရှေ့မှ စကားများနေကြဆဲမှာ တိုက်ခန်းတံခါးက ဗြုန်းခနဲ ပွင့်သွားကာ ဆရာမက အခန်းတံခါး ဝမှာ ပေါ်လာသည်။

“အပြင်က ဆူညံဆူညံနဲ့ ဘာတွေဖြစ်နေကြတာလဲ”

“ဟို … ဘာ … ဘာမှမဖြစ် …”

“ဖေကြီး …”

“ဟော … သမီးလေး ပြီးပြီလား”

အခန်းထဲက ကလေးတွေလည်း ထွက်လာပြီမို့ ကိုယ့် ကလေး ကိုယ် အာရုံရောက်ကာ ဆီးကြိုပွေ့ချီလိုက်ကြသည်။





ရွှေတိုးက သမီးကို ဆီးကြိုရင်း သမီးမျက်နှာလေး မရွှင်တာကို သတိထားမိသွားကာ …

“သမီး ဘာဖြစ်လို့လဲ၊ နေမကောင်းလို့လားဟင်”

“သမီး အိပ်ချင်လို့ပါ ဖေကြီးရယ်”

“ဒီမှာ ကိုရွှေတိုး … ရှင့်သမီးကိုလည်း သေချာပြောဆို ဆုံးမထားဦး၊ ကလေးက စာသင်ချိန်ဆို အမြဲငိုက်နေတာပဲ”

ရွှေတိုးက သမီးကို ချီလိုက်ပြီး ခဏငြိမ်သက်သွား ပြီးမှ …

“ဟို … ဆရာမ၊ ဆရာမကို ကျွန်တော် တစ်ခုလောက် ပြောစရာလေး ရှိလို့”

“ပြော …”

“ဟိုလေ … ဆရာမ စာသင်တာကို ကျောင်းမှာပဲပြီးအောင် သင်ပေးလို့ မရဘူးလားဟင် …”

“ဘယ်လို …”

ရွှေတိုး စကားကြောင့် ဆရာမ မျက်နှာပေါ်မှာ ပန်းရောင်ကလေး သမ်းသွား၏။

“ဟိုလေ … ကျွန်တော့် သမီးလေးက ဆော့ချိန်တန် မဆော့ ရ၊ လည်ချိန်တန် မလည်ရ၊ စာချည်းသင်နေရလို့ စာသင် ချိန်မှာ ငိုက်တာပါ ဆရာမ၊ အဲ့ဒါ ဆရာမအနေနဲ့ ကျောင်း မှာပဲ ပြီးအောင်သင်လာရင် ဆရာမလည်း အဆင်ပြေ၊ ကျွန်တော့်သမီးလေးလည်း အဆင်ပြေ …”

“ရှင်တို့ အဆင်မပြေရင်လည်း မပို့နဲ့တော့လေ၊ ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျန်တဲ့ ကလေးတွေ အဆင်ပြေအောင် သင်ရမှာပဲ"

ဆရာမက အခန်းထဲသို့ ရှုခနဲ လှည့်ဝင်သွားကာ တံခါးက ဒုန်းခနဲ ပိတ်သွား၏။

ရွှေတိုးက အခန်းရှေ့မှာ အတန်ကြာသည်အထိ ရပ်တန့်နေမိပြီးမှ သမီးကလေးကို ချီကာ လှေကားထစ်များအတိုင်း ခပ်လေးလေး နင်း၍ ဆင်းလာခဲ့မိပါသည်။

■ ■ ■





(၂၆)

❖ ❖ ❖

အဲ့ဒီ စနေဟာ ရွှေတိုးဘဝကို ပြောင်းလဲသွားစေမည့် စနေဆိုတာ ရွှေတိုး မသိခဲ့ချေ။

သမီးလေးကို အိမ်ပြန်ခေါ်လာပြီး သမီး အိပ်နေတုန်းမှာ သူ ဦးလေးမြတို့အိမ်ကို ထွက်လာခဲ့၏။

ဦးလေးမြ၏ အားပေးစကားက သူ့ကိုအားရှိစေ၏။

"မင်း ဘာမှမပူနဲ့ ရွှေတိုး၊ ကိုးတန်းအောင်ထားတဲ့ ငါ့တစ်ယောက်လုံး ရှိတယ်၊ ညိုညိုတိုးကို ငါ့လက်ထဲသာ အပ်လိုက်၊ ငါသင်ပေးမယ်၊ မင်း သမီးလေးက အရမ်းဉာဏ်ကောင်းတာကွ၊ အဲ့ဒါ မင်းအဖေ သူ့အဘိုးနဲ့တူတာ၊ မင်းအမေက တုံးပေမယ့် မင်းအဖေက အရမ်းဉာဏ်ကောင်းခဲ့တာကွ၊ မင်း သမီး အမြဲ ပထမအဆင့်က မကျဖို့ ငါ့တာဝန်ထား"

ဦးလေးမြက အားပေးသည့်အပြင် မြှောက်ပည်းပေးသေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ခုက ခေတ်ပြောင်းလာပြီကွ၊ နိုင်ငံတော်က ပညာရေးကောင်းဖို့ ပိုပြီး အာရုံစိုက်လာပြီ၊ ကျူရှင်မသင်ရဘူးလို့တောင် ပိတ်ပင်ထားတာ၊ ဒါပေမယ့်လည်း သိတဲ့အတိုင်းပဲလေ၊ အဲ့ဒီတော့ မင်းမကျေနပ်ရင် အမတ်ကို သွားပြောကွာ"

"ခင်ဗျာ ..."

ဦးလေးစကားက ရွှေတိုးအတွက် အဆန်းဖြစ်နေသည်။

"အမတ် !"

ရွှေတိုးက အူကြောင်ကြောင် ရေရွတ်လိုက်၏။

"အေးလေ ... ငါတို့မြို့နယ်ရဲ့ လွှတ်တော်အမတ် ရှိတယ်လေကွာ၊ ( ... ... ) နားမှာနေတာ၊ လွှတ်တော်အမတ်ကို မင်း မကျေနပ်တဲ့ မင်း သမီးလေး ကျောင်းကကိစ္စတွေ သွားပြောပေါ့၊ အမတ်က မင်းကိစ္စကို လွှတ်တော်မှာ တင်ပြချင် ပြမှာပေါ့"

ဦးလေးရဲ့ အကြံပြုချက်က ရွှေတိုးရင်ကို စိုက်ဝင်သွားသည်။ ဦးလေး အိမ်ကအပြန်မှာ ရွှေတိုး ပါးစပ်က 'အမတ် အမတ်'ဟု တတွတ်တွတ် ရွတ်လာသည်။ သမီးကလေး ပျော်ပျော်ရွှင်ရွှင် ကစားချိန် နားချိန်ရဖို့၊ ဒဲ့မေးခွန်းမရလည်း စိတ်မညစ်ဖို့၊ ရှယ်အချိန်ပို မတက်နိုင်လည်း စိတ်မညစ်ဖို့၊ မုန့်ပုံးတွေ ဘာတွေနဲ့ သွားမကန်တော့နိုင်လည်း မျက်နှာမငယ်ဖို့ အမတ်မင်းက ကူညီနိုင်လေမလား ...။





ကျောင်းစာကို ကျောင်းမှာပဲပြီးအောင် သင်နိုင်ဖို့ရော အမတ်မင်းပဲ ကူညီမလား။

အမတ်ဆိုတာ ရွှေတိုးအတွက် ကောက်ရိုးမျှင်ကလေး ဖြစ်လာလေမလား ...။

ဒီနှစ်ပိုင်းတွေမှာ ရွှေတိုး ယောက္ခမရဲ့ ထမင်းကြော်ဆိုင်ကလေးကလည်း ရောင်းအားကျဆင်းလာသည်။ ရောင်းနေကျနေရာကို စည်ပင်က ဖယ်ခိုင်းတာမို့ ချောင်ကျကျနေရာလေးကို ပြောင်းရွှေ့လိုက်ရသည်။ ထိုနေရာအနီးမှာ တခြား ထမင်းကြော်ဆိုင်လေးတွေလည်း ရှိနှင့်ပြီးတာမို့ အရင်လောက် မရောင်းရတော့။

ဈေးရောင်းမကောင်းတော့ ယောက္ခမက ရွှေတိုးကို မဲ၏။ ပိုက်ဆံမရှာနိုင်သော ရွှေတိုးမှာ မျက်နှာငယ်ရ၏။ ကိုယ်က ပိုက်ဆံမရှာနိုင်တော့ သမီးအတွက် အသုံးစရိတ်ကို တောင်းရသည့်အခါတိုင်း မျက်နှာပူရသေး၏။

ညိုစိမ့်က အလုပ်ထွက်လုပ်မယ်ဆိုတော့ ဒေါ်ဥက အပြင်းအထန် ကန့်ကွက်၏။

"ဒေါ်ဥတို့ မျိုးရိုးမှာ မိန်းမက ရှာကျွေးရတယ်ဆိုတာ ထုံးစံမရှိဘူးဟေ့၊ ငါ့ယောကျ်ားရှိတုန်းကလည်း သူပဲ ရှာကျွေးခဲ့တာ၊ သူမရှိတော့မှ ငါ့ဘာသာ ရှာရတာ၊ ငါ့သမီးကို ငါ ဆိုင်တောင်မထွက်ခိုင်းရက်လို့ အိမ်မှာပဲ ထားတာ၊ ယောကျ်ားရမှ အပြင်ထွက်အလုပ်လုပ်ရတယ်ဆိုရင် ငါ ရင်ကျိုးရမှာပေါ့၊ ညိုစိမ့် ... ညည်း လုပ်စရာမလိုဘူး၊ ကြားလား ..."



www.burmeseclassic.com

www.burmeseclassic.com



အမေ အဲ့ဒီလိုပြောတိုင်း သူ့မှာ ဘယ်သွားပြီး ဘာလုပ်ရမှန်းမသိ၊ သမီးလေးနဲ့ မိန်းမကိုထားပြီး ဘယ်ကိုမှ မသွားချင်။

"တစ်ခုတော့ ပြောထားမယ်နော်၊ ပိုက်ဆံရ ပြီးရောဆိုပြီး ရပ်ကွက်အနီးအနားမှာ ကုန်ထမ်းတာတို့၊ ဆိုက်ကားနင်းတာတို့တော့ လုပ်မယ်မကြံနဲ့၊ ဒေါ်ဥသမက်က ဆိုက်ကားသမား အလုပ်သမားလို့ အပြောမခံနိုင်ဘူး၊ ဒေါ်ဥတို့က မချမ်းသာပေမယ့် ကြေးမြို့ကင်းကင်း အိုးပိုင် အိမ်ပိုင်နဲ့ တင့်တောင်းတင့်တယ် နေလာတာ၊ ငါတို့ သားအမိဂုဏ်ပျက်မယ့်အလုပ်မျိုး လုပ်ဖို့တော့ မစဉ်းစားလေနဲ့ ..."

ယောက္ခမဖြစ်သူရဲ့ သတ်မှတ်ချက်တွေကြားမှာ မလုပ်သာ မလွန့်သာဖြင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘဲ ရွှေတိုးမှာ ဘောကြပ်နံကြပ် ရိုက်နေရရှာလေသည်။

ရွှေတိုးသည် ဘဝမှာ တစ်ခါမှ စိတ်မညစ်ဖူးသော စိတ်ညစ်ခြင်းကြီးစွာဖြင့် ခေါင်းငိုက်စိုက်ချကာ အိမ်ဘက်သို့လျှောက်လာသည်။

သူ့အတွေးထဲမှာ အချိန်ပို၊ ရှယ်အချိန်ပို၊ ဒဲ့မေးခွန်း၊ သမီးလေး ပညာရေး၊ အမတ်၊ အလုပ်၊ ပိုက်ဆံ ...စသဖြင့် အကြောင်းတရားမျိုးစုံဖြင့် ချာချာလည်နေသည်။

သူ အိမ်ရှေ့ရောက်လာတော့ အိမ်ရှေ့ ကွပ်ပျစ်ပေါ်မှာ ထိုင်နေသော ယောက္ခမနှင့် မိန်းမကို တွေ့လိုက်ရသည်။ သူတို့ကြည့်ရတာ သူ့ကို တစ်ခုခုပြောချင်လို့ ထိုင်စောင့်နေပုံမျိုး။





မိန်းမမျက်နှာက ထူးထူးခြားခြား ညှိုးငယ်နေပြီး ယောက္ခမမျက်နှာက လွန်လွန်ကဲကဲ တင်းမာနေသည်။

"ဟော ... ဟိုမှာ ကြွချီတော်မူလာပါပြီ၊ ကဲ ... ဒီကို ကြွခဲ့စမ်းပါဦး ကိုရွှေတိုးရယ်"

အမေက ခပ်ရွဲ့ရွဲ့ လှမ်းခေါ်လိုက်သည်။ အဝတ်သစ် အစားသစ် ဝတ်ထားသော အမေ့ကိုကြည့်ရတာ အပြင်က ပြန်လာတာ ကြာသေးပုံမရ ...။ အမေ့ဘေးနားမှာလည်း မုန့်ပုံး တစ်ပုံးကို အိတ်နဲ့ထည့်လျက်သား တွေ့ရ၏။

သူ အမေ့ရှေ့မှာ ဝင်ထိုင်လိုက်သည်။ အမေက သူ့ရှေ့ ကွပ်ပျစ်ကြမ်းပြင်ကို ဖြန်းခနဲ ပုတ်လိုက်တော့ သူလန့်သွားသည်။

"နင် ငါ့မြေးကို ဒုက္ခရောက်အောင် လုပ်နေတာလား ရွှေတိုးရဲ့ ... ဟင်"

သူက နားမလည်တာမို့ အမေ့ကို မျက်လုံးအကြောင်သားဖြင့် ကြည့်နေမိသည်။ အမေက ရွှေတိုးကို မတွေ့ခင်ကတည်းက ကျိတ်မှိတ်မျိုသိပ်ထားခဲ့ရသော ဒေါသတွေကို အားရပါးရ သွန်ချနေသည်။

"နင့်သတင်းတွေ ငါကြားလာတယ်၊ နင့်လုပ်ပုံမဟုတ်တာတွေ၊ နင် ဦးနှောက်မရှိတာတွေကို ငါ အကုန်ကြားလာခဲ့ပြီဟဲ့ ... ရွှေတိုးရဲ့"

ဒေါ်ဥက ကြမ်းပြင်ကို ဘုန်းခနဲပုတ်ရင်း အော်လိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမေ … တိုးတိုးပြောပါ အမေရယ်၊ သူများတွေ ကြားပါ့မယ်"

ညိုစိမ့်က ဝင်ပြောသော်လည်း ဒေါ်ဥက ဒေါသကို မလျှော့။

"ကြားကြားအေ …၊ ငါပြောတာ မကြားလည်း ညည်း ယောကျ်ားအကြောင်း တစ်ရပ်ကွက်လုံး သိပြီးသား၊ ငါကမှ အသိနောက်ကျနေသေးတယ်၊ ငါ့မြေးကို ဒုက္ခရောက်အောင် လုပ်တာလောက် ငါ ဒေါသဖြစ်တာမရှိဘူး"

"ကျွန်တော် … ကျွန်တော် သမီးကို ဒုက္ခရောက်အောင် ဘာလုပ်မိ …"

"ဟဲ့ … နင် ကိုယ်လုပ်ခဲ့တာ ကိုယ်မသိဘူးလား၊ နင် ဒီနေ့ ကလေးကို ဆရာမအိမ် သွားပို့ရင်း သဲစုအမေနဲ့ ရန်ဖြစ်ခဲ့တယ် မဟုတ်လား၊ ဆရာမကိုလည်း ကျောင်းမှာပဲ အပြီးသင်ပါလားတို့ ဘာတို့ သွားပြောလာခဲ့တယ်မဟုတ်လား။ အဲ့ဒါ ကိုယ့်ကလေး ကိုယ် ဒုက္ခရောက်အောင်လုပ်တာနဲ့ ဘာထူးလဲ၊ ငါ ဒီနေ့ လမ်းထိပ်စတိုးဆိုင်ကို သွားတော့ သဲစုအမေနဲ့ တွေ့တယ်၊ သဲစုအမေက ငါ့ကို နင့်အကြောင်းတွေ တိုင်လိုက်လို့ ငါအကုန်သိပြီးပြီ၊ နင် ဒီလိုမသိတတ်လို့ ငါ့မြေး ပညာရေး ထိခိုက်ရင် ဘယ်လိုလုပ်မလဲဟဲ့ … ဆရာမက စိတ်ဆိုးသွားရင် ကလေးဒုက္ခရောက်မယ်ဟဲ့ …"

"အမေကလည်း ဆရာမ စိတ်ဆိုးတာနဲ့ပဲ ကလေးပညာရေး ထိခိုက်စရာလား"





ညိုစိမ့်က ဝင်ပြောတာမို့ ဒေါ်ဥက ဆတ်ခနဲ လှည့်ကြည့်ကာ …

"ဟဲ့ … ညည်း မသိဘဲ ဝင်မပြောနဲ့၊ ဘာမှနားမလည်ဘဲ ဝင်မပြောနဲ့ …"

"အမေ မသိတာတွေလည်း အများကြီး ရှိပါသေးတယ်"

"ဘာ …"

ရွှေတိုးက ဝင်ပြောလိုက်တာမို့ ဒေါ်ဥ ဒေါသက ဝက်ဝက်ကွဲသွားကာ …

"ငါမသိဘူးဆိုတာ နင်သိတာထက်တော့ သာသေးတယ်ဟဲ့ ရွှေတိုးရဲ့၊ နင် ဘယ်နေရာမှာများ အသုံးကျသလဲဟင်၊ ပိုက်ဆံ သွားရှာခိုင်းတော့လည်း မရှာ၊ ပိုက်ဆံသွားမရှာပေမယ့် ကလေးကိစ္စအားလုံး လုပ်ပေးပါ့မယ်ဆိုပြီး အသနားခံလို့ နင့်ကို ဒီအိမ်မှာ နေခွင့်ပေးထားတာ၊ ခု နင့်လုပ်ပုံတွေက မဟုတ်တော့ ကလေးကို နင့်လက်ထဲ ဘယ်လိုအပ်ရမှာလဲဟဲ့၊ ကျပ်မပြည့်ကောင်ရဲ့ …"

ပြောရင်း ပြောရင်း ဒေါ်ဥ ဒေါသက အရှိန်တက်လာကာ ရွှေတိုးခေါင်းကို လက်ဖဝါးဖြင့် အုပ်ညှစ်၍ကိုင်ပြီး ခါယမ်းပစ်လိုက်လေသည်။

ရွှေတိုး ခေါင်းသည် ရုတ်တရက် မူးကာ ချာချာလည်လာ၏။ စိတ်ကြောင့်လား … အမေ ဆွဲခါလိုက်လို့လား ရွှေတိုး မသိ၊ ရွှေတိုးရဲ့ နားထဲမှာ 'ကျပ်မပြည့်ကောင်၊ ကျပ်မပြည့်ကောင်' ဟူသော အသံများက ပဲ့တင်ထပ်ကာ ဟိန်းညံနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ညိုစိမ့်သည် အမေ့ရဲ့ ကျပ်မပြည့်ကောင်ဟူသော စကား၊ ကိုယ့်ယောကျ်ား ခေါင်းကို ဆွဲခါပစ်လိုက်သော လုပ်ရပ်ကြောင့် ရုတ်တရက် မျက်စိတွေ ပြာသွားကာ ကြောင်အ ငြိမ်သက်သွားပြီးမှ အသိပြန်ဝင်လာသူလို ...

"အမေ ဒီလိုမပြောပါနဲ့ ..."

ဟု မျက်လုံးမှိတ်၍ အော်လိုက်ချိန်မှာ မှိတ်ထားသော မျက်လုံးကြားက မျက်ရည်စများ တိုးထွက်စီးကျလာလေသည်။

"သမီး ယောကျ်ားက ကျပ်ပြည့်တယ်၊ သမီး ယောကျ်ားက ဉာဏ်ကောင်းတယ်၊ သမီးယောကျ်ားက အရည်အချင်းရှိတယ်၊ သမီးယောကျ်ားက ရိုးသားတယ်၊ သမီးယောကျ်ားက သမီးကို တန်ဖိုးထားတယ်"

ညိုစိမ့်က အက်ကွဲတုန်ခိုက်သော ငိုသံပါကြီးဖြင့် ဆက်ကာဆက်ကာ ရေရွတ်နေသည်။

"ဟဲ့ ... တိတ်စမ်း၊ နင့်ယောကျ်ား ဂုဏ်ပုဒ်တွေကို အဆက်မပြတ် ရွတ်မနေစမ်းနဲ့ ...၊ နင့်ယောကျ်ား ထူတာ အတာ ကျပ်မပြည့်တာ လူတိုင်းသိတယ်၊ နင်သာ ကျပ်မပြည့်လို့ မသိတာ ..."

"အမေ ဒီလိုမပြောပါနဲ့ ..."

ဒီတစ်ခါ ငိုသံပါကြီးဖြင့် အော်လိုက်သူကတော့ ရွှေတိုး ဖြစ်လေသည်။

ရွှေတိုး ပါးနှစ်ဖက်မှာတော့ မျက်ရည်တွေ ရွှဲရွှဲစိုနေသည်။ ရွှေတိုးတစ်ကိုယ်လုံးလည်း တုန်ရင်လျက်ရှိသည်။





"ညိုက ထက်မြက်တယ်၊ ညိုက အကင်းပါးတယ်၊ ညိုက ဉာဏ်ကောင်းတယ်၊ ညိုက ကျွန်တော့်ကို ချစ်တယ်၊ ညိုက ကျပ်ပြည့်တယ်၊ အမေ ညို့ကို ဒီလိုမပြောနဲ့၊ ကျွန်တော့်ကိုပဲပြော၊ ကျွန်တော်ပဲ ကျပ်မပြည့်တာ၊ ညိုက ကျပ်ပြည့်တယ်ဗျ"

"တိုး ..."

"ညို ..."

မျက်ရည်တွေတွေကျရင်း ကယောင်ကယမ်း ရေရွတ်နေသော ရွှေတိုးကို ညိုစိမ့်က လှမ်းဖက်လိုက်သည်။ ရွှေတိုးကလည်း ကျစ်ကျစ်ပါအောင် ပြန်ဖက်ထားရင်း နှစ်ယောက်သားပါးချင်းအပ်ကာ ငိုကြွေးလေသည်။

"အီး ... အဟင့် ... ဟီး ... မငိုပါနဲ့ တိုးရယ်၊ ဒီလိုမပြောပါနဲ့ တိုးရယ်"

"အီး ... ဟီး ... ညို ... ကိုယ့်ကြောင့် အပြောခံရတာ၊ ကိုယ့်ကို ဘာပြောပြော ညို ဝင်မပြောပါနဲ့နော် ..."

"အမလေးဟဲ့ ... တိတ်ကြစမ်း၊ လူကြားမကောင်းဘူး၊ မိညိုစိမ့် ... လာစမ်း"

ဒေါ်ဥက ရွှေတိုးနှင့် ဖက်ငိုနေသော ညိုစိမ့်ပခုံးကို ဆတ်ခနဲ လှမ်းဆွဲခေါ်လိုက်တာမို့ လူချင်းကွာသွားသည်။

ဒေါ်ဥက ဘေးနားမှာချထားသည့် မုန့်ပုံးကို ဆတ်ခနဲ ဆွဲကာ ရွှေတိုးထံ ဆတ်ခနဲ ကမ်းပေးလိုက်ရင်း ...

"ရော့ ... အဲ့ဒီမုန့်ပုံးကို ယူပြီး ဆရာမအိမ် သွားပြန်တော့



www.burmeseclassic.com

www.burmeseclassic.com



ပြီး တောင်းပန်လိုက် ...၊ ဟိုမှာ သဲစုအမေကဖြင့် မုန့်ပုံးတို့ ပါတီတ်တို့ ဝယ်သွားပြီ၊ နင်က ဒါမျိုးကိစ္စ နားမလည်ဘူး၊ သွား ... ခုချက်ချင်း သွား"

ရွှေတိုးသည် မုန့်ပုံးကို ပိုက်ကာ အိမ်ထဲမှ ငိုက်စိုက်ငိုက်စိုက် ထွက်လာလေသည်။ ခဏအကြာမှာ မိုးတွေရွာချလာတာမို့ သူ့ပါးပေါ်က မျက်ရည်စတွေသည် မိုးနှင့်အတူရောကာ မြေပြင်ပေါ် လိမ့်ဆင်းသွားလေသည်။

ရွှေတိုးသည် မုန့်ပုံးကို ရင်မှာပွေ့ပိုက်လျက် မိုးရေထဲမှာ လျှောက်လာရင်း 'ကျုပ်မပြည့်ကောင် ... ကျုပ်မပြည့်ကောင်' ဆိုသော စကားသံတွေကိုသာ ကြားယောင်လျက်ရှိ၏။ လျှောက်သာ လျှောက်လာသော်လည်း ကိုယ့်ကိုယ်ကိုယ် ဘယ်သို့ဦးတည်နေမှန်း မသိဘဲ သတိလက်လွတ် ဖြစ်၍နေသည်။ ထိုအချိန်မှာပဲ မိုးရေထဲမှာ ထီးစုပ်ကလေးဆောင်း၍ လျှောက်လာနေသော ခါးကုန်းကုန်း အဘွားအိုတစ်ယောက်ကို ဝိုးတဝါး လှမ်းမြင်ရလေသည်။

ရွှေတိုးက အဘွားအိုရှေ့သို့ လျှောက်သွားလိုက်ပြီး

"အဘွား ... အဘွား၊ ဒါလေး အဘွားကို လှူချင်လို့ပါ၊ လက်ခံပေးပါခင်ဗျ"

ဟု ပြောပြီး မုန့်ပုံးကို အဘွားအိုထံ လှမ်းပေးလိုက်လေသည်။

"သာဓုကွယ် ... သာဓု ... သာဓု၊ ကျန်းမာချမ်းသာပါစေကွယ်"





အဘွားအိုက လှိုက်လှိုက်လှဲလှဲ ဆုတောင်းမေတ္တာပို့သကာ ထွက်ခွာသွား၏။ ရွှေတိုးရင်ထဲမှာလည်း ပေါ့ပါး၍သွား၏။

ထို့နောက် ရွှေတိုးသည် မိုးရေထဲမှာ သွက်သွက်လျှောက်ရင်း အမတ်အိမ်သို့ သွားဖို့ ဆုံးဖြတ်ကာ မိုးရေထဲသို့ ခပ်သွက်သွက် တိုးဝင်သွားလေသည်။

■ ■ ■

တဝုန်းဝုန်း ရွာချနေသော မိုးရေစက်များအောက်တွင် အသုပ်ဆိုင်ကလေးသည် ခနော်ခနဲ့ ယိုင်ရွဲ့ ရှန်းကန်နေရလေသည်။ ဆိုင်ထဲမှာတော့ မိုးခိုနေသော လူနှစ်ယောက် သုံးယောက်ကို တွေ့ရ၏။

ရွှေတိုးက အသုပ်ဆိုင်၏ အမိုးရွက်အောက်သို့ ခိုဝင်လိုက်ရင်း ...

"ဒီမှာ ခင်ဗျ၊ အမတ်အိမ် ဒီနားမှာ ရှိလား ခင်ဗျ ..."

"လွှတ်တော်အမတ်ကို ပြောတာလား ..."

"ဟုတ်ကဲ့ ..."

"ဟောဟိုက လှမ်းမြင်နေရတဲ့ အိမ်ပဲ"

"ဪ ... ဟုတ်ကဲ့၊ ကျေးဇူးပဲခင်ဗျ"

"အသုပ်လေး ဘာလေး အားပေးသွားပါဦး"

"ခင်ဗျာ ..."



www.burmeseclassic.com

www.burmeseclassic.com



"အသုပ် အားပေးသွားပါဦးလို့၊ ဒီနေ့ မိုးအရမ်းရွာလို့ ဈေးရောင်းမကောင်းလို့ပါ"

"ဩော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ အသုပ်တစ်ပွဲ ပေးပါ"

ရွှေတိုးက အားနာတတ်တာမို့ အသုပ်တစ်ပွဲမှာပြီး ခုံပုလေးမှာ ဝင်ထိုင်လိုက်သည်။ အိတ်ကပ်ထဲက ပိုက်ဆံ ငါးရာတန်ကလေးက ရွှဲစိုရွှဲနေပြီမို့ မစုပ်ပြဲအောင် အသာအယာ ဆွဲထုတ်လိုက်ပြီး ...

"ဒီမှာ ပိုက်ဆံကတော့ ရေစိုနေတယ်၊ ရလားခင်ဗျ"

"ရတယ်၊ မပြဲရင် ပြီးရော ..."

သူက ပိုက်ဆံ ငါးရာတန်ကလေးကို အသုပ်သည် အမျိုးသမီးဆီ လှမ်းပေးလိုက်သည်။

မိုးတွေကတော့ မစဲသေးသည့်အပြင် ပိုတောင် ဖြိုး ထန်ကာ လေရောမိုးရော တဝေါဝေါဖြစ်နေတာမို့ သူက ဒူးလေး လက်ဖဝါးချင်း ထွေးဆုပ်ကာ အချမ်းဒဏ်ကို အံတုရင်း အမေတို့ တွေ့ရင်ပြောဖို့ စကားတွေကို စဉ်းစားနေသည်။

ထိုအချိန်မှာပဲ ဆိုင်ရှေ့ လမ်းမပေါ်မှာ စက်ဘီးလေး နင်းသွားသော အမျိုးသမီး တစ်ယောက်ကို တွေ့လိုက်ရလေသည်။ မိုးရေထဲမှာ ထီးလည်းမဆောင်း၊ မိုးကာလည်း မပါ၊ ပိန်ခြောက် ခြောက် ထိုအမျိုးသမီးဟာ ခပ်သွက်သွက်လေး စက်ဘီးနင်းသွား၏။

အသုပ်သည် အဒေါ်ကြီးက ထိုအမျိုးသမီးကို လှမ်းကြည့်ရင်း မိုးခိုနေသူတွေဘက်သို့ လှမ်းပြောလိုက်၏။





"ဟော ... ဟိုမှာ ဟိုဆရာမတော့ မိုးမိလာပြန်ပြီ၊ သူ့ခမျာ ကျောင်းပိတ်ရက်လည်း မနားရရှာပါဘူး၊ တကုပ်ကုပ်နဲ့ အညောင်းမိတော့ လူက တဖြည်းဖြည်း ပိန်ချိုလာတာပဲ"

"သူက ကျောင်းဆရာမ ဟုတ်လား"

"ဟုတ်တယ်လေ ... အပျိုကြီးပေါ့၊ အမေ လူမမာနဲ့နေတာ၊ သူ့အမေက အသည်းကင်ဆာ ဖြစ်နေတာတဲ့၊ သူ့ခမျာ အပျိုကြီးသာဆိုတယ်၊ မလိမ္မာတဲ့ အစ်ကိုရဲ့ ကလေးတွေကို လည်း ကြည့်ရ၊ အမေဆေးဖိုးလည်း ရှာရဆိုတော့ ကျောင်း ဆရာမ လခနဲ့ ဘယ်လောက်ပါ့မလဲ ...၊ ကျောင်းသား တွေကို အချိန်ပိုသင်တဲ့ ပိုက်ဆံကလေးတော့ ရပုံပါပဲ၊ ဒါပေမယ့် ရပ်ကွက်ကျောင်းလေးက ဆရာမလေးဆိုတော့ သိပ်များများရမယ်လည်း မထင်ပါဘူး၊ အဲ့ဒါနဲ့ ... စနေ တနင်္ဂနွေဆို ဟိုဘက်လမ်းထိပ်က စက်ချုပ်ဆိုင်ကို သွား သွားပြီး ကြယ်သီးတပ်ဖို့ ပန်းထိုးဖို့ အင်္ကျီလေးတွေ သွား သွားယူရတယ်လေ၊ ညဘက်အလုပ်လုပ်ဖို့ပေါ့၊ သူ့စက်ဘီး နောက်က မိုးကာစနဲ့ သေသေချာချာ ပတ်ထားတဲ့အထုပ် က အင်္ကျီထုပ်တွေပေါ့၊ ကဲ ... ဒီမှာ အသုပ်ရပါပြီ"

ရွှေတိုးက အဒေါ်ကြီး လှမ်းပေးသည့် ခေါက်ဆွဲသုပ် ပန်းကန်ကို လှမ်းယူလိုက်သည်။ သို့သော် ခပ်မစားဘဲ မလှုပ် မယှက် ငေးငိုင်နေသည်။

"တချို့ ဆရာမတွေ လာဘ်ယူတာ၊ သူတို့ဆီမှာ ကျူရှင်



www.burmeseclassic.com

www.burmeseclassic.com



မယူလို့ ပညာပြတာ၊ လောဘကြီးတာ၊ မမျှတတာတွေ ရှိပေမယ့် တချို့ ဆရာမတွေကျ တော့လည်း သနားစရာပါ ဟယ် ...၊ စေတနာ ဆရာမတွေ ရှိနေသေးတာပဲ တော် သေးတယ်လို့ ဆိုရမှာပေါ့လေ ...”

အဒေါ်ကြီး၏ နောက်ဆုံး ညည်းညူစကားက ရွှေတိုး ရဲ့ နှလုံးသားကို ကိုင်လှုပ်လိုက်သည်။ ရွှေတိုးမှတ်ဉာဏ်ထဲမှာ ငယ်ငယ်တုန်းက ရွှေတိုးရဲ့ ညစ်ပတ်ပတ် လက်သေးသေးလေးကို ယုယုယယ အုပ်ကိုင်၍ ဝလုံးကလေး ဝိုင်းအောင်ရေးတတ်အောင် သင်ပေးသော ဆရာမ၏ မျက်နှာ ဝင်းပပကိုမြင်ယောင်လာ၏။

သမီးကလေးရဲ့ ဆရာမကရော ဘယ်လို အခက်အခဲ တွေ ရှိနေသလဲဆိုတာ သူမသိ ...။ မိသားစုထဲမှာ လူမမာ ရှိ မရှိ သူမသိ။ လောကကြီးမှာ ဆရာ မပီသသော ... မဖြောင့်မှန် သော ... လေးစားဖွယ် မကောင်းသော ဆရာ ဆရာမတွေ ဘယ် လောက်ရှိပြီး ဆရာပီသ တရားမျှတ၍ လေးစားကြည်ညိုဖွယ် စေတနာ ဆရာ ဆရာမတွေ ဘယ်လောက်ရှိတယ်ဆိုတာ သူမသိ။ ဒီကိစ္စကို အမတ်မင်းက တင်ပြပေးမလား၊ မတင်ပြပေးမလား သူ မသိ။ သူ သွားတိုင်လို့ ဒါမျိုးကိစ္စတွေ ပပျောက်မှာလား ... မပပျောက်မှာလား သူ မသိ။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေ လုံးပုပ်သလို ဖြစ်သွားမှာလား ဘာလား သူ မသိ ...။

ရွှေတိုးသည် မသိခြင်းများစွာကို ရင်မှာပိုက်ထား မုန့်ဆိုင်လေးထဲမှ လှမ်းထွက်လာသည်။

“ဟဲ့ ... အသုပ်စားသွားဦးလေ”





အဒေါ်ကြီးက လှမ်းခေါ်သော်လည်း သူလှည့်မကြည့် မိ။

“ဟဲ့ ... အမတ်အိမ်က ဟိုဘက်မှာလေ၊ ဩော် ... ဒီကောင် လေးဟာ အူကြောင်ကြောင်နဲ့”

“အဲ့ဒါ ဟိုဘက်လမ်းက ဒေါ်ဥ သမက်လေ အဒေါ်ရဲ့၊ သူက ဒီလိုပဲ အူကြောင်ကြောင်လေး”

နောက်မှာ ပြောကျန်ရစ်သော စကားတွေကို သဲ့သဲ့ ကြားလိုက်သော်လည်း သူ မခံစားမိ ...။

သူက မိုးရေထဲသို့ တိုးကာ လျှောက်လာသည်။

သူ အိမ်ပြန်ရမလား ... အိမ်မပြန်ဘဲ နေရမလား၊ ဘယ်ကိုသွားရင် ကောင်းမလဲဟု စဉ်းစားရင်း ခေါင်းတွေချာချာ လည်ကာ နားတွေအူလာသည်။

“ကျပ်မပြည့်ကောင်၊ ပိုက်ဆံမရှာနိုင်တဲ့ကောင်၊ ယောက္ခမ ထဘီရေသိနား ခိုစားတဲ့ ကောင်၊ ဘာမှ အသုံးမကျတဲ့ ကောင် ...”

ဟူသော စကားသံများက ကျယ်သထက် ကျယ်လာ တာမို့ နားက ပိုအူလာသည်။

မနက်ကတည်းက ဘာမှစားမလာခဲ့မိ၊ စားဖို့လည်း မေ့နေခဲ့တာမို့ ရင်တွေတုန်ကာ ဒူးတွေညွတ်လာသည်။

သူ ဆက်လျှောက်သည်။ မိုးတွေ ဝုန်းဒိုင်းကြဲ ရွာနေ သော်လည်း ဂရုမစိုက်ဘဲ ဦးတည်ရာမဲ့ ဆက်လျှောက်နေသည်။ လျှောက်ရင်း လျှောက်ရင်း သူစီးနေကျ ကတ္တီပါဖိနပ်လေး တစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်က မိုးရေဖြင့် စိုရွဲပြုတ်ထွက်သွားသည်။ သူ ဂရုမစိုက်ဘဲ ခြေတစ်ဖက်ဗလာဖြင့် ဆက်လျှောက်လာသည်။ သိပ်မကြာခင်မှာ ကျန်ဖိနပ်တစ်ဖက်ပါ ပြုတ်ထွက်ကာ ချိုင့်ခွက်ထဲမှာ နစ်ကျန်ခဲ့သည်။ အဲ့ဒီနောက်တော့ သူက ခြေနှစ်ဖက်လုံး ဗလာဖြင့် ဆက်လျှောက်လာသော်လည်း နာကျင်ရကောင်းမှန်း မသိ။

ထိုအချိန်၌ မှုန်ဝါးဝါး မိုးရေစက်တွေကြားမှ ခပ်သွက်သွက် လျှောက်လာသော အရိပ်ကလေးတစ်ရိပ်ကို သူ လှမ်းမြင်ရလေသည်။

ထီးလေး မလုံ့တလုံဆောင်းကာ သွက်သွက်လျှောက်လာနေသော ထိုအရိပ်ကလေးဟာ သူ့မိန်းမဖြစ်နေမှန်းသိတော့ သူ ရင်တွေတလှပ်လှပ် တုန်ကာ ငိုချင်လာသည်။ ပြီးတော့ သူ့ဒူးတွေ ညွတ်ခွေကျသွားသည်။

"ဟင် ... တိုး၊ တိုးရေ ..."

ညိုက သူ့နာမည်ကို အော်ခေါ်ရင်း သူ့ဆီပြေးလာသည်။ ညိုက သူ့အနားမှာ ဒူးထောက်ထိုင်ကာ ခွေလဲနေသော သူ့ကို ပြေးပွေ့လိုက်တာမို့ ညို ဆောင်းလာသော ထီးလေးလေနှင့်အတူ လွင့်ထွက်သွားသည်။

"ဟင် ... ထီးလွင့်သွားပြီ၊ ညို့ကိုမိုးရေတွေ စိုကုန်တော့မယ်"

သူက ညို့ကို မိုးစိုမှာစိုးကာ ရုတ်တရက် အားထုတ်ကြိုးထလျက် လွင့်သွားသော ထီးနောက်သို့ ပြေးလိုက်လေသည်။

"ဟင် ... တိုး မလိုက်နဲ့၊ နေပစေ ... နေပစေ ... ညို မိုးစိုတာ ဘာမှမဖြစ်ဘူး"





ညိုက လှမ်းအော်တားရင်း သူ့နောက်သို့ ပြေးလိုက်လာသည်။ သူကတော့ လွင့်နေသည့် ထီးကိုသာ မဲ၍ ပြေးနေခဲ့တာမို့ ပြေးရင်း လမ်းမပေါ်သို့ ရောက်လာတာကို သတိမထားမိလိုက်။ ထိုအချိန်မှာပဲ ကားတစ်စီးက အရှိန်ပြင်းပြင်းဖြင့် မိုးရေထဲမှာ ဘွားခနဲ ပေါ်လာသည်။

"တိုး ... ကား ... နောက်မှာ ကား"

"ကျွီ ... ကျွီ ..."

"အမလေး ..."

ကားဘရိတ်အုပ်သံ အကျယ်ကြီးနှင့်အတူ ညို့ရဲ့ အာခေါင်ခြစ်၍ အော်လိုက်သံက ကျယ်လောင်စွာ ထွက်လာသည်။ ညိုက မျက်စိစုံမှိတ်လျက် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။

"သေချင်လို့လားကွ၊ ရှေ့နောက် ကြည့်ပါဦးလားကွ ..."

ဒရိုင်ဘာ ဆဲဆိုသံနှင့် ကားမောင်းထွက်သွားသံကို ကြားတော့မှ ညို့မျက်လုံးတွေ ဖျတ်ခနဲ ပြန်ပွင့်လာသည်။

ကားလမ်းတစ်ဖက်မှာ တိုးက ခွေခွေလေး လဲနေသည်။ လမ်းပေါ်မှာတော့ ကားကြိတ်သွားသော ထီးက ကျိုးကြေကျန်ခဲ့သည်။ ညိုက တိုးရှိရာသို့ တအား ပြေးသွားကာ တိုးကို ဆွဲယူထွေးပွေ့လိုက်ရင်း ...

"တိုး ... တိုး ဘာဖြစ်သွားသေးလဲဟင်"

"ကိုယ် ဘာမှ မဖြစ်ဘူး၊ ကိုယ့်ကို မတိုက်မိပါဘူး ညိုရယ်၊ ဒါပေမယ့် ညို့ထီးကလေးတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



"အို … ထီးက ဘာအရေးကြီးလဲ၊ ညို့အတွက် တိုးပဲအရေးကြီးတာ …"

"ညိုရယ် …"

ရွှေတိုးက ညို့လက်တွေကို အားကိုးတကြီး ဆုပ်ကိုင်ထားလိုက်ရင်း …

"ညို … ကိုယ်လေ သမီးနဲ့ ဆော့ချင်တယ်"

"ဆော့ရမှာပေါ့ တိုးရယ်"

"သမီး ပင်ပန်းပြီး စိတ်ညစ်နေရင်လည်း ကိုယ်မပျော်ဘူး"

"စာကတော့ သင်ရမှာပေါ့ တိုးရယ်"

"ကိုယ်လေ သမီးအတွက် ပိုက်ဆံတွေလည်း အများကြီး ရှာပေးချင်တယ်၊ ညို့အတွက်လည်း ရှာချင်တယ်၊ ကိုယ် ရှာမှဖြစ်တော့မယ် ညို …"

"ညိုကတော့ တိုး ပိုက်ဆံမရှာလည်း တိုးကိုချစ်ပါတယ်"

"ကိုယ်ကတော့ ညို့ကို ချစ်လို့၊ သမီးကို ချစ်လို့ ပိုက်ဆံ အများကြီး ရှာပေးချင်လာတယ်"

"… … …"

"ကိုယ်က ကျုပ်ပြည့်တယ် မဟုတ်လား ညို"

"ပြည့်တာပေါ့ တိုးရဲ့၊ ပြည့်တာပေါ့ …"

ညိုက ခေါင်းလေး တဆတ်ဆတ်ညိတ်ကာ အားငယ်တရ ထောက်ခံလိုက်တာမို့ သူ့ရင်ထဲမှာ အားအင်တွေပြည့်လာ ညို့ပခုံးလေးတွေကို တင်းတင်းဆုပ်ညှစ်လိုက်ရင်း …

"ကိုယ် သွားတော့မယ် ညို …"





"ဟင် … ဘယ် … ဘယ်ကိုလဲ"

"ကိုယ် အလုပ်လုပ်ဖို့ သွားတော့မယ်၊ ကိုယ် အိမ်ပြန်မလိုက်ချင်တော့ဘူး၊ ပိုက်ဆံမရှာနိုင်တဲ့ သူတစ်ယောက်အဖြစ်နဲ့ အမေ့ကို ကိုယ် ရင်မဆိုင်ချင်တော့ဘူး"

"မသွားပါနဲ့ တိုးရယ်၊ ညို မခွဲနိုင်ဘူး"

"ခဏလေး ခွဲရအောင်ပါ ညိုရယ်နော်၊ ညို ကိုယ့်ကို ယုံတယ်မဟုတ်လား"

"ယုံတာပေါ့ တိုးရယ် …"

"ကိုယ် ကျုပ်ပြည့်တယ်လို့ ယုံတယ်မဟုတ်လား"

"ယုံတယ် …"

"ကိုယ် တစ်နေ့ ကြီးပွားမယ်လို့ ညို ယုံတယ်မဟုတ်လား"

"ယုံတယ်"

"ညို့ကို အရမ်းချစ်တယ်ဆိုတာ ယုံတယ်မဟုတ်လား"

"ယုံတယ် …"

"ညို့ကို သစ္စာရှိမယ်ဆိုတာ ယုံတယ်မဟုတ်လား"

"ယုံတယ် …"

"ဒါဆို ကိုယ်သွားတော့မယ် ညို၊ ကိုယ် ပြန်လိုက်ပြီး သမီးကိုတွေ့ရင် ထွက်သွားဖို့ အင်အား ရှိတော့မှာမဟုတ်လို့ သမီးကိုလည်း နားလည်အောင် ပြောပြပေးပါနော်၊ ညို ကိုယ့်ကို ယုံယုံကြည်ကြည် စောင့်၊ ပျော်ပျော်ရွှင်ရွှင် စောင့် …"

သူက တည်ကြည်ပြတ်သားစွာ ပြောတော့ ညိုက



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အထင်ကြီးသော မျက်ဝန်းကလေးများဖြင့် စိုက်ကြည့်ကာ ပြုံးလိုက်ရင်း ...

"ဝါး ... တိုး စကားလုံးတွေက ရေလည် မိုက်တယ်ကွာ၊ တိုး ခုလိုပြောတာ သိပ်နားထောင်လို့ကောင်းတာပဲ၊ တိုး ပြောနေတဲ့ ပုံစံကလည်း အရမ်းခံ့ညားတာပဲ၊ စိတ်ချ တိုး ... စိတ်ချ၊ ညို တိုးကိုယုံတယ်၊ ညိုတို့သားအမိတွေ တိုး ကြီးပွားပြီးပြန်လာမယ့် အချိန်ကို ပျော်ပျော်ကြီး စောင့်နေမယ် ..."

"ဒါမှ ချစ်မိန်းမ ..."

သူက ညို့ကို အားပါးတရ ဖျစ်ညှစ်ဖက်လိုက်ပြီး ညို့ပါးကလေးကို တရှိုက်မက်မက် တစ်ချက် နမ်းလိုက်လေသည်။ ပတ်ဝန်းကျင်မှာ ကားအသွားအလာ လူအသွားအလာ ရှင်းလင်းနေပြီး ဝုန်းဒိုင်းကြဲ ရွာကျနေသော မိုးရေစက်များကလည်း ဖုံးကွယ်ပေးထားတာမို့ သူတို့ ခဏလေး ထွေးပွေ့ငြိမ်သက်နေလိုက်ပြီးမှ နှစ်ယောက်အတူ ထရပ်လိုက်ကြသည်။

နှစ်ယောက်သား မျက်နှာချင်းဆိုင် ရပ်တန့်ကာ တစ်ယောက်ကို တစ်ယောက် ငေးကြည့်နေလိုက်ပြီးမှ ရွှေတိုးက အံ တင်းတင်းကြိတ်ကာ ချာခနဲ လှည့်ထွက်လိုက်သည်။

ညိုစိမ့်က မိုးရေစက်တွေကြားမှာ ရွှေတိုး တဖြည်းဖြည်း မှုန်ဝါးပျောက်ကွယ်သွားသည်အထိ ရပ်တန့်ငေးကြည့်နေခဲ့မိလေသည်။

■ ■ ■



နောက် တစ်နှစ်ခန့် ကြာသောအခါ ...

www.burmeseclassic.com

www.burmeseclassic.com



(၂၇)

❖ ❖ ❖

"အိုပါဂန်နန်းစတိုင်လ် . x x x x"

"ခ ... ခ ... မေကြီးရေ က က၊ သမီးလို က ..."

"ဒီလိုမျိုးလေး မဟုတ်လား ..."

"ခိခိ ... ဟုတ်တယ် မေကြီး ကွက်တိပဲ"

"ဟင်း ဟင်း ... ငါလည်း ကတတ်ပါတယ်နော်၊ အိုပါဂန်နန်းစတိုင်လ် ..."

"ခစ်ခစ် ... မေကြီးက မိုက်တယ်ဟေ့ ..."

"ငါဖြင့် အံ့တယ် ... အံ့တယ်၊ ဒီသမီးတစ်ယောက်ကိုတော့ တကယ် အံ့သြပါရဲ့ဟယ် ..."

ဒေါ်ဥသည် အိမ်ရှေ့ ဧည့်ခန်းထဲက တီဗီရှေ့မှာ သမီးနှင့်အပြိုင် ဂန်းနန်းစတိုင်လ်အက ကနေသော ညိုစိမ့်ကို လှမ်းကြည့်ရင်း ညည်းညူလိုက်လေသည်။ ဒေါ်ဥနှင့် အတူထိုင်နေသော အိမ်နီးချင်း မုန့်ဟင်းခါးသည် ဒေါ်ဝင်းဝင်းက ညိုစိမ့်တို့သားအမိကို တအံ့တသြ ပါးစပ်အဟောင်းသားဖြင့်ငေးကြည့်နေပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အံ့မယ်ဆိုလည်း အံ့စရာပဲတော်၊ ဒီ ညိုစိမ့် တစ်ယောက်ဟာ သူ့ယောကျ်ား အိမ်ကထွက်သွားတာတောင် တစ်ပတ်မည့်ဘူးနော်၊ သူ့ကြည့်လိုက်ရင် အမြဲ ပျော်ရွှင်တက်ကြွနေတာပဲ ..."

"ဟုတ်ပါ့ မဝင်းရယ်၊ သူ့ကြည့်လိုက်ရင် တစ်ခါမှ ငေးငိုင်ငိုကြွေးနေတယ်ဆိုတာ မရှိပါဘူး၊ ညဘက် ကျိတ်များငိုသလားရယ်လို့ နားစွင့်ကြည့်တော့လည်း ငိုသံတော့ မကြားဘူး၊ ဟောက်သံပဲ ကြားတယ်၊ ခလော ခလောနဲ့ နားထွေတောင် ညည်းတယ်၊ အိပ်နေလိုက်တာ သိုးလို့ပါပဲတော်"

ဒေါ်ဝင်းဝင်းက ရယ်လိုက်ရင်း ...

"ရှင့်သမီးနဲ့ သမက်က ရယ်တော့ရယ်ရသား မဥရဲ့၊ သူတို့ကြည့်လိုက်ရင် ပိုက်ဆံရှိတာ မရှိတာ အပထား၊ အမြဲပြုံးနေတာပဲ၊ ရှင့်သမက်လေးကလည်း ချစ်စရာလေးပါ မဥရယ်၊ သူ့ခမျာ ပိုက်ဆံသာမရှာနိုင်ပေမယ့် တောက်တိုမည်ရအကုန်လုပ်ပေးရှာတာ မဟုတ်လား၊ ရပ်ကွက်ထဲမှာလည်း အရမ်းကူညီတတ်တဲ့သူဆိုတော့ သူက လူချစ်လူခင်တော့ များတတ်သား၊ အမြဲ ပြုံးပြုံး ပြုံးပြုံးနဲ့ဆိုတော့ သူ့မျက်နှာကို မြင်ရတဲ့သူလည်း စိတ်ချမ်းသာတယ်၊ ရှင့်သမီးလို သူ ပိုးပန်းနေတုန်းကဆို ဒီရပ်ကွက်ထဲ သူလာချင်တာနဲ့ ကျွန်မကို လုပ်ငန်းချဲ့ဖို့ ပိုက်ဆံချေးခိုင်းတယ်လေ၊ အစတော့ သူ ဘာလို့ ဒီလိုလုပ်တယ်ဆိုတာ ကျွန်မက ဘယ်သိမလဲ၊ ကံကောင်းချင်တော့ သူပြောပေးလို့ ချေးလို့ရတဲ့





ပိုက်ဆံလေးနဲ့ ဆိုင်နေရာလေး ပြောင်းလိုက်တော့ အရမ်းအဆင်ပြေသွားတယ်လေ၊ သူ့ကျေးဇူး ရှိပါတယ်"

"အင်း ... ရှင်တို့ တစ်ရပ်ကွက်လုံးက ဝိုင်းချစ်ပြီး ကျွန်မက ပွဲကြမ်းမိတော့ ကျွန်မက ဗီလိန်ကြီးလို ဖြစ်သွားတာပေါ့ရှင် ..."

ဒေါ်ဥက အောင့်သက်သက်လေးဖြစ်လာတာမို့ ပြန်ပြောမိသည်။ မိုးသည်းညနေမှာ ထွက်သွားတဲ့ သမက်တော်နဲ့ ပတ်သက်ပြီး ကိုယ့်မှာ တာဝန်မကင်းသလို၊ စိတ်မကောင်းသလို ခံစားရလို့ပင်။ သမီးက အမေကို အပြစ်လည်းမပြော၊ တစ်ပတ်လည်း မည့်းတာမို့သာ နေသာထိုင်သာ ရှိရတာပင် ...။

"ဒါပေမယ့် ယောကျ်ားဆိုတာ ချစ်စရာကောင်းဖို့ထက် ပိုက်ဆံရှာကောင်းဖို့က အရေးကြီးတယ် မဟုတ်လား မဝင်းရဲ့"

"အင်း ... ဒါတော့ ဟုတ်ပါတယ်လေ"

ဒေါ်ဥနှင့် ဒေါ်ဝင်းဝင်းတို့ စကားကောင်းနေတုန်းမှာ ကရတာ မောပြီးဖြစ်သော ညိုစိမ့်က ဒေါ်ဥတို့နားသို့ ပြေးလာကာ

"ဒေါ်ဝင်းကြီး ဘယ်တုန်းက ရောက် ..."

"ရောက်တာကြာပေါ့တော်၊ ညည်းတို့ သားအမိ က နေတာကို ရှုစားနားဆင်လိုက်ရပါတယ်"

"ဟဲဟဲ ... သမီးက ဖွတ်ကခိုင်းလို့ ကရတာပါ အဒေါ်ရယ်"

ညိုစိမ့်က ပြောလည်းပြော၊ ဒေါ်ဥတို့ရှေ့ လက်ဖက်ပန်းကန်ထဲက လက်ဖက်တစ်ဇွန်းကို လှမ်းခပ်စားလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညည်းတို့ သားအမိ ကြည့်လိုက်ရင်လည်း အမြဲပျော်နေတာပဲနော်"

"ပျော်ပျော်နေ သေခဲတဲ့ အဒေါ်ရဲ့"

"ညည်း ကိုယ့်ယောကျ်ား ကိုယ် မလွမ်းဘူးလား"

"လွမ်းတာပေါ့ အဒေါ်ရဲ့ ..."

"လွမ်းတယ်သာ ပြောတယ်၊ ညည်းမျက်နှာက တစ်ပတ်မညှိုးဘူး ..."

"လွမ်းတယ်ဆိုတာ ငိုပြီးလွမ်းမှ အလွမ်းပီသတာ မဟုတ်ဘူး အဒေါ်ရဲ့၊ ပျော်ပျော်လေး လွမ်းလို့လည်း ရတာပဲ၊ တိုးက သေသေချာချာ မှာခဲ့တယ်လေ ... သူ့ကို ပျော်ပျော်ရွှင်ရွှင် စောင့်ရမယ်တဲ့၊ အဲ့ဒါကြောင့် ညို ပျော်ပျော်ကြီး စောင့်ရင်း ပျော်ပျော်လေး လွမ်းနေတာ ..."

"ဟွန့် ... ကံဇာတ်ဆန်တော် မူလိုက်တာ၊ နားကြားမြင်းကစ်တယ်"

ဒေါ်ဥက မဲ့ရွဲ့ကာ တစ်ဖက်သို့ လှည့်သွားသည်။ ညိုစိမ့်ကတော့ ကွပ်ပျစ်ပေါ်မှာ တစောင်းလေးမှေးထိုင်ရင်း ခပ်ပြုံးပြုံးလေး လက်ဖက်ဝါးနေသည်။

"ဒါနဲ့ ... ရွှေတိုးထွက်သွားတာ ခုဆို တစ်နှစ်လောက် ရှိပြီ မဟုတ်လား၊ သူ ဘယ်ရောက်ပြီး ဘာအလုပ်လုပ်နေတယ်ဆိုတာ ညည်းမသိဘူးလား"

"မသိပါဘူး ..."





"ကိုယ့်ယောကျ်ား ဘယ်သွားလို့ ဘာလုပ်မှန်းတောင် မသိဘူးလား ညိုစိမ့်ရယ်"

"မသိလည်း ဘာမှမဖြစ်ပါဘူး အဒေါ်ရဲ့"

"သိရင်ကောင်းတာပေါ့ဟဲ့ ..."

"ယုံရင် မသိလည်း ကိစ္စမရှိပါဘူး"

"ဘယ်လို ..."

"ညိုက သူ့ကိုယုံတယ်လေ၊ သူ ကောင်းမွန်တဲ့ တစ်နေရာမှာ ကောင်းမွန်တဲ့ မိတ်ဆွေကောင်းနဲ့ တွေ့ပြီး ကောင်းမွန်တဲ့ အလုပ်တစ်ခုခုလုပ်ပြီး ကြီးပွားလာတဲ့ တစ်နေ့ကျ ညို့ဆီ ကောင်းကောင်းမွန်မွန် ပြန်လာမယ်လို့ ညိုယုံတာ"

ဒေါ်ဥက ကြားရသော စကားကြောင့် မယုံနိုင်စွာဖြင့် သမီးကို လှည့်ကြည့်လိုက်မိသည်။

အင်မတန် တည်ကြည်ရဲရင့်တဲ့၊ ယုံကြည်ချက်ခိုင်မာနေပုံရတဲ့ မျက်နှာကလေးက ကြည်လင်သန့်စင်နေသည်။

"ညည်းကို ထားခဲ့ပြီး နောက်မိန်းမ ယူသွားရင် ဘယ်လိုလုပ်မတုန်း ညိုစိမ့်ရဲ့ ..."

"အဟင်း ..."

ဒေါ်ဝင်း၏ မေးခွန်းကြောင့် ညိုစိမ့်က နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ရင်း ...

"အနောက်က နေထွက်တယ်ဆိုတာ အဒေါ် ကြားဖူးလား"

"မကြားဖူးဘူးလေ ..."



www.burmeseclassic.com

www.burmeseclassic.com



"အနောက်ကမှ နေမထွက်ရင် တိုး နောက်မိန်းမယူဖို့ဆို တာ မဖြစ်နိုင်ဘူး အဒေါ်ရဲ့ ..."

"အဟိဟိ ... ညည်း တော်တော်အပြောကောင်း"

ဒေါ်ဝင်းက ညိုစိမ့်ရဲ့ အပြောကလေးတွေကို သဘောကျကာနေသည်။

ညိုစိမ့်က မှဲ့ရှဲ့လိုက်သော သူ့အမေကို မသိမသာ ခွေကြည့်လိုက်ရင်း ...

"ဒါနဲ့ အဒေါ် ...၊ ရပ်ကွက်ထဲမှာ ချောင်းပေါက်လာတာ ရော အဒေါ် ကြားဖူးလား"

"ဟေ ... ချောင်းက ရပ်ကွက်ထဲ ဘယ်လိုလာပေါ်မလဲ၊ မကြားဖူးပေါင်အေ ..."

"ညိုစိမ့်တို့ ရပ်ကွက်ထဲမှာတော့ ချောင်းပေါက်တော့မယ် အဒေါ်ရဲ့၊ ချောင်းက ရပ်ကွက်ရုံးတနေ ညိုစိမ့်တို့ အိမ်အထိ ပဲ စီးတဲ့ချောင်း ..."

"မိညိုစိမ့် ..."

ဒေါ်ဥက ရှက်ရှက်နှင့် ကြိုးအော်ကာ လက်ရွယ် လိုက်တာမို့ ညိုစိမ့်က ဖျတ်ခနဲ ယိမ်း၍ ရှောင်တိမ်းကာ တခိခိ ရယ်ရင်း အိမ်ဘက်သို့ ထွက်သွားလေသည်။

ရပ်ကွက်လူကြီး မှဆိုးဖို ဦးဖေအောင် တစ်ယောက် ခုတလော ဒေါ်ဥတို့အိမ်ကို အကြောင်းအမျိုးမျိုးရှာပြီး လာနေခဲ့ သည် မဟုတ်လား။

■ ■ ■





(၂၈)

❖ ❖ ❖

"ရွှေတိုးရေ ... ရွှေတိုး"

"ဟော ... အစ်ကို ရောက်ပြီလား"

ရှေ့ဘက်က အစ်ကို ကိုတင်အောင်၏ ခေါ်သံ ကြောင့် ရွှေတိုးက ဖိနပ်ချုပ်သည့် အလုပ်ရုံထဲက ခပ်မြန်မြန် ပြေးထွက်ကြိုလိုက်ပါသည်။

"အစ်ကို တွေ့ခဲ့လားဟင် ... သူတို့ အဆင်ပြေရဲ့လားဟင်၊ အရင်လို ပျော်ပျော်ရွှင်ရွှင် ရှိရဲ့လားဟင် ..."

"ဟဟ ... ဖြည်းဖြည်းလာပါကွ ငါ့ညီရ၊ ခလုတ်တိုက်နေပါ ဦးမယ်"

ကိုတင်အောင်က ကသောကမျော ပြေးထွက်လာ သော ရွှေတိုးကို လှမ်းကြည့်ရင်း ရယ်ရယ်မောမော ပြောလိုက်ပါ သည်။

ဒီကောင်လေးနဲ့လည်း ဘယ်လိုရေစက်ကြောင့်မှန်း မသိ၊ သွေးမတော် သားမစပ် သံယောဇဉ် တွယ်နေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေး လူပျိုဘဝကတည်းက သူ့ကောင်မလေးအတွက် ပစ္စည်းလေးတွေ မဝယ်တတ် ဝယ်တတ် လာဝယ်တိုင်း ကိုတင်အောင်က ကူညီဝယ်ခြမ်းပေးဖြစ်ခဲ့မြဲပင်။ ကောင်လေး အိမ်ထောင်ကျပြီးတော့လည်း သူ့သမီးလေးဖို့ ကစားစရာလေးတွေ၊ ဗလာစာအုပ်လေးတွေ ဝယ်ဖို့ ဈေးထဲကို မကြာခဏ ရောက်လာတိုင်း ကိုတင်အောင်နှင့် တွေ့ဖြစ်ခဲ့ကြပါသည်။

ကောင်လေးက ရိုးသားလွန်းတာမို့ ကောင်လေးရဲ့ အတွေးတွေ၊ အပြုအမူတွေ၊ အပြောအဆိုတွေက အမြဲ ရယ်ဖို့ကောင်းနေတတ်သည်။ လူတကာအပေါ် စိတ်ကောင်းစေတနာလေး ရှိပြီး ရိုးသားလွန်းတဲ့ ရွှေတိုးကို ကိုတင်အောင်က ခင်မင်လာခဲ့ရပါသည်။

ကိုတင်အောင်က ပျော်ပျော်နေတတ်သော လူပျိုကြီး။ မီးဖိုချောင်ကိစ္စ ဝါသနာပါသူမို့ မီးဖိုချောင်သုံးပစ္စည်းတွေရောင်းသည့်ဆိုင် ဖွင့်ထားဖြစ်ခဲ့တာပင်။ ကိုတင်အောင့် ညီအစ်ကို မောင်နှမတွေကလည်း ဒီမင်္ဂလာဈေးကြီးထဲမှာပဲ တစ်ယောက်တစ်ဆိုင် ဖွင့်ထားခဲ့ကြတာပင် ...။ ကုန်ပစ္စည်းတွေကတော့ ကွဲပြားခြားနားကြပါသည်။ အားလုံးထဲမှာ အစ်မရဲ့ ဖိနပ်ဆိုင်က အကြီးကျယ်ဆုံးပင်။

အစ်မရဲ့ ဖိနပ်ချုပ်သည့် အလုပ်ရုံက မန္တလေးမှာ အခြေစိုက်ထားသည်။ အစ်မက မန္တလေးက ဖိနပ်လုပ်ငန်းပိုင်ရှင်နှင့် အိမ်ထောင်ကျခဲ့တာပင် ...။ မန္တလေး ဖိနပ်တွေကို တစ်နိုင်ငံ





လုံးအနှံ့ ဖြန့်ချိဖို့အတွက် မင်္ဂလာဈေးမှာ လက်ကားဆိုင်ကြီးတစ်ဆိုင် လာဖွင့်ထားပေမယ့် မန္တလေးက ဖိနပ်ချုပ်သည့် အလုပ်ရုံကိစ္စတွေကို ကြီးကြပ်ရသေးတာမို့ အစ်မက မန္တလေးနှင့် ရန်ကုန် ကူးသန်းနေရသည်။ အစ်မ ယောကျ်ား ဆုံးသွားပြီးနောက်ပိုင်းမှာ အလုပ်တွေက ပို၍ ပို၍ များလာကာ အစ်မခမျာလည်း ပင်ပန်းရရှာပါသည်။

အလုပ်ရုံမှာ အလုပ်လုပ်ဖို့ စိတ်ချရတဲ့ ရိုးသားတဲ့ လူရင်းလူယုံတစ်ယောက် လိုအပ်နေချိန်မှာပဲ ရွှေတိုးက ကိုတင်အောင်ဆီသို့ ရောက်လာခဲ့ပါသည်။

အဲဒီနေ့က မိုးတွေလည်း အုန်းအုန်းသည်းသည်း ရွာချနေခဲ့သည်။

ကိုတင်အောင်က မန္တလေးကို ညနေကားနှင့် လိုက်ရမှာမို့ စောစော ဆိုင်သိမ်းပြီး ဈေးထဲက အထွက်မှာ ခြေဗလာဖြင့် မိုးရေစက်စက်ကျနေသော ရွှေတိုးက ကိုတင်အောင့်ရှေ့မှာ ရပ်လာခဲ့တာပင် ...။

"အစ်ကို ..."

"ဟင် ... ရွှေတိုးပါလား၊ မင်း ဘာဖြစ်လာတာလဲ၊ မိုးရေတွေ စက်စက်ကျလို့ပါလား"

"ကျွန်တော် ... ကျွန်တော် အလုပ်လုပ်ချင်လို့ပါ အစ်ကို၊ ကျွန်တော့်ကို အလုပ်လုပ်ခွင့်ရအောင် ကူညီပေးပါ အစ်ကို"

ရွှေတိုးအသံက အက်ကွဲတုန်ခါ ငိုသံပါနေသော်လည်း ... ရွှေတိုးမျက်ဝန်းတွေက နီရဲကြေကွဲနေသော်လည်း ထို



www.burmeseclassic.com

www.burmeseclassic.com



အသံ ထိုမျက်ဝန်းရဲ့နောက်ကွယ်က တဖျပ်ဖျပ် တောက်ပနေသော မျှော်လင့်ချက်များကို လှမ်းမြင်ရသည်။

သူက ရွှေတိုးကိုယ်ပေါ်ကိုပါ ထိုးမိုးပေးလိုက်ရင်း ...

"ကဲ ... ကဲ ... ငါ့ညီ အေးအေးဆေးဆေး ပြောကြတာပေါ့ ကွာ၊ ခု ... မင်းကြည့်ရတာ အရမ်း အေးနေပြီ၊ ဖိနပ်လည်း မပါဘူး၊ လာ ... အစ်ကို့အိမ်ကို လိုက်ခဲ့၊ ဟိုရောက်မှပြော ကြတာပေါ့"

ထိုညနေမှာ ကိုတင်အောင်က ရွှေတိုးကို သူ့အိမ်သို့ ခေါ်လာခဲ့ပါသည်။

အဲ့ဒီနေ့ ညနေမှာပဲ ရွှေတိုးကို မန္တလေးသို့ ခေါ်လာ ခဲ့တာ ဖြစ်ပါသည်။

ရောက်စမှာတော့ ရွှေတိုးက ဖိနပ်စက်ရုံမှာ လိုအပ် သမျှ အောက်ခြေသိမ်း တောက်တိုမည်ရကလေးတွေ ဝင်လုပ်ရင်း တော်တော်လေး ပင်ပန်းခဲ့ပါသည်။

ဘယ်လောက်ပဲ အလုပ်ရှုပ်ရှုပ် သူ့ကတ္တီပါဖိနပ်လေး ကို ပြောင်နေအောင် brush ဖြင့် တိုက်၍ စီးတတ်သော ရွှေတိုးရဲ့ ခြေထောက်ကလေးတွေ ထူးထူးခြားခြား သန့်ပြန့်နေတတ်တာကို ကိုတင်အောင်က သတိထားမိလာခဲ့သည်။

ရွှေတိုးက အလုပ်ရုံထဲက ကတ္တီပါဖိနပ်လေးတွေကို စိတ်ဝင်တစား တယုတယ ကိုင်ကိုင်ကြည့်တတ်သည်။ တစ်ခါ တစ်ခါ စီးကြည့်ရင်း သူ့ခြေထောက်လေး သူ ငုံ့ကြည့်ကာ သဘော ကျနေတတ်ပါသေးသည်။





တစ်ရက်မှာတော့ ရွှေတိုးရဲ့ အိပ်ရာကလေးဘေးမှာ ဖိနပ်ဒီဇိုင်း ဆွဲထားသည့် စာရွက်ကလေးတွေ အထပ်လိုက်ရှိနေ တာကို အံ့ဩဖွယ်ရာ တွေ့မြင်လိုက်ရပါသည်။

ဖိနပ်ပုံကို သုံးရန်တွဲကလေးတွေ ဆွဲထားသည်။ ယောကျ်ားဝတ်တစ်ရန်၊ မိန်းမဝတ်တစ်ရန်၊ ကလေးစီးဖိနပ်တစ်ရန်။ စာရွက်တစ်ရွက်မှာ အဲ့ဒီလို သုံးရန်တွဲကလေးတွေ ဆွဲဆွဲထားပုံက ဆန်းသစ်ကာ လက်ရာမြောက်လှတာမို့ ကိုတင်အောင်က အံ့ဩ ဝမ်းသာသွားကာ ရွှေတိုးကို လှမ်းခေါ်လိုက်ပါသည်။

"ဟေ့ကောင် ... ရွှေတိုး၊ ခဏလာပါဦး"

"ဟုတ်ကဲ့၊ ဘာခိုင်းမလဲ အစ်ကို"

ရွှေတိုးက လက်လေးနှစ်ဖက် နောက်ပစ်ကာ သူ့ရှေ့ မှာ ရို့ရို့လေး လာရပ်ခဲ့၏။

"မင်း ပန်းချီဆွဲတတ်လား"

"အဟဲ ...၊ ဟုတ်ကဲ့ ... နည်းနည်းပါးပါး ဆွဲတတ်ပါတယ် အစ်ကို၊ ကျွန်တော်က ကျောင်းစာသာ စိတ်မဝင်စားပေမယ့် ပန်းချီဆွဲဖို့တော့ စိတ်ဝင်စားပါတယ်"

"ဒီဖိနပ်ပုံတွေ မင်းဆွဲတာလား"

"အဟဲ ... ဟုတ်ကဲ့"

"ဘာဖြစ်လို့ သုံးရန်တစ်တွဲ ဆွဲတာလဲ"

"ချစ်လို့ပါ အစ်ကို"

"ဟေ ..."

"အဟဲ ... ဒီလိုပါ အစ်ကိုရဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိုးက ရှေ့သို့ကိုင်းကာ ကိုတင်အောင့်လက်ထဲက ဖိနပ်ပုံစာရွက်လေးပေါ်ကို လက်ဖြင့် ထောက်ထောက်ပြလိုက်ရင်း

"ဒီဖိနပ်လေးက ကျွန်တော့မိန်းမအတွက်ပါ အစ်ကို၊ ဒီဖိနပ်သေးသေးလေးက ကျွန်တော့် သမီးလေးအတွက်ပါ၊ ဒီဖိနပ်ကတော့ ကျွန်တော့်ဖို့ပါ၊ ကျွန်တော် သူတို့ဆီ ပြန်သွားရင် အဲ့ဒီလို ဆင်တူလေးဖြစ်အောင် ကိုယ်တိုင်ချုပ်ပြီး ယူသွားပေးမလို့ပါ၊ သူတို့ကို ချစ်လို့ သူတို့ကို သတိရတဲ့အခါတိုင်း ဆွဲဆွဲထားတာပါ အစ်ကို"

ချစ်ခြင်းမေတ္တာ စီးဆင်းနေသော လက်များဖြင့် ရေးဆွဲထားသော ရွှေတိုး၏ လက်ရာ ဖိနပ်ပုံကလေးတွေက အလွန်ပဲ ဆန်းသစ်လှပနေခဲ့ပါသည်။

ထိုအချိန်မှစကာ ရွှေတိုးရဲ့ ငုပ်နေသော အရည်အချင်းများက ပြောင်မြောက်စွာ ထွက်ပေါ်လာခဲ့ရပါတော့သည်။

အော်ဒါမှာလာသည့် မိသားစုလိုက် ပွဲတက် ကတ္တီပါဖိနပ်များကို ရွှေတိုးကိုယ်တိုင် ဒီဇိုင်းဆွဲ၍ ချုပ်ခွင့်ရလာသည်။ ရိုးရာပေါ် အခြေခံ၍ ခေတ်မီအောင် တီထွင်ထားသော ဖိနပ်ပုံစံအသစ်များက တစ်နိုင်ငံလုံးသို့ ပျံ့နှံ့သွားသည်။

ချစ်ခြင်းနှင့် ရိုးသားမှုကြောင့်ပဲ ရွှေတိုးဘဝဟာ တစ်ဆင့်တစ်စ ပြောင်းလဲလာခဲ့ရပါသည်။

ဖိနပ်များ ဖန်တီးရှင် ရွှေတိုးရဲ့ စတိုင်လ်ကိုလည်း လူတော်တော်များများက သတိထားမိလာကြသည်။





အမြဲတမ်း ရှပ်အင်္ကျီ အဖြူလေးပဲဝတ်ကာ ပုဆိုးလေး ခပ်တိုတို ဝတ်တတ်သော ရွှေတိုးရဲ့ ခြေထောက်သန့်ပြန့်မှုကိုလည်း သတိပြုမိလာကြသည်။ ထိုခြေထောက်သန့်ကလေးပေါ်မှာ ပုဆိုးရောင်နှင့် ဆင်တူ ကတ္တီပါဖိနပ်လေးတွေ ဝတ်တတ်သော ရွှေတိုးပုံစံက သန့်ပြန့်စမတ်ကျလာပါသည်။

အရောင်းဆိုင်သို့ လာသော ဝယ်သူများက ရွှေတိုးဖက်ရှင်ကို သဘောကျကာ သူ့လိုပဲ ပုဆိုးနှင့်ဆင်တူ ဖိနပ်လေးတွေ ဝယ်ဝတ်လာကြသည်။

ကိုတင်အောင်က တစ်ခါတလေ ရွှေတိုးကို ရယ်မောနောက်ပြောင်မိသည်။

"ခုလိုဆိုတော့လည်း မင်း ပြောပြောနေတဲ့ ယောကျ်ားတစ်ယောက်ရဲ့ ဘဝမှာ ခြေထောက်သန့်ဖို့ အရေးကြီးတယ်ဆိုတဲ့ စကားက ဟုတ်သလိုလိုပါလား ရွှေတိုးရ..."

"ဟဲဟဲ... ဟုတ်ကို ဟုတ်တာပါ အစ်ကိုရဲ့၊ ကျွန်တော့်ညီဆို ကျွန်တော့်ကို ခြေထောက်သန့်လို့ သဘောကျသွားတာတဲ့ဗျ..."

ရွှေတိုးဟာ သူ့ဇနီးလေးအကြောင်း စကားထဲထည့်ပြောတိုင်း 'ကျွန်တော့် ညီ' ဟု ထည့်ပြောလေ့ရှိတာပင်...။

ရန်ကုန်ကို မပြန်နိုင်သေးမယ့်လည်း ရွှေတိုးက သူ့မိသားစုကို ကျောခိုင်းဥပေက္ခာပြုထားတာတော့ မဟုတ်ရှာပါ။

ကိုတင်အောင်က တစ်လတစ်ခါ လောက်တော့



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန် မန္တလေး ကူးသန်းနေတတ်တာမို့ ကိုတင်အောင် ရန်ကုန် ပြန်တိုင်း ညိုစိမ့်တို့ ဘယ်လိုနေထိုင်ကြတယ်ဆိုတာ သွားကြည့် ပြီး သတင်းစုံစမ်းပေးဖို့ အကူအညီ တောင်းခဲ့ပါသည်။

ခုလည်း ကိုတင်အောင် ရန်ကုန်က ပြန်လာပြီမို့ ရွှေတိုးက သိချင်ဇောဖြင့် ပြေးလွှားကြိုခဲ့တာပင် ...။

"မင်း ဒီလို အမောတကော ပြေးလွှားကြိုနေတာနဲ့ပဲ အကြောင်းမသိတဲ့သူတွေက မင်း ငါ့ကို သိပ်ချစ်တာလို့ ထင်နေပါ့မယ်ကွာ"

"ဟဲဟဲ ... အစ်ကို့ကိုလည်း ချစ်ပါတယ်ဗျာ၊ ကျွန်တော့် ကိုချစ်ရင် မြန်မြန်ပြောပါ"

ရွှေတိုးနှင့် ကိုတင်အောင်က အလုပ်ရုံနှင့်တွဲလျက် သီးသန့်ရုံးခန်းထဲမှာ ထိုင်လိုက်ကြရင်း ...

"မင့်ညိုရော မင်း သမီးကော ကျန်းကျန်းမာမာ လှလှ အဆင်ပြေပြေ ပျော်ပျော်ရွှင်ရွှင်ပါပဲဗျာ"

"အစ်ကို တွေ့ခဲ့လား ..."

"တွေ့ခဲ့တယ်၊ မင်း မှာတဲ့အတိုင်း မင်း သမီးကျောင်းကို သွားစောင့်ကြည့်လာတာလေ၊ မင့် ညိုက သမီးကို လာကြို တယ်"

"ကျွန်တော့် ညို ပိုလှလာလား အစ်ကို ..."

"ရွှေတိုးရာ ... မင်းကလည်း ငါ ရန်ကုန်က လာတိုင်း ဒီ မေးခွန်းမျိုး မေးတယ်၊ ငါ့မှာ မင်းပြောတဲ့ အိမ်လိပ်စာ အတိုင်း ခိုးကြောင်ခိုးဝှက် သွားချောင်းကြည့်ထားလို့





မင့် ညို၊ မင့် သမီးနဲ့ မင်းယောက္ခမကို မြင်ဖူးထားတာ၊ အနီးကပ်ကြီး မမြင်ရဘဲ ပိုလှလာသလား မလှဘူးလားဆို တာ ဘယ်ပြောနိုင်မလဲကွ ...၊ ရွှင်ရွှင်လန်းလန်း သွက် သွက်လက်လက်လေး ဖြစ်နေတာတော့ မြင်တယ်လေ၊ ဒီလောက်သိရရင် မကျေနပ်ဘူးလား၊ နောက်တစ်ခါ ငါ ရန်ကုန်ပြန်ရင် မင်းစုထားတဲ့ ပိုက်ဆံထဲက မုန့်ပြောင်းတစ် လက် ဝယ်ပေးလိုက်ရင်တော့ ငါ သေချာကြည့်လာခဲ့ပေး မယ်"

"ဟဲ ဟဲ ... စုထားတဲ့ ပိုက်ဆံလေးတော့ မပဲ့ပါရစေနဲ့ အစ်ကိုရာ၊ အစ်ကို မပြောနိုင်လည်းနေပါ၊ ကျွန်တော့်ညိုက ကျွန်တော့်ရင်ထဲမှာ အမြဲလှပါတယ်"

"မင်းပြောလိုက်ရင် ဒီလိုပဲ၊ လွတ်ပြီး ကဗျာဆန်နေတော့ တာပဲ၊ ငါ့ကို အားကျအောင် ချစ်ချင် ကြိုက်ချင်စိတ်ပေါ် လာအောင် လာမဆွဲဆောင်စမ်းပါနဲ့ကွာ"

"အစ်ကိုကရော အိမ်ထောင်မပြုတော့ဘူးလား"

"အခြေအနေအရပေါ့ကွာ၊ ယောကျ်ား လေးဆယ်ကျော် ဆိုတာ အချိန်မလွန်သေးပါဘူး၊ ဒါနဲ့ မင့် ယောက္ခမက ငယ်ငယ်ပဲ ရှိသေးတာနော် ..."

"လေးဆယ်ကျော်ပြီ၊ ငါးဆယ်နားတောင် နီးပါပြီဗျ၊ မငယ် တော့ပါဘူး"

"ဒါဆို ငါနဲ့ ရွယ်တူလောက်ပဲပေါ့၊ အရွယ်တော့ တော် တော် တင်သားကွ၊ ငါ ဒီတစ်ခေါက် မင်းယောက္ခမဆိုင်



www.burmeseclassic.com

www.burmeseclassic.com



မှာ ထမင်းကြော်တောင် ဝင်စားလာခဲ့သေးတယ်၊ ထမင်းကြော်ဆိုင်က ပုံမှန်တော့ ရောင်းနေရပါသေးတယ်”

“ကျွန်တော့် ညိုကို လစဉ် ပုံမှန် ပိုက်ဆံလည်းမပို့၊ ဆက်လည်း မဆက်သွယ်မိတာ မှားများမှားသလား မသိပါဘူး အစ်ကိုရာ၊ ကျွန်တော့် ညိုကို တမင် နှိပ်စက်ထားသလိုများ ဖြစ်နေပြီလား မသိဘူးနော်”

“မှားတယ်လို့တော့ မဆိုနိုင်ဘူးပေါ့ကွာ၊ ဒီကိုရောက်စတုန်းက မင်းလည်း အဆင်မှသိပ်မပြေတာ၊ ပြီးတော့ သူတို့ကလည်း အရမ်းဆင်းရဲနွမ်းပါးနေကြတာမှ မဟုတ်တာ၊ မင့်ယောက္ခမလည်ပင်းမှာလည်း ရွှေကြိုး အတုတ်ကြီးနဲ့ပါ၊ စီးပွားရေး အဆင်ပြေပုံရပါတယ်”

“ယောက္ခမကိုတော့ ကျေးဇူးတင်ရပါတယ်ဗျာ”

“မင်း ယောက္ခမကိုစိတ်နာလို့ ထွက်လာခဲ့တာ မဟုတ်ဘူးလား”

“အဲဒါလည်း နည်းနည်းပါပေမယ့် အဓိကတော့ ကျွန်တော် ညိုနဲ့ ကျွန်တော့် သမီးအတွက် ပိုက်ဆံရှာချင်လာလို့ပါ၊ ကျွန်တော် မရှိတုန်း ခုလို ယောက္ခမက စောင့်ရှောက်ပေးထားတာကို ကျေးဇူးတင်ရတာပါ”

“မင်းဖြစ်ချင်တဲ့ အနေအထားလေးလည်း ဖြစ်လာတော့မှာပါကွာ”

“ဟုတ်တယ် အစ်ကို၊ ရန်ကုန်မှာ ဖိနပ်အလုပ်ရုံ ဖွင့်မယ့်နေ့ကို ကျွန်တော် ရင်တွေခုန်ပြီး စောင့်နေရတာ၊ အဲဒီနေ့ကျ





ညို ကျွန်တော့်ကို တွေ့လိုက်ရရင် အရမ်းဝမ်းသာမှာဗျ၊ သူ့ခမျာ ကျွန်တော့်ကို ယုံယုံကြည်ကြည် စောင့်နေရရှာတာ”

ရွှေတိုးက ဆွေးလျှလျှလေးပြောရင်း ညိုနှင့် သမီးလေး မျက်နှာကို မြင်ယောင်လာမိလေသည်။

အဲဒီနေ့ည အိပ်ရာဝင်တော့ ခေါင်းအုံးအောက်က ပုံဆွဲစာရွက်လေးကို ဆွဲယူကြည့်မိသည်။ ပုံဆွဲစာရွက်ထူထူဖြူဖြူလေးပေါ်မှာ ဆွဲထားသည့် သူတို့မိသားစုအတွက် သုံးရန်တွဲ ဖိနပ်ဒီဇိုင်းလေးကို ငေးကြည့်ရင်း သူ မျက်ရည်သီဝဲ့စွာ ပြုံးမိသည်။

ညိုရေ...

ခဏလေးတော့ သည်းခံလိုက်ပါဦးနော် ...။

သိပ်မကြာခင် ညိုမျှော်လင့်တဲ့ ပုံစံမျိုးနဲ့ ညို့ရှေ့ကို ကိုယ် ရောက်လာမှာပါ ... ညို။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## ညည်းယောကျ်ားတော့ မဖြစ်နိုင်ဘူး

(၂၉)

❖ ❖ ❖

နောက် ရက်သတ္တပတ် အနည်းငယ်အကြာတွင် ညိုစိမ့်တို့အိမ်သို့ စာတိုက်မှ ပါဆယ်ထုပ်ကြီး တစ်ထုပ် ရောက်ရှိလာလေသည်။

ပါဆယ်ထုပ်ထဲတွင် ညိုစိမ့် ခြေထောက်နှင့် ကွက်တိတော်သော ကတ္တီပါဖိနပ် တစ်ရန်၊ သမီးလေး ခြေထောက်နှင့် ကွက်တိတော်သည့် ဖိနပ်အသေးလေး တစ်ရန်နှင့် ပိုးထည်ဝတ်စုံနှစ်စုံကို တွေ့ရလေသည်။ တစ်စုံက အကောင်းစား ပိုးချိပ်အပြာရောင်ကလေးနှင့် ပိုးပြောင်ရင်ဖုံးလေးဖြစ်ပြီး ပဝါလေးတစ်ထည်နှင့် လက်ကိုင်အိတ်သေးသေးလေးလည်း ပါသေးသည်။ နောက်တစ်စုံကတော့ သမီးကလေး ဝတ်လို့တော်မည့် ပိုးထည်ဝတ်စုံ သေးသေးလေးဖြစ်ပြီး နှစ်စုံစလုံးက ပုံစံတူ အရောင်တူ ဆင်တူကလေးဖြစ်လေသည်။

ထိုဝတ်စုံတွေရဲ့ အပေါ်ယံကလေးမှာတော့ ရွှေရောင်ဖိတ်စာကတ်လေး တစ်ကတ်ကို တွေ့ရလေသည်။





ညိုစိမ့်က ဖိတ်စာလေးကို ဖတ်ကြည့်လိုက်ရင်း ...

"ဖိနပ်ဆိုင်ခွဲနဲ့ အလုပ်ရုံသစ်ဖွင့်ပွဲ ဖိတ်စာလေး အမေရဲ့၊ ဆိုင်ခွဲက တောင်ဒဂုံမှာဖွင့်မှာ၊ မနက်ဖြန်မနက် ၁၀ နာရီတဲ့၊ သမီးတို့ကို ဒီဝတ်စုံတွေဝတ်ပြီး လာခိုင်းတာထင်တယ်"

"ညည်းရို့ချည်ပဲလား ... ငါမပါဘူးလား ..."

ဒေါ်ဥက မကျေနပ်သလိုလေး ဝင်မေးလိုက်သည်။ ဘယ်သူက ဘာသဘောနှင့် ဖိတ်မှန်းမသိပေမယ့် ကိုယ့်ချည်းကွက်ချန်ခဲ့မှာမျိုးတော့ မခံချင်။

"ဟင် ... ဒီအောက်မှာ တစ်ထုပ်သပ်သပ် ပါသေးတယ် အမေ ...၊ အမေ့ဖို့များလား မသိဘူး"

"ဖွင့်စမ်း ... ဖွင့်စမ်း ... မြန်မြန်"

ညိုစိမ့်က ပါဆယ်ပုံးထောင့်က အထုပ်တစ်ထုပ်ကို ဆွဲယူဖွင့်ဖောက်လိုက်တော့ နောက်ထပ် အချိပ်တစ်စုံနှင့် ဖိနပ်တစ်ရန် ထွက်လာသည်။

ညိုစိမ့်က ဝတ်စုံကို ဖြန့်ကြည့်လိုက်ရင်း ...

"ဒီဝတ်စုံက ဆိုဒ်ကြီးတယ် အမေ၊ အမေ့ဝတ်ဖို့ဖြစ်မယ်"

"ညည်းတို့နဲ့ ဆင်တူလည်း မဟုတ်ဘူး၊ ငါ့ဟာက အဝါရောင်ကြီး ..."

"အမေက အသားဖြူတော့ အဝါနဲ့လိုက်ပါတယ် အမေရဲ့၊ ပြီးတော့ အရောင်မတူပေမယ့် အမေ့ဟာလည်း အကောင်းစားပါပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဖိနပ်ကလည်း ညည်းတို့လို ရှယ်ချုပ်ထားတာလည်း မဟုတ်ဘူး၊ ရောင်းတမ်း ဖိနပ်ကြီး ..."

ဒေါ်ဥက ချေးများနေသော်လည်း ဒီလောက်ကောင်းသည့် ဝတ်စုံမျိုး မဝတ်ဖူးတာမို့ သဘောကျနေကာ ...

"ဘယ်သူပို့တယ်ဆိုတာ ရေးမထားဘူးလား"

"မရေးဘူး အမေရဲ့ ..."

"အေးလေ ... ဘယ်သူပို့ပို့ ကိုယ့်အိမ်လိပ်စာနဲ့ ရောက်လာရင် ကိုယ့်ဟာပေါ့၊ တို့တွေ လှလှပပလေး ဝတ်ပြီး သွားကြတာပေါ့အေ၊ ဟိုရောက်ရင်တော့ ဘယ်သူပို့တယ်ဆိုတာ သိချင်သိရမှာပေါ့"

"တိုးများ ပို့သလား မသိဘူး အမေ"

"အို ... ညည်းယောကျ်ားလား ဒါမျိုးပို့နိုင်မှာ၊ ဟင်း ... ဟင်း ဒါမျိုး တစ်ခါမှမဝတ်ဖူးတော့ ဝတ်ရမှာ ပျော်စရာကောင်းသားဟဲ့ ..."

ဒေါ်ဥက ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ သူ့ဖို့ဝတ်စုံကို ဝတ်ကြည့်ဖို့ အိမ်ပေါ်ထပ်သို့ တက်သွားလေသည်။

■ ■ ■





(၃၀)

❖ ❖ ❖

နောက်တစ်နေ့ မနက် ၉ နာရီခန့်အချိန်တွင် ဖြစ်သည်။

ဒေါ်ဥက ရွှေဝါရောင်ချိပ်ဝတ်စုံဖြင့်၊ ညိုစိမ့်နှင့် သမီးလေးက အပြာရောင် ချိပ်ဝတ်စုံကို ကိုယ်စီဝတ်လျက် အိမ်ထဲမှ ထွက်လာခိုက်မှာ ဒေါ်ဥက ညည်းညူလာသည်။

"ဒီလိုမျိုး တန်ဖိုးကြီးတွေ ဝတ်စားပြီး သွားရတဲ့အခါကျတော့ ကိုယ်ပိုင်ကားလေးနဲ့သွားမှ အဆင်ပြေတာ၊ ဒါတွေ ပို့တဲ့သူကလည်း ပို့မယ့်ပို့ ကူးတို့ထိ ပို့တဲ့အနေနဲ့ ကားလေး တစ်စီးပါ လွှတ်ပေးလိုက်ရောပေါ့၊ ခုတော့ လမ်းထိပ်ထိ လျှောက်ထွက်ပြီး တက္ကဆီ ငှားရဦးမယ်"

ဒေါ်ဥရဲ့ ညည်းညူစကားအဆုံးမှာပဲ အမည်းရောင် ဆလွန်းကားတစ်စီးက ဒေါ်ဥတို့ သုံးယောက်ရှေ့မှာ ငြိမ့်ခနဲ ရပ်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာက ကားပေါ်မှဆင်းလာကာ ညိုစိမ့်တို့ရှေ့မှာ ရပ်လိုက်ရင်း ...

"ဆိုင်ဖွင့်ပွဲသွားဖို့ ဒီကားနဲ့ လိုက်ခဲ့ပါခင်ဗျ ..."

ဒေါ်ဥက မျက်ခုံးပင့်ကာ ...

"ဩော် ... ဆိုင်ဖွင့်ပွဲလာတဲ့သူတွေကို ဖယ်ရီကားပါ စီစဉ်ပေးထားတာကိုး၊ လမ်းမှာ တခြားသူတွေကိုပါ ဝင်ခေါ်ရဦးမှာလား"

"မခေါ်ရပါဘူး ခင်ဗျ၊ အဒေါ်တို့အတွက် သီးသန့် ကြိုတဲ့ကားပါ"

ဒေါ်ဥက စိတ်တိုင်းကျသော အပြုံးကြီး ပြုံးလိုက်ရင်း

"ကောင်းတာပေါ့ကွယ် ... ကောင်းတာပေါ့၊ ကဲ ကဲ ... သမီးတို့ အဲ့ဒီဘက်က တက်လိုက်၊ အမေ ဒီဘက်က တက်လိုက်မယ်"

သုံးယောက်သား ကားပေါ်တက်ပြီးချိန်မှာ ဒရိုင်ဘာက လမ်းထိပ်ဘက်သို့ ဦးတည်၍ မောင်းနေဆဲ ...

"ဒီမှာ ... ဒီမှာ ဒရိုင်ဘာလေး၊ ဟိုဘက်ရပ်ကွက်ရုံးဘက်က လှည့်မောင်းပေးလို့ရမလား ..."

ညိုစိမ့်က အမေ့အကြံကို ရိပ်မိကာ ပြုံးစေ့စေ့ဖြစ်လာသည်။

"အဲ့ဒီရုံးရှေ့က ဆိုင်မှာ ရေသန့်ဘူး ဝင်ဝယ်ချင်လို့ကွယ်"

"ရေသန့်ဘူးက လမ်းကတစ်ဆိုင်ဆိုင်မှာ ဝင်ဝယ်ပေးလို့ရပါတယ် အဒေါ်"





"ဒီနားက ဝယ်နေကျဆိုင်မှာပဲ ဝယ်ချင်လို့ပါကွယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ဒရိုင်ဘာက အမေ ညွှန်သည့် ရပ်ကွက်ရုံးဘက်သို့ မောင်းသွားသည်။

ရပ်ကွက်ရုံးရှေ့က ရေသန့်ဘူးရောင်းသည့် ဆိုင်ရှေ့မှာ ကားရပ်တော့ ဒရိုင်ဘာက ဒေါ်ဥ အထာကို မသိဘဲ ...

"ကျွန်တော် သွားဝယ်ပေးရမလား ခင်ဗျ"

"နေ ... နေ ရတယ်၊ အဒေါ့်ဘာသာ ဝယ်မယ်"

ဒေါ်ဥက ကားပေါ်မှ ကြော့ကြော့လေး ဆင်းသွားကာ ရပ်ကွက်ရုံးဘက်သို့ ဝေ့ကြည့်လိုက်သည်။ ဒီအချိန်ဆို ကိုဖေအောင်ကြီး ရုံးမှာရှိတတ်သည်။ ကိုယ် ခုလို အလှကြီး လှနေတာကို ကိုဖေအောင်မှ မမြင်ရလျှင် လှရတာ တန်ကိုမတန် ...။

ကံကောင်းစွာဖြင့် ကိုဖေအောင်က ရုံးထဲမှ ထွက်လာကာ ဒေါ်ဥကို ခြေဆုံးခေါင်းဆုံးကြည့်ကာ ပြုံးလိုက်ရင်း ...

"မဥ ... အလှကြီး လှနေပါလား၊ ဘယ်သွားမလို့လဲ ..."

"ပွဲလေးတစ်ခု သွားစရာရှိလို့လေ၊ လမ်းမှ ကလေးရေဆာနေမှာစိုးလို့ ရေသန့်ဘူးလေး ဝင်ဝယ်တာ၊ သွားလိုက်ဦးမယ် ကိုဖေအောင်"

"ဟုတ်ကဲ့ ... ကောင်းပါပြီခင်ဗျာ"

ဒေါ်ဥက ခုမှ ကျေနပ်သွားကာ ရေသန့်ဘူးတစ်ဘူး ဝယ်ပြီး ကားပေါ် ပြန်တက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညိုစိမ့်က ပြုံးစိစိလုပ်နေတာမို့ ဒေါ်ဥက မလုံမလဲ မျက်စောင်းကြီး ထိုးလိုက်ပါသည်။

"ဘာပြုံးတာလဲ ... ညည်းက"

■ ■ ■



ခြေထောက်လေး ပိုလှလာတယ်နော်

(၃၁)

❖ ❖ ❖

"ဟင် ... ဟိုမှာ မစိန်လုံးတို့ ကိုမြအေးတို့ပါလား၊ သူတို့လည်း တို့လို ဝတ်ကောင်းစားလှတွေနဲ့ပါလား၊ ဆိုင်ဖွင့်ပွဲလာတာထင်တယ်"

ဒေါ်ဥက ဦးမြအေးတို့အတွဲကို လှမ်းမြင်လိုက်ရတာမို့ တအံ့တသြ ရေရွတ်လိုက်သည်။ ဦးမြအေးတို့ကလည်း ပိုးပုဆိုး၊ ပိုးချိပ်၊ ကတ္တီပါဖိနပ်များ ဝတ်လျက် သားသားနားနားပင်။

ကိုမြအေးတို့ စုံတွဲက ညိုစိမ့်တို့ကို လှမ်းမြင်သွားကာ ညိုစိမ့်တို့ဘက်သို့ လျှောက်လာရင်း ...

"ညိုစိမ့်တို့ ဖွင့်ပွဲလာတာလား"

"ဟုတ်တယ် အဒေါ်၊ အဒေါ်တို့ရော ..."

"အဒေါ်တို့လည်း ဖိတ်စာရလို့ လာတာ၊ ဘယ်သူဖိတ်မှန်းတော့ မသိဘူး၊ အဝတ်အစားတွေပါ ပို့လိုက်တာနဲ့ အားနာပြီး လာခဲ့တာ"

"ညိုစိမ့်တို့လည်း အဲဒီလိုပဲ အဒေါ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ရွှေတိုး သတင်း ဘာကြားသေးလဲ ..."

"မကြားဘူး အဒေါ် ..."

"ဒီကောင်လေးကလည်း နေစိမ့်လိုက်တာ"

"သူလည်း အဆင်မပြေသေးလို့ မဆက်သွယ်တာ နေမှာပါ အဒေါ်ရဲ့၊ ဟော ... ဟိုမှာ ဖွင့်ပွဲစတော့မယ်ထင်တယ်"

စင်မြင့်လေးပေါ်သို့ အခမ်းအနားမှူးလိုလို လူတစ်ယောက် တက်လာတာမို့ ညိုစိမ့်က စင်ပေါ်သို့ အာရုံစိုက်ထားလိုက်သည်။

ဖွင့်ပွဲ ကျင်းပသည့် နေရာလေးက တောင်ဒဂုံစက်မှုဇုန်နားက ခြံဝန်းကျယ်တစ်ခုထဲမှာ ဖြစ်ပါသည်။ ခြံဝန်းထဲမှာ အတော်အသင့် ကြီးမားသည့် အလုပ်ရုံတစ်ခု တွေ့ရသည်။ ခြံဝန်းရဲ့ ရှေ့ပိုင်းမှာတော့ ဖိနပ်ဆိုင်လေးတစ်ဆိုင် ရှိနေပါသည်။

ဆိုင်ဖွင့်ပွဲကို ခြံထဲမှာပဲ ကျင်းပတာဖြစ်သည်။ ကွန်ကရစ် ကြမ်းခင်းပေါ်မှာ ခုံတွေ စားပွဲဝိုင်းတွေ ချထားပြီး အားလုံးရှေ့မှာ စတေ့ချ်စင်လေးတစ်ခု ဆောက်ထားသည်။

"ကြွရောက်လာကြတဲ့ ဂုဏ်သရေရှိ ဧည့်ပရိသတ်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ် ခင်ဗျာ၊ ကျွန်တော် စကားတွေ အထွေအထူးတော့မပြောတတ်ပါဘူး၊ ကျွန်တော်တို့ လုပ်ငန်းလေးအကြောင်းပဲ အကျဉ်းချုပ် ပြောပါ့မယ်၊ ကျွန်တော်တို့ ဒီဖိနပ်လုပ်ငန်းလေးကို မိရိုးဖလာ လုပ်ငန်းသေးသေးလေးက စခဲ့ပါတယ်၊ အရင်တုန်းကတော့ ဖိနပ်အလုပ်ရုံက မန္တလေးမှာပဲ ရှိခဲ့ပါတယ်၊ ခုနောက်ပိုင်းမှာ





ကျွန်တော့်ညီလို ချစ်ခင်ရတဲ့ သူတစ်ယောက်ရဲ့ အကူအညီနဲ့ ကျွန်တော်တို့ ဖိနပ်တွေကို ရိုးရာပုံစံလေးပေါ်မှာ ခေတ်မီတဲ့ ဒီဇိုင်းလေးတွေ ပေါင်းထည့်ပြီး ထုတ်လုပ်လာနိုင်ခဲ့ပါတယ်၊ ခု ... ရန်ကုန်မှာ အလုပ်ရုံခွဲလေးတစ်ခု စဖွင့်ပြီး ကျွန်တော်တို့ ဖိနပ်တွေကို အရင်ထက် ပိုမို တိုးချဲ့ဖြန့်ချိမှာပါ၊ ဒီရန်ကုန်ဘက်ပိုင်းကိုတော့ သူပဲ ဦးစီးဦးဆောင် လုပ်ပေးမှာဖြစ်တဲ့အတွက် ဖွင့်ပွဲအခမ်းအနားကို သူက သူ့မိသားစုနဲ့အတူ ဖွင့်လှစ်ပေးမှာ ဖြစ်ပါတယ် ခင်ဗျာ"

လက်ခုပ်သံများ ကြားရသည်။

"ဟဲ့ ... လက်ခုပ်တီးရမှာဟဲ့၊ တီးကြ ... တီးကြ"

ဒေါ်ဥက ဆော်ဩလိုက်တာမို့ ညိုစိမ့်က လက်ခုပ်တီးလိုက်သည်။ သမီးလေးကလည်း လက်ခုပ်လေး တဖျပ်ဖျပ် တီးနေသည်။

"စက်ရုံဖွင့်ပေးဖို့အတွက် ဦးရွှေတိုး စင်မြင့်ပေါ်ကို ကြွပါ ခင်ဗျာ ..."

"ဟင် ..."

ကြားလိုက်ရသော နာမည်ကြောင့် ညိုစိမ့်နှလုံးသားတွေ ဆတ်ဆတ်တုန်သွားသည်။

"ဟိုဟို ... သူ့ခွေးနာမည်က ဦးရွှေတိုးတဲ့ဟဲ့၊ တိုက်တိုက်ဆိုင်ဆိုင် နင့်ယောကျ်ားနာမည်နဲ့ လာတူနေပါလား ..."

ဒေါ်ဥကတော့ လှောင်ပြောင်သလိုလေး ရေရွတ်ရယ်မောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပဲ ညိုစိမ့်နဲ့ သမီးကလေးရဲ့ လက်ကို နောက်နားဆီက တစ်စုံတစ်ယောက်က ညင်သာစွာ လှမ်းဆွဲခေါ် လိုက်လေသည်။

"ဟင် ... တိုး"

"ဖေကြီး ..."

ညိုစိမ့်သည် ချစ်ရသော တိုးကို ကြည့်မဝနိုင်သော ကြည့်ခြင်းဖြင့် ငေးမောကြည့်နေလိုက်မိသည်။

သန့်ပြန့်ဖြူစင် သပ်ရပ် စတိုင်လ်ကျသော ချစ်ရသူ၏အသွင်က ညိုစိမ့်ရဲ့ နှလုံးသားကို ပီတိဖြင့် နူးအိသွားစေခဲ့သည်။

စတွေ့တုန်းကလိုပဲ ပုဆိုးလေး သပ်သပ်ရပ်ရပ်ဝတ်လို့ ...။ ခြေထောက်သန့်သန့်လေးမှာ ကတ္တီပါ ဖိနပ်ကလေးစီးလို့ အရင်တုန်းက ချည်ပုဆိုး၊ ခုက ပိုးပုဆိုး။ အရင်တုန်းက ဖိနပ်တာအစုပ်၊ ခုက အသစ်စက်စက်။ ဒါပဲကွာသည်။ တိုးဝတ်ထားတာကလည်း ပိုးပုဆိုးပြာ၊ ဖိနပ်ပြာပဲမို့ ... ညိုစိမ့်ကို သားအမိနှင့် ဆင်တူကလေးပင်။ ညိုစိမ့်တို့ဆီမှာ ငြိမ်းချမ်းသော အပြာရောင်ကလေးတွေက လွှမ်းမိုးထားပါသည်။

တိုးက ညိုတို့ သားအမိကို ကြည်နူး မျက်ရည်လည်လျက် ငေးကြည့်နေသည်။

အံ့ဩစရာ။ သို့သော် ... မအံ့ဩပါ။

တိုး တစ်နေ့ ဒီလိုဖြစ်လာရမယ်ဆိုတာ ညို ယုံကြည်ထားပြီးသားမို့ပင်။

"ဖေကြီး ... ဖေကြီးက မင်းသားကျနေတာပဲ"





သမီးလေးက နှုတ်ဆက်သည်။

ညိုကဖြင့် ဘယ်လို နှုတ်ဆက်ရမှန်းမသိ ...။

ညိုက တိုး ခြေထောက်ကလေးတွေကို ငုံ့ကြည့်လိုက်မိရင်း ...

"တိုး ... ခြေထောက်လေးတွေ ပိုလှလာတယ်နော်"

ဟု နှုတ်ဆက်လိုက်ပါသည်။

တိုးက အားရပါးရ ပြုံးလိုက်ရင်း ...

"လာ ... သွားရအောင်"

ဟုပြောကာ သမီးကို ကောက်ချီလျက် ညို့လက်ကလေးကို တွဲကာ စင်မြင့်ဆီသို့ ဦးတည်လျှောက်လာလေသည်။

ဖွင့်ပွဲအခမ်းအနားကို ကလေးချီထားသော ရွှေတိုးနှင့် ညိုစိမ့်တို့က ဖဲကြိုးကလေးဖြတ်၍ ဖွင့်လှစ်ပေးလိုက်ကြသည်။

ဒေါ်ဥမှာ ပါးစပ်အဟောင်းသား ...။

ဦးမြအေးနှင့် ဒေါ်စိန်လုံးကတော့ လက်ခုပ်တဖြောင်းဖြောင်း ...။

ပြာသော ကောင်းကင်ပေါ်မှာ တိမ်စိုင်ဖြူလေးတွေ လွင့်နေသလို ပိုးထည်အပြာရောင် ဆင်မြန်းထားသော တိုး၊ ညိုနဲ့ သမီးကလေးတို့ မိသားစုကလေးရဲ့ နှလုံးသားများသည်လည်း ဖြူစင်ပေါ့ပါးစွာ ကောင်းကင်ပေါ်မှာ လွင့်ဝဲ၍နေခဲ့လေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



(၃၂)

❖ ❖ ❖

အဲ့ဒီညက ရွှေတိုးသည် ညိုစိမ့်ရဲ့ လက်သူကြွယ်လုလုလေးမှာ စိန်လက်စွပ်ကလေး စွပ်ပေးပြီးနောက် ... ညိုစိမ့်ရဲ့ ကိုယ်လုံးကလေးကို ရင်ခွင်ထဲမှာ ထွေးပွေ့ထားရင်း ပုံပြင်လေး တစ်ပုဒ် ပြောပြခဲ့ပါသည်။

"ဟိုးရှေးရှေးတုန်းက တန်ခိုးရှင်တစ်ပါးဟာ မှော်အတတ်နဲ့ ဖန်ဆင်းထားတဲ့ သော့ခတ်ထားတဲ့ သေတ္တာလေးနှစ်လုံးကို ချစ်သူစုံတွဲ နှစ်စုံတွဲအတွက် လက်ဆောင်ပေးခဲ့တယ်တဲ့ ...။

"တန်ခိုးရှင်ကြီးက မှာခဲ့တယ်၊ ဒီသေတ္တာထဲမှာ ခုနေတော့ ဘာမှ ရှိမနေသေးဘူး၊ နောက် မင်းတို့ လက်ထပ်ပြီးလို့ နှစ်နှစ်ကြာတော့မှ ဒီသေတ္တာလေးကို ဖွင့်ကြည့်ကြပါ၊ အဲ့ဒီအချိန်ကျရင် မင်းတို့ချစ်သူအချင်းချင်း ထားတဲ့ စိတ်ထားပေါ် မူတည်ပြီး ထိုက်တန်တဲ့ ပစ္စည်းတွေအထဲမှာ ရှိနေတာ တွေ့ရလိမ့်မယ်လို့ ပြောခဲ့တယ် ...။





"အဲ့ဒီလိုနဲ့ သူတို့လက်ထပ်ပြီး နှစ်နှစ်အကြာမှာ သေတ္တာလေးကို ဖွင့်ကြည့်ခဲ့ကြတယ် ...။

"အဲ့ဒီအခါမှာ တစ်ယောက်ကို တစ်ယောက် မယုံကြည်တဲ့၊ အထင်သေးတဲ့၊ တန်ဖိုးမထားတဲ့ စုံတွဲရဲ့ သေတ္တာထဲမှာ ကျောက်ခဲတွေပဲ အပြည့်ရှိနေခဲ့ပြီး ...၊

"တစ်ယောက်ကို တစ်ယောက် ယုံကြည်တန်ဖိုးထားတဲ့ အထင်ကြီးတဲ့ စစ်စစ်မှန်မှန် ချစ်မြတ်နိုးကြတဲ့ ဇနီးမောင်နှံရဲ့ သေတ္တာလေးထဲမှာတော့ ရွှေငွေ ကျောက်သံပတ္တမြားတွေ အပြည့်ရှိနေခဲ့တယ်တဲ့ ... ညိုရဲ့ ..."

ရွှေတိုးရဲ့ ပုံပြင်ကလေး ဆုံးသွားတော့ ညိုစိမ့်က ပြုံးလိုက်ရင်း ...

"ညိုတို့က ဒုတိယစုံတွဲပေါ့နော် တိုး"

"ဒါပေါ့ ... ညိုရဲ့၊ ညို ကိုယ့်ကို ယုံကြည်ပေးလို့ ... အထင်မသေးခဲ့လို့ ကိုယ် ခုလို ကြိုးစားချင်စိတ်တွေ ဖြစ်လာပြီး ဒီလိုဘဝလေးကို ရလာခဲ့တာပေါ့၊ ကိုယ့်အလုပ်ရုံထဲမှာလေ ဆောင်ပုဒ်လေးတစ်ခုကို ကွန်ပျူတာနဲ့ ရိုက်နှိုင်းပြီး ကပ်ထားတယ်"

"ဘာဆောင်ပုဒ်လဲဟင် ..."

"ချစ်ပါ၊ ရိုးသားပါ၊ ယုံကြည်ပါ၊ ဒါဆို ကြီးပွားမှာ အသေအချာတဲ့"

ညိုစိမ့်က ရွှေတိုးရဲ့ မေးဖျားလေးကို ဖွဖွလေး ရှိုက်နမ်းလိုက်ပြေ ...



www.burmeseclassic.com

www.burmeseclassic.com



"တိုးက တကယ့် မိလျှံနာကြီးပဲ သိလား"

"မိလျှံနာလောက်ကြီးတော့ မချမ်းသာသေးပါဘူးကွာ ..."

"ပိုက်ဆံ မိလျှံနာဖြစ်တာကို ပြောတာမဟုတ်ဘူး တိုးရဲ့ အချစ်မိလျှံနာ ဖြစ်တာကို ပြောတာ၊ တိုးက ညို့ကို ချစ်တဲ့ နေရာမှာတော့ မိလျှံနာပဲ ..."

"ညိုလည်း ကိုယ့်ကို ချစ်တဲ့နေရာမှာ မိလျှံနာပဲ"

"ညိုတို့တွေက ပိုက်ဆံမရှိခင်ကတည်းက မိလျှံနာတွေပါ တိုးရယ် ... နော်"

"ဒါပေါ့ ... ချစ်မိန်းမရဲ့"

ရွှေတိုးက ညိုစိမ့် နဖူးလေးကို ဖွဖွလှမ်းနမ်းရင်း မီးခလုတ်လေးကို လက်ဖြင့်စမ်း၍ ပိတ်လိုက်လေသည် ...။

ပုညခင်
11.7.2013
4 : 41 Pm

ပုညခင်စာအုပ်တိုက်

www.burmeseclassic.com